Book Sharing



# ရှင်မိုး

နှင်းဝိဝိခင်းသ ပိရိုနိဒါန်းပန်းချီ

Scanned by CamScanner




စာမူခွင့်ပြုအမှတ် — ၈၁၅/၉၄(၁၀)
မျက်နှာဖုံးခွင့်ပြုအမှတ် — ၉၁၃/၉၄(၁၁)
ပထမအကြိမ် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၃၀ကျပ်


# ရှင်မိုး(ဆေးတက္ကသိုလ်)

## နံနက်ခင်းသစ်ရဲ့ နိဒါန်းပန်းချီ



( ဝတ္ထုသစ် တစ, တဈုံ )

( ၁ )

ဆေးရုံကြီး၏ ခွဲစိတ် ကုသဆောင်တွင် Posting ကျသော အလုပ်သင်ဆရာဝန်မကလေးသည် တက်ကြွသော ခြေလှမ်းများဖြင့် လူနာဆောင်များဆီသို့ လှမ်းဝင်လာခဲ့သည်။ အလုပ်သင်ဆရာဝန်မကလေးသည် လွန်ခဲ့သော နှစ်လခန့်က ဖြေဆို အောင်မြင်ခဲ့သော Final Part (II) စာမေးပွဲတွင် ခွဲစိတ်ကုသပညာကို ထူးချွန်အောင်မြင်ခဲ့သူတစ်ဦးဖြစ်သည်နှင့်အညီ အခု လို Posting သည် ခွဲစိတ်ကုဆောင်တွင် ရပြန်တော့....။

လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတချို့ကို ပြုံးပြနှုတ်ဆက်ရင်း ဆရာဝန်ဖြစ်ခါစတို့ထုံးစံအတိုင်း တာဝန်ကို ကျေပွန်



Book Sharing
Scanned by CamScanner

နိုင်ဖို့အတွက် လူနာခုတင်များကိုလေ့လာခြင်းကို မညည်း မညူ စတင်တော့၏။

လူနာဆောင်တွင် လူနာရှင်းလျက် ရှိ၏။ အမျိုးသမီး ဆောင်တွင် ကြည့်ရှုလေ့လာစရာ ကုန်သောအခါ အမျိုးသား ဆောင်ဘက် ခြေဦးလှည့်ခဲ့သည်။

သီးသန့်ခန်းတစ်ခုအတွင်းရှိလူနာသည် သူမ၏စိတ်အာရုံကို ဆွဲဆောင်တော့သည်။ မှတ်တမ်း ယူဖတ်အကြည့်ဝယ် ကားအက်ဆီးဒင့်ဟု သိရ၏။လူနာသည် ခွဲစိတ်ထားရသည်မို့ မိန်းမောနေဆဲ။ ခေါင်းက အစ ခြေထောက်အဆုံး ပတ်တီးဖြူတို့က ဖုံးလွှမ်းလျက်။

'ဒေါက်တာမလေး၊ အန်တီ့သားအခြေအနေ နည်းနည်း သိပါရစေလား'

မှတ်တမ်းကို အသာပြန်တင်ရင်း...

'မစိုးရိမ်ပါနဲ့ရှင်၊ အန်တီ့သား အခြေအနေ ကောင်းသွားမှာပါ၊ ကျွန်မတို့ရဲ့ ကျွမ်းကျင်တဲ့ဆရာတွေက သေသေချာချာ ခွဲစိတ်ပေးခဲ့ပါတယ်၊ နောက်ပြီး ထက်မြက်တဲ့ ဆေးဝါးတွေကလည်း အစွမ်းကုန် ပံ့ပိုးပေးထားကြပါတယ်'

'ဒါပေမယ့် သား သတိမရသေးဘူး'

'ကျွန်မ မှတ်တမ်းထဲမှာဖတ်တော့ Pethidine ထိုးပေးထားတယ်လို့ သိရတဲ့အတွက် ဒီလို ဖြစ်နေတာပါ၊ ဒါကလည်း လူနာရဲ့ ပြင်းထန်တဲ့နာကျင်မှုကို သက်သာစေဖို့ပါရှင်'





အမျိုးသမီးကြီးသည် ဂုဏ်ခနရိပ်ထန်သောမျက်နှာပြင်ကို ပိုင်ဆိုင်သည်။ အခိုင်းအစေဟု ယူဆရသော ကောင်မလေးတစ်ယောက် အသင့်ရှိနေသည်။ဆေးရုံအကူ ကောင်လေး တစ်ယောက်သည်လည်း လှချမ်းသာတွေမို့ ကူညီချင်ဟန် အထင်းသားနှင့် အခန်းထဲဝယ် ရစ်သီရစ်သီတွေ့ရသည်။

မိခင်ဖိဖိ ရင်ဝယ် လွယ်ခဲ့ရသော သားတစ်ယောက်ကို စိုးရိမ်ရှာလိမ့်မည်။ မေမေ ဆိုလည်း သူမ တစ်ယောက် အလုပ်သင်ဆရာဝန် ဖြစ်လာခဲ့သည် အထိ ကလေး တစ်ယောက်ပမာ အူပူတတ်ဆဲ၊ စိတ်ပူတတ်ဆဲ၊ အော်ငေါက်နေတတ်ဆဲ။

ပတ်တီးဖြူဖြူတို့ ကြားက တစ်ကွက်သာ မြင်ရသော လူနာ၏မျက်နှာပြင်သည် တစ်စုံတစ်ရာကို လှုပ်နှိုးလေ၏။ မှိတ်ထားသော မျက်ဝန်းအိမ်သည် မျက်လွှာတို့ကြောင့် သူမရဲ့သံသယကို အတည်မပြုနိုင်။ပိရိသော (ယခု ဖြူဖျော့သော) နှုတ်ခမ်းသားတို့သည် သူမများ မြင်နေကျ ဖြစ်ခဲ့သလား။ ချွန်မြသောနှာတံနှင့် ထင်ရှားသော မျက်ခုံးတို့သည်....ဟင့်အင်း...မဟုတ်ပါဘူး။ ဪ....သူမရဲ့ အတိတ်မှာ ရှိခဲ့ပြီလေ။ ဆယ်ကျော်သက်ဘဝကလို ရှုးမိုက်စွာ စွဲလမ်းခုံမင် တမ်းတ မှတ်ပိနေဖို့မသင့်ပါ။

မှတ်တမ်းတွင် မဖတ်ဖြစ်ခဲ့မိသော လူနာ၏ အမည်ကို ပြန်ကြည့်ရမှာ မစံ့မရဲဖြစ်လာစေသည်။ ခွဲစိတ်ကုပညာတွင် ဂုဏ်ထူးရခဲ့သော အလုပ်သင် ဆရာဝန်မကလေးဘည်

သည်အကြိမ်တွင် ဘာလို့မျာ း လူနာရဲ့ ကိုယ်ရေးရာဇဝင် (History) တွင် လိုက်နာရမည့်အချက်များထဲမှ အရေးကြီးသော အမည်ကို ချန်လှပ်ပတ်ခဲ့မိသည်လဲ။

'ဟေး....ညည်း ဘယ်သူလဲ၊ Part II လား'

မှတ်တမ်းကို ကောက်ကိုင်စဉ် အခန်းဝတွင် တည်ကြည်ဖြောင့်မတ်သော ဆရာဝန်တစ်ယောက်အသွင်ရှိသည့် ထစ်ယောက်သည် ဩဇာလွှမ်းမိုးသော အသံကိုပြု၏။

'ကျွန်မ အလုပ်သင်ဆရာဝန်ပါ၊ ဒီနေ့မှ Posting စဝင်ရပါတယ် ဒေါက်တာ'

ပုံကျ ဆပ်ရပ်သော တောင်းဘီရှည် အိတ်ထဲ လက်နှိုက်ကာ ထိုသူသည် သူမဆီ လျှောက်လာ၏။ လူပုံ သဏ္ဍာန်ကြည့်ပြီး အသက်ခန့်မှန်းရန် ညံ့တတ်သော သူမသည် သည်တစ်ခါလည်း အမှတ်မရှိစွာ အသက် ခန့်မှန်းခြင်းကို စတင်၏။ ဆရာဝန်သည် သူမအက် အတွေ့အကြုံ ရင့်ကျက်သော အသက် ၂၈ နှစ်အရွယ် ယောကျ်ား တစ်ယောက် ဖြစ်လိမ့်မည်။

'ညည်း ချာ့ထ် ပတ်မလို့လား'

'ဟုတ်ကဲ့'

'ကောင်းတယ်၊ဖတ်ပါ၊ ဒီ ချာ့ထ်တွေဟာ ကျောင်းသားဘဝကတည်းကလည်း ဖတ်လွန်း၊ ဆရာဝန်ဖြစ်တော့လည်း ဖတ်လွန်းနဲ့ ညဖိပ်ရင် အိပ်မက်ထဲမှာ လူနာချာ့ထ်တွေထဲ ကိုယ်ဖြစ်နေတဲ့ အိပ်မက်မျိုး ညည်း မက်ဖူးလား'

'ဟင့်အင်း....'





ဆရာဝန်ဟာ ကျောင်းတုန်းက ဟိုက်ပါ၊ အခုလည်း ဟိုက်ပါ နေတတ်သူမို့ ကြည့်ရတာ နည်းနည်းချောင်နေပုံရတယ်။ စိတ်ထဲတွင် ခပ်လျောင်လျောင်ကဲ့ရဲ့ရင်း သူမ သိချင်နေသော လူနာ၏ အမည်ကို မှတ်တမ်းမှာ ရှာဖွေ၏။

'ရန်ကြီးအောင်'

သေချာသွားသော ပုစ္ဆာတစ်ခု၏ အဖြေကို သိလိုက်ချိန်ဝယ် နောက်ရက်တွေတွင် သည် သီးသန့်ခန်းထဲကို မဝင်တော့ဖို့ ကျိတ်၍ ဆုံးဖြတ်ခြင်းကို သူမ အတည်ပြုသည်။ ခပ်မဲ့မဲ့ပြုံးသော သူမ၏ အပြုံးသည် သူမ မျက်နှာကို မှန်လိုကြည့်နေခဲ့သော ဆရာဝန်အား ရိပ်မိသွားစေသည်တဲ့။

'ချာ့ထ်က ဘာဖြစ်နေလို့လဲ'

'ဘာမှမဖြစ်ပါဘူး ဒေါက်တာ၊ ကျွန်မ ထင်ထားတဲ့ ဆေးစာစ်ခု on ထားထဲ့အထဲ မပါလို့ ကျွန်မကိုယ် ကျွန်မ အပြစ်တင်တာပါ'

'ဘာဆေးလဲ'

'မသိချင်ပါနဲ့ ဒေါက်တာ၊ ကျွန်မက ကိုယ့်အမှားကို Examiner က လွဲရင် ဘယ်သူမှ မသိစေရလောက်အောင် ပညာမာန ထားတတ်ဘယ်'

ဆရာဝန်သည် သူ့လို အကြီးတစ်ယောက်ကို ခံပြောရဲသော၊ ကန့်လန့်ပြောရဲသော သတ္တိရှိသည့် သူမကို လေတစ်ချက် ခပ်တိုးတိုးချွန်လိုက်သည်။ ပခုံးနှစ်ဖက် ဆတ်ခနဲ တွန့်ကာ မင်းသား တစ်ယောက်ပမာ သူမရှေ့က ဖြတ်လျှောက်၍ အခန်းထဲက ထွက်သွားတော့သည်။



Scanned by CamScanner

'သွားလိုက်ပါဦးမယ် အန်တီ၊ အကူအညီ လိုရင် ဒီဆေးရုံ ward တစ်ခုလုံးက ဆရာဝန်တွေကို အကူအညီတောင်းနိုင်ပါတယ်ရှင်'

လူနာအား မကြည့်မိအောင် မျက်နှာလွှဲရင်း အလုပ်သင်ဆရာဝန်မကလေးသည် Posting ပထမဦးဆုံးနေ့၏ အမှတ်တရလေးကို ရင်ဆိုင်လိုက်တော့သည်။

—✿—

'ဟေ့.... ညည်း အားနေတယ် ထင်တယ်၊ လာ... ငါ့ကို လိုက်ကူညီစမ်း'

သူမနှင့် မနက်စောစော မကြည်မလင် ဖြစ်ခဲ့သော ဆရာဝန်၏ အမည်သည် ဒေါက်တာ မင်းဂေါင် ဖြစ်၏။ သူမ နည်းတူ Part II တွင် ခွဲစိတ်ပညာကို ဂုဏ်းထူးနှင့် အောင်ခဲ့သူဟုလည်း အချိန်တို့တွင်းမှာ သူများအပြောနှင့် နားယဥ်ခဲ့သည်။

'ဘာကိစ္စလဲ ဒေါက်တာ'





'လူနာ ဒရစ်ပိုက် အသစ်သွင်းဖို့၊ ဆေးထိုးဖို့ ငါ တာဝန်ကျတယ်၊ အဲဒီကတည်းက ညည်းကို ဒရစ်ပိုက်သွင်းဖို့ ငါက တာဝန်ပြန်ခွဲတယ်'

ဆရာဝန်သည် ခုချိန်၌ သူမကို ဘာ အာဃာတမှ ဖြစ်ပုံမရပါ။ ကြည်လင်သော မျက်နှာပြင်သည် သူမကို ခင်မင်ချင်ပုံ ရ၏။ မဒိုမကံတ်ချင်သော စိတ်ရင်း၌သူမို့ ဒေါက်တာမင်းဂေါင် နောက်မှ တလိုက်လာခဲ့သည်။

'ဗီအခန်းလား ဒေါက်တာ၊ ဒီအခန်း ဆိုရင်တော့ ကျွန်မ—'

'ဆရာဝန်ဆိုတာ ကိုယ်ရေးကိုယ်တာကိစ္စ ခဏဘယ်ထားရမယ်၊ တာဝန်ဟာ တာဝန်၊ လူနာကုဖို့ကို မခွဲခြားဖို့က ကိုယ့်ဝတ္တရားလေ ကောင်မလေးရဲ့၊ ရဲရဲသာ ရင်ဆိုင်စမ်းပါ'

ဘုရား ရေ.... ဒေါက်တာမင်းဂေါင်သည် သူမ၏ စိတ်အခြေအနေကို ရိပ်မိ သိရှိ၊ ဆုံးမနေပြန်သတဲ့၊ ဒါဟာ ရှက်စရာပဲ။ တကယ်ဆို သူမသည် စကားကို ထိန်းပြောဖို့ သင့်သည်။

'ကိုရန်ကြီးအောင်....ဘယ်လိုလဲ၊ နာသေးလား'

မျက်ဝန်းအဖွင့်ကို ရင်မဆိုင်ရဲစွာ ရှည်လျားအုပ်မိုးသော ဒေါက်တာမင်းဂေါင် နောက်ပါးဝယ် ပုန်းကွယ်ရပ်တန့်ခဲ့သည်။

'နာသေးတာပဲ ဒေါက်တာချယ်၊ ဒါပေမယ့် ကျွန်တော် ခံနိုင်ရည်ရှိဖို့ ကြိုးစားနေပါတယ်'



Scanned by CamScanner

အိုး—ခံနိုင်ရည်ရှိဖို့ ကြိုးစားနေပါတယ်တဲ့လား။ ရန်ကြီးအောင်ဟာ သည်စကား တစ်ခွန်းကို ခုထိ သုံးဘတ်ဆဲဖြစ်နေခြင်းကို မယုံကြည်နိုင်လောက်စွာ....။

ဒရစ်ပိုက်ကို ဆေးပြန်ကြောမှာ တပ်ဆင်ရန်အတွက် မလိုအပ်ပါဘဲ သူမသည် စေကြည့်မျက်မှန် ဒီဂရီ ခပ်ပါးပါးကို တပ်ဆင်လိုက်၏။ ရန်ကြီးအောင်သည် သူမ၏ မျက်မှန် တပ်ထားသော အသွင်သဏ္ဍာန်ကို တစ်ခါဖူးမျှ မမြင်ခဲ့ရခြင်းကသူမ၏ လှည့်ကွက်ကို ထောက်ပံ့နိုင်လိမ့်မည်။

'ကဲ.... ကျွန်တော်တို့ ဒရစ်ထပ်သွင်းရအောင်၊ ခင်ဗျားနာရင် တခြားတစ်ဖက် ပြောင်းပေးရမလား'၊

'ရပါတယ် ဒေါက်တာ၊ သွင်းထားတဲ့နေရာကပဲ ထပ်တပ်ပေးပါ'

သူမက ရန်ကြီးအောင်၏ ညာဘက်ခြမ်းတွင် ဒရစ်ပုလင်းသစ် လဲရင်း မျက်လွှာက ခပ်စိုက်စိုက် ချထားလိုက်သည်။ ဒေါက်တာမင်းဂေါင်သည် သည်နေရာမှာတော့ ထလိုက်သိစွာ သူမကို စကားမဆို၊ ရန်ကြီးအောင်ကို နားကြပ်နှင့်စမ်းသပ်နေ၏။

ထူးဆန်းလှချေလား။ ရန်ကြီးအောင်ဟာ လှပသောမိန်းကလေးများကို နှစ်သက် ငေးမောတတ်သူတစ်ယောက်ဖြစ်ပေမယ့် ယခု သူမကြုံလိုက်ချိန်ဝယ် သူ့လို စိတ်ဝင်စားချင်စဖွယ်ပုံစံကို ပိုင်ဆိုင်သော မိန်းမသားအား မျက်လုံးမျှဝေ့မျှမကြည့်။ ဓာတ်ရာပြင်းထန်မှုကြောင့် နာကျင်စိတ်ပျက်နေလို့လား။ ဒါမှမဟုတ် သူမ ကြားခဲ့ရသော သတင်းတို့





အတိုင်း ရန်ကြီးအောင်သည် တကယ်ပဲ တည်ငြိမ်သွားခဲ့သည်လား။

'အခြေအနေ အားလုံး ကောင်းပါတယ်၊ မကြာခင် ခင်ဗျား သက်သာလာမှာပါ ကိုရန်ကြီးအောင်'

'ကျေးဇူးပါပဲ ဒေါက်တာ၊ အခုဆိုရင် ကျွန်တော့်အသက် ရှင်နေမှုဟာ ဒေါက်တာတို့ရဲ့ ကျေးဇူးကြောင့်လို့ယုံကြည်လာရတယ်'

ဒေါက်တာမင်းဂေါင်နှင့် ရန်ကြီးအောင်တို့၏ စကားပြောရှည်မှုကို သူမ ရပ်မစောင့်တော့ဘဲ ရှိုင်းတယ်လို့ ဆိုချင်ဆို၊ သူမရဲ့ ဆောင်ရွက်မှုအပြီးတွင် ထိုအခန်းမှ ခပ်သွက်သွက်ထွက်လာလိုက်သည်။

သူမ မညာချင်ပါ။ ရန်ကြီးအောင်ကို စွဲလမ်းနေဆဲဖြစ်သောနှလုံးသားကို မယုံရဲသော မိန်းမသားတစ်ယောက်အနေနှင့် သူ့နံဘေးမှာ ကြာကြာနေခြင်းကို ရှောင်ကြဉ်ရပါလိမ့်မည်။

'ဟော့...ညည်း ငါ့ကို ခွင့်တောင်းပြီး ငါ့ရဲ့ ခွင့်ပြုချက်ရပြီးမှ ထွက်သွားဖို့ကောင်းထယ်'

'ဒေါက်တာ....ကျွန်မကို ဒီကိစ္စနဲ့ မကျေနပ်စရာတွေရှိရင် ကြိုက်သလောက် အပြစ်ပြောပါ၊ ကျွန်မ မနေချင်တဲ့ လူတစ်ယောက်ရဲ့ နံဘေးမှာ ကြာကြာမနေပါရစေနဲ့'

'ညည်းက ကိုယ်ရေးကိုယ်တာကို ဦးစားပေးလွန်းနေသလား'

'ကျွန်မ ဆရာဝန်ကောင်းတစ်ယောက် ပီသချင်ပါတယ်၊ ဒါပေမယ့် ရင့်ကျက်မှုကိုတော့ အချိန်အတော်ကြာ မေ့ရ လိမ့်ဦးမယ် ဒေါက်တာ'

ဒေါက်တာမင်းဂေါင်သည် စပ်စပ်စုစု ပါဝင်နေချင်ပုံ ရသော မျက်နှာသွင်ပြင်နှင့် သူမကို စူးစမ်းလေ့လာသည်။ ရှုပ်ရည်ဟာ ယောကျ်ားမီသမှုကို ဆောင်ရွဲသားနှင့် မိန်းမ ဆန်ဆန် စပ်စုနေချင်မှုကို အံ့ဩသည်။

'မထိပ်ထား – တစ်ခုခွင့်တောင်းပါရစေ'

သူမအား အမည်ရှေ့ 'မ' တပ်ခေါ်သော သူမရှေ့က ယောကျ်ားကို မျက်လွှာပင့်ကြည့်ရင်း....

'ဘာလဲ'

'မထိပ်ထား၏ မိတ်ဆွေတစ်ယောက်အဖြစ် ဟို—အဲ— ကျွန်တော့်ကို အသိအမှတ်ပြုပါ'

စတွေ့စက တင်းတင်းစီးစီး ငါတွေ ညည်းတွေ ဆိုခဲ့သော ဒေါက်တာမင်းဂေါင်၊ ဘာကြောင့်များ သူမလို ပါးမှား အလုပ်သင်ကလေးကို မိတ်ဆွေဖြစ်ဖို့ တောင်းဆိုနေသည်လဲ။

လူတစ်ယောက်ကို လူကဲခတ်လည်း ညံ့သော ထိပ်ထား ဆိုသော မိန်းမသားသည် ဒေါက်တာ မင်းဂေါင်အား လူကဲမခတ်နိုင်ခြင်းကို စိတ်မပျက်မိပါ။ သူမရဲ့ ဝန်းကျင်မှာ ကြုံနေကျ အဖြစ်အပျက်အတိုင်းမို့....

'ရပါတယ်၊ ပြောနေရမှာယ့် လူတွေမှ မဟုတ်တာဘဲ ဒေါက်တာရယ်၊ ကျွန်မ ခင်တတ်ပါတယ်'





ဟု ခေါင်းညိတ်သဘောတူခြင်း၌ ဒေါက်တာမင်းဂေါင် ၏ထံမှ တစ်စုံတစ်ရာ စတင်ရရှိဖို့ဟူသော ရည်ရွယ်ချက်မပါ။ လှည့်စားခြင်းမပါ။

နှလုံးသားသည် အချစ်ဆုံးဟု တင်စားခဲ့သော တစ်ဦး တည်းသော ချစ်သူထံမှာ ထာဝရ ပျော်ဝင်နေခဲ့ရပြီပဲ။

—✿—

## ( ၂ )

လက်ပတ်နာရီကိုင့်အကြည့်ဝယ် နံနက်ငါးနာရီခွဲဟု သိလိုက်ရသောအခါ နည်းနည်းပျော်သလိုလို ဖြစ်သွားသည်။ နိုက်ဂျူတီ ထစ်ညလုံး မနားတမ်း တာဝန်ထမ်းဆောင်ရမှုအပေါ် မညည်းညူတတ်သော်လည်း ပင်ပန်းလွန်းခြင်းကိုတော့ ခံနိုင်ရည် မရှိပြန်။ ဂျူတီပြောင်းမည့် သူငယ်ချင်းကို စောင့်ဆိုင်း ငိုက်မျဉ်းနေခိုက်....

'ထိပ်ထားရေ....တစ်ခုကူညီဘွာ'

အတူတာဝန်ကျသော သူငယ်ချင်း၏အပြောကို ခေါင်းညိတ်၍ ထရပ်လိုက်သည်။





'ကိုယ် ဟို ကားအက်ဆီးဒင့်လူနာကို ဆေးထိုးဖို့ ကျန်နေတယ်၊ ခဲခါ ထိပ်ထား သွားထိုးပေးလိုက်ပါနော်၊ ကိုယ်တျှင်းလှက်ဝင်ချင်လာလို့၊ ဟဲ ဟဲ....'

'ပေါ့တယ်'

ဆိုသောစကားကို ခပ်ပျော့ပျော့ ဆို၏။ ဂမ်ကြမ္မာသည် ရန်ကြီးအောင်ဘက်မှာ ရှိနေခြင်းကို မကျေနပ်။ ဆေးရုံမှာ ရှိနေသမျှ ကာလပတ်လုံး သူ့ကို ရှောင်ရှားခြင်းနှင့် ကျင်လည်ခဲ့ရပြီး သည့်တစ်ခါ နောက်တစ်ကြိမ် ထပ်တွေ့ဖို့ ဖန်လာရပြန်သည်။

ခန်းဆီးဝကို အဖယ်၌ မျက်ဝန်း မှေးမှိတ်ထားသော သူ့ကို တွေ့ရသည်။ ဝတ္တုခါစထက် ဒဏ်ရာတွေ ခံသားရမှု လျော့ပါးနေသော မျက်နှာထားကို သတိပြုမိသည်။

'စပါယ်မှုပ်နာ့စ်ရော အန်ကယ်'

'သားက ဒီနေ့ဆင်းရပယ်လို့ ဆရာဝန်ကြီးကဆိုတာနဲ့ ဒီနေ့ဟတ္တုဂ် မငှားထားခဲ့တော့ဘူး'

'ဩြော် ဩြော် ..'

အိုး... ဖျတ်ခနဲဖွင့်ကြည့်သော ရန်ကြီးအောင်၏မျက်ဝန်းရိပ်ဟာ....။ ဟင့်အင်း....သူ့မှာကို မှတ်မိမနေခဲ့ရဘူး။

ရန်ကြီးအောင်၏ ဖခင်ဟု ယူဆရသော ပုဂ္ဂိုလ်ကြီးသည်....

'သားရေ... ဆေးထိုးမယ်တဲ့'

ဟု ခပ်တိုးတိုးကပ်ပြောတော့ သူက တစ်ဖက်ခေါင်းပေး၏၊ ဆေးထိုးပြီး ပြန်ထွက်ဖို့ လှည့်တွက်စဉ်....

'ထား'

ဒါဟာ လှပတဲ့ သံစဉ်ပေါ့နော်။ ထိပ်ထားကို ထိပ်ထား လို့ ခေါ်ကြသောလူတွေကြားမှာ ထား လို့ ခေါ်ခဲ့ဖူးသူ တစ်ယောက်ရဲ့ မြတ်နိုးမှု။

'ထား ဒီဆေးရုံမှာတာဝန်ကျနေတာလား'

'ကျွန်မ အခုမှ အလုပ်သင် ဝင်ရတာပါ'

'ကိုယ်တို့ ဒီနေ့မှ စတွေ့ကြတယ်နော်၊ ဒါပေမယ့် ကိုယ် ဒီနေ့ ဆင်းရတော့မယ်'

ကောင်းတာပေါ့ကွယ်။ ပြန်တွေ့ဖို့၊ပြန်ဆုံကြဖို့ကို မရည် ရွယ်ဘဲ ဆုံရပေမယ့် ဒါဟာ အမှတ်ရမှုမဲ့နေစေရမယ်။ နောက်ထပ် ဆင့်ပွားဆက်သွယ်မှုတွေကို ရပ်တန့်စေရမယ်။

'ထား...ကိုယ် ဒီရောက်နေတာ သိခဲ့ပြီးပြီလား'

ခပ်ငြိမ်ငြိမ်ရပ်နေသော သူမကို အကဲခတ်ရင်း....

'အေးလေ—ထားက သိခဲ့ပြီးပြီဆိုရင်လည်း ကိုယ့်ကို မတွေ့ရအောင် ရှောင်နေမှာပေါ့၊ ကိုယ့်ကို နေ့တိုင်း ဆေး လာပေး၊ ဆေးလာထိုးပေးကြတဲ့ဆရာဝန်တွေထဲမှာ ထား များ ရှိနေမလားလို့ ရှာခဲ့ပေမယ့် တစ်ခါမှ မတွေ့ခဲ့ရဘူး၊ ဒါပေမယ့် ကိုယ် ဆင်းရတော့မယ့်နေ့ကျမှ ထားကို ပြန် တွေ့ရပြန်တော့ ကိုယ်လေ ဝမ်းသာ ဝမ်းနည်း ဖြစ်မိ တယ်'

'ကျွန်မနဲ့ ရှင်က လူနာနဲ့ ဆရာဝန် ဆက်ဆံရေးမျိုးနဲ့ပဲ ဆက်ဆံစေချင်တယ်'

'ထားရယ်...'





အကဲခတ်နေသော ရန်ကြီးအောင် ဖခင်၊ လူနာစောင့် ကောင်ကလေး။ အားလုံးကိုမျက်လုံးဝေ့ရင်း ရန်ကြီးအောင် ရှေ့က ခွာဖို့ စိတ်ကိုအမြန်အမိန့်ပေးလိုက်သည်။

'ကျွန်မ တာဝန် ရှိနေပါသေးတယ်၊ သွားပါဦးမယ် ကိုရန်ကြီးအောင်'

မျှော်လင့်တမ်းတသော မျက်ဝန်းအစုံ၊ ဆုံးရှုံးမှုကို ရင်ဆိုင်ရသော မျက်နှာတစ်ခု၊ ဒါတွေကို သူမ မေ့ ပျောက်နိုင်ဖို့ ညပေါင်းဘော်တော်ကြာကြာ ရင်ဆိုင်ရလိမ့် မည်။

'ထား'

ဆိုသော လှပသော သံစဉ်ကို ထပ်ပြန်တလဲလဲ ကြား ယောင်ရင်း၊ ကိုယ့်ကိုယ်ကို ဆိုနံ့ဆဲရင်း သည်သံစဉ်ကိုပဲ ခုံမင်နေမိခြင်း။

ဒါဟာ ရှုံးသွပ်မှု၊ မိုက်မဲမှု။ ဟိုး ဆယ်ကျော်သက်အဝ ကလို ကျဆုံးခဲ့ဖူးသည့်၊ ဘာကယ်ဆို ကြွတင်ပြင်ဆင် ထားသည့်အတိုင်း ခပ်ရဲရဲ၊ မတုန်မလှုပ် ရင်ဆိုင်နိုင်ဖို့သင့် သည်။

'ဟေး...မထိပ်ထား၊ သည်း ဂျူတီကုန်ပြီလား'

'ဟုတ်ကဲ့ ဒေါက်တာ၊ ကျွန်မ ပြန်တော့မယ်'

'See You'

ဒေါက်တာမင်းခေါင်နှင့် စတွေ့စက အစဝမကြေခဲ့ပေ မယ့် အနေကြာလာတော့ သူ့ရဲ့ ကျွမ်းကျင်မှု၊ ဆရာဝန် ပီသမှု၊ တယ်သူ့ကိုမဆို နောက်ပြောင်တတ်မှုများကို နား

လည်လာသည်။ မိတ္တဗလ မနည်းပါးသော သူမသည်လည်း တစ်ကိုယ်တစ်ယောက်ပမာ၊ ပညာယူသင့်သော ဆရာ တစ်ယောက်ပမာ လေးစား ခံယူခဲ့သည်။ ဒါဟာ သူမရဲ့ မှားယွင်းစွာ လှုပ်ရှားမိသည့်မှု ဖြစ်ခဲ့သည့်တဲ့လား။

--- ❀ ---

'မမကြီး ပြန်လာပြီ'

ညီမလေး သစ္စာက တံခါးလာဖွင့်ပေးရင်း အိမ်ထဲသို့ လှမ်းသတင်းပို့သည်။ ခပ်မှုန်မှုန်ပြုံးပြကာ အခန်းထဲ တန်း ဝင်လာခဲ့သည်။ ရေချိုးပြီး ပြင်ဆင်နေခိုက်...

'ထား'

ဆိုသော အစ်ခင်သည် လာရိုက်ခတ်ပြန်၏။ အယောင် ယောင် ကမှားမှား ခေါင်းခါ၊ အင်္ကျီဘ်၊ ကြေကွဲချခြင်းဖြင့် မေ့မရနိုင်သော၊ အခွဲအလမ်းကြီးသော ကိုယ့်ကိုယ်ကို ထင်မံ ကျိန်ဆဲရပြန်သည်။

'မမကြီး ဒီနေ့ပြိမ်လှချေလား၊ ဆေးရုံမှာ ပေါ်တော် ပင်ပန်းလာတယ် ထင်တယ်၊ ခါတိုင်း အတွေ့အကြုံ ရွှင်း လင်းပွဲ လုပ်နေကျ'





ညီမငယ်သက်လျာက ဇာတ်ရာထဲလှဲနေရင်း သနပ်ခါး လိမ်းနေသော သူမကို မေးမြန်းသည်။ မချိပြုံးလို့ ဆိုလို့ ရမည့် အပြုံးကို ထင်ဟပ်စေသည့် မျက်နှာပြင်ကို သက်လျာ နားလည်ပေလိမ့်မည်။

'ဒေါက်တာ မင်းဇေါင်နဲ့ အစာမကြေဖြစ်လာပြန်ပြီ လား'

'ဘယ်ကလာ....'

ဆေးရုံပထမဆုံးနေ့၏ အတွေ့အကြုံသစ်ထဲတွင် ဒေါက် တာ မင်းဇေါင်သည် သူမတို့မိသားစုတွင် လူသိများသူ ဖြစ် နေသည်။ ဒါပေမယ့် ရန်ကြီးအောင်ဆိုသော လူ တစ် ယောက်ကို ပြန်လည်တွေ့ဆုံခဲ့သည်ဆိုသော အဖြစ်အပျက်ကို တော့ ချန်လှပ်ခဲ့သည်ကိုတော့ သူမကိုယ်သူမ လိပ်ပြာသန့် သည်လို့ ဆိုရမည်လား။

မိဘတွေကလွဲရင် အစစအရာရာ အသိပေးထားသော ညီမငယ်လေးများသည် အာပဲဖြစ်ပြစ် ရန်ကြီးအောင်ကို တော့ မှတ်မိကြပေလိမ့်မည်။

'ဒေါက်တာ မင်းဇေါင်က မမကြီးကို စိတ်ဝင်စားတဲ့ အရိပ်အယောင်မျိုး မပြဘူးလား'

'ဟဲ့ ... အလုပ်ဝင်ရတာဖြင့် မကြာသေးဘူး၊ ငါက ဘယ်အကဲခတ်နိုင်ပါ့မလဲ၊ တွေ့သိုက်ရင် ဆရာကြီးလုပ်နေ လို့ ငါကတော့ အမြင်ကတ်တဲ့ အကြည့်နဲ့ ကြည့်မိတော့ ဘယ်လိုလုပ် သူ့အမူအရာကို လေ့လာနိုင်ဖို့ စဉ်းစားမိ မှာလဲ၊ သက်လျာဟာ ရှာရှာကြံကြံ မေးတတ်တယ်'

အစ်မကြီးပိပိ အနိုင်ပိုင်း ဆူပူမှုကို အဆူခံနေကျ အငယ်များ၏ စရိုက်အတိုင်း ဂရုမစိုက်ဘဲ အိပ်ရာပေါ်ကနေ သူမကို ဆက်လက် ငေးမောနေပြန်သည်။

သက်လျာဟာ ငယ်တော့ဘာလည်းမှတ်။ ဘွဲ့ရပြီးလို့ အလုပ်စောင့်နေဆဲ ဖြစ်တာတောင် အိမ်မှာ ကလေးလို ကျင့်ကြံတုန်း။ ငယ်ငယ်ကလို အစ်မကြီးဖြစ်သူ လုပ်သမျှ၊ ပြောသမျှ အားကောင်းထင် အားကျနေတတ်တုန်း။ သစ္စာရော ဘာထူးလို့လဲ၊ နှစ်ယောက်သား ပုံစံတူတွေ၊

သနပ်ခါးလူးခြင်းကိုစွ ပြီးဆုံးအသွားတွင် မျက်နှာက ခပ်ပြုံးပြုံး ဖြစ်လာသည်။ ဆုံးဖြတ်ချက်တစ်ခုကို ချပြီးသော လူတစ်ယောက်၏ မျက်နှာမျိုး။ သက်လျာ သိချင်ဟန်ဖြင့်—

'ဘာလဲ မမကြီး'

ဟူသော အမေးကို ခေါင်းခါပြရင်း ညကျမှပြောမယ် ဆိုသော သူမ၏အဖြေကို ကြိုတင်သိချင်ပြန်သည်။ ညီအစ်မ သုံးယောက် တစ်ခန်းတည်း အတူတူ အိပ်နေကျဖြစ်သူများ မို့ သူမ၏ ခံစားချက်တွေ၊ ညီမတွေ၏ ခံစားချက်တွေသည် ညဘက်တွေမှာ ရင်ဖွင့်နေကျဖြစ်သည်။

'လာ....သမီးကြီး၊ ထမင်းတစ်ခါတည်း ဝင်စားမသွား'

ခေါင်းအသာညိတ်ပြပြီး စားပွဲမှာ ဝင်ထိုင်လိုက်သည်။ သစ္စာက ထမင်း ခူးထည့်ပေးသည်။ ခါတိုင်း နိုက်ဂျူတီ ကျပြီး ပြန်လာလျှင်လည်း သူမသည် ရေချိုး၊ ထမင်းစား ပြီးမှ အိပ်လေ့ရှိသော အကျင့်ကို လုပ်ထားပေမယ့် သည်နေ့ တော့ ဘာမှ မလုပ်ချင်အောင်၊ အိပ်ရာထဲမှာပဲ လှဲနေချင်





အောင် သူမစိတ်တွေ ညို့မှိုင်းနေရမှု၊ တစ်စုံတစ်ယောက် သောသူကြောင့်....။

ဒါဟာ အမှတ်သညာ နည်းသူတစ်ယောက်ရဲ့ မိုက်မဲမှုထဲလား။ စားနေသော ထမင်းကို စိတ်မပါဝင်စားတော့ တာမို့ လက်ဆေးဖို့ ပြင်ဆင်လိုက်သည်။

'သမီးကြီး ပင်ပန်းလာလို့ သိပ်တောင်မစားနိုင်ရှာဘူး၊ ကော်ဖီလေး ဘာလေး သောက်မလား'

'နေပါစေ မေမေ၊ အိပ်ပဲ အိပ်ချင်နေတယ်၊ သမီး သွားအိပ်တော့မယ်'

မေမေ့ နားလည်စွာ ခေါင်းညိတ်ပြ၏။ ခွင့်လွှတ်ပါ မေမေ။ အသက် ၂၅ နှစ်အရွယ် သမီးတစ်ယောက်ဟာ ချစ်သူဟောင်းကို ပြန်လည်တွေ့ဆုံရခြင်း၊ ကြေကွဲရခြင်းများ ကို လူမသိ၊ သူမသိ ငြိမ်သက်နေပါစေ။

အိပ်ရာထဲ လှဲလိုက်စဉ်ဝယ် ဟိုးအလျင်တစ်ခါက စွဲလမ်း ခဲ့ဖူးသော မျက်နှာတစ်ခုက စောင့်ကြို၏။ မျက်စိတွေ မှေး မှိတ်ပြန်တော့လည်း 'ထား' လို့ ခေါ်လိုက်သော တမ်းတ မျက်ဝန်းများ၊ အရာရာကိုအရှုံးပေးထားသော သွင်ပြင်ကို ဖော်ညွှန်းသော မျက်နှာပြင်။ အိုး.... ဒါတွေဟာ ဘယ် ကာလအထိများ နှိပ်စက်နေဦးတော့မှာတဲ့လဲ။

ရန်ကြီးအောင်....ရှင်ဟာ တစ်စုံတစ်ရာသော ဆွဲဆောင်မှု တစ်ရပ်နဲ့ အင်အားတစ်ရပ်ကို ခုထိ ပိုင်ဆိုင်ဆဲဆိုတာ ထား မငြင်းပါဘူး။ ခဏတာလေး စကားပြောမိချိန်ဟာ မိနစ် ပိုင်းမျှသာ ကြာမြင့်ခဲ့ပေမယ့် သည်တွေ့ဆုံခြင်းဟာ သူမကို



Scanned by CamScanner

လွန်ခဲ့သော ကာလများစွာကို ပြန်လည် ခေါ်ဆောင်ပေးတော့သည်။

'ရှင် နိုင်ပါတယ် ရန်ကြီးအောင်'

ခပ်တိုးတိုး ညည်းညူလိုက်သည်။ ဒါဟာ သူမရဲ့ မရှိနိုင်သော ရှုံးသွပ်မှုလည်းဖြစ်၏။ ရန်ကြီးအောင်နှင့် ပတ်သက်တိုင်း အနိုင်အရှုံးတွေထွက်ပြီး အရှုံးပေးလိုက်၊ အနိုင်ယူလိုက်ဖြင့် စတင်ခဲ့ရသော ထိပ်ထား၏ ချစ်ခြင်း အစသည် မယုံကြည်နိုင်လောက်အောင် ထူးဆန်းမှုတွေနဲ့ စတင်ခဲ့ခြင်းဖြစ်သည်။

---

Book Sharing

# အပိုင်း (၁)

Scanned by CamScanner

( ၁ )

လွန်ခဲ့သော ငါးနှစ်ကျော်က အသက် ဆယ့်ကိုးနှစ် ကျော် ကျော် ကောင်မကလေး၏ဘဝသည် သူမကို အစစပြောင်းလဲစေနိုင်သောလူတစ်ယောက်နှင့် မတွေ့ခင်ကအထိ ပကတိ ဖြူစင်သူလေးဖြစ်သည်။ ဆယ်တန်းအောင်ပြီးစ ကျောင်းမဖွင့်ခင် အချိန်လေးတွင် ခပ်ရိုးရိုးနေတတ်သူလေးဖြစ်သည်နှင့်အညီ အပြင်လည်ပတ်ခြင်းလည်းမရှိ။ မိဘနှင့်ညီမတွေ အလယ်တွင် အချိန်ကုန်ခြင်းဖြင့်သာ။

ဒါကြောင့် အပူအပင်လည်း ကင်းမဲ့ခဲ့သည်။ မနောလိုဝန်တိုခြင်းဖြစ်စရာတွေလည်း မြူမှုန်မျှတောင်ထားတတ်သူမဟုတ်ခဲ့ပါ။ သူမလေး၏ ဘဝသည် လူတစ်ယောက်နှင့်



Scanned by CamScanner

ပတ်သက်မိခါမှ (ထိုသူက သူမကို စိတ်ဝင်စားလာခြင်း) ပြောင်းလဲမှုကို စတင်ကြုံတွေ့ရသည်တဲ့။

—...

'ကျွတ်…အိမ်ကလူတွေဟာ ပန်းပင်စိုက်ဖို့သာ သတိရပြီး ပန်းပင် ရေလောင်းဖို့ကျတော့ စိတ်တောင် ကူးမိရဲ့လား မသိဘူး'

ဆောင်းနေပူပူတိုကို ခမာ့ကြည့်ရင်း ရေပိုက်ဖော့ တပ်ဆင်နေရသည်။ ဒါဟာ နေ့တိုင်းလိုလို၏ နေ့လယ်ခင်း နေကျချိန်လောက်တွင် ထိပ်ထား၏ မရှိးနိုင်သော မြည်တွန်တောက်တီးမှု။ သစ္စာစော သက်လျာကပါ စာဂျက်နေရာမှ လေ့လာရင်း မျက်စပစ်ကြသည်။ တင်အိမ်လုံးမှာ ကျောင်းမတက်ရသေးခင် အားလပ်နေသူပိပိ အလုပ်မရှိအလုပ်ရှာ၊ စိတ်မကြည်လျှင် ညည်းညူနှင့် အစ်မကြီး၏ ဖြစ်အင်ကို ဟားချင်ပေမယ့်လည်း ကြိတ်မျိုချနေရသူလေးတွေ။

'ဘယ့်နှယ်….ကျုပ်မှာ ပန်းပင်စိုက်တာလည်း ဝါသနာ မပါပါဘူး၊ ဒါပေမယ့် စိုက်ပြီးသားအပင် သေသွားမှာ ကျပြန်တော့ မကြည့်ရက်တာနဲ့ဘဲ နေ့တိုင်း မာလီဖြစ်နေ





တယ်၊ ဟဲ့….ကောင်မလေးတွေ စာကျက်ကြလေ၊ ဘာလို့ ကျုပ်ကို လိုက်ငေးနေရတာတုံး'

နှစ်ယောက်သား ခေါင်းပုဝင်သွားပြီး ဝရန်တာဘက် မျက်နှာမူနေမှုကို ပြန်လည်ဖြင်ဆင်ကြသည်။

ဆောင်းလေရူးကြောင့် ဖုန်တက်နေသော သစ်ရွက်လေးတွေ စိမ်းစိုလာကြသည်။ အပွင့်အငုံလေးတွေ ကြည်လင်လာသည်လား။ပွင့်လက်စ ပန်းတို့က ကျေးဇူးတင်နေသလို လို။သရက်ပင်ပေါ်က စာကလေးတွေက ငုံ့ကြည့်ချီးကျူးကြသည်။ သူမ ရေဖျန်း‌ပြီးတိုင်း ဆန်တစ်ဆုပ် ဖြစ်ဖြစ် ကျွေးနေကျကို အလေ့အကျင့်ရပြီးသူများမို့ ရေစက် ရေပေါက်တို့ကို ရှောင်ရှားရင်း စောင့်ဆိုင်းကြ၏။

သူမ၏လမ်းကလေးကတော့ ထုံးစံအတိုင်း အေးချမ်း တိတ်ဆိတ် ငြိမ်သက်လွန်းလှသည်။ လမ်းမကျယ်ကြီးဆီက ခွဲထွက်သွားတဲ့ လမ်းတိုလေးမို့ အိမ်ခြေလည်း နည်း၊ လူလည်း ကျဲပါးလှ၏။ လူရှုပ်ချိန်သည် မနက်ပိုင်း ကျောင်းသားတွေ ကျောင်းသွားချိန်၊ အလုပ်ရှိသူများ အလုပ်သွားချိန်ဖြစ်သလို ညနေပိုင်းလည်း ကျောင်းပြန်သူ၊ အလုပ်ပြန်သူတွေနှင့်သာ။

သူမတို့အိမ်ဆိုလျှင် မျက်နှာချင်းဆိုင်အိမ် မရှိဘဲ အထက်တန်းကျောင်း တစ်ကျောင်း ဖြစ်နေ၍ ညနေခင်းတွေမှာ လူရှင်းတိတ်ဆိတ်နေမှုကို အမြဲကြုံနေရမြဲ ဖြစ်သည်။ ဒါပေမယ့် လမ်းကလေး၏ တိတ်ဆိတ်မှုကို နှောင့်ယှက်သော၊

ငြိမ်သက်မှုကို ဖြိုခွင်းသော အဖြစ်အပျက်သည် မကြာခင် ရောက်လာခဲ့တော့သည်။

‘ပေါ…’ ခနဲအသံနှင့် ကားပက်သံ ကြမ်းကြမ်း အရှိန် ပြင်းပြင်းသည် သူမ၏ရှေ့မှာ ဖြတ်ကျော်၍ လမ်းထဲသို့ ဝင်သွား၏။ အိမ်လုံးချင်းတွေနှင့်၊ အိမ်ရှေ့ပန်းပင်ကိုယ်စီ နှင့်ရှိသော လမ်းကလေးမှာ ငိုက်မျဉ်းနေကြသော ငှက် တချို့ လန့်ဖျပ်ထပျံသွား၏။

‘တောက်…ကြမ်းလိုက်တဲ့ကား၊ လမ်းရှင်းနေလို့ တော် သေးတယ်၊ လမ်းထဲမှာ ကလေးတွေသာ ဆော့နေရင် အကုန်တိုက်မိဖွယ်ရှိတယ်’

သူမ အပြစ်တင် ကဲ့ရဲ့၊ နောက်ခဏမှာတော့ ရေချိုး ခြင်းကိစ္စတွင် ပြန်လည်နစ်ဝင်၏။ ဒါနဲ့ပဲ ထိုကားသည် လမ်း ထဲကို အချိန်ဘယ်လောက်ကြာကြာ ဝင်သွားခဲ့သည်ကို မခန့် မှန်းခဲ့ပါ။

ပလတ်စတစ်ပိုက်ခေါင်းလေးကို ပြန်ကောက်ယူပြီး နောက် တစ်ဖက်ခြမ်းက ကျန်သောအပင်တွေဖျန်းဖို့ ကိုယ်ကိုလှည့် တွင်…

‘အမယ်လေး…’

လို့ ယောင်အောင်မိရအောင်၊ လက်ထဲကပိုက်လေး လွတ် ကျသွားရအောင် သူမ ကျောခိုင်းထားရာ လမ်းအထဲဘက် ကနေ ဘယ်အချိန်က ပြန်ထွက်လာသည်မသိခဲ့သော စက်သံ ကြမ်းသည့် ကား။





တိတ်ဆိတ်ညင်သာစွာ သူမနှင့် ခြေလှမ်းဘယ်လောက်မှ မဝေးသော တစ်နေရာမှာ ရပ်တန့်ကာနေ၏။ ကားရှေ့မှန် တစ်ဝက်ချ၍ မျက်မှန်နက်တပ်ထားသော ပုဂ္ဂိုလ် တစ် ယောက် ခေါင်းထွက်ပြူကာ သူမကို ခပ်ပြုံးပြုံးစိုက်ကြည့် နေသည်။

နဖူးပေါ်သို့ဝဲကျနေသော ဆံပင်နက်၊ အဝေးကမြင်ရ ပေမယ့် ဖြူဆွတ်သော အသားအရေ။ ဟင်…ဒါတွေဟာ တစ်စုံတစ်ရာ မရိုးသောအကြံအစည်နဲ့သူမကို လာစိုက်ကြည့် နေသော လူတစ်ယောက်ရဲ့ အသွင်သဏ္ဌာန်။ ဂရုတစိုက် မှတ်သားနေဖို့ မလိုဘူးလေ။

'It's the final count down'

ကားထဲက သီချင်းသံကို ပိုမို ကျယ်လိုက်ပုံရသည်။ Scorpian ရဲ့ Final count down သည် စောစောက ခပ် ဆူဆူ သီချင်းသံ ထင်ထားရမှုမှ ခွဲထွက်ကာ ပီသလာ၏။ မိန်းကလေးတစ်ယောက်ပီပီ မသင်ဘဲတတ်သော ပညာများ ထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကိုယ့်အပေါ် မရိုးမသား လာကြည့်သည်ဟုသော အသိတစ်ရပ် ဖျတ်ခနဲဝင်လာ။ ဒါ နဲ့ပဲ အခက်တွေ၊ အကိုင်းတွေရှုပ်နေသော သနပ်ခါးပင် ခပ် ကြီးကြီး၏နောက်တွင် ခပ်မြန်မြန်ဝင်ကွယ်။

ကားသည် အရှိန်ပြင်းပြင်းနှင့် သူမ၏ အိမ်ရှေ့လေးကို လှောင်ပြောင်ကာလမ်းမကျယ်ဆီသို့ထွက်သွား၏။ အဓိပ္ပာယ် မဲ့ ကားနောက်မြီးကို လိုက်ငေးစဉ်…



Scanned by CamScanner

'ဟင်… ဘာတွေလျှောက်လုပ်နေတာလည်း မသိဘူး၊ သစ္စာနဲ့ သက်လျာ ဟိုမှာကြည့်စမ်း'

ညီမတွေကို စစ်ကူခေါ်တော့ နှစ်ယောက်သား ဝရန်တာဆီ ပြေးလာပြီး သူမ ညွှန်ပြရာသို့ လိုက်ကြည့်ကြသည်။

သူမတို့မြင်ကွင်းတွင် မြင်နိုင်သမျှခေတ်တိုင်တွေ ကွေ့ပတ်မောင်းပြသည်။ ဘရိုက်ဆောင့်ဖုပ်သံ၊ ကားအိပ်ဇော ထူထူညံညံအသံ၊ ရုပ်ရှင်တွေထဲကလို စတန့်ထွင် မောင်းပြနေတော့သည်။

'ဟယ်…လက်ပြသွားတယ် မမကြီး၊ ငါတို့ကို မောင်းပြနေတာကိုး'

'အေးလေ… မသိပါဘူး၊ ကားမောင်းလာကျင့်တာထင်လို့'

သစ္စာနှင့် သက်လျာ အစကတည်းကမှ အဝ်မ ရေမျှန်းတာ ငေးချင်နေသူများပီပီ အိမ်ထဲပြန်မဝင်တော့ဘဲ ထင်မြင်ချက် မျိုးစုံတွေ လေကန်တော့သည်။

'ဟေ့…ငါတို့အစ်မကြီး ပိလင်တွေ့တက်သွားပြီ၊ တွေ့လား'

'မဟုတ်တာတွေ လျှောက်ပြောမနေနဲ့၊ ဘယ်ကမှန်းမသိဘဲ စွတ်အထင်ကြီးဖို့ပဲ စဉ်းစားနေ၊ လမ်းကြုံလို့ နောက်သွားတာ ဖြစ်မှာပေါ့၊ ပုံစံက ကြည့်ပါလား၊ တည်တည်တံ့တံ့ မရှိဘူး သစ္စာရဲ့'

သစ္စာနှင့် သက်လျာက ခေါင်းညိတ်၏။ ရေမှန်းခြင်းဂျိစ္စလည်း ပြီးဆုံးသွားလို့ ရေကော်ပိတ်ပြီး အိပ်ပေါ် ပြန်





ရောက်တဲ့အထိ လှမ်းမကျယ်ကြီးမှာ စတန့်မောင်းပြသွားသူကို ဇာ့ကြဲစိတ်တွေနှင့် တွေးနေရသည်။

ဒါပေမယ့်လေ မေ့မေ့ပျောက်ပျောက်ပါပဲ။ နည်းနည်းပါးပါး သတိထားမိရုံက လွဲရင် ထိပ်ထားဆိုသော ကောင်မလေးဟာ သူမရဲ့ရာဇဝင်အတိုင်း ယောကျ်ားလေး တစ်ယောက်ကို တသသဖြစ်နေမိတယ်ဆိုတာမျိုးမှ မရှိခဲ့ချေ။

သည်အရွယ်ထိ သည်လိုမျိုး ဆန်းဆန်းပြားပြား လုပ်ပြပြီး လာရောက်ပိုးပန်းသူကို မတွေ့ခဲ့ဖူး၊ မကြုံခဲ့ဖူးသော ထိပ်ထားသည် သူမ၏ နှလုံးသားထဲကို ဆန်းပြားမှုတွေ ထယ်ဆောင်လာမည့်သူဟု အဲသည် အချိန်တုန်းက ဘယ်တွေးမိပါ့မလဲ။ ဒါဟာ မှားယွင်းခဲ့တယ်တဲ့လား။

—✿—



Scanned by CamScanner

## ( ၂ )

ထူးဆန်းမှုတွေ ဖြစ်ထွန်းစေသော လသားသည် သိပ်မကြာသော နေ့တစ်နေ့တွင် ထင်ပံရောက်ရှိလာသည်။ အဲသည်နေ့လေးဟာသိပ်ကိုအမှတ်တရရှိနေခြင်းသည် သူမနှစ်သက်သော Giff Harrison ၏ သီချင်း Bad New York City သီချင်းကြောင့်လို့ အပြစ်တင်ချင်တင်လို့ရနိုင်သည်။ နောက်ပြီးတော့ကျတော့ မထီတရီ ပြုံးတတ်သော၊ အထင်ကြီးရိပ်လွှမ်းသောအပြုံးကို ပြုံးတတ်သည့် လူတစ်ယောက်ကို စတင်ပျော်ဝင်ခြင်း၏ အစလည်းဖြစ်သည်။

ထုံးစံအတိုင်း လှုပ်ရှင်းနေသော လမ်းမကြီးကို ညီအစ်မသုံးယောက်သား ငေးရင်း၊ လက်ပက်သုပ်စားရင်း၊ ဟိုအကြောင်း သည်အကြောင်းပြောရင်း....။





လမ်းထဲက ထွက်လာသော ဆလွန်းအဖြူရောင် တစ်စီးသည် လမ်းထိပ်ဆီမှာ ရပ်တန့်သည်။ ပြီးတော့ ဖြည်းဖြည်းချင်း ဘီးလိမ့်နောက်ဆုတ်လာပြန်၏။ လမ်းထိပ် တစ်အိမ်ပြီးရင် ဒုတိယမြောက် အိမ်သည် သူမတို့၏ အိမ်ကလေးဖြစ်သည်။

‘ဘယ်ဧည့်သည်လဲမသိဘူး မမကြီး’

သက်လျှာ စကားမဆုံးခင် ကားမောင်းသူ၏ နေရာမှာမရှိဘဲ နောက်ဘက်ခုံမှာ ခပ်လျော့လျော့ ထိုင်နေသော စပို့ရှပ်အစိမ်းရောင်နှင့် အဖြူရောင်ကျား ဝတ်ထားသော လူတစ်ယောက်သည်—။ အိုး....ဘုရားသခင်။ သူမ ဘာဖြစ်လို့ မှတ်ဉာဏ်တွေ ကောင်းနေခဲ့သည်လဲ။ ကားမောင်းတဲ့ ကောင်ကလေးက သီချင်းကို Volume မြှင့်လိုက်၏။

‘ဟယ် Bad New York City ဖွင့်ထားတယ် မမကြီး၊ ဘယ်သူလဲ မသိဘူးနော်၊ အံမယ်...သူကောင်းသား နှစ်ယောက် ငါတို့ကို ရယ်ပြနေတယ်၊ တွေ့လား သက်လျှာ’

‘အံ့ဖွယ်တစ်ပါးပါပဲကွယ်၊ ယဲ ဟဲ—’

ညီမတွေ ဝေဖန်ရှုတ်ချကြသည်။ အိမ်ရှေ့ဝရန်တာလေးသည် သီချင်းနားထောင်ငြိမ်သက်နေပေမယ့် သူမတို့ညီအစ်မသုံးယောက်ကတော့ မငြိမ်မသက်နိုင်စွာ စူးစမ်းမှုနှင့် ရှုပ်ထွေးနေတော့သည်။



Book Sharing

Scanned by CamScanner

'ဟော…သွားပြီ'

သီချင်းပြီးခါနီးအထိ ခပ်ကြာကြာ ရပ်ကြည့်ပြီး လမ်းမ ကျယ်ဆီသို့ တစ်ဟုန်ထိုး မောင်းထွက်သွားသည်။ အလျင် တစ်ခေါက်က သူမောင်းပြသလို သူ့သူငယ်ချင်းဖြစ်ဟန် တူတဲ့ ကောင်ကလေးကလည်း ကားကို စက်နှိုးမောင်းပြဖြန် တယ်။ ဒါဟာ မရိုးသားမှုပေါ့နော်။

'အဲဒီကဲစ်နောက်ပိုင်းမှာ ထိုင်နေတဲ့ပုဂ္ဂိုလ် ပွဲးတာ(?)သ လည်း တစ်မျိုးကြီးနော်'

သစ္စာက လမ်းမသီငေးရင်း သူမကို လှည့်ပြော၏။

'ကိုယ့်ကိုယ်ကို သိပ်ယုံကြည်စိတ်ချနေတဲ့သူ၊ အထင်ကြီး နေတဲ့သူ၊ မာနကြီးနေတဲ့ သူတွေရဲ့ မထိတရီ အပြုံးပေါ့ သစ္စာရဲ့'

သူမဟာ ခပ်တည်တည် ရှတ်ချလိုက်ရပေမယ့် ထိုအပြုံး ကိုပဲ မြင်ယောင်၊ ပျောက်ပျက်လို့မရ။ ကိုယ့်ဘာသာ အပြစ် တွေတင်နှင့် တဒင်္ဂမှာ အသိစိတ်တို့ ရှုံးသွပ်ရတော့သည်။ ထိုအပြုံးမှာ ကျေနပ် ပျော်ဝင်ရတော့သည်။ တမ်းတရ တော့သည်။

အိုး….ဒါဟာ မဖြစ်သင့်တဲ့ အရာ၊ သည်လောက်လေး လုပ်ပြရုံနဲ့ ထိပ်ထားဟာ မပျော်ဝင်သင့်ဘူး။ သူ့ထက်မက



ချောမောသော၊ အမှတ်တရ များစွာဖြစ်အောင် လုပ်နိုင် သော ယောကျ်ားလေး တော်တော်များများကိုတောင်မှ သူမ စိတ်မဝင်စားခဲ့သေးတာ။ စိတ်ကူးယဉ်မိခြင်း သာ ဖြစ်မည်။

ဒါပေမယ့် သေချာသွားခဲ့တဲ့ တစ်ခုကတော့ သူဟာ ထိပ်ထားကို ခစားနိုင်ဖို့ ကြိုးစားမှု စတင်လာပြီ ဟူသော အသိကို ခေါင်းထဲသွင်းကာ စဉ်းစားလာမိခြင်း ဖြစ်တော့ သည်။

—✿—

သူမသည် ရန်သူကို လျှော့တွက်ခဲ့သော တိုက်ပွဲဝင်သူ တစ် ယောက်ပမာ တိုက်ပွဲအတွက် ဘာမှ ကြိုတင် မပြင်ဆင်ရသေး ချိန်တွင် ရန်ကြီးအောင်ဟု ဆဲသည့်အချိန်က မသိခဲ့သေး သော သူသည် ဆက်လက်၍ ထိုးနှက်မှုများ စတင်ခဲ့တော့ သည်။ ကျောင်းမတက်ရခင် ကာလဖွင့်ချိန်မှာ သူမသည် အိမ်ဘေးက မောင်လေးနှစ်ယောက်ကို စာပြပေးရသည်။ အိမ်ရှေ့ဝရန်တာလေးတွင် စားပွဲဝိုင်းချကာ သူမ၏ စာသင် ပြခြင်းကို အတောင်အထည်ဖော်လေ့ရှိသည်။

Bad New York City နဲ့ စတင်ခဲ့ပြီးပြီးချင်း နောက်တစ်နေ့၏ ညနေပိုင်းကလေးဖြစ်မည်။ ကလေးတွေကို စာမြေနေရိုက်မှာ ကားစက်သံပြင်းပြင်း ဝင်လာပြီလို့ သိလိုက်ချိန်တွင် သူမသည် အလိုလို ခေါင်းမော့ကြည့်မိလျက်သား ဖြစ်ခဲ့သည်တဲ့လား။

ကား နောက်တစ်မျိုး ပြောင်းထားသည်။ သုံးကြိမ်မြောက် လာခြင်းတွင် တွေ့ရသော ပြိုင်ကားသဏ္ဌာန် ခပ်ပြားပြား ကားကလေး၏ နံဘေးတွင် Savanna ဆိုသော ခပ်ကြောင်ကြောင် စာလုံးပါသည်။

'ပြိုင်ကားလေး လှတယ်နော် ဟေ့ကောင်'

ကလေးနှစ်ယောက် စိတ်ဝင်တစား ပြော၏။ ကလေးတို့ဆရာမ ထိပ်ထားကတော့ အသိစိတ်မှာ သူ့ပဲလို့ အတပ်ပြောပြီး ဖြစ်နေသည်။

ကားမှန်နက်ဟာချလိုက်တော့ နောက်တစ်ယောက်သော သူငယ်ချင်း အသစ်တစ်ယောက်ကို လက်ညှိုးထိုးပြနေသော သူ့ကို တွေ့ရသည်။ ကားထဲက 'Nothin gonna stop up now'ကို စည်းချက်လိုက်နေသော သူငယ်ချင်းက နှစ်လိုဖွယ်ပြုံးပြသည်။ အယောင်ယောင် အမှားမှား မျက်လွှာချစဉ် ဝုန်းဒိုင်းကြဲ၍ ဂငယ်ကွေ့ ကွေ့ချကာ ထွက်ခွာသွားသော ပြိုင်ကားလေး၏ နောက်မြီးက ထိပ်ထားကို နှုတ်ဆက်၏။





'စစချင်းတုန်းက Publica အပြူ၊ နောက်တစ်ခါကျတော့ Super Saloon အပြူ၊ အခု တစ်ခါလည်း ဘာကားမှန်းမသိတဲ့ ပြိုင်ကားအပြာ၊ အံ့မယ်လေး— ဘယ်နှစီးများထပ်စီးပြဦးမလဲ မသိဘူးနော်၊ မမကြီးရေ— ကားပွဲစားထင်တယ်၊ ဒါမှမဟုတ် ဝယ်ရောင်းများလား'

'ဘာပဲဖြစ်ဖြစ် ငါတို့အစ်မကြီးက မကြေပါဘူး၊ ခေတ်ဆိုကုန်ရုံပဲရှိမယ်၊ ခဏငှားစီးရင်လည်း ပိုက်ဆံကုန်ရုံပဲ ရှိမယ်ထင်တယ် သက်လျာ'

သက်လျာ လက်ချိုးရေတွက်သမျှကို သစ္စာ ချေပကာ နှစ်ယောက်သား ရယ်မောမေ့ပျောက်သွားလိမ့်မည်။

'တစ်ခါလာရင် ကားတစ်မျိုး၊ သီချင်းက တစ်မျိုးနဲ့ သူ့မှာ ဗီလာပတ်ဖို့ တော်တော်ဦးနှောက်စားရှာမယ်'

သူမ မှတ်ချက်ချမှုသည် တစ်စုံတစ်ရာ ခံစားချက်ပါနေမည်လား။ ဝန်ခံချင်တဲ့တစ်ခုကတော့ ကားစက်သံ ပြင်းပြင်း၊ ဝုန်းဒိုင်းကြဲ မောင်းနှင်သောကားများ၊ သီချင်းဆူဆူ ဖွင့်သောကားတွေ၊ ဒါတွေနဲ့ မတော်တဆ ကြုံရရင် လိုက်ကြည့်တတ်တဲ့အကျင့် ရလာခဲ့တာ သူ့ကြောင့်ပါ။ ကိုယ့်ကိုယ်ကို စိတ်တင်း၊ သူ့ကို စိတ်မဝင်စားပါဘူးဟု ငြင်းဆန်၊ ဒါနဲ့ပဲသူမသည် နှလုံးသားကိုလိမ်လည်ဖို့ ကြံစည်ပြန်သည်။



Scanned by CamScanner

လိမ်လည်မှုကို အမှန်ဖြစ်အောင် သူက စွမ်းဆောင်နိုင်ပြန်သတဲ့။ ထိုပြိုင်ကားလေးနှင့် လာခဲ့သော နေ့၏ ညပိုင်းမှာ ရန်သူ့ဆီက ပြိုင်ဘက်ကင်းသော တိုက်ကွက်တွေနှင့် တိုက်ခိုက်ခံရ၍ ကျဆုံးရသူပမာ ထိပ်ထားသည်လည်း အယိုင်ယိုင်အလဲလဲ။ အားပျော့စ နှလုံးသားသည်လည်း သူ့ရဲ့ ဆွဲငင်မှုတွင် တစ်စစီ ပဲ့ကြေထွားခဲ့တော့သည်။

T.V အစီအစဉ် စိတ်ဝင်တစားကြည့်နေသော ထိပ်ထားသည် လမ်းမကျယ် ခပ်ဝေးဝေးဆီက အရှိန်ပြင်းတဲ့ ကားသံကြားခိုက်မှာ ဒါဟာ သူပဲလို့ အတပ်ပြောနိုင်အောင် သူမ မသိလိုက်ခင်တွင် သူ လှမ်းမိုးခဲ့သည်တဲ့လား။

'Everybody dancing on the floor, trying to sing a happy song'

BONNY M ၏ Happy Song က ညို့ယူမှုသည် ထိပ်ထားကို ဝရန်တာဆီ ဆွဲက်လာခဲ့ပြန်သတဲ့။ လှပသော လရောင်အောက်တွင် အမျိုးအစားမသိသော ဆလွန်းတားဖြူဖြူသည် ထိပ်ထားကို ဦးညွှတ်နှုတ်ဆက်၏။

'မမကြီး— ဘယ်လိုဖြစ်သွားတာလဲ၊ ထွက်တောင်ချောင်းပုတယ်'

'ငါ စိတ်ဝင်စားလာပြီ သစ္စာရယ်'

'ဘယ်လိုမျိုး စိတ်ဝင်စားတာလဲ၊ ကားတွေ တစ်မျိုးပြီး တစ်မျိုး စီး၊ သီချင်းတွေ ထည့်လဲဖွင့်တာမို့လို့လား'





ညင်သာစွာ ခေါင်းအခါတွင် သစ္စာက ဖဲ့ဖြူမှုကို ထိန်းမရစွာ။ ဆယ်တန်းကျောင်းသူ သစ္စာသည် တည်ငြိမ်ရွှန်း၊ မာနကြီးလွန်းလှပါသည် ဆိုသော ထိပ်ထားကို သည်တစ်ခါ ထူးဆန်းသွားပေလိမ့်မည်။

'ဒါပေမယ့် သစ္စာရယ်— ပုံစံကြည့်ရတာ ယုံချင်စရာကောင်းတဲ့ပုံမျိုးမှမဟုတ်တာ၊ ငါ့အတတ်နိုင်ဆုံးမေ့ပျောက်ရလိမ့်မယ်'

'စောင့်ကြည့်ပါဦးလား မမကြီးရဲ့'

'နေပါစေ၊ ကိုယ့်ဒုက္ခ ကိုယ်ရှာသလို ဖြစ်သွားမှာပေါ့'

သက်လျာက ထိမ်ဆဲအတွက်လာပြီး အစ်မနှစ်ယောက်၏ တီးတိုးမှုကို စပ်စုသည်။ ညီအစ်မသုံးယောက်သည် သူငယ်ချင်းပေါင်း ပေါင်းတတ်သူများ၊ ကျက်ကျက်ညံအောင်စကားများတတ်သူများပို့ အိမ်က လူကြီးတွေက စိတ်မဝင်စားပါ။

ဖေဖေနှင့် မေမေသည် ထုံးစံအတိုင်း တိုင်ပင်စရာ၊ ဆွေးနွေးစရာတစ်ခုခုကို အိမ်နောက်ဖေး ထမင်းစား စားပွဲမှာ ဖြစ်ဖြစ် စိတ်ဝင်တစား ပြောဆိုနေကြမှဖြစ်တာမို့ တဒင် အပြောင်းအလဲမျဝးကို သိခဲ့လိမ့်မည်မဟုတ်ချေ။

နှစ်ရက် သုံးရက် ပျောက်သွားတဲ့အခါမှာတော့ ထိပ်ထားဟာ သူမရှိနေလုံးသားကို ညာမရဘော့ပြီမှန်း ဝန်ခံလိုက်သည်။ တမ်းတတတ်လာသည်။ မျှော်လင့်လွမ်းဆွတ်တတ်လာသည်။ ကားမောင်းကြမ်းသော သူ့အတွက် ပူပန်ပေးတတ်လာတော့သည်။

ဒါဟာ သူ့အတွက် အခွင့်သာခြင်း။ ဒါပေမယ့် ထိပ်ထားအတွက်တော့ ကျဆုံးခြင်းပါနော်။

တော်တော် ကြာကြာ ပျောက်သွားခဲ့သူသည် နေ့ တစ်နေ့၏ညဘက် ကိုးနာရီကျော်ကျော်တွင် ထပ်မံရောက်လာပြန်ခြင်း။ ပေပေနှင့် စကားပြောနေသော သူမသည် သူ့ရှိုးဆူညံသော သီချင်းသံဖွင့်၍ အိမ်ရှေ့လာရပ်သော ကားကို သတိထားမိမှာ ပူပန်ရခြင်းဖြင့် ထိပ်ထားကို ထပ်မံ ဒုက္ခပေးပြန်သတဲ့။

'ဘယ်ကကားလဲဟေ့၊ Lambanda အကျယ်ကြီးဖွင့်ပြီး အိမ်ရှေ့ ဘာလို့ အကြာကြီးရပ်နေရတာလဲ'

ဘုရားရေ… ပေပေတော့ အပြင်ထွက်ကြည့်ဖို့ ပြင်ဆင်နေပြီ။ မယောင်မလည်ထရပ်ပြီး ပေပေ့နောက်က ကွယ်ထာ အပြင်ဘက်ကိုချောင်းခါ၊

'NISSAN အပြာရင့်လေးကွ၊ ဘာရပ်လုပ်နေတာလည်းမသိဘူး၊ ဆင်းကြည့်ရအောင်'





စိုးရိမ်ပူပန်မှု အထွတ်အထိပ်နှင့် ရင်ဆိုင်ရစဉ် ကားထဲမှ သူက အထာပေါက်စွာ အသံကျယ်သော စက်သံကို ပြုရင်း လမ်းမဆီ မောင်းထွက်သွားတော့သည်။ သည်တစ်ခါ စတန့်ထွင်မြီး မောင်းပြခြင်းတော့ မလုပ်ခဲ့ပါ။

'ငါ့မလဲ သမီးတွေ ပိုင်ရှင်ဖြစ်နေတော့ ဟိုလူ့မာန်ရ၊ ဒီလူ့မဲရ၊ ရန်လိုရနဲ့ မဖြစ်သေးပါဘူး'

ပေပေ့ဆီမှ ရေရွတ်သံ သဲ့သဲ့။ မေမေ ခပ်ပြုံးပြုံးဖြင့် သမီးတွေကို မျက်စပစ်မှု။

မလုံမလဲ ‌တွေ့ရာစာအုပ်တစ်အုပ် ကောက်ဖတ်နေရင်း ခုနက Lambanda လေးကို တမ်းတရသည်။

သူဖွင့်ထတ်သော သီချင်းများသည် ထူးထူးဆန်းဆန်း သူမနှင့် အကြိုက်ချင်း တူလှချေလား။ ကိုက်ဆိုင်မှုတွေဟာ တစ်ခါတစ်ခါ မယုံနိုင်စရာ။

အလာစိပ်စိပ်နှင့် ခြေသွမ်းတွေသွက်လာသော ကားပိုင်ရှင်လေးနှင့် Sprinter အနီလေး မောင်းလာတဲ့နေ့က Touch By Touch ကို ဖွင့်ပြခြင်း၊ Blue Bird အပြာလေးနှင့် အတူ Never Say Goodbye ဖြင့်သို့ ငင်ခြင်း၊ Savanna ဆိုသော ခပ်ကြောင်ကြောင် စာလုံးထွင်းလျက်ရှိသည့် ပြိုင်ကားပြာလေးနှင့် ထပ်မံ ရောက်လာသောနေ့တွင် Last Christmas



Scanned by CamScanner

ကို တင်ဆက်ခြင်း။အိုး… ဒီ ထက်ဒီ ထက်မကသော သီချင်းတွေ စုံလင်စွာ၊ ကားတွေ များစွာတို့ဖြင့် သူမ၏ မှတ်ဉာဏ်သည်လည်း အမှတ်ထားလို့ မရအောင် စွမ်းဆောင်ခဲ့ပြန်သတဲ့လား။

…✿…

Book Sharing



( ၃ )

အနေ့းထည် ထူထူကို ကြယ်သီးအပြည့်တပ်ပြီး မေခေ့အရိပ်အခြည်ကို ချောင်းကာ ဝရန်တာဘက် ခိုးထွက်ခြင်းကို ပြုသည်။ ကျောင်းသွားသော ညီမလေးနှစ်ယောက်သာမြင်လျှင်…နွတ်ခမ်းကွေးရှုံ့ပြုံးပြီး လမ်းမဆီမျှော်ကြည့်ထောဆောင်းလေအေးက လာရိုက်ခတ်သည်။ လက်နှစ်ဖက်ပိုက်ပြီး လမ်းမကျယ်ကြီးကို အဓိပ္ပာယ်မဲ့ ငေး၏။

သူ လေးတားကြာခဲ့ပြီ။ ဘာများဖြစ်နေပြန်ခဲ့ပြီလဲဟင်။ ကျွန်မ ငံ့ဝံ့မှုခြင်းဟာ ပြုငင်ပါတယ်ကွယ်။ အယ်ထ၊ ဘ.ယ်သူ ရဲပြီး သိငံ့လို့မှ ပူပန်ခဲ့ခြင်းမှ မဟုတ်ခဲ့ဘဲ။ ထားပိုင်ရှင်ကလေးကိုသာ ပူပန်ခဲ့ခြင်းပါ။ လမ်းမဆီက ဝုန်းဝိုင်း



Scanned by CamScanner

ကြမ်မောင်းသော ကားတွေက တစ်စီးပြီးတစ်စီး သူ့ရဲ့ အရိပ်အယောင်ကိုသော်မျှ မမြင်ရတော့ မှိုင်ချတွေဝေလာတော့သည်။

'ဟင်_'

လုံးဝ မထင်မှတ်ခဲ့သော ခါတိုင်းတော့ကနှင့် ဆန့်ကျင်စွာ ညင်သာသော စက်သံကလေးဖြင့် S.E ဆိုးညိုရောင် ကားလေးသည် သူမ ကျောပေးထားရာ လမ်းထဲမှ ဘီးတလိမ့်ခြင်း လာခဲ့သည်တဲ့သား။ ဒါဟာ ချစ်တဲ့သူ့ရဲ့ ကားလေးဖြစ်ပါစေ။

မှန်နက်တွေ ပြည်းပြည်းလျှောကျ၊ သူမက ကြောင်ငေးရပ်ကြည့်။ တဒင်္ဂမှာ နှစ်ယောက်သားကြားမှာ မမြင်နိုင်သေးသော ကြိုးတစ်စက ချည်နှောင်ပြီးဖြစ်ခဲ့တော့သည်။

ဟိုးအလျင်တွေကနဲ့ ပတူ။ ဂုဏ်ဖြွေရလွန်းနေသော၊ ဘာသိချင်းမှလည်းဖွင့်မထားသော ချစ်သူသည် ပန်းရည် ဖော်ရွှေမှုဖြင့် အပြည့်တင်ထားသည့် အပြုံးကို ပေးကာ နှုတ်ဆက်၏။

'နေမကောင်းဘူးလား'

အသံမသွက် နှုတ်ခမ်းလှုပ်ရုံ သူမကို လက်ညှိုးထိုးပြမေးပြန်သတဲ့။ ရင်ခုန်မှုတွေ အနိုင်းအဆမဲ့ပါပဲကွယ်။





'ဟင့်အင်း....'

ဆိုသော အဓိပ္ပာယ် သက်ရောက်မှုရှိသည့် ခေါင်းခါခြင်းသည် သူမ၏ အဖြေဟု သူ နားလည်ပါစေ။

ထို.... သူ့အပြုံးတွေဟာ သူမ အပြစ်တင်ခဲ့သော အပြုံးတွေ။ ဒါပေမယ့် ထိပ်ထားက ချစ်သည်တဲ့။ သဘောကျ ကျေနပ်သည်တဲ့။ ပြန်လည် တုံ့ပြန်ပြုံးပြခြင်းဖြင့် စကားမဆိုရဘဲ နှပ်ဦးသား ရင်းနှီးမှုကို အတည်ပြုဖြစ်ကြသည်။ အပြုံးခြင်း ဖလှယ်ရင်း စက္ကန့်များစွာကို ကုန်ဆုံးသွားကြစေတော့တာ...။

'ဟဲ့....သမီးကြီး၊ နေလည်းမကောင်းဘဲနဲ့ ဘာလို့ဝရန်တာ ထွက်ရပ်နေသလဲကွယ်၊ ပြန်ဖျားနေရင် ကိုယ်ပဲ ခံရမှာ၊ အဲဒီလို သိပ် အပြောရကျပ်တယ်၊ လာ အိမ်ထဲပြန်ဝင်၊ ဟော်ကြာ ဖေဖေပြန်လာတော့မှာ၊ အဆူခံနေရဦးမယ်'

တုန်ခနဲ ဖြစ်ရသည်။ မသိမသာ လက်ပြကာ အိမ်ထဲပြန်ဝင်တော့ တစ်စုံတစ်ခုသည် သူ့ထံတွင် ကျန်ခဲ့သည်ဟု ခံစား နားလည်လိုက်သည်။

'ဘာသွားငေးရတာလဲ၊ လမ်းမမှာ ဘာမှမရှိဘဲနဲ့ကွယ်'

'အိမ်ထဲမှာ ပျင်းလို့ပါ မေမေ'

'ဖြစ်ရမယ်၊ နေကောင်းမှ ထွက်ကြည့်၊ အခု ခေ
သည်းခံပြီး အိမ်ထဲ အောင်းနေမှပေါ့'

ချစ်သူဟာ အိပ်ဆိုးတဲ့သူပဲနော်။ ထိပ်ထားလို အလိမ်
အညာ ကင်းမဲ့သူကလေးကို လိမ်ညာခြင်းကို သင်ပေး
ပြန်တယ်။ မျှော်လင့်မှုတွေ မထားတတ်သူကလေးကို မျှော်
လင့်ခြင်းတွေ ဖန်တီးပေးပြန်တယ်။ ဒါဟာ ချစ်သူဆိုသော
ဝေါဟာရရဲ့ သက်ရောက်မှုပေါ့နော်။

'ဟဲ့.... ဘယ်သူတုံး အိမ်ရှေ့က တတီတီနဲ့၊ သီချင်း
သံကလည်း အကျယ်ကြီး'

ဘုရားသခင်...ချစ်သူဟာ ဇွတ်တရွတ်တွေ လျှောက်လုပ်
နေပြန်ပြီကွယ်။ Oh Carol တဲ့လား။ Smokie က မင်း
ကိုယ်စား ပြောပေးခဲ့တယ်။

မင်း ဘယ်သူလဲဟင်။ ကျွန်မလိုမျိုး တခြားမှာလည်း
ကောင်မလေးတွေကို ကားထည်လဲနဲ့ လျှောက်ပိုးပန်းနေသူ
လား။ ကျွန်မဟာ နံပါတ်ဘယ်လောက်များ ဖြစ်နေမလဲ။
ဘဝမှာ ထူးခြားသော ပြောင်းလဲမှုကို ဖြစ်ထွန်းစေသူ
သည် အချင်ဉ်း ဖြစ်ခဲ့သည်မှာ ထိပ်ထားရဲ့ ရလဒ်တစ်ခု
ဖြစ်မည်။

ချစ်သူသည် မမြင်နိုင်သော ထစ္စမ်းအစတွေ ပိုင်ဆိုင်သူ
ထင်ပါရဲ့။ လာချင်တဲ့အချိန်ကျရင်လည်း နေ့စဉ်ဆက်တိုက်



လာပြန်။ နောက်တော့ အကြာကြီးပျောက်နေတတ်။ သူမ
ဘက်က ကြေကွဲစွာ မေ့လျော့ဖို့ပြင်ဆင်လျှင် ကားထည်လဲ၊
သီချင်း ထည် လဲ တွေနဲ့ ထပ်မံ ရောက်လာပြန်သည်။
ဒါဟာ သူ့ရဲ့ မပြောင်းလဲသော ထိပ်ထားဆီမှာ ခစား
ခြင်းလည်း ဖြစ်ပြန်၏။

—ပြီ....

'ထိပ်ထား နှင့် ဘာသောက်မလဲ'

'ထောပတ်သီးပဲ မှာလိုက်ပါဟာ၊ ရပါ့မလား မသိဘူး'

'ရမှာပါ'

မေက စားပွဲထိုးကောင်လေးကို မှာလိုက်သံကို နားစွင့်
ရင်း လမ်းမကျယ်တစ်ခုခြားထားသော လမ်းတစ်ဖက်ဆီမှ
စားသောက်ဆိုင်အကြီးကြီးတစ်ခုကို လှေလာသည်။အသစ်
ဖွင့်တာ သိပ်မကြာသေးပေမယ့် နာမည်ကြီး လူချမ်းသာ
မိသားစုဖွင့်သော ဆိုင်ဖြစ်သည်မို့ လူသိများလှသည်။

အအေးဆိုင်၏အတွင်းဘက်မှာ လူရှုပ်နေ၍ အပြင်ဘက်ရှိ သစ်ပင်ရိပ်အောက်မှ စားပွဲတွင် နေရာရခြင်းကြောင့် အပြင်ကို ငေးလို့ရသော အခွင့်အရေးကို ထိပ်ထားက ပိုနှစ်သက်လေသည်။

'ထိပ်ထား.... သောက်လေဟဲ့၊ ရေခဲတွေပျော်ကုန်ရင် သောက်လို့မကောင်းဘဲ ဖြစ်နေမယ်'

'အေးပါ မေရယ်၊ ငါက ဟိုဆိုင်ကို လှမ်းကြည့်နေတာ'

မေ၏ အပြုံးက အေးချမ်းသည်။ သူငယ်ချင်းများများ စားစားမထားသော သူမအတွက် မေရယ်၊ နောက် တစ်ယောက် ဥမ္မာရယ်သည် အချစ်ဆုံးသူငယ်ချင်းတွေ ဖြစ်သည်။

'ထိပ်ထား ကြည့်စမ်း၊ ဟိုမှာ ကားပေါ်က ဆင်းလာတဲ့လူကို တွေ့လား'

သူမက မေညွှန်ပြရာဆီ အမှုမဲ့အမှတ်မဲ့ လှမ်းကြည့်သည်။ အမျိုးအစားမသိသော ကားထဲက လူတစ်ယောက် ဆင်းလာ၏။ ဈက်မှန်နက်၊ အသားဖြူဖြူနှင့် နဖူးပေါ်ဝဲကျသော ဆံပင်များ။ အိုး.... ဒါဟာ ထိပ်ထား၏ ချစ်သူလား ဟင်။

'အဲဒါ ပိုင်ရှင်ရဲ့သား ဖယ်ဆိုးပေါ့၊ ဂီတလောကမှာ သူ့ကို အသက်အငယ်ဆုံး ဒရမ်မာလို့ တင်စားကြဖူးတယ်၊ ငယ်ငယ်ကတည်းက သူတို့ရဲ့ဝိုင်းမှာ ဒရမ်တီးတာလေ'

'ဟုတ်လား.... ဘာဝိုင်းလဲ'





မေက ဝိုင်းနာမည်ရွတ်ပြရင်း အငျော်တမ်းတီးတာပါ ဆိုသော စကားကို ဖြည့်စွက်သည်။

သူ့လိုမျိုး တေးသံသွင်းဆိုင်ပိုင်သူ၊ ကုမ္ပဏီကြီးတွေပိုင် သူ၊ စတိုးဆိုင်ပေါင်းများစွာ ပိုင်သူ၊ ဆေးလိပ်ခုံတွေပိုင်သူ ဟူသော မြန်မာပြည်၏ အချမ်းသာဆုံးများ စာရင်းဝင် မိဘနှစ်ပါး၏ သားဟာ ထိပ်ထားလို သိမ်သိမ်နုပ်နုပ် ကောင်မကလေးကို လာရောက် ပိုးပန်းသတဲ့လား။

ဒါဟာ မှားယွင်းမှုပဲ ဖြစ်မည်။ လမ်းကြုံလို့၊ ဒါမှ မဟုတ် အပျော်တမ်း ဒရမ်တီးသူ တစ်ယောက်ပီပီ ကောင်မလေးတစ်ယောက်ကို အပျော်တမ်း လာပတ်သက် တာလည်း ဖြစ်နိုင်သည်။

ချစ်သူဟာ သူပိုင်ဆိုင်သောဆိုင်ထဲကထွက်လာခိုက် သူ့ဆီ ငေးနေသော မျက်ဝန်းများ၏ပိုင်ရှင်ကို မှတ်မိသလို ခဏ ရပ်ကြည့်၏။ ကားထဲဝင်သွားပြီး သူမရှဲ့ ရှေ့တည့်တည့် လမ်းခွဲက ပကွေ့မောင်းချသည်။ ကားက လမ်းနံဘေးက စားပွဲတွင်ထိုင်သော သူမ၏ နံဘေးမှ ဖြတ်အမောင်းတွင် လက်ပြနှုတ်ဆက်၏။

'ဟယ်....ထိပ်ထား၊ လက်ပြသွားတယ်ဟ၊ နင်နဲ့ သိနေလို့လား'

'မသိပါဘူး'

ရှက်စရာမရှိ ရှာကြံရှက်တတ်သော ထိပ်ထားသည် သူ စိတ်ဝင်စားခံရသော မိန်းကလေးများစာရင်းတွင် ပါဝင် ရမည်စိုး၍ လိမ်ညာခြင်းကို အကာအကွယ်ယူသည်။



Scanned by CamScanner

'မသိတာကောင်းတယ်၊ အဲဒီကောင် သိပ် ပေ့တာ၊ ရည်းစားထည်လဲတွဲတယ်၊ဘယ်တစ်ယောက်မှလည်းအတည် တကျမထားဘူး၊ အခုလည်း ကြည့်ခလေ၊ ငါတို့ကို လက်ပြပြီး နောက်သွားတယ်'

'နင်က သယ်လိုလုပ်သိလဲ မေ'

'ဟဲ့.... အဲဒီကောင်က ငါတို့ဘုရားကျောင်းမှာ တက်တယ်ခလေ'

'ဟင်.... သူက ခရစ်ယာန်လား'

'ဟုတ်တယ်၊ ရိုမန်ကက်သလစ်ပဲလေ၊ ငါတို့ ဘုရားကျောင်းမှာလည်း သူနဲ့ မသိတဲ့လူ မရှိဘူး၊ နောက်ပြီး အချောအလှမှန်သမျှ သူနဲ့ မခင်တဲ့လူ မရှိဘူး၊ အပေါင်းအသင်းလည်း များတယ်၊ ငါက ထိပ်ထားကို ကြိုပြထားတာ၊ ဝေးဝေးက ရှောင်ရအောင်၊ ထိပ်ထားကလှတော့ တော်ကြာ မတော်တဆ တွေ့သွားပြီး သဘောကျနေမှာစိုးလို့'

သောက်လက်စ ထောပတ်သီးခွက်၏ အရသာ ဘယ်လိုရှိမှန်း မသိခဲ့ပါ။ မေ ဘာတွေ ဆက်ပြောပြနေခဲ့သေးသည် ဆိုတာလည်း မဆန်းစစ်နိုင်တော့ပါ။

မေရယ်... မေ ကြိုတင်ဆိုးရိမ်ပြီး သတိပေးခဲ့တာဟာ သိပ်ကို နောက်ကျသွားခဲ့ပြီ။ ထိပ်ထားဝ စ်ယောက် သူ့ရဲ့ ပစ်မှတ်ဖြစ်နေရပြီ။ နောက်ပြီး သူပစ်လွှတ်သော မြားမှာ အဆိပ်မိ ဒဏ်ရာသင့်နေခဲ့ပြီးပြီ။ နုတ်မရအောင် လည်း တော်တော်နက်နက်ကြီးကို စူးဝင်ခဲ့ရပြီ။





ထိပ်ထားဟာ ကိုယ့်ကိုယ်ကို အားတင်းခက်ထန်အောင် ကြိုးစားရင်းက ရှောင်လို့မရ၊ ဖြတ်လို့မရ တဖြည်းဖြည်း ငြိတွယ်စပြုခဲ့ခြင်းကလည်း အချိန်ကာလ တော်တော် ရင့်သန်လာပြီမို့....။

---❀---

## ( ၄ )

'ဆော့– လူအရမ်းများနေတယ်၊ နောက်နေ့မှ ဝယ်ပါလား'

ဆိုင်တဲကို ငေးကြည့်ရင်း ထိပ်ထားက ခပ်တိုးတိုး ကပ်ပြောတော့ ဆော့က နားမထောင်။ ဆော့ သဘောသည် သည်နေ့ ပယ်မယ်ဆို ဝယ်ရမှ ကျေနပ်သူမို့ ပြောမရမှန်း သိပေမယ့် ထိပ်ထားစာ ကြိုးစားကြည့်ချင်၏။

'ထိပ်ထား ဒီအပေါက်လေးမှာ ရပ်နေလေ၊ ဆော့ အထဲဝင်ပြီး သွားဝယ်လိုက်မယ်၊ စိတ်ချပါ၊ သိပ်မကြာစေရပါဘူး'

စတိုးဆိုင်၏ အပြင်ဘက် တီရှပ်တွေချိတ်ထားရာ နေရာမှာ စာအုပ်တွေပိုက်ရင်း မျှင်းရိငေးမော၍ စောင့်ဆိုင်းရ၏။





ဆော့က သူသဘောကျတယ်ပြောသော မနေ့က သည်ဆိုင်မှာ တွေ့ခဲ့တယ်ပြောသော ကျောပိုးအိတ်ကို ရွေးချယ်လို့မဆုံးဖြစ်ကာ သူမကို မေ့လျော့သွားသောက်သည်။

'ရှုတ်.... ဘာရပ်လုပ်နေတာလဲ'

မျက်စိ အကြည့်ရောက်နေသော Micky Mouse ပုံပါသည့် တီရှပ်အနီလေးထံမှ မျက်ဝန်းကိုပယ်ရင်း နံဘေးမှာ သာရပ်နှုတ်ဆက်သူကို မော့အကြည့်ဝယ်....

'ဟင်....'

အာမေဋိတ်သံတိုးတိုး ဖြစ်ပေါ်လာသော ထိပ်ထားကို သူက ငုံ့ကြည့်သတဲ့။ ခပ်ဝေးဝေးကသာ လှမ်းမြင်ဖူးသော ပုံရိပ်သည် သူမရဲ့ နံဘေးမှာ....။

'မှတ်မိလား'

သူမ ခေါင်းအညိတ်တွင် သူ့ဆီက သဲ့သဲ့ ရယ်သံကို လက်ခံရရှိသည်။ ဟင့်အင်း... အဲသည်လောက် ငုံ့မကြည့်ပါနဲ့ကွယ်။ ထိပ်ထားက သူ့အကြည့်မှာ အရည်ပျော်သွားလောက်တယ်။

'စကားပြောလေကွာ'

သူ့စကားတစ်ခွန်းဟာ သူမကို ဆွဲဆောင်မှု တစ်ရပ်ဖြစ်ပေါ်ပြန်သည်။ အယောင်ယောင် အမှားမှား ပါးစပ်က လွှတ်ခနဲ ဖြင်ကာ—



Book Shaing

Scanned by CamScanner

'ရှင် ဒီမှာ ဘာလာလုပ်တာလဲ'

ဆိုသော ခပ်ကြောင်ကြောင် အသံကြောင့် ထိပ်ထားဟာ သူမကိုယ် သူမ မုန်းပြန်သည်။ တကယ်ဆို သာယာသော၊ ရွှင်မြူးသော၊ နားဝင်ချိုစေသောအသံ ဖြစ်သင့်တယ်။ သည်ပါးစပ်ဟာ ဖြတ်ရိုက်ပစ်ဖို့ သင့်တယ်။

'ဒါ ကိုယ့်မိဘတွေ ဖွင့်ထားတဲ့ မိနီမားကက်လေ၊ ဒီနေ့ မာမီ စစ်ဆေးရေး ဝင်ဖို့လာတော့ ကိုယ်က အချောင်လိုက်ရှုပ်တာ'

'ဟုတ်လား၊ မသိပါဘူး'

အူတူတူ နိုင်လှသော ထိပ်ထား၏ အပြောကို သူဟာ မှန်ရည်လိုက်လှဲသော အပြုံးဖြင့် တုံ့ပြန်သည်။

'ဘာဝယ်မလို့လဲ'

'ဟင့်အင်း...ကျွန်မ ဘာမှ မဝယ်ပါဘူး၊ သူငယ်ချင်းက ကျောပိုးအိတ်ဝယ်ချင်တယ်ဆိုလို့ လိုက်လာပေးတာ၊ ဖိလည်း ရောက်ရော လူတွေ အရမ်းများနေတာနဲ့ အထဲမဝင်တော့ဘဲ ဒီက ရပ်စောင့်နေတာလေ'

'ကိုယ့်ကို သိလားဟင်'





အို...ဒါဟာ သူမ မမျှော်လင့်ထားတဲ့ စကား၊ ဖရိုဖရဲ ဖြစ်လှလှ အခြေအနေကို ပြန်ထိန်းရင်း—

'ရှင် ကျွန်မ အိမ်ရှေ့မှာ ကားအမျိုးမျိုး စီးပြီး လာ ဖူးကာ သိတယ်လေ'

'ဒီလောက်ပဲ သိတယ် ဟုတ်လား၊ ဒီ့ထက်မကရော မသိဘူးလား'

'ဘယ်သိပါ့မလဲ၊ ကျွန်မက ရှင့်ကို ကားဝယ်ရောင်း လုပ်နေတဲ့လူ ထင်ခဲ့တာ'

'ဖြစ်ရလေ'

ဟု ဆိုပြီး ခေါင်းခါ ရယ်မောဏ်။ ထိပ်ထားရဲ့ မျက်ဝန်းထဲမှာ ပျောက်မရနိုင်သော ပုံရိပ်လေးတစ်ခု ဖြစ်သွားတာ ရှင် မသိခဲ့ပါလား ရန်ကြီးအောင်။

'ကိုယ်တို့ မိတ်ဆွေ ဖြစ်ကြရအောင်၊ ကိုယ်က မင်းကို ခင်ချင်လို့'

'အခုလည်း မျက်မှန်းတန်းမိကြတဲ့ မိတ်ဆွေဘူလေ'

'တစ်ယောက်အကြောင်း တစ်ယောက်သိတဲ့ မိတ်ဆွေတွေ ဖြစ်ချင်တာ'

ဇီဆွ ဆိုင်ထဲက ထွက်အလာမှာ ထိပ်ထားကို တအံ့တဩ ငေးသည်။ သူမ နံဘေးတွင် လှာရပ်သော ဆွေ့ကိုပါ ဖော်ဖော်ရွှေရွှေ ပြုံးပြမှုသည် ဆွေ့ကို ပိုမို အံ့အားသင့်စေသတဲ့လား။ ဆွေ နောက်မှ အပြောနှင့် သိခဲ့သည်။

'ဒါ ကျွန်မ သူငယ်ချင်း ဆွေတဲ့'

'သူက ဆွေ၊ မင်းကရော ကိုယ့်ကို နာမည်မပြောနိုင်ဘူးလား'

'ဟင်...ရှင်က ကျွန်မ နာမည် မသိဘူးလား'

ခေါင်းခါရင်း သူ့ဘာသာ သဘောတကျ ရယ်ပြန်လေသည်။ ပြီးလေ နံဖူးပေါ် ဝဲကျနေသော ဆံစကို လက်ဖြင့် သပ်တင်၊ မထိတရိ အပြုံးဖြင့် ပြုံး၊ အဲသည်နောက်မှ....

'ကဲပါကွာ... ကိုယ်တို့ ဒီလိုရပ်ပြောနေရင် သိပ်အကြာကြီး ရပ်နေရလိမ့်မယ်၊ ကိုယ် ဖိတ်ခေါ်ပါရစေ၊ ဟို... Snaks and Drinks ဆိုင်လေးမှာ ကိုယ် ညှော်ခံပါရစေ၊ ဖင်းနဲ့ ခင်မင်ရခြင်း အထိမ်းအမှတ်လေ၊ ကိုယ့်ရဲ့ ဖိတ်ခေါ်မှုကို လက်ခံပါနော်'

'ရှင့်မာမိနဲ့ လာတာဆို'





'ရပါတယ်၊ဟော... ကိုယ်တို့ ဒီအကြံကို အကောင်အထည်ဖော်ရအောင်ကွာ၊ မင်း သူငယ်ချင်း ဆွေ့ကိုပါ ဖိတ်ခေါ်ပါတယ်'

ဆွေ့ကို လှည့်အကြည့်ဝယ် ဆွေက သဘောသဲ့ ဟူသော မျက်နှာပေးကို ပြ၏။ ဆွေသည် သူမ၏ ကျောင်းမှ သူငယ်ချင်း ဖြစ်ပေမယ့် သူမ အတွက် မေနဲ့ ဥမ္မာ ပြီးလျှင် တိုင်ပင်ဖက် သူငယ်ချင်း တစ်ယောက် ဖြစ်သည်။

ထိပ်ထားဟာ ဟာဝ်သက်မှာ မလုပ်ဖူးတဲ့ အစီစဉ်တစ်ခုကို စပ်င် ခြေလှမ်းခဲ့ပြီ။ ယောကျ်ားလေး တစ်ယောက် ကိုယ့်ကို ရင်းမသား လာချဉ်းကပ်ခုမှုနဲ့ သိသိကြီးနှင့် သူ့ရဲ့ ဖိတ်ခေါ်မှုကို လက်ခံခြင်း၊ ဘဝမှာ ပထမဆုံး ယောကျ်ား တစ်ယောက်နှင့် ဆိုင်တစ်ဆိုင်မှာ အတူတဲ့ထိုင်ခြင်း။ ဒါတွေဟာ ထိပ်ထားရဲ့ ရာဇဝင်ကို ဖျက်ဆီးမှုလည်း ဖြစ်ခဲ့ရပြီ။

'ထိပ်ထားတဲ့လား၊ ကိုယ်က ထားလို့ ခေါ်ပါရစေ၊ ကိုယ့်နာမည် ရန်ကြီးအောင်၊ မင်းက ဘယ်လိုခေါ်မလဲ'

ဝန်ခံပါတယ်ကွယ်။ မေ ပြောခဲ့တုန်းက သူ့အကြောင်းသာ သိခဲ့ပြီး သူ့နာမည်မေးဖို့ မေ့လျော့ခဲ့သူမို့ သူ့နာမည် ရန်ကြီးအောင်ဆိုတာ ပထမဆုံး ကြားရခြင်း ဖြစ်သည်။ အိုး....သူက ထိပ်ထားကို ထားလို့ ထူးထူးဆန်းဆန်း ခေါ်တွင်ပြန်တယ်။ ထိပ်ထားဆိုတဲ့ နာမည်

မံရှည်ပါဘူး။ လူတိုင်း ထိပ်ထား ထိပ်ထားနဲ့ ရေရွတ်ချိန်မှာ သူက ရိုးရိုးသားသား၊ ယဉ်ယဉ်ကျေးကျေး ထားလို့ခေါ်ချင်သတဲ့လေ။

'ရန်ကြီးအောင်ပဲပေါ့'

'ရှိရှိသေသေပါလား ... ၊ ရပါတယ်၊ ကြိုက်သလိုခေါ်၊ ထားသဘော... ထားသဘော၊ ဟဲ ဟဲ...ကိုယ့်အကြောင်းပြောရမလား'

ရှင်မြူးသွက်လက်ဟန်ကို လိုက်မမီပါ။ ဒါပေမယ့် ထိပ်ထားက သည်ဟန်ပန်ကလေးကိုပဲ စွဲမြဲပြန်ပါသည်။

'ကိုယ်က E မေဂျာ တက်နေတယ်၊ဇာချက်ရှာလေးပေါ့၊ ထားကရော'

'ကျွန်မလည်း ပထမနှစ်၊ ဆေးနဲ့အတူတူလေ'

'ဘယ်ကျောင်းကလဲ၊ ကိုယ်တို့ကျောင်းက မဟုတ်ဘူးထင်တယ်၊ ကိုယ်တို့ကျောင်းကလူတွေဆို အကုန်သိပါကယ်၊ ဘယ်ကလဲ၊ R.C (I)ကလား၊ R.C (3)ကလား'

ဆေးက သူ လျှောက်မေးနေတာတွေ ရယ်လိုက်သည်မို့ သူက ကြောင်အမ်းအမ်းနှင့် သူမကို စစ်ကူတောင်းသည့်မျက်နှာပေးဖြင့် မျက်ခုံးပင့်ပြန်သည်။



'ဆေး(၁)ကပါ'

'အို.... ဆေးကျောင်းသူကြီးတွေနဲ့ လာတွေ့နေတာကိုး၊ မသိပါဘူးကွာ၊ ထားပုံစံက ဆယ်တန်းကျောင်းသူလိုလိုနဲ့'

ထိပ်ထားသည် ရန်ကြီးအောင်ဆိုသော လူသား တစ်ယောက်နှင့် စတင် ပတ်သက်ရခြင်းမှာ ကံကြမ္မာကိုလည်း အပြစ်မတင်ခဲ့ပါ။ ရှောင်ရမယ်လို့ အသိပေးထားပြီးတဲ့ ဦးနှောက်ကိုလည်း မေ့ခဲလျော့၊ တားမြစ်ထားတဲ့ နှလုံးသားကိုလည်း အလိုလိုက်။ ဒါတွေနဲ့ နှစ်သိမ့်ကျေနပ်ကာ....။

ရန်ကြီးအောင်ဟာ ဘယ်လိုသဘောနဲ့ လာပတ်သက်ပါစေ၊ သူမဘက်ကတော့ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ လက်လွှတ်ဆုံးရှုံးခံခြင်း၊ မျှော်လင့်ခြင်း စသော အချစ်ကို တင်စားမှုတွေ ကင်းသည့် ချစ်ခြင်းနှင့် ချစ်မိခဲ့သည်ဟု ထိပ်ထားက ဝန်ခံခဲ့ပါသည်။

--- ♪ ---

သစ္စာနှင့် သက်လျာ၏ ဝိတ်ဝင်တစားဟန်ပန်ကို ဝေ့ကြည့်ရင်း သူမ စာကျက်ရန် ပြင်ဆင်သည်။

'ရန်ကြီးအောင်၊ ကုန်းဘောင်ခေ
ါးမည်ရ၊ ပြည်ရွှေဘို
ဘေးရန်ကံပြု'

သက်လျာက ကဗျာတစ်ပိုင်းတစ်စ ရွတ်ပြီး သဘောတကျ ရယ်မောသည်၊ သက်လျာသည် ရှစ်တန်းကျောင်းသူပေမယ့် အငယ်ဆုံးသမီးမို့ ကလေးဆန်သူလေး။ အစ်မတွေ ပြောသမျှ အကောင်းထင်၊ အားကျနေသူလည်း ဖြစ်သည်။

'နာမည်ကဲအပျံစား၊ လူကလည်း သူဌေးသားမို့ လုံးဝယုံလို့မရဘူးကွယ့်'

သူမကဲဝင်ဟန်တော့ သစ္စာက ထောက်ခံသည်။ အဲသည်အခိုက်မှာ ဆွေ့စကားသံကို ပြန်လည်ကြားယောင်လာပြန်သည်။

'အမယ်လေ၊… R.C (2)က ရန်ကြီးအောင်လား၊တကယ့်နာမည်ကြီးနဲ့ ထိပ်ထား သွားပတ်သက်နေပြီ၊ သိပ်မယုံနဲ့ ထိုင်ထားရေ'

ဆွေ တွေးတွေးဆဆ သူမရဲ့ ဇာရိပ်အခြည်ကို အကဲခတ်ရင်း ပြောခဲ့သည့် စကားပင်။ ဆွေနဲ့ အဲသည်အချိန်တုန်းက





သိပ်မရင်းနှီးသေးသူများ ဖြစ်သည်မို့ ဆွေက အဲသည် လောက်သာ သတိပေးခဲ့သည်။

ဒါပေမယ့် သူမက လက်ခံပါသည်။ ဆွေ့ သတိပေးစကားကို ကျေးဇူးတင်ပါသည်။ ဒါပေမယ့် ကိုယ်တိုင်က သူ့ဆီက ဖယ်ခွာမရအောင် စိတ်ချင်း ပေါင်းစည်းခဲ့ကြပြီးပြီမို့….။

'ကဲ ကဲ—ငါ စာကျက်လိုက်ဦးမယ်၊ နင်တို့လည်း စာသွားကျက်ကြလေ'

စာထဲကို စိတ်တွေ ငွတ်နှစ်နေချိန်မှာ ကျယ်လောင်သော ကားစက်သံပြင်းပြင်းသည် လမ်းမကျယ်ကြီးဆီမှ ထိပ်ထားကို ညို့ငင်လာခဲ့သည်။ စာကြည့်စားပွဲ၏ ပြတင်းပေါက်သည် လမ်းမကျယ်ကိုမြင်ရခြင်းသည် သည်တစ်ခါ ထိပ်ထားကို ကျေနပ်စေသည်။ ခါတိုင်းဆို စာကျက်ရင်း လမ်းမကို ငေးတတ်လွန်းသော ကိုယ့်ကိုယ်ကို အပြစ်တင်နေကျ။ စာကြည့်စားပွဲပြောင်းမှ ဖြစ်မယ်လို့ ညည်းတွားနေကျ။ ဒါပေမယ့် သည်တစ်ခါတော့ စာကြည့်စားပွဲကို နေရာပြောင်းဖို့ နောက်မပြောတော့ဖို့ ဆုံးဖြတ်သည်။

'Here I am baby… Come on and thake me…
Take me by the hands'

ကျွိခနဲ ဘရိတ်ဆောင့်အုပ်သံပြင်းပြင်းနှင့်အတူ ထိုကြမ်းတမ်းသောကားသည် သူမတို့အိမ်ရှေ့ဆီမှာ ရပ်တန့်သည်။ U. B (40) ၏ Here I am သည် ရန်ကြီးအောင် ပြောလိုက်သော စကားတို့ကို ပြောနေပြီဟု သူမ နားလည်ပါရှာ၏။

'ဟိုကား လာပြန်ပြီလား၊ ခဏ ခဏ ဒီလိုမျိုး လာလုပ်ပြနေတာ ကြာတော့ ငါတောင် မှတ်မိလာပြီ၊ သမီးတွေ တစ်ယောက်မှ ဝရန်တာမထွက်ကြနဲ့နော်'

ဖေဖေသည်လည်း ရန်ကြီးအောင်ကို မှတ်မိနေပြန်သည်။ ထိပ်ထားရှိ ဖေဖေက တစ်ခု ချီးကျူးစရာကောင်းသည်။ သမီးရှင်မို့ လာရောက် ပိုးပန်းသူတွေ အများကြီး ကြုံရပေမယ့် သိပ်ပြီး ရှုပ်ပျက် ဆင်းပျက် စိတ်ဆိုးပြတတ်သူ မဟုတ်။ ဝရန်တာက ဇာခါးတွေ ပိတ်ထားပဲဖြစ်ဖြစ်၊ ဝရန်တာဆီမှာ သွားရပ်ပြတာပဲဖြစ်ဖြစ် အဲဒီလောက်ပါပဲ။ အမူအရာဖြင့် ဟန့်တားတတ်သူ။

'ဖဲဒါ မမကြီးဘော်လယ်း'

'ဟဲ့....တိုးတိုးပြော၊ ဖေဖေ ဆူနေဦးမယ်၊ မသိချင်ယောင်ဆောင်နေမှပေါ့ သက်လျာရဲ့'

သက် ခေါင်းပုဝင်ကာ ရန်ကြီးအောင် ဘာကားစီးလာသလဲဆိုသော ပုံဖြင့် စူးစမ်းလိုဟန်ပြသည်။

ရန်ကြီးအောင်... ရှင်ဟာ တော်တော် ရဲတင်းတဲ့လူ။ တကယ်ဆို ဒီနေ့ပဲတွေ့ခဲ့ပြီးပြီ။ ဤခန္ဓြရရနဲ့ မိန်းကလေး တစ်ယောက် အတင်ကြီးအောင် ထပ်လာဖို့ မသင့်ဘူး။ တောင်မလေး တသသဖြစ်နေရအောင် နေပြရမယ်။ ဒါနဲ့ပဲ ရှင်ဟာ သိပ်စွဲသူလို့ ဘာလို့များ နာမည်ကြီးရပြန်သလဲ။

ကျွန်မသာ ယောကျ်ားတစ်ယောက်ဆိုလျှင် ကိုယ့်ကို ဒီနေ့ သိပ်ကြွေနေပုံပြခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ ရင်ထဲမှာ

စူးနစ်မှတ်မိသွားအောင် သည်လိုမျိုး လုံ့ယောင်လာမပြတော့ဘဲ အိမ်မှာဖြစ်ဖြစ်၊ တစ်နေရာမှာဖြစ်ဖြစ် ငြိမ်သက်နေမိမယ်။ ဒါမှ ကောင်မလေးအတွက် ပိုမို သတိရစဖွယ် တမ်းတမှုတွေ ဖြစ်ခဲ့မှာပေါ့။

ရှင်ကတော့ အပျော်လွန်မှုကို မထိန်းချုပ်နိုင်စွာ ဖွင့်ဟပေါက်ကွဲတတ်သူဆိုတာ ကျွန်မ နားလည်လိုက်ရပြီ။ သည်နေ့ညရဲ့ အဖြစ်အပျက်ကလေးနဲ့အတူ သီချင်းတလေးထ သက်သေတွေဖြစ်သည်။

Here I am baby တဲ့လား။ ကျွန်မ သိပါတယ် ရန်ကြီးအောင်။ ကျွန်မရဲ့ ချစ်သူမှန်းလည်း နှလုံးသားထဲက ထာဝရ မှတ်မိနေခဲ့ပြီ။

—❀—



Book Sharing

Scanned by CamScanner

( ၅ )

တိတ်ဆိတ်ငြိမ်သက်နေသော ကျောင်းပရဝဏ်ကို နှောင့်ယှက်လိုက်သော ကျယ်လောင်သည့် ဘရိတ်ဆွဲသံကြောင့် ဆွေက စာငုံ့ကျက်နေရာမှ-ထိပ်ထားကို ကြည့်၍ ရယ်၏။ သူမ စိတ်ပျက်လက်ပျက် တစ်စုံတခုအား ငေးရှုတ်ကာ ကင်န်တင်းအပေါက်ဝမှာ မကြာခင် ပေါ်လာတော့မည့် အရိပ်အယောင်အား မျှော်လင့်ပြန်သည်။

'ထိပ်ထားရယ်၊ တကယ့် တကယ်ကျတော့လည်း စိတ်မညစ်ဘူး မဟုတ်လား'

'ဆွေကလည်း...'



သူမ ခပ်တိုးတိုးရွတ်စဉ် မျှော်လင့်ထားသော အရိပ်ကလေးသည် ကင်န်တင်းအပေါက်ဝမှာ ရပ်တန့်သည်။ ရှင်မြူးတက်ကြွသော သဏ္ဌာန်ဖြစ်ပေါ်၊ ပြီးတော့ သူမ နံဘေး ကုလားထိုင်မှာ ငင်ထိုင်သည်။

'ဘာလာလုပ်ပြန်တာလဲ'

'ဟာကွာ... ထားဆီလာလည်တာပေါ့၊ ဒီကျောင်းမှာ ကိုယ့်ရဲ့မိတ်ဆွေ တစ်ယောက်တည်း၊ ထားတဲ့'

'ရှင်လာတာ အကြောင်းမဟုတ်ဘူး၊ သတိပေးထားရဦးမယ်၊ ကားကို အကြမ်းပတမ်း မမောင်းလာနဲ့၊ နောက်ပြီး ဘရိတ်အုပ်သံ အကျယ်ကြီးလည်း မလုပ်နဲ့၊ ဒီကျောင်းကလူတွေက အဲဒီလို အထူးအဆန်းလုပ်လေ့ မရှိတော့ ရှင့်ကို အရမ်းမှတ်မိနေကြပြီ'

'အဲဒီတော့....'

သူမရဲ့ စကားသံကို နှာခံရင်း စကားထောက်ပေးသော ရန်ကြီးအောင်သည် သူမကို တော်တော်များများ စိုးမိုးနေခဲ့ပြီဟု ကြည်နူးစွာ အတွေးဝင်လာရင်း....

'အဲဒီတော့ ဘယ်သူ့ဆီလာတဲ့ ဧည့်သည်လည်းလို့ သတိပြုပြီး လိုက်ကြည့်တော့ ကျွန်မရဲ့ ဧည့်သည်မှန်းသိရော၊ ထုံးဩကြ

ရော၊ ကဲ—ဘယ်လိုလဲ၊ ကျွန်မပြောတာ လက်ခံနိုင်ပါ့မလား'

မယိတရီအပြုံးသည် ရန်ကြီးအောင်၏ နှုတ်ခမ်းမှာ နေရာယူသည်။ သူမဆီ ခပ်စိုက်စိုက်ကြည့်တော့ ယောင်ယမ်းမျက်စိလွှဲရသည်။

'ကိုယ်က တမင် ဒီလိုပြောင်းတာ မဟုတ်ပါဘူး၊ ကြမ်းကြမ်းပြောင်းနေကျ အကျင့်ဖြစ်နေလို့ပါ၊ ဒါပေမယ့် ထားအတွက် ဆိုရင်တော့ ဆင်ခြင်ပါ့မယ်'

အိုး.... သေတော့မှာပဲ။ ရန်ကြီးအောင်ဟာ စကားကို မဆင်မခြင် ပြောတတ်ပြန်ပြီ၊ ဆွေ တစ်ဖက်သို့ ညှဉ်းချယ်ခံနေခြင်းကို သတိထားရှက်ရွံ့ကာ အလိုက်မသိသော သူ့ကို စိတ်ထဲမှာ ကျိတ်၍ အပြစ်တင်ခြင်းမှာ ထိပ်ထားရဲ့ ချဉ်ခြင်းတွေ ပါသည်။ မဖြစ်တော့ဘူး၊ တခြားနေရာမှာ ရှောင်ထွက်သွားဖို့ ပြင်ဆင်ခြင်းဟာ ထိပ်ထားအတွက် အကောင်းဆုံးဖြစ်လိမ့်မယ်။

'ထိပ်ထား...စာကျက်လေ၊ ဖြေဖို့အချိန်နီးလာပြီ'

ဆွေ့သတိပေးစကားအဆုံးတွင်....

'ဟာ—စာမေးပွဲရှိတယ်လား၊ ဆောရီး—ကိုယ် လာနှောင့်ယှက်သလိုဖြစ်နေပြီ၊ ထားက အစကတည်းက ပြောပါလား'





'ရပါတယ်၊ ကဲ—ဆွေ၊ ငါ တခြား တစ်နေရာကို သွားကျက်မယ်၊ ကင်န်တင်းက လူအရှမ်းများလာပြီ၊ လိုက်မလား'

'ထိပ်ထားပဲ သွားတော့၊ ငါ ဒီမှာပဲ ထိုင်ကျက်တော့မယ်'

ဆွေက သဘောပေါက်နားလည်စွာ ကျန်ရစ်၏။ နံဘေးက အရိပ်သဖွယ် ကပ်ပါလာသော ရန်ကြီးအောင်သည် ထိပ်ထား၏ပုဂ္ဂိုလ်ဟု သတ်မှတ်ထားသော အတန်းထဲက လူတွေ၏ မျက်လုံးတောင်တောင်များများ၏ အကဲခတ်မှုကို မတုန်မလှုပ် ရင်ဆိုင်ရဲပြန်သည်။

'ဘယ်သွားမလို့လဲ၊ ထား စာမေးပွဲဖြေရမယ်ဆို'

'Dissecting ခန်းတွေနားမှာရှိတဲ့ လှေကား ထစ် မှာ ကျွန်မ စာကျက်မလို့'

လက်ပတ်နာရီကို ကြည့်တော့ နာရီဝက်မျှသာလိုသော စာမေးပွဲအတွက် ရင်ထိတ်သွားသည်။

'ကိုယ်...ဟိုလေ....ထားဘေးမှာ ငြိမ်ငြိမ်လေး ထိုင်နေပါ့မယ်၊ ထား အေးအေးဆေးဆေးကျက်၊ စာမေးပွဲပြီးတဲ့ အချိန်အထိ ကိုယ် စောင့်နေမယ်'

'ဘာအရေးကြီးလို့လဲ'

သူမထိုင်ချသော လှေကားထစ်ရဲ့ အပေါ်ဘက်နှစ်ထစ်ကို ကျော်တက်၊ပြီးတော့ထိုင်ချသည်။ သိချင်လှစွာ ထိပ်ထားက လည်ပြန်ကြည့်နေခြင်းကို ရန်ကြီးအောင် သဘောတကျ ပြုံးရင်း....

'နောက်မှ...'

ဟူသော စကားတိုလေးဖြင့် နှစ်သိမ့်သည်။

ရန်ကြီးအောင်....ရှင်ဟာ ဒါသည်လို အလိုက်သိမှုတွေ ကြောင့်များ ထိပ်ထားဆိုတဲ့ ကျွန်မ ရှင့်ရဲ့ သဘင်းတွေ သိထားလျက်နဲ့ ဖြတ်မရတဲ့ကြိုးတွေ ချည်နှောင်ခံရသူအဖြစ် မကျေနပ်ပျော်ဝင်နေခဲ့သည်တဲ့လား။

ဆရာမ ဝေသွားသော မေးခွန်းစာရွက်မှ မေးခွန်းတွေ ဖတ်၊ အဖြေစာရွက်ထဲ အဖြေတွေရေးချနေသောသူမသည် ရန်ကြီးအောင့် မျက်နှာပြင်မှာ ထင်ဟပ်နေခဲ့သော ပုစ္ဆာ များ၏ အဖြေကိုလည်း တွက်ချက်နားလည်နေခဲ့ပြန်သည်။ သေချာတာတစ်ခုကတော့ စာမေးပွဲပြေအပြီးတွင် စောင့် နေပါမယ်ဆိုသော ရန်ကြီးအောင်ဆီမှ ထိပ်ထားအတွက် တစ်ခုခုကို ရရှိတော့မည်။





ဆုံတွေ့ရက် ကြာလာတာနဲ့အမျှ တစ်နေ့မှာ သူ့ဆီက ကြားရတော့မယ်လို့ သိထားပြီးဖြစ်သော၊အဖြေလည်းရှိပြီး သော စကားတစ်ခွန်းအတွက် ထိပ်ထားသည် မရိုးနိုင်စွာ မျှော်လင့်ရင်ခုန်တော့သည်။

—❀—

'ထိပ်ထားရေ'

လှေကားထစ်က တဝုန်းဝုန်းပြေးတက်လာသော ခြေသံ နှင့်အတူ ကိုယ့်အသံက စူးစူးရှရှနိုင်လှသည်။ တံခါး အဆင်သင့်ဖွင့်ပေးရင်း....

'ဘာဖြစ်လာရတာလဲ ကိုယ်'

'ဟဲ ဟဲ...ငါ့ညီမ စစ်ဆေးရေးရှိလို့'

အစ်ကိုတစ်ဝမ်းကွဲ ကိုယ်သည် သူမနှင့် ကျောင်းလည်း တူသူမို့ ဘာပဲဖြစ်ဖြစ် ညီမဖြစ်သူနှင့်ပတ်သက်သော တစ်ခုခု ကို သိလိမ့်မည်။

'ငါ့မလဲ 2nd M.B ရောက်ကတည်းက စာမေးပွဲ နှစ်လုံးပန်းရင်း၊ စာမေးပွဲကျလို့လည်းကောင်းရင်းမို့ ကိုယ့်ညီမ အကြောင်းတောင် သိပ်သတင်းမရဘူးဖြစ်နေတယ်၊ ကဲ… ပြောစမ်းပါဦး'

'ဟာ….ကိုယ်ကလည်း၊သိရင်လည်းပြီးရောကွာ ကျွန်မကို ဘာလို့ လာထပ်မေးနေရတာလဲ'

ကိုယ်သည် မျက်မှန်ကို ပင့်တင်ရင်း ရယ်ကျဲကျဲလုပ်ပြန်၏။ ရန်ကြီးအောင်ရေ… ရှင့်ကို ချစ်မိခြင်းအတွက် ကျွန်မက မှားတယ်လို့ အပြောမခံချင်သူ၊ ဝေဖန်ခံရခြင်းကိုလည်း မလိုလားသူမို့ ကိုယ့်ဆီက တစ်စုံတစ်ရာ ထင်မြင်ချက် ပေးခြင်းမျိုးကို ခံနိုင်ရည်မရှိပြန်ဘူး၊ ဒါကြောင့် ရှောင်ပယ်ပါရစေနော်။

'ငါ အကုန်သိပါတယ် ထိပ်ထားရဲ့၊ ကားကို ဝှန်းဒိုင်းကြဲမောင်း၊ အင်္ဂလိပ်သီချင်းတွေ အကျယ်ကြီးဖွင့်၊ကျောင်းက လူတွေရဲ့ တိတ်ဆိတ်မှုကို ဖြိုခွင်းသူဆိုတဲ့ ဘွဲ့အမည်ပေးခံထားရတဲ့ ပုဂ္ဂိုလ်လေးလေ'

ထိပ်ထား ရှက်ရယ်ရယ်ရင်း သက်ပြင်းခိုးချ၊ ငြိမ်သက်ခြင်းဖြင့် ဝန်ခံလိုက်သည်။

'ကိုယ် ဆူမလို့လား'

'မဆူပါဘူး'



မောင်နှမဝမ်းကွဲတွေအများကြီးထဲတွင် ကိုယ်နှင့် သူမတို့ဟာ ကျောင်းတူသူတွေမို့ ပိုမိုရင်းနှီးသလို မောင်နှမတွေထဲတွင် ကိုယ်က ထိပ်ထားကို အချစ်ဆုံးလို့ ကြေညာတတ်သည်။

'ညည်းသဘောနဲ့ စိတ်ကြိုက် ဆုံးဖြတ်ထားတာကြောင့် မှားဘယ်၊ မှန်တယ်ဆိုတာ ဝေဖန်ဖို့ ငါ ဝါသနာမပါဘူး၊ ဝေဖန်ဖို့လည်း မလိုဘူးလို့ ငါထင်တယ်၊ငါကိုယ်တိုင်လည်း ငါ့ကို ဝေဖန်တာ မကြိုက်လို့လေ၊ ဒါပေမယ့် ထိပ်ထားလေး…ညည်းမှာ အစ်ကိုတစ်ယောက်ရှိတယ်၊ စောင့်ကြည့်နေသူတွေလည်း ရှိတယ်လို့ စိတ်ထဲမှာ ကိုယ့်ကိုယ်ကို အမြဲသတိပေးပြီး အေးအေးဆေးဆေး ဆင်ခြင်ဉာဏ်နဲ့ ဆုံးဖြတ်ပါ'

'စိတ်ချပါ ကိုယ်၊ ကျွန်မ နားလည်ပါတယ်၊ ကိုယ်နဲ့လည်း မိတ်ဆက်ပေးဖို့ စိတ်ကူးထားခဲ့ပါတယ်'

'ညည်းမနေ့က ခုံကျက်ခနတော့ ပုဂ္ဂိုလ်လေး အပေါ်ထပ်တွေမှာ ထိုင်စောင့်နေရှာသားပဲ၊ ငါ လှမ်းတွေ့လိုက်တယ်'

'ကိုယ် လာခဲ့ပါလား'

သူမ၏ခေါင်းကို တစ်ချက်ပုတ်ရင်း ရယ်မောခြင်းဖြင့် ကိုယ်သည် ထိပ်ထား ခိုးရိမ်မှုများကို ပြေလျော့စေသည်။

'အဲဒီနေ့က Body ကို ငါခွဲပါမယ်လို့ ဟိုကောင်တွေကို ကတိပေးထားလို့ အချိန်နောက်ကျချင်တာနဲ့ မြန်မြန်ဝင်ရလို့၊ ညည်းတို့ စာမေးပွဲပြီးချိန်ကျတော့ ဆေးရုံနဲ့ တွေ့ဘယ်၊ ညည်းနဲ့ ပုဂ္ဂိုလ်လေး အပြင်ထွက်သွားကြတယ်ဆို'

'ဒါ ပထမဆုံးပါ'

'နေပါဦး....ညည်းတို့က ဘယ်အခြေအနေ ရောက်နေပြီလဲ'

ဘုရားသခင်.... ကိုယ် သည်လို တိုက်ရိုက်အမေးကို မျှော်လင့်ထားခဲ့ပေမယ့် ရုတ်တရက် ကြားရပြန်တော့ ဖြေရမှာ ရှက်မရဲပြန်။

'ထားကို ချစ်တယ်'

ဆိုသော ရန်ကြီးအောင် ဖွင့်ဟသောစကားကို ကြားယောင် လွမ်းဆွတ်ရင်း ကိုယ့်အမေးကို သတ္တိရှိစွာ ရင်ဆိုင်လိုက်သည်။

'ကျွန်မတို့ မနေ့ကမှ တစ်ယောက်နဲ့တစ်ယောက် ဟို... မပြောတော့ပါဘူး ကိုယ်ရယ်၊ ကိုယ့်ဘာသာ သဘောပေါက်တော့'

'အေးပါ.... ထားပါတော့၊ ငါ့သူငယ်ချင်းတွေတော့ ကျန်ရစ်ဖြစ်ကုန်ကြပြီ၊ ဟား ဟား....'

ကိုယ် အကျယ်ကြီး အော်ရယ်ပြီး နောက်ဖေးဘက်ဆီက သစ္စာတို့ဆီ သွားရှပ်ရန် ပြင်ဆင်၏။

နောက်ဖေးဘက်ဆီ ထွက်သွားသော ကိုယ့် နောက်ကျောကို လိုက်ငေးကာ ထိပ်ထားသည် ကိုယ့်ကိုယ်ကို အမှားအမှန် ဝေဖန်ဆုံးဖြတ်ခြင်းဖြင့် အချိန်ကုန်တော့လေသည်။

ဒါပေမယ့်လည်း ရန်ကြီးအောင်ရယ်.... ရှင့်ကို ချစ်ခြင်းတစ်ခုတည်းနဲ့ အရာရာကို ဆုံးဖြတ်ခဲ့ပြီးပြီမို့ ကျွန်မဟာ အမှားဆိုတာကို ဘယ်တော့မှ ထည့်တွက်ခဲ့မှာ မဟုတ်တော့



ဘူး။ စကတည်းက ရှင့်အကြောင်းတွေ သိလျက်နဲ့ ချစ်ခဲ့သူကလေးဟာ 'ထားကိုချစ်တယ်'ဆိုတဲ့ စကားတစ်ခွန်းထဲမှာ ဒိမ့်ဝင်ကြည်နူးတာ အကြိမ်ကြိမ်အဖန်ဖန် တမ်းတနေမိပြန်တယ်။ ကျွန်မဟာ ရှင်နဲ့ ပတ်သက်ရင် အမြဲတမ်း ရှုံးနိမ့်နေရသူအဖြစ် ယုံကြည်မိလာပြန်တယ်။ ဒါဟာ မိုက်မဲမှုတစ်ခု ဖြစ်မယ်ထင်ပါရဲ့။

—❀—

Book Sharing

Scanned by CamScanner

## ( ၆ )

'ထား'

'ဟင်....ဘာလဲ ရန်ကြီးအောင်၊ ပြောလေ'

နှုတ်ဖျားဆီက 'You drive me Crazy' ကို တိုးတိုး ညည်းနေရင်း တုံ့ခနဲ ရပ်တန့်ကာ လေသံဖြင့် ခေါ်သော ရန်ကြီးအောင်ဘက် ငဲ့စောင်းကြည့်ခိုက်...

'တစ်ခုကွာ...တစ်ခု တောင်းဆိုစရာရှိတယ်၊ ထား စိတ်မဆိုးနဲ့'

လက်ညှိုးတစ်ချောင်းထောင်၍ ဆို၏။ ကလေးဆန်ဆန် ပြောသော သဏ္ဌာန်ကို သူမ အောင့်အည်း မထားနိုင်စွာ ရယ်မောပစ်လိုက်သည်။ နှစ်ယောက်သား တစ်ဦးသဘော





တစ်ဦး ရိပ်မိနားလည်ကြသူတွေမို့ သူမ၏အရယ်ကို ရန်ကြီးအောင် သဘောပေါက်ကာ...

'ဟေ့...ထား၊ မခလှောင်နဲ့ကွာ'

'အံမယ်....ရှက်ရမြန်ပြီ၊ အရင်ကတော့ မျက်နှာပြောင်ပြောင်နဲ့ ကျုပ်အိမ်ရှေ့ ကားမောင်းပြရ၊ သီချင်းဖွင့်ပြရနဲ့ အဲဒါကမှ ပိုရှက်ဖို့ကောင်းတာ'

'ကိုယ် အရှုံးပေးပါပြီ ထားရယ်၊ ထားနဲ့ စကားနိုင်မလုချင်တော့ပါဘူး'

ရှင်ကတော့ ပါးစပ်ထဲမှာ 'ကိုယ် အရှုံးပေးပါတယ် ထားရယ်'ကို တတွတ်တွတ် ဆိုတတ်ပေမယ့် တကယ့် တကယ်ကျတော့ ကျွန်မက အမြဲရှုံးပါတယ်။ ဒါကို ရှင်ကမှ နားမလည်တတ်ခဲ့ဘဲ။

အတူတွဲလာကြသော ကာလ ရင့်သန်ချိန်မှာ သူမဟာ တစ်ခါတစ်ရံ ထင်ထားတာထက် ကြုံတွေ့ရတဲ့ ဖြစ်ပျက်ခြင်းများကို အံ့ဩမှုတွေနှင့်...။ ရန်ကြီးအောင်၏ လေးနက်မှုသည် သူမအပေါ် မယုံကြည်နိုင်စဖွယ်။ လိုက်လျောမှု၊ သည်းခံမှု၊ နားလည်မှုများသည် ရန်ကြီးအောင်ပေးသော လက်ဆောင်များ။ ရန်ကြီးအောင်ဟာ ဘယ်ပိန်းကလေးကိုမှ စိတ်မရှည်တတ်သူ ဆိုသော ကြားစကားသည်တောင်

ချက်ပြယ်ရမတတ်။ သူ လာတဲ့အခါတိုင်း စားမပွဲရှိလို့၊ အတန်းတက်စရာရှိလို့နှင့် မအားသာတ်သောသူမကို နားလည်ခွင့်လွှတ်တတ်သည်။

တစ်ခါတလေ သူလာလို့ ထိပ်ထားက...

'စာကျက်ရဦးမယ်၊ စာမရသေးဘူး'

ဆိုရင်တောင် နံဘေးမှာ ငြိမ်သက်စွာ ထိုင်စောင့်ရင်း သူမကို အနှောင့်အယှက်မပေးဘဲ နေတတ်သည်။

'ထားကို သနားတယ်၊ အမြဲ စာမေးပွဲဖြေနေရလို့'

သူလာတိုင်း စာမေးပွဲဆိုသောစကားကို အမြဲကြားနေရတော့ သူက အဲသည်လို ကြင်နာတတ်ပြန်တယ်၊ ဒါနဲ့ပဲ ထိပ်ထားဆိုသော မိန်းမတစ်ယောက်သည် စစ်မှန်သော ချစ်ခြင်းနှင့် ကြုံတွေ့ရသူအဖြစ် ဝင့်ကြွားမိချင်သတဲ့။ ကျေနပ်မိချင်သတဲ့။

'ဟေ့....ထား ခေါ်နေတယ်လေကွာ'

အဝေးကို ငေးနေသော မျက်နှာရှေ့သို့ လက်ဖျောက် တစ်ချက် တီးရင်း ထူးရဲ့ ချစ်သူက အသံပြုလေ၏။

'ဘာပြောမလို့လဲ'

'ခုနက ကိုယ် တောင်းဆိုမယ့် ကိစ္စလေ၊ အဲဒါ နားထောင်ပေး'



သူမ ခေါင်းညိတ် စိတ်ဝင်စားဟန် ပြုလိုက်သည်။ ချစ်သူသည် ပိုရှိသော နှုတ်ခမ်းပါးတွင် ဘာကြောင့်များ ထိမထင်သည့် အပြုံးရိပ်ကို အမြဲ တင်ထားခဲ့ပါသလဲ။

'ကိုယ့်ကို ထားက နာမည်ကြီး အမြဲ ခေါ်ခေါ် နေတော့ ပါးစပ် မညောင်းဘူးလား'

'မညောင်းပါဘူး'

သူမ ညစ်ကျယ်ကျယ် ပြန်ဖြေ၏။

'ထား ပါးစပ်မညောင်းပေမယ့် ကိုယ်က နားထောင်ရတာ ပင်ပန်းတယ်ကွ၊ ဒါကြောင့် ကိုယ့်ကို သနား၍ တစ်ခုခု ပြောင်းခေါ်ကွာ၊ ဟေ့....ထား အဲဒါကို ကိုယ် အရမ်း မျှော်လင့်နေတယ်၊ ကိုယ့်ကို အဲဒီတစ်ခု ထားဆီက လက်ဆောင်အဖြစ် လိုချင်တယ်၊ ထား ပေးမှာလား'

'အခေါ်အဝေါ်ဆိုတာ သတိမှတ်ချက် တစ်ခုပါ'

'လူတိုင်းက ခေါ်တဲ့ အခေါ်အဝေါ်ကို လိုချင်တာမှ မဟုတ်တာ၊ ထားဆီက သတ်မှတ်ထားတဲ့....'

လူ ပည်ကလေး။ ရှင့်ကို ကျွန်မ ချစ်တယ်။ ဒါပေမယ့် သည်လိုမျိုး အခေါ်အဝေါ်ကိစ္စနဲ့ ပတ်သက်ပြီးတော့ တစ်

ခါမှ စိတ်ကူးမယဉ်မိခဲ့ဘူး။ ရှင်က တောင်းဆိုပြန်တော့ ကျွန်မ ဦးနှောက် ထဝေးခံပါမယ်။

'ရှင်က ဘယ်လိုခေါ်စေချင်လို့လဲ'

'ကိုယ်က ဗီလိုခေါ်ပါလို့ ပြောလို့ ထားခေါ်တယ်ဆိုရင် ထား ရင်ထဲက ဘယ်ပါမလဲ၊ ကိုယ် လိုချင်တာက ထား နှလုံးသားထဲ၊ ရင်ထဲက ပေါက်ဖွားလာတဲ့ အခေါ်လေး၊ ဂါမှ ထား ကိုယ့်အပေါ် ဘယ်လိုချစ်သလဲဆိုတာ တွေးရင်း အမြဲကြည်နူးနေနိုင်မှာပေါ့'

'စိတ်ကူးယဉ်ပါကွယ်'

'ကဲ ကဲ—အမိလေး၊ ဝေ့လည်လည် လုပ်မနေနဲ့၊ ခေါ်ဖို့ ပြင်ဆင်တော့၊ ကိုယ် အရှမ်းကုန် နားစွင့်ထားမယ်'

သစ်ပင်ကို မှီထိုင်ရင်း လက်ပိုက်ကာ မျက်လုံးစုံမှိတ်သော သဏ္ဍာန်သည် သူမကို စွဲဆောင်နိုင်လွန်းပြန်သည်။ သူမရဲ့ ချစ်သူသည် ဘယ်သောအခါမျှ တောင်းဆိုမှုကို မပြုတတ်သူ၊ သူမကို အပြင်လည်ပတ်ဖို့ ဘယ်တော့မှ မဆွယ်တတ်သူ၊ ချစ်သူဟာ သူလာတိုင်း သူမရဲ့ နံဘေးမှာ ဝင်ထိုင်ငြိမ်သက်၊ ပြီးတော့ သူမကို ငေးမောတွေဝေတတ်သူ။

'ဟေ့—ဗိဒေ့ ကျွန်မ အားတယ် ရန်ကြီးအောင်'





လို့ ထိပ်ထားက သနားရင် အရိပ်အမြွက် စကားဆိုမှ သူမရဲ့ သဘောကို ညှိယူကာ အပြင်ထွက်လည်ဖို့ ပြင်ဆင် တတ်သူ။ သူ့အကြောင်းတွေ အကုန်လုံးလိုလို သိနေပေမယ့်လည်း သူ့ကို တစ်ခါမှ သူမ မမေးတတ်ခဲ့သလို သူ ကိုယ်တိုင်ဆီကလည်း ဖွင့်ဟဝန်ခံခြင်း မရှိ။ ဒါပေမယ့် ထိပ်ထားက ဒါကို ကျေနပ်နေတတ်ပြန်သည်။

'ထား ကြာတယ်ကွာ၊ ကိုယ့် ရင်တွေ အရမ်းခုန်လှပြီ၊ ကြာရင် သတိမေ့သွားလိမ့်မယ်'

'လှလည်ကလေး'

'အဲဒါ ကိုယ့်ကိုခေါ်တဲ့ အခေါ်အဝေါ်လား'

မျက်လုံးဖွင့်ပြီးမေးသော ချစ်သူဟာ အပြစ်ကင်းစင်တဲ့ မျက်ဝန်းတော့ ပိုင်ဆိုင်ပါရဲ့။

'ဟ... ရယ်နေပြန်ပြီ၊ ဒါဆို မဟုတ်သေးဘူး၊ မျက်စိ မှိန်ပိတ်ထားလိုက်ဦးမယ်'

ပြောပြောဆိုဆို ခုနကပုံစံ ပြန်ဖြစ်သွားသော ချစ်သူ တစ်ယောက်အတွက် ကြင်နာမှု သံဝဉ်တစ်ခုသည် ဖြစ်ထွန်းလာစေသည်။ ရင်ထဲမှာ ကျေကျေနပ်နပ် လက်ခံရင်း သည်လိုမျိုး မမျှော်လင့်ထားခဲ့သော အခေါ်အဝေါ် အတွက်

ပထမဆုံး ပိုင်ဆိုင်ရသော ပုဂ္ဂိုလ်လေးအား ဂုဏ်ပြုလိုက်ဖို့ ထိပ်ထားက နှုတ်ဖျားထံ စေခိုင်းခြင်းဖြင့်....။

'မောင်တို့လား ထားရယ်၊ ကိုယ် မျှော်လင့်ထားခဲ့တဲ့၊ တောင့်တခဲ့တဲ့ ဒီအခေါ်လေးအတွက် ထားကို ကျေးဇူးတင်ပါတယ်၊ နောက်ပြီးတော့ ထားကို သိပ်ချစ်တယ်'

အိုး...ရင်ထဲမှာ ဗိုင်းခနဲ ဆောင့်ခုန်သွားရပြီကွယ်။ ရှင်-သည်လို ကြံစည်ခဲ့မှန်း ကျွန်မ ရိပ်မိမနေခဲ့တာမို့ ။ခေါင်းကို ငုံ့ချတော့ ဘေးတစောင်း ဆံပင်ရှည်တို့သည် မျက်နှာ တစ်ခြမ်းကို ဖုံးအုပ်ကွယ်စေတော့သည်။

'ထား....ထားဆီက အခေါ်အဝေါ်လေးရယ်၊ နောက်ပြီး ထားကို ပထမဦးဆုံးပေးခွင့်ရတဲ့ အနမ်းကလေးအတွက်ရယ်၊ ဒီနေ့ကို အမြဲအမှတ်တရဖြစ်ပြီး ထားကို ကျေးဇူးတင်ပါတယ်'

ဖုံးကွယ်နေသော ဆံစတို့ကို ချစ်သူက လက်တစ်ဖက်ဖြင့် သိမ်းဖယ်ရင်း ရေရွတ်သော စကားသံတွင် ထိပ်ထားသည် နှောင်တွယ်ထားခဲ့သော ကြိုးတစ်ချောင်းအတွက် ခိုင်မြဲစဖို့ ဆုံးဖြတ်သည်။



ဆွေက သူမ ပြောပြသမျှ ဂရုတစိုက် နားထောင်ပေးသည်။ မေနဲ့ဥမ္မာသည် သူမနှင့် ကျောင်းမတူသူများမို့ တစ်ခါ တင်ရုံမှသာ တွေ့နိုင်ပြီး ဆွေကတော့ အမြဲလိုလို အတူတွဲနေရလေ့ရှိတာကြောင့် ကျောင်းတက်ရပြီး နောက်ပိုင်းမှာ ဆွေသည် သူမကို နားအလည်နိုင်ဆုံး တစ်ယောက် ဖြစ်လာသည်။ သူမကလည်း ဘာကိစ္စမဆို ဆွေ့ကို တိုင်ပင်လေ့ရှိတတ်သည်။

'ရန်ကြီးအောင် ကြည့်ရတာတော့ ထိပ်ထားကို တကယ် မြတ်နိုးတဲ့ပုံပါ၊ ဒါပေမယ့်လေ သိပ်တော့ မယုံလိုက်နဲ့ပေါ့ ဟာ၊ ဒါမျိုးက ပြောရခက်တယ်'

'ငါလည်း သိပါတယ်၊ ဆွဲ အမြဲ သတိပေးလို့လည်း ကျေးဇူးပါပဲ ဆွေ'

'ဝမ်းသာစရာ သတင်းတစ်ခုကတော့ ထိပ်ထားနဲ့ တွဲပြီးတဲ့ နောက်ပိုင်းမှာ အရင်က တွဲလက်စတွေကိုလည်း ဖြတ်လမ်း ဖြတ်ကယ်တဲ့၊ နောက်ထပ်လည်း ထပ်မတွဲတော့ဘူးတဲ့၊ အခုလာလောဆယ် ရန်ကြီးအောင်ရဲ့ အဖော်အဖြစ် ထိပ်ထားကို လူသိများကြတယ်'

ထိပ်ထားက ရှက်ပြုံးလို့လည်း မမည်၊ကြည်နူးပြုံးလည်း ဆိုဟု်မရတဲ့ အပြုံးလေးဖြင့် ကြည်လင် တောက်ပနေခိုက်မှာ ဆွေက အနောက်ဘက်မှ လှမ်းပေးသော ရိုးလ်ရှိကို လှမ်းယူသည်။

'ထိပ်ထား....နင့်ပုဂ္ဂိုလ်တော့ အတင်းပြောနေရင်း တန်းလန်း ရောက်နေပြီ၊ အသက်ရှည်ဦးမယ်'

ထိပ်ထားသည် ဗီရိုလ်ရှိကို လှမ်းယူတော့ သူမ၏ ခုံနံပါတ်အကွက် နေရာတွင် ဘောလ်ပင်နှင့် အနက်ဖြင့် ထား ဆိုသောနာမည် ရေးထားတာ တွေ့သည်။ သူမသည် လက်မှတ်ထိုးရင် 'ထိပ်ထား'ဆိုသော စာလုံးပီပီသသ ရေးချထိုးတတ်သူပေမယ့် သည်လိုမျိုး ထားလို့ ရေးထားတာ တွေ့လျှင်တော့ မောင် ရောက်နေပြီဟု အတပ်ပြောလိုက်နိုင်လောက်အောင် သူမ၏ ချစ်သူရဲ့ အကျင့်တွေကို မှတ်သားလွန်းနိုင်စွာ။

'ဟေ့...အနောက်က ဘယ်သူဝင်ထိုင်လိုက်သလဲ၊ ငါ ခုန ဖျတ်ခနဲ မြင်လိုက်ပါတယ်၊ အချိန်ကုန်ခါနီးမှ ဂိုးလိုရချင်လို့ ဒီလိုမျိုး ခိုးဝင်တာတော့ ဘယ်ကောင်းမလဲဟေ့'

အရှေ့က ဆရာမ လှမ်းအော်သံအကြားတွင်....

'ကျွန်တော်တို့ အတန်းက မဟုတ်ပါဘူး တီချာ၊ ဗိနီယာတွေ လာတက်တာပါ'

ဟု အတန်းထဲက ခပ်လောင်လောင် တစ်ယောက် ညောင်နာနာသံဖြင့် ဖြေသည်။ တစ်တန်းလုံးသည် ထိပ်ထား၏ ရန်ကြီးအောင် ဝင်လာတယ်ဆိုတာ သိပေမယ့်





ဗိနီယာနှင့် ဂျူနီယာ တစ်တန်းကို တစ်တန်း ချောက်ချနေမြဲ ရာဇဝင် ရှိသည်မို့....။

အရှေ့တန်းတွေဆီလက်ဆင့်ကမ်းပို့ပြန်တော့ သူမ မဖျက်လိုက်သော သူမ၏ ဗီရိုလ် နေရာတွင်ရှိသည့် ထားကို မြင်ကာ...

'ထား....ကိုယ့်ဘဝဟာ ခရေပန်းလေး—မြေခပန်း ကြွေကာ နွမ်းရင်'

ဆိုသော သီချင်းတစ်ပိုင်းတစ်စဖြင့် သူမကို လှည့်နောက်သည်။

ဟယောင်ယောင်အမှားမှား သူမ၏ မောင့်ဆီ လှည့်အကဲခတ်တော့ အိုး...မောင်—။ အဲသည်လိုမျိုး စူပုပ်တဲ့ မျက်နှာ၊ မျက်ခမှောင်ကြုတ်တဲ့ မျက်နှာကြီးနဲ့ ကျွန်မကို စိုက်မကြည့်ပါနဲ့။ မောင့်နှုတ်ခမ်းက မထိတရိ ပြုံးက ကျွန်မအတွက် မဟုတ်ဘူးလို့ မောင်ပြောထားခဲ့တယ်လေ။မောင် မေ့ပစ်လိုက်ပြီလား။

အတန်းပြီးပြီးချင်း မောင်ရှိရာ အနောက်ဘက်ဆီ တက်လာသော သူမကို ရပ်စောင့်သော မောင့်ဟန်ပန်ကို အမြဲလိုလို ကြုံရပေမယ့် ထိပ်ထားက မရိုးနိုင်ပါ။



Book Sharing

Scanned by CamScanner

'မောင် ဖြည်းဖြည်းသွားလေ၊ ဒီမှာ ကျွန်မ ချော်လဲတော့မယ်'

ခါတိုင်းဆို အမြဲ စလက်ပါကပ်ပါ ဖိနပ်ပါးကို စီးတတ်သော သူမသည် မောင် သဘောကျစွာ လက်ဆောင် အဖြစ်အတင်း ဝယ်ပေးထားသော ပင်ဆယ်ဟီးကို ဟန်ပါပါ စီးထားရသည်မို့ အကျင့်မရှိမှာ တုံ့နှေးနေသည်။

'ထားနဲ့ လိုက်တယ်၊ ကိုယ်က ဝယ်သာပေးရတယ် ထားစီးမှ ပီးပါ့မလားလို့'

'ဒါပေမယ့် ဒီတစ်ခါပါပဲ မောင်ရယ်၊ ကျွန်မ နောက်ဆို မစီးဖြစ်တော့ဖို့ သေချာသွားပြီ၊ ခြေထောက်ကို အချမ်းထိန်းနေရတော့ နာလာတယ်၊ ချွေးလည်း ပြန်တယ်'

ချစ်သူက သဘောတကျ တကြည့်ကြည့်နှင့် သူမ လမ်းလျှောက်ပုံကို လှောင်ပြန်သည်။ ထိပ်ထားနဲ့ ရန်ကြီးအောင်ဆိုသော ချစ်သူနှစ်ယောက်သည် သိပ်ချစ်ကြတယ်ဆိုသော သတ်မှတ်ချက်ကို ရရှိကြပေမယ့် တစ်ယောက်ကိုတစ်ယောက် အမြဲလိုလို လှောင်တတ် နောက်တတ်ကြသည်။

'ဒီခနေ့ စာပေးပွဲရှိသေးလား'

'မရှိတော့ဘူး မောင်၊ Final နီးပြီမို့ နောက်အပတ်တွေဆို အတန်းတောင် လူစုံပါတော့မလား မသိဘူး'

'အတန်းဟက်စရာရော'



'မရှိပါဘူး၊ မောင် ဘယ်သွားချင်လို့လဲ၊ကျွန်မ အားပါတယ်၊ မောင်ကလည်း တစ်ခုခု တောင်းဆိုစရာ ရှိရင် ပွင့်ပွင့်လင်းလင်းပြောပါလား၊ ဟိုဟာမေးရ ဒီဟာ မေးရနဲ့'

လူကြီးတစ်ယောက်လို တဖျစ်တောက်တောက် ရေရွတ်တော့....

'ဟာကွာ....ထားကလည်း ကိုယ့်ကို ပိုချစ်လာအောင် ဗီလိုဖျစ်တောက်ဖျစ်တောက် ဆူပြန်ပြီ'

တဲ့လားမောင်။ သိပ်ချစ်တယ်ဆိုသော စကားစုလေး မောင့်ဆီက ခဏခဏကြားရခြင်းဟာ ထိပ်ထားရဲ့ လှပတဲ့ နေ့သစ်များအတွက် နီဝါန်းကောင်းမွန်သော နိမိတ် ဖြစ်ထွန်းစေသည့် ပန်းချီတစ်ချပ်ကို ကိုယ်တိုင်ခြယ်မှုန်းကြည့်ရသလိုလို....။

—◯—

မောင်က သူ့ကျောင်းကို လိုက်လည်စေချင်တဲ့ စကားဆိုတာနဲ့ ထိပ်ထားက လိုက်လျောသည်။ ကျောင်းရောက်တော့မှ မောင့်အကြံ ဘာဆိုတာ သိခွင့်ရသည်။

'ရန်ကြီးအောင်—ငါတို့ ဒီမှာ'

ကင်န်တင်းတွေဘက် ငယောင်လည်လည်လျှောက်ရှာနေသော မောင့်ကို ဆိုင်တစ်ခုရှေ့က အုပ်စုတစ်စု လှမ်းခေါ်ကြသည်။ သူမ၏လက်ဖဝါးကို ညင်ညင်သာသာ တွဲခေါ်ရင်း—

'ထား— ကိုယ့်သူငယ်ချင်းတွေက တွေ့ချင်တယ် ဆိုလို့နော်၊ ထား စိတ်ဆိုးလား'

'မဆိုးပါဘူး မောင်ရဲ့၊ ဒါပေမယ့် ကျွန်မကို ဝိုင်းကြည့်ကြမှာ ကျွန်မ မနေတတ်ဘူး'

သည်စကားက အမှတ်မထင်ဆိုလိုက်ပေမယ့် မောင်က အတည်ယူ၏။ စားပွဲမှာ ဝင်ထိုင်ထိုင်ချင်း....

'ဟေ့ ကောင်တွေ သိပ်ပြူးပြဲ မကြည့်ကြနဲ့ကွ၊ ထား အနေခက်နေဦးမယ်'

သေတော့မှာပဲ မောင်ရယ်၊ ကျွန်မ စကားလုံးတိုင်းကို မောင်ကလိုက်နာဖို့များ စိတ်ကူးခဲ့ပြီလားဟင်။ မိတ်ဆက်ပေးသော သူငယ်ချင်းတွေ၏ နာမည်တွေကို နောက်ဆုံးလူအပြီးမှာ သူမ ပြန်လည်မေ့လျော့သွားပေမယ့် ဟန်ဆောင်ထားရသည်။ ယောကျ်ားလေးသူငယ်ချင်း သိပ်များများ





စားစား ထားလေ့မရှိသော ထိပ်ထားအတွက် သူတို့ပြောသမျှ ခပ်ငြိမ်ငြိမ် လိုက်နားထောင်ပေးခြင်းဖြင့် မောင်စိတ်ချမ်းသာစေဖို့ ပါရမီဖြည့်ခွင့် ရသူလေးပမာ ကျေနပ်သည်။

'မ့ထိပ်ထား၊ ဒီကောင်က ကိုးကွယ်တဲ့ဘာသာက (RC)၊ နားထောင်ဖြန့်တော့ အင်္ဂလိပ်သီချင်းမှ၊ ရုပ်ရှင်တောင် မြန်မာကား မကြည့်ဘူး၊ ဒါပေမယ့် မထိပ်ထားသို့ မြန်မာမလေးကို ဘာလို့ သဘောကျရသလဲဆိုတာ ကျွန်တော် အံ့ဩတယ်'

'ဟုတ်တယ်ဗျို့၊ ဒီကောင့်ကို ပြီးမှ ဝိုင်းမေးရမယ်'

နှစ်ယောက်သား အတိုင်အဖောက်ညီညီနှင့် မောင့်ကို နှိပ်ကွပ်သည်။ မောင်သည် ထိပ်ထား၏ ဝတ်စားဆင်ယင်မှုအတွက် တစ်ခါမှ မေးမြန်းခဲ့ဖူးခြင်းမရှိ။ သူမ ဝတ်ဆင်တတ်သော မြန်မာအမျိုးသမီးအင်္ကျီရင်ဖုံးများ၊ ရင်စေ့များနှင့် ဖြောင့်လုံချည်၊ ယောအုံချည်တို့သည် သိပ်မထူးခြားလှပေမယ့် မောင့်လို ခေတ်ရှေ့ပြေးပုံစံ၊ မောင့်သူငယ်ချင်းတွေလို ခေတ်လွန်ပုံစံများကြားတွင် ထူးခြားသထင်ပေလ။

ထိုနေ့က ထိပ်ထားသည် ဇာအနက်ရောင် ရင်စေ့ လက်ပြတ် မြန်မာ အင်္ကျီလေးနှင့် အနက်ရောင်တွင် ပန်းပြူရောင်လေးထောင့်အကွက်လေးများ ပါသော ပါတိတ်လုံချည်ကို ဝတ်ထားခဲ့ခြင်း၊ မောင် ဝယ်ပေးသော ပင်ဆယ်လ်ဟီးအနက်ရောင်လေး စည်းထားခြင်း၊ မှေးပွလွယ်အိတ် အပြူ



Scanned by CamScanner

ရောင်လွှယ်ကာ ပိုင်အနက်ရောင် ကိုင်ထားခြင်း၊ ဆံပင်ကိုတော့ အမြဲလွတ်လွတ်လပ်လပ် ချထားလေ့ရှိသူမို့ ခါးလယ်ထိ ရှည်သော ဘေးစောင်းဆံပင်သည် ပဝါးလျား ဝေနေခြင်းများဖြင့် မောင့်ရဲ့ ချစ်ခြင်းဟူသမျှကို ယူနိုင်ခဲ့သည်ဟု မောင်က တော်တော်ကြာဘော့မှ ပြောပြခဲ့သည်။

'မောင်က ကျွန်မ အရင်က ရည်းစားများဘယ်ဆို၊ အဲဒါ တကယ်လား မောင်'

'ဘာလဲ၊ ထားက ဟိုကောင်တွေ နောက်လိုက်တာနဲ့ ကိုယ့်ကို ရန်တွေ့ချင်လာပြီလား'

'မဟုတ်ပါဘူး၊ သိချင်လို့ မေးတာ'

'အရင်က ရှိဟာ ရှိတာပေါ့၊ အခု ထားကိုပဲချစ်လို့ ဘယ်သူ့ကိုမှ ထပ်မတွေ့တော့ဘူး၊ အရင်ကဆို သုံးယောက်၊ လေးယောက်လောက် တစ်ပြိုင်တည်းထားတာ၊ အခု ထား တစ်ယောက်တည်းပဲ ရှိတယ်၊ သေချာတာတစ်ခုက ကိုယ် ဘယ်သူ့ကိုမှ တကယ်မချစ်ခဲ့ဖူးဘူး'

အဲသည့်စကား အဆုံးမှာ 'ထားကိုသာ ဘချစ်ဆုံး၊ တကယ်ချစ်ခဲ့တာ'လို့ မောင် ဆက်ပြောခဲ့ရင် သိပ်ကောင်းမှာပဲ မောင်။ တောင့်တမှုဟာ မပြည့်စုံမှန်း သိခဲ့ပေမယ့် ကျွန်မက မျှော်လင့်ချင်ခဲ့တယ်။ မောင် ဘာလို့ စကားကို ချွေတာခဲ့သလဲ။ ဆက်ပြောရမယ့်စကားတစ်ခွန်းကို မောင် တမင် မေ့ခဲ့တာလား။ ချ[illegible]ထားခဲ့တာလား။ ဒါမှ မဟုတ် ကျွန်မကို စမ်းသပ်ခဲ့တာလား။

ဘာဖြစ်လို့လည်းဆိုတော့ မောင်က ကျွန်မကို....





'ထား.... ကိုယ့်ကို ချစ်ရဲ့လား'

လို့ မေးတိုင်း....

'ကျွန်မရဲ့ ပါးစပ်က တတွတ်တွတ်ပြောမှ မောင် သိမှာလား၊ မောင့်ဘာသာ ခန့်မှန်းပေါ့ကွယ်'

ဆိုသော စကားနှင့် အနိုင်ယူတတ်မြဲ။ မောင်က ဒါကို များ မယုံချင်ခဲ့ဘူး ထင်ပါရဲ့။

နောက်ပြီးတော့ ကျတော့ မောင်က တစ်ခါတလေ သူမကို မေ့ထားပြီး အကြာကြီး ပျောက်ချင်ပျောက်နေတတ်သည်။ ဘယ်သွားမယ်၊ ဘာလုပ်မယ်လည်း မမှာခဲ့တော့ ထိပ်ထားက စိတ်တပူပူဖြစ်ကာ မျက်ရည်တွေနှင့် ကုန်ဆုံးရသောညများစွာ ရင်ဆိုင်ရ၏။ သူမဘက်က စဘင် ဆက်သွယ်လို့ ရပေမယ့် မာနကြီးခဲ့ဖူးသော မိန်းမ တစ်ယောက်ပီပီ ဘယ်တော့မှ ဆက်သွယ်ခြင်း၊ စုံစမ်းခြင်းလည်း မရှိခဲ့။ သူ ရောက်လာပြန်ရင် ချစ်သူ့တစ်မျက်နှာနဲ့ တင် စိတ်အနှောင့်အယှက်ဖြစ်မှာ၊ စိတ်ညစ်ရမှာ စိုးရိမ်တတ်သော ထိပ်ထားက ဘယ်တော့မှ—

'ဘယ်သွားနေလဲ'

လို့ မမေးမြန်းခဲ့။ အေးဆေးငြိမ်သက်သော သူမ၏ သဘာဝအတိုင်း မောင့်ကို ပြေးပြလည်သည် ခေါ်ပြောပါသည်။ ဒါကိုများ မောင်က သူမဟာ သူ့ကို မချစ်ဘူးလို့များ ထင်နေသလား။



Scanned by CamScanner

'ထားက တခြားကောင်မလေးတွေနဲ့ အဝေးကြီးခြားနားတယ်၊ ထူးထူးခြားခြားလေး၊ လုပ်ချင်ရာရှိလည်း တားမရအောင် ဇွတ်လုပ်တတ်တယ်၊ မာရေ ဘင်းစရာရှိရင်လည်း သူများတွေထက် ပိုမာတတ်တယ်'

တစ်ခါတလေ မောင်က ဝေဖန်ရင်လည်း သူမက စိတ်မဆိုး၊ မသိချင်ယောင်ဆောင်။ အဲသည်တော့ မောင်က—

'ထားက တစ်မျိုးပဲကွာ'

လို့ ညည်းတတ်။ စိတ်ကောက်လေ့ မရှိသော သူမကို....

'ထား စိတ်ကောက်ပါလား၊ ကိုယ် ချော့ချင်လို့'

ဆိုပြီး ခပ်ကြောင်ကြောင်လည်း စိတ်ကူးယဉ်တတ်။ သူမက မောင့်အလိုကျ စိတ်ကောက်ကြည့်ဖို့ ပြင်ဆင်ရင် ဘာကိုအကြောင်းရှာ စိတ်ကောက်ရမှန်းမသိဖြစ်တတ်နှင့် ထိပ်ထားတို့၏ ချစ်သူဘဝသည် အူလည်လည်နိုင်လှသည်။

'ဟဲ့…အဲဒီလိုဆိုလည်း သူ့ အရင်က ရည်းစားများတာကို အကြောင်းရှာ၊ ရန်ဖြစ်၊ စိတ်ကောက်ပေါ့ဟယ်'

ဥမ္မာ့ကို တိုင်ပင်ကြည့်တော့ အကြံပေးပေမယ့် သူမမှာ ဘယ်လိုစကားတွေနှင့် အပြစ်တင်ဆိုးနွဲ့ရမှန်းပသိပါ။ ဒါနဲ့ပဲ မောင်က ထိပ်ထားကို ကောင်လေးတွေ နောက်ရင်၊ ကြည့်ရင် သဝန်တိုတာကို သူမက စိတ်ဆိုးဟန်ပြုပြီး စိတ်ကောက်ကြည့်ဖို့ ပြင်ပေမယ့် မအောင်မြင်ပြန်။

'ထားကိုချစ်လို့၊ မြတ်နိုးလို့၊ ဘယ်ကောင်မှ ကြည့်တာသဘောကျတာ မကြိုက်ဘူး၊ ကိုယ် တစ်ယောက်တည်းပဲကြည့်ခွင့်၊ မြတ်နိုးခွင့် ရချင်လို့ သဝန်တိုတာ'





ဆိုသော အစချီသည့် စကားတစ်ခွန်းနှင့်ပင် ထိပ်ထား၏ စိတ်ကောက်ခြင်း သိပ်မကြာမညာင်းဘဲ ပြေလျော့ရတော့သည်။

'ကဲပါကွာ.... ကိုယ့်ကို အလိုလိုက်ပြီး ကောက်ချိတ်ဖို့ ကြိုးစားမနေပါနဲ့'

မောင်က သဘောတကျ လှောင်တော့ သူမရဲ့အကြံကို ရိပ်မိခြင်းအတွက် ခပ်ရှက်ရှက် ရယ်ရ၏။ ထိပ်ထားက သူမ၏ ချစ်သူဘဝကိုလည်း ကျေနပ်ရ၏။

—❀....

( ၂ )

မှန်တံခါးကို တွန်းအဖွင့်တွင် အေးမြသော လေအေးစက်၏ အထိအတွေ့ဖြင့် နှုတ်ဆက်ခြင်းကို ခံစား သိရှိသည်။ ကြိုတင်မှာထားသော စားပွဲနေရာဆီ အကြည့်ရောက်စဉ် မေးထောက် မျှော်လင့်နေသော မေ့ကို တွေ့၏။

'မေရောက်နေတာ ကြာပြီလား'

'မကြာသေးပါဘူး ထိပ်ထားရဲ့၊ ဥမ္မာတောင် မရောက်သေးဘူး၊ ထိပ်ထားပုဂ္ဂိုလ်ကြီးရော ငါဖိတ်ထားတယ်လေ၊ ခေါ်မလာဘူးလား'

'ငါ စာမေးပွဲပြီးကတည်းက သိပ်မဆုံဖြစ်ဘူး၊ နောက်ဆုံး တွေ့ခြင်းကြတာတောင် သုံးပတ်လောက်ရှိပြီ'





'ဖုန်းဆက်လိုက်ပေါ့ဟဲ့'

'ငါ သူ့ဖုန်းနံပါတ် မေးမထားမိဘူး'

'ဟဲ့....'

မေက တအံ့တဩ အာမေဋိတ်ပြုသံကို ထိပ်ထား မှုန်သဲ့သဲ့ ပြုံးရင်း မေနှင့် ဥမ္မာ နားမလည်နိုင်သော သူမ၏ ချစ်ခြင်း ခံယူချက်ကို ဖွင့်ပြောဖို့ ပြု သည်။

ထိပ်ထားရဲ့ မောင့်အပေါ် ချစ်ခြင်းသည် ချည်နှောင်ထားခြင်းများ မပါ၊ ကန့်သတ်ထားခြင်းများ မပါ၊ စည်းကမ်းချက်တွေနှင့် အမိန့်ပေးခြင်းတွေ မပါ။ မောင်ကိုယ်တိုင်က လိုလိုလားလား ပေးအပ်သော ချစ်ခြင်းများနှင့် မြတ်နိုးမှုများကိုသာ လိုချင်သူမို့ မောင့်ဆီက အဆက်အသွယ်များကို စုံစမ်းရင် သိနိုင်ပေမယ့်၊ ဒါမှမဟုတ် မောင့်ဆီကမေးရင် သိနိုင်ပေမယ့် မမေးခဲ့ဘဲ မောင့်အပြောကိုသာ စောင့်ခဲ့သူ။ မောင်ကိုယ်တိုင်က အလိုက်သိစွာ....

'ထားရေ....မောင့်ကို ဒီလိုဆက်သွယ်'

ဆိုကာ ပေးခဲ့ရင်တော့....။ ထားက အဲသည်လိုမျိုးလည်း မာနထားတတ်တယ် မောင်။

'သဘောပဲ ထိပ်ထားရေ—ငါကတော့ ကြိုတင်သတိပေးလျက်နဲ့ အချိန်က နှောင်းသွားခဲ့လို့ ဝါသူငယ်ချင်း ရန်ကြီး

Book Sharing

Scanned by CamScanner

အောင်ရဲ့ ပစ်မှတ်မှာ အထိခံလိုက်ရတာကို သိပ်တော့ မရှေ့နပ်ခဲ့ဘူး၊ ဒါပေမယ့် ရန်ကြီးအောင်က တကယ် တည်တည်ကြည်ကြည်ဖြစ်မှယ်ဆိုရင်လည်း ထိပ်ထားအတွက် ဝမ်းသာပေးဖို့ ဝန်မလေးဘူး'

'ဟော… ဦးမှာလာပြီ'

ဦးမှာက ပြုံးပြုံးရွှင်ရွှင်နဲ့ စားပွဲမှာဝင်ထိုင်ရင်း မေ့ကို… 'ဟပ်ပီးဘတ်ဒ်ဒေး မေ'

လို့ နှုတ်ဆက်ဂုဏ်ပြု၏။ အချစ်ဆုံး သူငယ်ချင်း သုံးယောက်၏ အစဉ်အလာမပြတ် တစ်ယောက်မွေးနေ့ကျင်းပရင် မဖြစ်မနေသာခြင်းကို ဘယ်လိုကြည်နူးမှုမျိုးနှင့်မျှ မလဲနိုင်ပါ။ ထိပ်ထားကို ကောင်းသည်၊ ဆိုးသည် အမြဲ သတိပေးတတ်၊ ဖေဖန်တတ်သော မေနှင့် ဦးမှာသည် မောင်နှင့်ပတ်သက်သော ကိစ္စတွင်တော့ ထိပ်ထားကို မှားသည်မဆို၊ မောင့်ကိုသာ ထိပ်ထားလိုဖြူစင်သူအား ပတ်သက်သူအဖြစ်အပြစ်တင်ချင်ပုံရပါရဲ့။

'ထိပ်ထားတို့ကျောင်းက မေမှာ ပြန်ဖွင့်မှာလား'

'ဟုတ်ဘယ် ဦးမှာ'

'အမယ်လေး— ငါ့သူငယ်ချင်း ဆေးကျောင်းသူလေး 2nd M.B မှာ စာတွေများလို့ ဦးနှောက်ခြောက်ရမှာတွေး[illegible]း သနားလိုက်တာ၊ ထိပ်ထားရေ— စာအတွက်မဲ





ဦးနှောက်အခြောက်ခံနေဘိ၊ ရန်ကြီးအောင်အတွက် သိပ်ထည့်မစဉ်းစားနဲ့၊ ဖူးစာရှင်မှန်ရင် ပေါင်းရမှာပေါ့'

ဦးမှာပြောလို့မှ စကားမဆုံးခင် အပေါက်ဝကို မျက်နှာမူထားသော မျက်နှာပြင်တွင် အံ့ဩမှုကို ထင်စေသည်။ မေနှင့် သူမ သတိထားမိပေမယ့် ရိုင်းရာကျမှာစိုး၍ လှည့်ကြည့်ချင်စိတ်ကို မျိုသိပ်ကာ မျက်စပစ်မေးကြ၏။

ဒါပေမယ့် ဦးမှာရယ်၊ ဦးမှာ ဖွင့်မပြောခင်မှာ ထိပ်ထားဟာ ကျောခိုင်းထားရာမှ ပြတ်တက်သွားသော ဝင်လာသူနှစ်ဦးရဲ့ ကျောပြင်တွေကို မြင်ခွင့်ရတယ်။ တစ်ယောက်သောသူရဲ့ အသွင်အပြင်ဟာ သူမကို ဇဝေဇဝါဖြစ်စေ၍ သူမရဲ့ အေးစေခင်းကနေအထားရှိတဲ့ ခုံမှာ ဝင်ထိုင်သော မျက်နှာတစေ့င်းပုံစံသည်….။ သည်တာဒင်မှာ ထိပ်ထားရဲ့ ဝိညာဉ်သည် စကြဝဠာ၏ အပြင်ဘက်ကို လွင့်စဉ်သွားသည် ပမာ။

နှလုံးအိမ်ထဲက တစ်ခုခုရဲ့ ကွဲအက်သံ ကြားရခဲ့တယ်တဲ့လား။

'ထိပ်ထား မျက်ရည်မကျမိစေနဲ့'

ဟင့်အင်း…. ကျွန်မ မငိုပါဘူး မောင်။ မောင်က ရက်စက်နိုင်မှတော့ ကျွန်မက ခံနိုင်ရည်ရှိရမှာပေါ့။ ဒါဟာ မောင့်ဆီမှာ ရှုံးထားသမျှထဲက အကြီးမားဆုံးအရှုံးပို့.—။

ထိုး… မောင်က ရယ်မောနေပါရောလား။ မောင့်နံဘေးက အဖေဘ်လေးက မောင့်ကို ရယ်ရွှင်မှုတွေပေးစွမ်းစေ၊ စိတ်ပျော်မှုတွေ ဖန်တီးစေ၊ ကြည်နူးမှုတွေ ဖြစ်ပေါ်စေတယ်နော်။

'သွားတော့မလား ထိပ်ထား'

မေက အလိုက်တသိ။ ရပါတယ် မေ။ သူမက ခေါင်းခါလျက်—

'ဒီလို အဖြစ်အပျက်ကြုံခဲ့ရင် ဘယ်လို ရင်ဆိုင်ရမလဲ၊ ငါ ကြိုတင်ပြင်ဆင်ခဲ့ဖူးတယ်၊ ဒါကြောင့် ငါ ကြံ့ကြံ့ခံနိုင်ရည်ရှိပြုရလိမ့်မယ်၊ မေ့ရဲ့ ပျော်စရာမွေးနေ့ကို ဘာအကြောင်း တစ်စုံတစ်ရာရှိလို့မှ မဖျက်ဖူးခဲ့ထဲ့ ထုံးစံအရ မဖျက်ဘူး၊ ဒါ ငါ့ရဲ့ ဆုံးဖြတ်ချက်'

ဘုရားသခင်…။ မောင်က အမှတ်မထင် လှည့်အလိုက်မှာ သူမရှိ မျက်ဝန်းရွှေနဲ့ အဆုံတွင် မျက်နှာပြင်မှာ အပြောင်းအလဲမရှိ ရင်ဆိုင်နိုင်သည်တဲ့။

နံဘေးက လုပသူလေးဆီ တစ်စုံတစ်ရာလှည့်ပြောအပြီးတွင် သူမရှိရာဆီ မောင့်ရဲ့ ဟန်အတိုင်း မထိတရီအပြုံးဖြင့် လျှောက်လာခဲ့သည်။



'ကိုယ် ခဏထိုင်မယ်နော် ထား'

အားလုံးဆီ ဖေ့ကြည့်ပြီးမှ သူမထံ အကြည့်ကို ရပ်တည်ခွင့်တောင်း၏။

'ထားနဲ့ မတွေ့ရတာတောင် ကြာပြီ၊ ကိုယ့်ကိုလည်း ထားက ဘာအဆက်အသွယ်မှ မလုပ်ဘူး၊ ကိုယ် ဖုန်းဆက်တိုင်း ထားနဲ့မဆုံတော့ တခြားလူနဲ့ မပြောခဲ့ချင်လို့ ပြောစရာတွေ မပြောဖြစ်ဘူး၊ ကိုယ့်မှာ အခက်အခဲတွေ အများကြီး တွေ့နေတယ် ထားရယ်'

မောင်က အခက်အခဲဆိုတဲ့ စကားကို စိတ်ညစ်ညူးသံအပြည့်နှင့် ရေရွတ်သည်။ ထိပ်ထားဟာ မထင်မှတ်သောရင်ဆိုင်မှုတွင် သည်တစ်ခါတော့ ကြိုတင်ပြင်ဆင်ခဲ့ချိန် ရခဲ့သည်မို့—

'ကျွန်မသူငယ်ချင်း မေ့မွေးနေ့လေ၊ ဒါက ဥမ္မာတဲ့' အချစ်ဆုံး သူငယ်ချင်းတွေပေါ့'

'ဪ…. ထားပြောဖူးပါတယ်၊ လူတော့ အခုမှတွေ့ဖူးတာ၊ ထားကလည်းကွာ၊ ထား အပြင်ထွက်စရာရှိရင် ကိုယ့်ကို ကြိုပြောဖို့ မှာထားရဲ့သားနဲ့'

သူမသည် မောင့်ရဲ့ ချွတ်ယွင်းချက်တစ်ခုကို သိမြင်သွားသည်။ မောင်က တမင် မေ့ထားတာလား၊ သူမရဲ့ အမေး



Scanned by CamScanner

ကို စောင့်နေသည်လား အခန့်မှန်းမှုခက်စွာ သူ့ကို ဆက်သွယ်ဖို့ ကမ္ဘမှာခြင်း။ မောင့်ရဲ့ ချွတ်ယွင်းချက်က သူ့ဘက်က အလျှော့မပေးချင်သော စိတ်နဲ့ သူမဆီက စတင်ဆက်သွယ်ခြင်းကို လိုချင်သော စိတ်၊ သူ့မရဲ့ တင်းခံမှုကို ပြေလျှော့၊ ပြီးတော့ သူ့ဘက်က အဆက်အသွယ်ရနိုင်ဖို့ ဖုန်းနံပါတ်ဖြစ်ဖြစ် တောင်းယူ။ ဒါကို မောင် လိုလားနေတယ်ဆိုတာ သူမ ရိပ်မိလာခဲ့ပြီ။

'ထား'

ထိပ်ထားဟာ မေးဆတ်အပြတ္ထင်....

'ကိုယ် ကောင်မလေးတစ်ယောက်နဲ့ တွဲလာတယ်လေ ထားရဲ့၊ သဝန်တိုပြီး စိတ်ကောက်ပါသလား၊ ထားက သိပ်စိတ်ကောက်ကြည့်ချင်တယ်ဆို'

မောင်....ဒါဟာ ကျွန်မကို ရီတာလား၊ ခနဲ့တာလား။ ကျွန်မ မသိပေမယ့် အဲသည်အချိန်မှာ မောင့်ကို ကျွန်မရှေ့က ချောကလက်ဖျော်ရည်နဲ့ ပက်လိုက်ချင်စိတ်တွေ ပေါ်လာတာကိုတော့ မနည်း ချုပ်ထိန်းထားရတယ်။

'နောက်တစ်ပတ် ထားတို့ ကျောင်းပြန်ဖွင့်တော့မယ်နော်၊ ကိုယ် အဲဒီအခါကျရင် လာခဲ့မယ်၊ ထားကို ပြောပြ





စရာတွေ အများကြီးရှိတယ်၊ ထားကို တိုင်ပင်စရာတွေလည်း ရှိတယ်'

သူမသည် မောင့်ဆီက စကားများကို ဆက်မကြားချင်စိတ် ဖြစ်လာစဉ် မေနဲ့ဥမ္မာ စားပွဲထိုးကို လှမ်းခေါ်ပြီး ပိုက်ဆံရှင်းဖို့ ပြင်ဆင်သံကြားရသည်။

'ကျွန်မတို့ ပြန်တော့မယ်'

'ကောင်းပြီ၊ ကိုယ်လာခဲ့မယ် ထား'

မောင် ကျောခိုင်းမထင် သူမက မာနကြီးစွာထထွက်ဖို့ ဆုံးဖြတ်သည်။ သည်တစ်ခါ နိုင်ပါရစေ မောင်။ မောင့်ကို မသိမသာ အလျင်ကျောခိုင်းထွက်ခွင့် ရချင်သော အဖြစ်အပျက်ဟာ ကလေးဆန်အတွေးဖြစ်ပေမယ့် ကျွန်မက ကိုယ့်ကိုယ်ကို အနိုင်ရခြင်းလို့ ယူဆချင်ပါရဲ့။

'နင် ဘယ်လိုဆုံးဖြတ်မလဲ'

'ဖြစ်လာသလို ကြည့်ပြီးရင်ဆိုင်ရမှာပေါ့၊ ငါ ဒီအဖြစ်ကို ခံနိုင်ရည်ရှိရှိ ရင်ဆိုင်လိုက်ရတဲ့အတွက် ကိုယ့်ကိုယ်ကို ချီးကျူးမိတယ်၊ နောက်ထပ်လည်း....'

သူမက ရပ်တန့်ဖြတ်တောက်ပေမယ့် မေနှင့် ဥမ္မာသည် နားလည်စွာ ခေါင်းညိတ်ကြသည်။

ထိပ်ထားသည် အထက်တန်းကျောင်း မှာ နေစဉ်ကတည်းက ပြဿနာတစ်ရပ်ဆိုလျှင် လူပုံစံနှင့်မလိုက်စွာ ရဲရဲဝံ့ဝံ့ ဖြေရှင်းရဲသူ။ မှန်တယ်ထင်လျှင် နောက်မဆုတ်စတမ်း

အလျှော့မပေးတတ်သလို ဇွတ်လုပ်တတ်သူ။ သည်တစ်ခါလည်း ထိပ်ထားက အမှန်တရားတစ်ခုအတွက် တည်ကြည်ရဲဝံ့နေပြန်သတဲ့။

---✿---

2nd M.B စတက်တက်ချင်းတွင် ကြုံရသော ခက်ခဲနက်နဲသည့် ဆေးပညာများသည် ထိပ်ထားကို လက်ကမ်းကြိုဆိုသလို မောင့်ဆီက အခက်အခဲဆိုသော ပြဿနာများကလည်း သူမကို စောင့်ကြိုပြန်၏။

ကျောင်းစတက်ရသောနေ့၏ မနက်စောစောတွင် မောင်က ကျောင်းကို သူမထက်အလျင် ကြိုရောက်နေသည်။ ဖေဖေ့အား ထွက်သွားရာကို ရပ်ကြည့်ကျန်ခဲ့သော သူမဆီ မောင်က အလျင်ကလို ဟန်မူမပျက်စွာ...။

'ထား နောက်ကျတယ်၊ ကိုယ် ရှစ်နာရီခွဲကတည်းက ကြိုရောက်နေတာ၊ ဒီရောက်မှာ ကိုးနာရီမှာ စတက်ရမယ်ဆိုတာ သိတယ်၊ အခုတော့ စကားပြောလို့ မရတော့ဘူး၊ အတန်းတက်ဖို့ ငါးမိနစ်ပဲ လိုတော့တယ်ကွ'





စကားတွေ တောက်လျှောက် ပြောချသော သဏ္ဌာန်သည် ထိပ်ထားကို ဇဝေဇဝါ ဖြစ်စေပြန်၏။

'ထား အတန်းတက်ချင် သွားတက်လေ၊ ကိုယ် စောင့်နေပါမယ်'

'သဘောပဲလေ'

ဆေ့ဆိ အပြေးလိုက်လာရင်း အတန်း ဘယ်အချိန်ပြီးမလဲ မေးတော့ ဆယ့်တစ်နာရီ ဆိုတာနှင့် မောင့်ဆီ ပြန် အပြေးပြောရသည်။ အလုပ်များ ရှုပ်ထွေးနေသော သူမကို ဆေ့က ဥဘောတဂျ လှောင်ခြင်းကို အလျင်ကလို ကြည်နူးကျေနပ်မယ့်အစား ရင်ထဲမှာ တစ်ခုခုနဲ့ ထိုးနှက်လိုက်သလို တစစ်စစ် နာသွားခြင်းကိုကြိတ်မှိတ် မျိုချလိုက်သည်။

ထမင်းစားချိန်တွင် မောင်က သူ တစ်ချိန်လုံးထိုင်စောင့်ခဲ့ရကြောင်းကို သူမအား ဆီးပြောပေမယ့် ထိပ်ထားက အလျင်ကလောက် ပီတိမဖြစ်ပါတဲ့။ ခေမရဌ်ဆိုသော ဆိုင်ကလေးတွင် သူမနှင့်မောင်တို့ နေ့လယ်စာစားရင်း မောင့်၏ အခက်အခဲပြဿနာများ ဖွင့်ဟပွဲကို သူမ ရင်ဆိုင်ရ၏။

'ထား ဟိုတစ်နေ့က ကိုယ့်ကို အထင်လွဲမသွားဘူးလား'

သူမက မောင့်ကို ညစ်ချင်ဘာနှင့်....

'ဒါက မောင့် သဘောနဲ့ မောင် တွဲတာပဲ၊ ကျွန်မက တားမြစ်ခွင့်မှ မရှိတာ၊ အထင်လွဲတာ၊ သဝန်တိုတာတွေ ကျွန်မ ဝါသနာမပါဘူး'



Scanned by CamScanner

အသံကို ငြိမ်အောင်ထိန်းပြောကာ မောင့်မျက်နှာပြင်ကို လှေ့လာသည်။ ဒါပေမယ့် မောင်က သူမရဲ့ ခံစားချက်ကို သိနေသည့်အလား...

'ဒါပေမယ့် ကိုယ့်ကိုတော့ နောက်တစ်ယောက် ထပ်တွဲပြီလို့ ထားကထင်မှာပါ၊ အေးလေ....ကိုယ်က အရင်တုန်းက ရာဇဝင်ဟောင်းတွေ ရှိခဲ့ဖူးတာပဲ၊ ထားတော်ရဲ့ ဘယ်ယုံနိုင်ပါမလဲ၊ ထား ပတ်ဝန်းကျင်မှာ ကိုယ့်ကိုပြောကြမှာ၊ ဝေဖန်ကြမှာတွေ ထား ကြားနေမှာပေါ့'

'မောင် ဘာတွေလာပြောနေတာလဲ၊ ကျွန်မ စိတ်ညစ်လာပြီ၊ ကျွန်မ မောင့်ကိုချစ်ရတာ တစ်ခါမှ မှားတယ်လို့ မတွေးခဲ့ဖူးပါဘူး'

'ယုံပါတယ် ထားရယ်၊ ကိုယ် ဒါကြောင့်လည်း ထားကို မြတ်နိုးလေးစားခဲ့တာပေါ့၊ ဒါပေမယ့် ထား၊ ကိုယ်တစ်ခု မေးမယ်'

မောင်သည် သူမ၏ မျက်နှာတစ်ခြမ်းကို အုပ်ကွယ်နေစေသော ဆံနွယ်တချို့အား သူ့ လက်ချောင်းများနှင့် ဖယ်ကာ နားရွက်နောက်ထဲ ထိုးထည့်ပေး၏။ သူမ မငြင်းဆန်ချင်သော အပြုအမူကို မောင် ပေးရက်ပြန်ပြီကွယ်၊ ဒါတွေဟာ တစ်ချိန်ချိန်မှာ (သိပ်မကြာခင်မှာ) တမ်းတစရာတွေ ဖြစ်ကျန်ခဲ့လောက်တယ်။





'ထား ဗုဒ္ဓဘာသာဝင်အဖြစ် အမြဲရပ်တည်မှာ မဟုတ်လား'

'ဟုတ်တယ်လေ၊ ကျွန်မတို့က မြန်မာစစ်စစ် မိသားစုတွေမို့ မေးစရာတောင် မလိုဘူး'

'ကိုယ်ကလည်း ကပြား တစ်ယောက်မို့ ခရစ်ယာန်ဘာသာဝင်ဖြစ်ပေမယ့် ထားရဲ့ ဗုဒ္ဓဘာသာဝင် မြန်မာမလေး ဖြစ်နေမှုကို စိတ်အနှောင့်အယှက် မဖြစ်ပါဘူး၊ ဒါပေမယ့် ထားရယ်၊ မာမီတို့က ကိုယ့်ပြောပြချက်ကို လက်မခံကြဘူး၊ အဲဒီအတွက် ကိုယ်စိတ်ညစ်နေတယ်'

ဩော်...မောင်က သူမနဲ့ကိစ္စကို မိဘတွေအထိ တင်ပြခဲ့ပြီးပြီတဲ့လား။ ကျွန်မတော့ မတွေးတတ်သေး အဖြစ်အပျက်များအတွက် ရှုံးသွပ်ရတော့မယ် ထင်၏။

'ကိုယ်သိပါတယ်၊ မာမီတို့က အရင်ကတည်းက သဘောကျနေတဲ့ ခရစ်(စ)တီနာနဲ့ လက်ထပ်စေချင်လို့ ထားကို အကြောင်းရှာတာ၊ တကယ်ဆို နှစ်ယောက်ကြားမှာ နားလည်မှုရှိရင် ဘာသာရေးကို ရေးကြီးခွင်ကျယ် အပြစ်လုပ်စရာ မရှိပါဘူး၊ တခြားမိသားစုတွေအဲ့လိုလည်း ဒီလိုရှိကြတာပဲ၊ နေဦး...ထား၊ ဟော — ကိုယ်ပြောတာကို ထားက ဂရုစိုက်လေကဲ့၊ ဟိုဟိုကို ထား ဘာစိတ်ကူးနေလို့ တည်တည်ကြီး လှုပ်နေတာလဲ၊ ကိုယ် ရိပ်မိနေသယ်'



Book Sharing

Scanned by CamScanner

'မောင်ပြောနေတာတွေက ဘာအကြောင်းကို ပြောတာလဲ၊ ကျွန်မ နားမလည်ဘူး'

တကယ်ပါ မောင်။ မောင်ပြောတဲ့ အခက်အခဲဆိုတာ ခရစ်(စ)ထီနာနဲ့ မောင့်ကို မောင့်မိဘတွေ သဘောတူတာ၊ ကျွန်မကို သဘောမတူတာ၊ ကျွန်မနဲ့ မောင်နဲ့ ဘာသာတူ မဟုတ်ခြင်းကို အပြစ်တင်တာ၊ ဒါတွေလို့တော့ ကျွန်မ မထင်ဘူး။ ဒါဟာ ကျွန်မတို့ နှစ်ယောက်အတွက် အဓိက မဟုတ်ဘူးလေ။ နှစ်ယောက်ချစ်ခြင်း ခိုင်မြဲနေခဲ့မယ်ဆိုရင် အရာရာကို စိုးရွံ့နေဖို့ လိုမယ်မထင်ခဲ့ပါ မောင်။

မောင်သည် သူမရဲ့စားပွဲပေါ်တင်ထားသော လက်ဖဝါး နှစ်ဖက်ကို သူ့လက်ဖဝါးနှစ်ဖက်ဖြင့်အုပ်ကိုင်ဆုပ်ညှစ်ရင်း—

'ထား...ခုထိ ကိုယ့်ကိုမယုံသေးဘူးဆိုတာ ကိုယ်သိတယ်၊ ဒါပေမယ့် ကိုယ့်ကိုလည်း ထားက သိပ်ချစ်နေတယ်ဆိုတာလည်း ရိပ်မိနေတဲ့အတွက် ကိုယ် ထားကို ပိုချစ်ရတယ်၊ ဒါကြောင့် ကိုယ့်ဘဝမှာ တစ်ခါမှ မလုပ်ဖူးတဲ့ မာမီတို့ကို ဖွင့်ပြောမိတဲ့အထိတောင် ဖြစ်သွားရလို့ မာမီတို့ ထားနဲ့ အကြောင်း သိသွားကြတာ၊ အရင်က ကိုယ် ဘယ်လောက် တွဲတွဲ အိမ်ကလူတွေလည်း သိချင်သိ၊ မသိချင်နေ အရေးတယူ မပြောပြလို့ ကိုယ့်ဘက်က မလေးနက်မှန်း သိပြီး သူတို့က စိတ်ချထားကြတယ်၊ အခု ကိုယ်က ဒီကိစ္စကို စတင်ဆွေးနွေး





လာတော့ မာမီနဲ့ ရင်ဆိုင်ရပြီပေါ့၊ ဟိုးတစ်နေ့က ကိုယ်နဲ့ Empire ဆိုင်ထဲကို အတူတူတွဲဝင်လာတဲ့သူက ခရစ်(စ)တီနာ လေ၊ ကိုယ်တို့က ငယ်ငယ်ကတည်းက ခင်ကြသလို မိဘချင်း လည်း သဘောတူထားကြတာ နှစ်ယောက်လုံးအသိ၊ ဒါပေမယ့် သူလည်း သူလုပ်ချင်တာလုပ်၊ ကိုယ်လည်း ကိုယ်လုပ်ချင်တာလုပ်ဆိုပြီး နားလည်ထားကြတယ်....

'တီနာက ထားနဲ့ ကိုယ့်အကြောင်းကို ပြောပြထားလို့ သိထားတယ်၊ ထားကိုလည်း တွေ့ရော သဘောကျပြီး ကိုယ့်ကို ထားနဲ့ လက်တွဲဖို့တောင် တိုက်တွန်းသေးတယ်၊ ကိုယ်တို့က ငယ်သူငယ်ချင်းတွေမို့ နားလည်ကြပေမယ့် မာမီတို့က အကင်းအကျပ် ဖြစ်နေတယ် ထားရယ်၊ ကိုယ် ခုလောလောဆယ် ဘာလုပ်ရမှန်း မသိအောင် စိတ်ရှုပ်နေရတယ်'

'မောင်က ဘာဖြစ်လို့ စိတ်ရှုပ်ရတာလဲ'

'ထားနဲ့ မခွဲချင်ဘူး၊ ထားကို ကိုယ် ပိုင်ဆိုင်ခွင့်မရမှာ စိုးတယ်'

ဒါဟာ စစ်မှန်သော ချစ်ခြင်းကိုမှ ပေးဆပ်တတ်တဲ့ ထိုပ်ထားရဲ့ ရလဒ်ပေါ့နော်။ မောင့်ရဲ့ အမူအရာ၊ စကား အသွားအလာတွေနဲ့အတူ အားလုံးကို သူမက အမှတ်



Scanned by CamScanner

သည်းခြေမရှိဘဲ ချစ်ခြင်းတစ်ခုတည်းနဲ့ ယုံကြည်၊ စိမ့်ဝင် နှစ်သိမ့်တော့သည်။

ထိပ်ထားဟာ မောင့်ဆီမှာ အာဥ်အမြဲ ရှုံးကြွေးကို ပေးနေရသူပါပဲ သည်တစ်ခါလည်း မောင့်ထံမှာ ရှုံးနိမ့်ပြန်သတဲ့လား။ သွားစမ်းပါ။ ဒါဟာ ရှုံးနိမ့်ခြင်းလို့ မပည်ခဲ့ဘူးရနော်။ မောင့်ဆီက တန်ဖိုးရှိသော အချစ်ကို ရရှိသော မိန်းမတစ်ယောက်ရဲ့ အနိုင်ရမှု။

'ထား....ဘာအကြောင်းတစ်ခုခုပဲ ဖြစ်လာပါစေ၊ ကိုယ့်ဘက်မှာ ထား ရပ်တည်ပေးနော်၊ ကိုယ်က ထားနဲ့အတူတူ ရင်ဆိုင်ချင်တယ်'

'မောင် ဘာတွေဖြစ်တော့မှာမို့လိုလဲဟင်၊ ကျွန်မ သိခွင့်ရှိမလား'

မောင်သည် ဘာစကားတစ်ခွန်းမှ မဆို။ သူ့ရဲ့ Arrow ရှပ်အပြာဖျော့လေး ဖိတ်ကပ်ထဲက ဘူးတစ်ခုကို နှိုက်ယူ၊ ဘူးအဖုံးကိုဖွင့်ပြီး အဲဲကပစ္စည်းတစ်ခုကို....အိုး....လှပသော ရွှေမြောင်ကွင်း လက်စွပ်နှင်ကွင်းက ဆင်တူဖြစ်သည်။ သူမရဲ့မျက်စိရှေ့ ထိုးအပြတွင် ကွင်းကလေးတစ်ခုစီမှာ မောင် သူမဆီက အဖြေရရှိသောနေ့သည် အမှတ်တရ ထင်းခနဲ ပေါ်လွင်လေသည်။

မောင်က သူမရဲ့ ဘယ်ဘက် လက်သူကြွယ်တွင် လက်စွပ်ကို ခပ်ဖြည်းဖြည်း စွပ်ပေးရင်း....





'ထား....ကိုယ်တို့ နှစ်ယောက်ရဲ့ တရားဝင် အသိအမှတ်ပြုမှုအဖြစ် ဒီလက်စွပ်ကလေးကို အမြဲဝတ်ထားနော်၊ ထားကလည်း ကိုယ့်ကို ပြန်ဝတ်ပေး'

'မောင်....ဘာတွေလဲ၊ ပြောပါဦး၊ ကျွန်မ နားမလည်နိုင်တော့ဘူး'

'ကိုယ့်ကို တီနာနဲ့ လူသိရှင်ကြား စေ့စပ်ပေးဖို့ ပြင်နေကြပြီ ထား၊ ထား အထင်မလွဲရအောင် ကိုယ်ပြင်ဆင်ထားခဲ့တာ၊ ထားနဲ့ ကိုယ် လက်ထပ်ကြမယ့် အကြိုအဖြစ် ဒါလေးကို ခုနှိုက်တာလေ၊ ဟဲ ဟဲ....'

'မဖြစ်နိုင်တာ'

'မငြင်းပါနဲ့ ထားရယ်၊ ထားဟာ ကိုယ့်ဇနီး ဖြစ်နေမှ မာမိတို့ရော တီနာ့မိဘတွေကပါ နောက်ဆုတ်ကြမှာ၊ ဒီလမ်းကလွဲရင် တခြားလမ်း မရှိတော့ဘူး'

မဟုတ်သေးပါဘူး။ ထိပ်ထား ဆိုသော မိန်းမ တစ်ယောက် မျှော်လင့်ထားတာ သည်လိုအခြေအနေမျိုးတွေမှ မဟုတ်ခဲ့သေးတာ။ ဟင့်အင်း...မောင်၊ကျွန်မ မိဘမျက်နှာ အိုးမဲသုတ်တဲ့သမီးတစ်ယောက်၊ ညီမလေးတွေကို ရှေ့က လမ်းဖြောင့်ဖြောင့် လျှောက်မပြသော မိုက်မဲတဲ့ အစ်မကြီး တစ်ယောက်၊ သူဌေးသား တစ်ယောက်ကို လက်လွှတ် မခံနိုင်သော ငွေမက်တဲ့မိန်းမတစ်ယောက်အဖြစ် ပတ်ဝန်းကျင်ကဲ့ရဲ့ခြင်းမှာ အဖြစ်မခံ[illegible]ဘူး။ ကိုယ့်ကို မလိုလားသော မိသားစုစာစ်စုအတွင်းကို မျက်နှာပြောင်တိုက်ဝင်ဖို့ မစဉ်း

စားခဲ့ဘူး။ မိန်းမတစ်ယောက်ရဲ့မာနဆိုတာ ကိုယ့်အပေါ် တန်ဖိုးမြင့်တင်မှုလည်း ဖြစ်တယ် မောင်။

'ထား...'

မောင့်ထံမှကြေကွဲဆို့နစ်သံဖြင့် တောင်းပန်မျက်ဝန်းကို ရင်ဆိုင်တွေ့ကြုံရ၏။ သူမရဲ့ မျက်နှာအရိပ်အကဲတို့ကို သိနိုင်လွန်းသော မောင်ဟာ သူမကို အမှန်တကယ် မြတ်နိုးသူအဖြစ် သိရှိရခြင်းအတွက် ကျေနပ်သော ထိပ်ထားသည် အရည်ဝေ့သောမျက်ဝန်းဖြင့် ပြန်လည်စိုက်ကြည့်ကာ နှုတ်ခမ်းကို တွန့်ချိုးပြုံးပြခိုက်....

'ထားရယ်....ထား မာနကြီးတယ်ဆိုတာ သူများအပြောကို မယုံခဲ့ပေမယ့် အခု ကိုယ်ယုံသွားရပြီ၊ ထား စဉ်းစားပါဦးနော်၊ ကိုယ့်ကို ထား သိပ်ချစ်တယ်ဆိုရင် ကိုယ်ကလည်း ထားကို သိပ်ချစ်မှန်းသိရင် ဆုံးဖြတ်ချက် တစ်ခုကို ထားရဲ့မာနတွေ မပါဘဲ ဆုံးဖြတ်ပေးပါ၊ ကဲ.... ခုလောလောဆယ်တော့ ကိုယ့်ကို ဒီလက်စွပ်လေး ဝတ်ပေး'

ပျက်ယွင်းထိခိုက်သော မောင့် သဏ္ဌာန်ကို ရင်ထဲမှာ စူးအောင့်ဆို့နင့်နေလျက် မောင့်အလိုကျ သူ့ရဲ့ ဘယ်လက်သူကြွယ်မှာ လက်စွပ်ကို ယူစွပ်ပေး၏။ အိုး....မောင်၊ ဘယ်လိုလုပ်လိုက်တာလဲ။ ဆိုင်ထဲကလူတွေ မြင်သွားခဲ့ရင်...။ ဟင့်အင်း.... မောင်ရယ်၊ သည့်လိုမျိုး လှည့်ဖြားမှုတွေနဲ့ ကျွန်မရဲ့ ဆုံးဖြတ်ချက်ကို မရယူပါနဲ့။ မောင့် နှုတ်ခမ်းဆီမှာ ရောက်နေသော သူမ၏ ဘယ်လက်ဖဝါးကို ပြန်ဆွဲယူတော့....





'မလွှတ်တော့ဘူး ထားရယ်၊ ထား လက်ကို ဒီလိုပဲ တစ်သက်လုံး တွဲထားပါရစေ'

မောင်သည် လက်တစ်ဖက်တည်းဖြင့် ကားကို ကျင်လည်စွာ မောင်း၊ ကျန်တစ်ဖက်ကတော့ သူမ၏ လက်ဖျားလေးကို ဆုပ်ကိုင်ဖျစ်ညှစ်၊ လှည်းတန်းမီးပွိုင့်မှာ အကြာကြီး ရပ်ရတော့ သူမရဲ့ နဖူးဆံစပ်ဆီ လှည့်နမ်းနှင့် ထိုပ်ထား၏ မာနများကို ဖြိုခွဲစနေသည်လား။ Laura Brannigan ကတော့ 'Cause I'm youn laday... And you're my man' လို့ မောင့်ကား ကက်ဆက်ထဲကနေ နှစ်ဦးသားရဲ့ ချစ်ခြင်းကို ဖွဲ့ဆိုနေတယ် မောင်။



Scanned by CamScanner

( ၈ )

'ဒါ တကယ်ပဲလားဟင် ထား'

'ကျွန်မ ပြောပြီးသားစကားကို မပြင်တတ်ဘူးဆိုတာ မောင် သိပါတယ်'

ခေါင်းငိုက်စိုက်ချကာ မောင်က နာကျင် ထိခိုက်ဟန် ပြပေမယ့် သူမက ကြိုတင်မျှော်လင့်ထားသည်မို့ မတုန်လှုပ်ခဲ့ပါ။ သည်အဆုံးအဖြတ်ကိုချဖို့ စတင် ရည်ရွယ်ကတည်းက သူမ ကိုယ်တိုင်လည်း အကြိမ်ကြိမ်အဖန်ဖန် ငိုကြွေးရင်း မောင့်ထက်ပိုသော နာကျင်ထိခိုက်ခြင်း၊ မာနနဲ့ ချစ်ချင်း အားပြိုင်မှုမှာ ရှုံးသွပ်ချောက်ချားရင်း ညပေါင်း များစွာ ကုန်ဆုံးခဲ့ရပြီးပြီပဲ။





'ရက်စက်တယ် ထားရယ်'

'ကျွန်မ မောင့်ကို ရက်စက်တာ မဟုတ်ပါဘူး၊ မာနကို အလေးထားတာပါ၊ မောင့်မိဘတွေက ကျွန်မလို မိန်းမ တစ်ယောက်ကို လိုလိုလားလား လက်ခံချင်ခဲ့တာမှ မဟုတ်ဘာ၊ ကျွန်မက မျက်နှာပြောင်တိုက်ပြီး သူတို့သားကို လက်ထပ်မယ်ဆိုရင် ကျွန်မ ဘဝသက်လုံး ဒီတံဆင်းရဲသွားရလိမ့်မယ်၊ ပြောစရာ အမှတ်တစ်ခုလည်း ဖြစ်သွားလိမ့်မယ်၊ နောက်ပြီး ဖေဖေနဲ့ မေမေကလည်း သမီးတစ်ယောက်ကို တန်ဖိုးရှိရှိ တောင်းရမ်း လက်ထပ်ခံရခြင်းကို လိုလားမှာမို့ —'

'ဒါဆို အခုဆန္ဒက ထားရဲ့ ဆန္ဒလား၊ ထား မိဘတွေရဲ့ ဆန္ဒကို တင်ပြတာလား'

'ဟင့်အင်း.... ကျွန်မ တင်ပြတာ မဟုတ်ဘူး မောင်၊ ကျွန်မတို့ မျိုးရိုးစဉ်ဆက်ရဲ့ သဘောတရားကို ပြောပြတာ'

'ထားက ကိုယ်လုပ်မပေးနိုင်တဲ့ ကိစ္စကိုလည်း တောင်းဆိုတယ်၊ ကိုယ်က မလိုက်လျောနိုင်တော့လည်း ကိုယ့်ဘက်ကို မငဲ့ပြန်ဘူး'

မောင်က နာနာကြည်းကြည်း သူမကို အပြစ်တင်သလို လား။ ရပါတယ်ကွယ်၊ ဒါကို သူမ ကြားရလိမ့်မယ်လို့ ထင်ထားခဲ့တာပဲ။ အစကတည်းက မောင့်ရဲ့ အခက်အခဲတွေ

ကိုကြားထားပြီးသား ဖြစ်တာတောင် မောင့်ကို ကျွန်မ အကျပ်ကိုင်တာ မဟုတ်ပါဘူး။ ကျွန်မက မောင့်ကို လက်မတွဲရလို့ အသက်သေချင် သေသွားပါစေ၊ ကျွန်မကို မလိုလားဘူး ဆိုသော အဖြစ်အတွက် ခံပြင်းကြေကွဲခဲ့တယ် မောင်။

သူမသည် မောင့်ပခုံးကို ခေါင်းမှီချ၍ မောင့်ကို ဖြစ်လာသော အခြေအနေများအတွက် စိတ်ဖြေနိုင်ဖို့ နှစ်သိမ့်ဟန်ပြင်စဉ်—

'တော်တော့၊ ထားရယ်.... ကိုယ့်ဆန္ဒဖြစ်တဲ့ နှစ်ဦးသဘောတူ လက်ထပ်ဖို့ကိစ္စကိုတော့ ထားက ငြင်းပယ်ရုံတင်မက ထားဆီက တောင်းဆိုမှုတွေနဲ့ ကိုယ့်ကို လှောင်သွားဆောင် စေစားပြီးမှတော့ ကိုယ် ဘယ်လိုဖြေသိမ့်နိုင်မှာလဲ၊ ထားနဲ့ကိုယ် ဝေးသွားကြတော့မယ်လေ၊ ထားက ကိုယ်နဲ့ ခွဲနိုင်လို့လား၊ ကိုယ်နဲ့ထားနဲ့ တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ကြတယ်လေကွာ'

ဟင့်အင်း... မောင်ရယ်၊ ကျွန်မရဲ့ ချစ်ခြင်းကိုမှ မောင်နားမလည်သေးတာဘဲ၊ ထားနဲ့တောင် ခုချိန်မှာ ဝေးသွားရပေမယ့် ချစ်ခြင်းမှန်ရင် ပြန်လည်ဆုံတွေ့ ပေါင်းစည်းနိုင်ရမှာပေါ့၊ ဒါမှမဟုတ် မောင်နဲ့ ထာဝရ ဝေးသွားရမယ်ဆိုရင်လည်း ကျွန်မက မောင့်ကို ချစ်နေရခြင်းနဲ့ ဖြေသိမ့်ပျော်ရွှင်နိုင်ပါတယ်။





'ထား ကိုယ်တို့ လက်ထပ်ကြမယ်နော်'

'ဆောရီး မောင်'

'ဒါဆို ထားက ကိုယ့်ကို အပျော်ချစ်ခဲ့တာပေါ့၊ ကိုယ့်ကို လက်ထပ်ဖို့ သိပ်ငြင်းဆန်နေတယ်'

'ကျွန်မ လိုချင်တဲ့ ပုံစံမျိုးနဲ့ လက်ထပ်ခြင်းမှ မဟုတ်တာ မောင်၊ ဒီ့အတွက် ကျွန်မကို ခွင့်လွှတ်ပါ၊ မောင့်ကို— မောင့်ကို ကျွန်မ သိပ်ချစ်တယ် ဆိုတာတော့—'

ဆတ်ခနဲ မောင် ထရပ်တော့ သူမ ထိတ်လန့်တကြား မော့ကြည့်၊ ပြီးတော့ မောင့်ရဲ့ ခက်ထန်တင်းမာသော၊ ထိမထင်မှုပြည့်လျှမ်းသည့် ခနဲ့ဆဲတဲ့ပြုံးသော၊ ပေါက်ကွဲဖြိုမျက်မှုကို အယောင်ဆောင်သော မျက်နှာပြင်ကို မမြင်ရက်၍ ပြန်လည်ငုံ့ချ တိတ်ဆိတ်နာကျင်တော့သည်။

ကျွန်မဟာ အညတရ မဟုတ်ဘူး။ ပညာမဲ့ မိန်းမ တစ်ယောက် မဟုတ်ဘူး၊ အကျည်းတန် မိန်းမတစ်ယောက်လည်း မဟုတ်ဘူး။ မိဘမျိုးရိုးညံ့တဲ့ မိန်းမလည်း မဟုတ်ခဲ့ဘူး။ အစစအရာရာ ပြည့်စုံသော အသိုက်အဝန်းမှာ အဆင့်အတန်းမြင့်မားတဲ့ ပညာရပ်ကို သင်နေတဲ့ အလုတာရုံးတို့ကြောင့် မာနကြီးဂုဏ်ယူနေတဲ့ မိန်းမတစ်ယောက်မို့လို့ မောင့်မိဘတွေရဲ့ သဘောမတူနိုင်ဘူးဆိုသော စကား



Book Sharing

Scanned by CamScanner

ကို ထပ်ဖန်တလဲလဲ ကြားယောင်ကာ မာကျောဘင်းမှာ ခဲ့ရဘာပါ မောင်။

မောင့်ကို ချစ်ပါသည်၊ မောင့်ရဲ့ ချစ်ခြင်းကိုလည်း ကျေနပ်ပါသည်. ဒါပေမယ့် ကျွန်မဟာ မောင့်ကို ဆုံးရှုံးရရင် ဆုံးရှုံးရပါစေမှတော့။ ချထားပြီးတဲ့ ဆုံးဖြတ်ချက်တစ်ခုကို ဘယ်တော့မှ မပြင်ဘူတော့သူမို့....

'ကောင်းပြီလေ၊ ကိုယ် ခံနိုင်ရည်ရှိအောင် ကြိုးစားနေပါ့မယ်၊ ထား ရက်စက်တယ်'

နောက်ဆုံးစကားတစ်ခွန်းနှင့်အတူ မောင်သည် ထိပ်ထား၏ ဘဝထဲမှ ခုက်ပေါင်းများစွာ ပျောက်ဆုံးသွားခဲ့သည်။ သူမသည် အောင်လိုက်၊ ကျလိုက်ဖြစ်သော စာမေးပွဲသံသရာထဲမှာ လည်ရင်း၊ မောင့်ကိုဆုံးရှုံးရခြင်းကို ထိခိုက်၊ မျိုသိပ်၊ ကြေကွဲရင်း အလင်းမဲ့သော၊ နိဝါန်းမှလွဲသော နံနက်ခင်းများ၏ ပန်းချီကားတစ်ခုကို ပိုင်ဆိုင်ရသူပမာ...။

—❀—

ထဲလိုသံကြောင့် ကျက်လက်စစာအုပ်ကိုချရင်း တံခါးပေါက်ဆီ လာခဲ့သည်။ တစ်အိမ်လုံး အမျိုးတွေအိပ် သွားလည်ပြီ





ပေမယ့် သူမကတော့ 2nd M.B ကျောင်းသူပီပီ ဖြေဆိုရန်အသင့်စောင့်ဆိုင်းနေသော စာမေးပွဲများအတွက် ညနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်သည် စာကျက်ရခြင်းဖြင့် ကုန်ဆုံး ဖြစ်ရတော့သည်။

အတွင်းက ခြင်လုံသံဇကာခံထားသော တံခါးကို ဖွင့်အပြီးတွင် အပြင်က ဘာလျှာတံခါးတစ်ထပ် ကျန်သည်။ တံခါးပေါက်များကြားမှ မြင်ရသော ကိုယ်ကို သူမက ဝမ်းသာအားရ နှုတ်ဆက်သည်။

'ကိုယ်'

'ကိုယ် လုပ်မနေနဲ့၊ တံခါးမြန်မြန်ဖွင့်စမ်း၊ ညည်းကို ပြစရာရှိတယ်'

အောင်ပေါက်ဆူပူဟန်ပြင်နေသော ကိုယ့်ကို အံ့အားတကြီး ဖြစ်၏။ ခပ်ပျော်ပျော်ပြင်နေရမြဲဖြစ်သော ကိုယ်သည် ဆည်တစ်ခါတော့ မျက်မှောင်ကြုတ်၊ အံကြိတ်ကာ ထိပ်ထားသည် သူမ မသိသေးသော ကိစ္စတစ်ခုအတွက် ကိုယ် ကြုံတင် ဒေါသဖြစ်နေခြင်းကို စတင်မေးရပါ။

'ငါ ရှက်တယ် မိထိပ်ထားရဲ့၊ ငါ ရှက်တယ်၊ နင်ကြောင့် အရှက်ကွဲပြီ'

'ကိုယ် ကျွန်မနဲ့ ပင်းသက်ပြီး ဘာဖြစ်လာလို့လဲ၊ ကျွန်မကြောင့် ဘာတွေများ နစ်နာစရာတွေရှိလာလို့လဲ'

'ဘာဖြစ်ရမလဲ၊ ဒီမှာ သတင်းစာယူဖတ်ကြည့်စမ်း'

စားပွဲပေါ်မှာ အဆင်သင့်တွေ့ရသော သတင်းစာကို ကောက်ယူ၍ နောက်ဘက်ကြော်ငြာစာမျက်နှာကို လှန်လှော ပြသ၏။

ကြော်…မောင်က သူမကို ထာဝရ ထားခဲ့ဖို့ ကြေညာ လိုက်ပြီပဲကွယ်။ မျှော်လင့်ထားသော သတင်း တစ်ခုကို တကယ့်တကယ် မျက်ဝါးထင်ထင် ရင်ဆိုင်လိုက်ရသောအခါ သူမသည် မျက်နှာပြင်ကို ယောင်ယမ်းပွတ်မိခဉ် ပူနွေးသော မျက်ရည်စက်တို့၏ အာဝိအငွေ့ကို ခံစားရရှိ၏။

'ငါကတော့ ညီမတစ်ယောက်ရဲ့ချစ်သူအဖြစ် ဗိကောင့် အကြောင်းတွေ သိနေတာတောင် ခွင့်လွှတ်ပြီးဆက်ဆံနိုင် ခဲ့တယ်၊လေ့လာကြည့်တော့လည်း နင်တို့နှစ်ယောက် တကယ် ချစ်မြတ်နိုးကြတယ်လို့ အတပ်ပြောနိုင်သလို ရန်ကြီးအောင် ကလည်း ခြေငြိမ်ငြိမ်နဲ့ နင့်တစ်ယောက်တည်းပဲ တွဲတာတွေ့လို့ အားလုံးက နင့်ကိုကံကောင်းတယ်တဲ့၊ ငါ့သူငယ်ချင်းတွေ ထဲက နင့်ကုံ လိုက်ခဲ့ဖူးတဲ့ကောင်တွေကလည်း အဖြဲ သထိ ထားကြည့်နေကြတာ၊အခုတော့ ငါ့အရှက်ကွဲပြ၊တောက်– ဝါ အရမ်းခံပြင်းတယ်'





'သူ့မှာ အပြစ်မရှိပါဘူး'
'ဘာ….'

ဆောင့်ကြီး အောင့်ကြီး အော်ချလိုက်သောကြောင့် သူမ တုန်သွားရလောက်အောင် ကိုယ့်ကို ကြောက်သွားမိ သည်။ ကိုယ်သည် အနေ မတည်ဘဲ ရယ်ရယ်မောမော နောက်ပြောင်နေတတ်သူပေမယ့် ဆူစရာ ငေါက်စရာရှိလျှင် တော့ တစ်ခါတစ်ရံ လက်ပါသည်အထိ။

'ငါကိုယ်တိုင်ကလည်း အာချောင်ပြီး 'မင်းတို့ကျန်ရစ် ဖြစ်ပြီ'လို့ ဟိုကောင်တွေကို ခဏခဏ ကလိဖူးတော့ ချဉ် နေရတဲ့အထဲ ဗိကောင်က တခြား ကောင်မလေး တစ် ယောက်ကို လူသိရှင်ကြား စေ့စပ်သွားတော့ ငါ့ကို ခနဲ့ ချင်ကြတာပေါ့၊ အဲဒါ အဓိကတရားခံ ဟိုကောင် သစ္စာ မရှိလို့ ဖြစ်တာမဟုတ်လို့ ဘာလဲ၊ ပြောစမ်းပါ'

'သူ ကျွန်မကို ဒီကိစ္စတွေအားလုံး အသိပေးပြီး ဆွေး နွေးပါတယ်'

'ဟင်….နင်က အဲဒါ ဘာမှပြန်မပြောခဲ့ဘူးလား'

ကိုယ်မသိသေးသော သူမ၏မာနကိုထိပါးခံရမှုအား တည်ငြိမ်အောင်ကြိုးစားပြောပြပေမယ့် ရင်ထဲမှာ ဘစ်စစီ ပဲ ကြွေစပြုလာသော တစ်စုံတစ်ခု၏ ကြေကွဲခြင်း အသံကို ကြိတ်မှိတ်မျိုချရ၏။

အကြောင်းအရာတစ်ခုဆုံးတိုင်း ပိုမိုစက်ထန်လာသော ကိုယ့်သွင်ပြင်သည် ညီမဖြစ်သူအတွက် ခံပြင်းခြင်းများ၊ မောင့်မိဘတွေရဲ့ ငွေဂုဏ် မောက်မာသော အထင်သေးမှုကို နာကျင်ခြင်းများ၊ သူမ၏ ဖွင့်ဟဝန်ခံသော ခံစားချက်နဲ့အတူ မာနကို အရောင်တင်မှုအတွက် မှန်တယ်ဟု ထင်မြင်မှုများဖြင့် ရောပြွမ်းပေါင်းမာတော့သည်။

'ဒီကောင်အသုံးမကျတာကြောင့် ဒီလိုဖြစ်ရတာလည်း ပါတယ်လေ၊ ကာကယ်ဆို စေ့စပ်တဲ့အထိ မဖြစ်လာရအောင် ကောင် ဒီကောင့်အိမ်ကို တင်းခိုင်ရမယ်၊ ရန်ကြီးအောင် ကိုယ်တိုင်ကလည်း နင့်ကို တကယ်မေတ္တာမရှိလို့ဖြစ်မှာပေါ့ ထိပ်ထားရဲ့'

'အဲဒါတော့ မဟုတ်ဘူး၊ ကျွန်မ သူ့ကိုယုံတယ်၊ ကျွန်မကို လက်ထပ်ကြဖို့ အကြိမ်ကြိမ်တောင်းပန်ပါတယ်၊ ကျွန်မကသာ....'

'အေးလေ... နင်လုပ်တာ မှန်တယ်၊ ဟိုကောင့်ကိုသာ ငါ မကျေနပ်တာ၊ တစ်နေ့ ငါနဲ့တွေ့မယ်'

ဘုရားရေ...ကိုယ်ဟာ မောင့်ကို ဘာ့လို့များ အမုန်းပွားချင်ရသည်လဲ။ မောင်ဟာ....ထားရဲ့မောင်ဟာ မိုးသားစွာ ချစ်ခဲ့သူတစ်ယောက်။ သူမကို အမှန်တကယ်မြတ်နိုးခဲ့သူတစ်ယောက်။ နောက်ဆုံး တွေ့ခဲ့ရသော နေ့က မောင့်ရဲ့ ထို့နှင့် ကြေကွဲရိပ် လွှမ်းသော မျက်နှာပြင်သည် သူမကို အခါများစွာ ခြောက်လှန့်နေဆဲ ဖြစ်သည်။





'ငါမှာတော့ ဟိုကောင်တွေကို မျက်နှာ မပြရဲအောင် အရှက်ကြီးပြီတယ်၊ ညည်း မာနကြီးတာ၊ အနေတည်တာ လှတာတွေကြောင့် ငါမှာ ဂုဏ်ယူရသလို တည်တည်တံ့တံ့ ချစ်သူတစ်ယောက် ရတာလည်း ငါ အဖြစ်မပြောတဲ့အပြင် ကျေနပ်ခဲ့သေးပေမယ့် ဒီလို သစ္စာမရှိတဲ့ကောင်မျိုး ဆိုရင်တော့ တစ်သက် မကျေနပ်ဘူး၊ ထိပ်ထား....ဘာအကြောင်းနဲ့မှ ဒီကောင်သိကို လာဆက်သွယ်ပါစေ၊ နင်မြန်မြန် ဆက်ဆံနဲ့နေ၊ ကိုယ့်ဘက်က နစ်နာမယ်၊ လူ ပြောစရာဖြစ်မယ်၊ အခုဆို ရန်ကြီးအောင်က လူသိ ရှင်ကြား စေ့စပ်ပြီးတဲ့ လူတစ်ယောက်ဖြစ်နေပြီ၊ မိတ်ဆွေလို ဆက်ဆံသည်ဖြစ်စေ၊ အချင်က ထိပူးတယ်ဆိုတဲ့အဖြစ်ကြောင့် ဘယ်သူ့မှ အမြင်ရှင်းမှာ မဟုတ်ဘူး'

'ကျွန်မ နားလည်ပါတယ်'

သည်စကားနဲ့အတူ ထိပ်ထားသည် ဆုံးဖြတ်ချက်တစ်ခုကို ကျေကျေနပ်နပ် ချလိုက်ရခြင်းအတွက် အမှန်၊အမှား ဝေဖန်ပိုင်းခြားခြင်းများလည်း ကင်းစင်လျက်။

ကြောင်ဝေးတွေဝေစွာ ပလ္လင်မယှက် ထိုင်ခနေခဲ့မိသည်မှာ မိနစ်များစွာ။ လမ်းခွဲမှုဆိုတာ ထိပ်တိုက် ကြုံဆုံရပြန်တော့ ထိပ်ထားသည် ကြိုတင်ပြင်ဆင်ထားခဲ့သော်လည်း ပြင်းပြင်းထန်ထန် ထိုးကျက်ရပြန်သည်။

မောင့်ကို ချစ်မိခြင်းမှာပိုင်ဆိုင်ရယူလိုခြင်းလည်းပါတယ် မောင်။ ဒါပေမယ့် ကျွန်မ လိုလားသော ပိုင်ဆိုင်ရခြင်းက ဖန်တီးလာသော အခြေအနေတွေနဲ့ ခြားနားနေခဲ့တယ်။

နှစ်ဖက်မိဘက သဘောတူသော၊ အဆင်ပြေသော၊ လိုလားမှုများစွာရှိသော ဧရိုးလမ်းက သွေဖည်သွားခဲ့ပြီပေါ့နော်။

ဒါဟာ ဘယ်သူ့ကြောင့်လဲ မောင်။ မောင်ကတော့ ထိပ်ထားရဲ့ မာနကြောင့်လို့ အပြစ်တင်လိမ့်မယ်ထင်ရဲ့။

တကယ်တော့ အဆင့်အတန်း ခွဲခြားတဲ့၊ လူတစ်ဖက်သားကို မမြင်ဖူးသေးဘဲနဲ့ အထင်သေး ရှုတ်ချတတ်တဲ့ မောင့် အသိုက်အဝန်းကြောင့် ထိပ်ထားကလည်း မာနနဲ့ ပြန်တိုက်ခဲ့မိတာပါ မောင်။

ကျွန်မကြောင့် မောင် နစ်နာမှု တစ်စုံတစ်ရာ ရှိခဲ့ရင် ဝမ်းနည်းပါတယ် မောင်ရယ်။ သည်လို မရည်ရွယ်ခဲ့ပါဘူး။

…❀…



( ၉ )

အတန်းထဲဝင်လိုက်စဉ် ခေါင်းချင်းဆိုင်ကာနေသော အုပ်စုထဲက တစ်ယောက်က သူမကို မြင်လိုက်၏။ တစ်ခုခု ပြောလိုက်တာကြောင့် အားလုံးလူစုခွဲကာ သူမကို လှမ်းလာသမျှ ပြုကြသည်။ ခေါင်းကို ပိုမို မော့ပစ်လိုက်ပြီး ခြေလှမ်းမှန်မှန်ဖြင့် အပေါ်သို့ လှမ်းတက်၍ ဆွဲရှိရာဆီမှာ ဝင်ထိုင်၏။

'ထိပ်ထား…နင့်ကို ဟိုအုပ်စု အတင်းပြောနေကြတာ တွေ့လား'

'ဂရုမစိုက်ပါဘူး'

'နင်က ဂရုမစိုက်ပေမယ့် သူတို့ကတော့ ဂရုစိုက်ကြတယ်လေ၊ စနေနေ့က သတင်းစာမှာ ရန်ကြီးအောင် စေ့စပ်

သတင်းကိုတွေ့ပြီး ဒီနေ့ နင့်ကို အကဲခတ်ကြမယ်ဆိုတာ ငါ မျှော်လင့်ထားတာ မှန်နေပြီ၊ ဘယ်လိုတွေလဲ ထိပ်ထားရယ်’

‘ဆွေ့ကို မပြောပြချင်လို့ မဟုတ်ဘူးနော်၊ ဒါပေမယ့် ဖြစ်ပြီးသွားတဲ့ ကိစ္စတစ်ခုအတွက် တွေးနေရမှာ၊ နာကျင်ရမှာ၊ ထိခိုက်ရမှာတွေ ပြန်မခံစားချင်တော့လို့ မပြောတော့ပါဘူး ဆွေရယ်၊ ဆွေ နားလည်ပါနော်’

‘နားလည်ပါတယ် ထိပ်ထားရယ်၊ ဒါပေမယ့် လူပြောသူပြော ခံရတဲ့အတွက် ထိပ်ထား ခံနိုင်ရည်ရှိဖို့ လိုတယ်’

အိုး....ဒီစကားလေးတော့— မောင်က နောက်ဆုံး ပြောခဲ့တယ်။ ‘ကိုယ် ခံနိုင်ရည်ရှိအောင် ကြိုးစားပါမယ်’ဝါ။ ဆွေကလည်း အမကို ခံနိုင်ရည်ရှိရမယ်လို့ အားပေးပြန်တယ်။ သူမကရော မောင့်လို ခံနိုင်ရည်ရှိအောင် ကြိုးစားနိုင်ပါမည်တဲ့လား။

ခက်ခဲသော ဘာသာရပ်များ၏ သင်ကြားမှုကို ဝိဇ်ာနှံ့အောင် ရုံ့သွင်းရသော်လည်း လုတ်တလော အဖြစ်အပျက်တစ်ခုအတွက် စိတ်ညစ်ညူးခြင်းက သူမကို နှိပ်စက်၏။

‘ရန်ကြီးအောင်က နောက်ဆုံးတော့လည်း သူ့လမ်းသူ လျှောက်သွားတာပေါ့၊ ထိပ်ထားသာ အရှုံးအမူး ဖြစ်ကျန်ခဲ့တာ’





‘ထိပ်ထားက မာနသိပ်ကြီးတာ၊ အခုတော့ ထိသွားပြီ၊ ကျောင်းကကောင်တွေကလည်း ဟားချင်ကြမှာပဲ’

ထိုင်နေကျ ခုံဝိုင်းလေးဆီ ဝင်ထိုင်စဉ် တိုင်ကွယ်နေသော တစ်ဖက်ဆီက စေဖန်သံတွေက စောင့်ကြီလေသည်။

‘ရန်ကြီးအောင်တို့ မျိုးရိုးစဉ်ဆက်တွေက သိပ်ချမ်းသာကြသလို ရှေ့ရှေ့ချင်း ထပ်နေကြတာ၊ တော်ရုံ ရှိရုံလောက်နဲ့ အထင်မကြီးကြဘူး၊ သူတို့က မွေးကတည်းက ချမ်းသာတဲ့ မိသားစုဝင်ချင်း စေ့စပ်ထားထဲ့လေ့လည်း ရှိတယ်၊ အဲဒါကို ထိပ်ထားက မသိရှာဘူး’

‘သူ့အစ်ကို ကိုယ်တိုင်ကတောင် အထင်ကြီးနေပြီး ညီမကိုမှ မှတားတာ’

အို— ဟင့်အင်း... ဒါတွေဟာ ထိပ်ထား ရင်ဆိုင်ရမယ့် မောင့်ကို ချစ်မိခြင်းရဲ့ ရလဒ်တွေတဲ့လား ဟင်။ မောင့်ကို လက်ထပ်ခွင့်ရရဲ့သားနဲ့ ရှောင်ဖယ်ခဲ့ရခြင်းရဲ့ အပြစ်တွေတဲ့။ မောင်...ကျွန်မဟာ ဒီကမ္ဘာကြီးထဲက ပျောက်ကွယ်သွားတဲ့ အမှုန်တစ်ခုဖြစ်ခဲ့ရင် အခု ရင်ဆိုင်နေရတဲ့ အဖြစ်တွေကို ကြုံရမှာ မဟုတ်တော့ဘူးပေါ့နော်။

မှားခဲ့တယ်လို့ နောင်တမရချင်ပေမယ့် အစကတည်းက မောင့်ကို သူမ မချစ်ခဲ့ဖိရင် ဒီလိုမျိုး ကြုံတွေ့ရမှာ မဟုတ်ဘူး ဆိုသော အတွေးတို့ကတော့ ဝင်စပြုလာခဲ့သည်။

နောက်ထပ် ဝေဖန်စကားတို့ကို ဆက်မကြားရဲတော့တာမို့ ထ ထွက်ရန်ပြင်စဉ်...

'ကျွ ံ...'

ဆိုသော အရိတ်ဆဲ့သံကျယ်ကျယ်နှင့်အတူ ကျောင်းဝင်းထဲ ချိုးကွေ့ဝင်လာသော Super Roof ကားဖြူလေးသည် သူမကို တုံ့နေ့သွားစေ၏။

ဒါဟာ ချစ်ရတဲ့မောင်ပဲဟု အတပ်သိလိုက်ခြင်း ခဏ၌ အမြန်ရှောင်ပုန်းဖို့ကို ပြင်ဆင်သည်။

'ရန်ကြီးအောင်တော့ လာပြီဟေ့၊ ဘာတွေဖြစ်ကြမလဲမသိဘူး၊ ပွဲကြီးပွဲကောင်းပဲ'

နောက်ဘက်မှာကျန်ခဲ့သော အသံတို့ကို ဂရုစိုက်မနေအား။ အတန်းအဲပြန်ဝင်ပြီး အားကိုးရာ ဆွေ့ကို ရှာပြန်တော့လည်း မတွေ့တာမို့ မောင် အတန်းထဲထိ မလာပါစေနှင့်ဟု ဆုတောင်းခြင်းကိုသာ အဖော်ပြုရသည်။

'ထား'

ဟု နှုတ်ခမ်းလှုပ်ရုံ အသံမထွက်ဘဲ မောင်က သိရေတာအပေါက်ဝက လှမ်းခေါ်သည် ခေါင်း ခါငြင်း ဆန်ပြီးတော့ ခေါင်းငုံ့ချကာ လူအားလုံး၏ ဝိုင်းဝန်းအကဲခတ်မှုကို ရှောင်ဖယ်ရသည်။





'ထား ကိုယ်နဲ့မတွေ့ချင်တော့ဘူးလား'

အိုး... မောင်က သူမရှေ့ ထိုင်နေရာဆီတက်လာကာ ထိပ်ထားကို ညှို့ငင်လိုက်ပုံက။ ရဲတင်းသော မောင့်ရဲ့ အပြုအမူများသည် အလျင်ကလို ဇွတ်အရွတ်နိုင်ဆဲပါပဲလားကွယ်။

မောင် ပိန်သွားတယ်။ ဆံပင်တွေလည်း အရှမ်းရှည်နေပြီ၊ ဖျော့တော့တဲ့ အသွင်က မောင့်ဆီမှာ ကြီးစိုးနေတယ်။ မတွေ့ကြရတဲ့ ရက်ပေါင်းများစွာမှာ မောင်ဟာ သူမလို့ပဲ ခက်ခဲပင်ပန်းစွာ ဖြတ်သန်းခဲ့ပုံရပါရဲ့။

'ထား ကိုယ့်ကို စကားပြောခွင့်ပေးကွာ၊ ကိုယ် အခုစိတ်ညစ်ရလွန်းလို့ ရူးချင်နေပြီ၊ ထားက ရက်စက်ထားသူဆိုတော့ နေနိုင်မှာပေါ့နော်'

'ရှင်က စေ့စပ်ပြီးတဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေပြီလေ၊ ကျွန်မကို ဒီလိုလာတွေ့တာ ကျွန်မသိက္ခာကို မငဲ့ရာရောက်တယ်ဆိုတာရော တွေးမိရဲ့လား'

'ကိုယ့်ကို မောင်လို့ မသုံးတော့ဘူးလား'

'လိုသေးလို့လား၊ ဒါတွေအားလုံး ကျွန်မရဲ့ သဘောဆန္ဒအရ ဖြစ်ခဲ့ရတာမို့ ရှင် ထင်မကြီးစားနဲ့တော့လေ၊ အားလုံးက ကဲ့ရဲ့ကြလိမ့်မယ်၊ ကျွန်မ သူများအပြောလည်း မခံနိုင်ဘူး'

'ထားရယ်....'

မောင်က တိုးတိတ်စွာ ညည်းညူ၏။

'ရှင် သွားပါတော့၊ တော်ကြာ အတန်းစတော့မှာ၊ အခုတောင် လူတော်တော်များများ ရောက် လာကြပြီ၊ ရှင့်ရဲ့ လတ်တလော သတင်းကြောင့်လည်း လူစိတ်ဝင်စားနေတာကိုရော ရှင်သိရဲ့လား၊ ဒါကြောင့် အခု ပိုပြီး အတင်းပြောစရာ ရကုန်ကြလောက်ပြီပေါ့၊ ဒါကြောင့် ရှင် ပြန်ပါ၊ နောက်ထပ်လည်း မဆက်သွယ်ပါနဲ့တော့၊ အစကတည်းက ဗီလမ်းကို ကျွန်မ ရွေးချယ်ခဲ့တာမို့ ကျွန်မ ကျေနပ်တယ်'

'ဒါပေမယ့် ထားကို ကိုယ်က ချစ်တယ်'

အမြင့်ဆုံးတစ်နေရာမှပြုတ်ကျသွားရသူပမာ ခပ်တိုးတိုး အသံလေးတစ်ခု ကြားလိုက်ရခြင်းမှာ မေ့မြောသွားမိမတတ်။ တလှိုက်လှိုက်တုန်ယင်လာသောရင်အား ကြိုးစားငြိမ်သက်စေရင်း မောင့်ရဲ့ ချစ်တယ်ဆိုသော စကားသံလေးကို တမ်းတကြေကွဲစေပြန်သည်။

သည်လိုပါပဲ မောင်ရယ်။ မောင့်ဆီက ပထမဆုံး ကြားရသော 'ထားကိုချစ်တယ်'ဆိုသောအသံ။ ထပ်ပန်တလဲလဲ ကြားရသော သည်အသံနဲ့ ရက်များစွာ ဝေးသွားခဲ့ပြီးမှ





ထပ်မံကြားရပြန်တော့ ထားက သည်အသံကိုပဲ မရိုးနိုင်စွာ ရင်ခုန်ပြန်သတဲ့။

ထားဟာ မောင်နဲ့ပတ်သက်ရင် မောင် ခန့်မှန်းနိုင်တာထက်တောင် ပိုချစ်ပါတယ် မောင်။

—✿—

နောက်ပိုင်းတွင် မောင်သည် သူမရှိရာဆီ လာမြဲတိုင်း လာပေမယ့် တိုက်ရိုက် လာမတွေ့တတ်ဘဲ သူမ မြင်နိုင်လောက်သော နေရာက ငေးကြည့်နေတတ်၊ သွားရာနေရာတိုင်းမှာ အရိပ်လို လိုက်နေတတ်၊ တစ်ခါတစ်ရံ စိတ်မထိန်းနိုင်လာပြန်လျှင် သူမကို လာစကားပြောတတ်ပေမယ့် ဗိမ်းကားကင်းမားသော သူမ၏ အသွင်သဏ္ဌာန်နှင့် ရင်ဆိုင်ရခြင်းမှာ နောက်ဆုတ် ကြေကွဲရတတ်သည်။

အလျှင်ကနဲ့ မတွေ့တော့သော မြူးကြွ သွက်လက်ဖွန့်ကင်းသော၊ ဆွေးမြည့်ဆုံးရှုံးရိပ် ရောပြွမ်းသော၊ မျက်လုံးချင်း ပတော်တဆဆုံမိုက် တောင်းပန် တိုးလျှိုးသော ရုပ်သွင်က ထိပ်ထားအတွက် စကျက်ပျက်ခြင်း၊ ထိပ်ရေးမျက်ညများ ပန်တီးစေခြင်းနှင့် အထီးကျန် ဆန်သော

နှလုံးသားပိုင်ရှင် ဖြစ်မှန်းမသိ ဖြစ်လာရခြင်းများဖြင့် ရင်ဆိုင်ရသည်။

ထတင်းအဖျင်းဆိုသူ ဘို့ရဲ့ စကားသံတွေသည်း ငြိမ်သက်ကာ ဘာဆက်ဖြစ်ပလဲ ဆိုသောပုံစံနှင့် စောင့်ကြည့်နေကြသူများအလယ်တွင် ထိပ်ထားက အနေ တည်နိုင် ပေမယ့် မောင်ကတော့....။

'ယောကျ်ားလေးတွေက ထိန်းသိမ်းနိုင်စွမ်းနည်းတယ်၊ နောက်ပြီး သူတို့က များသောအားဖြင့် ကိုယ့်ကို နံဘေးက အားပေးမယ့် စိတ်ဓာတ်မြင့်တင်ပေးတဲ့သူရှိမှ ရပ်တည်နိုင်ကြသလိုပဲ'

သူငယ်ချင်းတစ်ယောက်ရဲ့ပြောစကား ကြားဖူးခဲ့သည်၊ သည်စကားအတွက် အဲသည်အချိန်တုန်းက အားလုံးသော သူငယ်ချင်းတွေက ထိုသူငယ်ချင်းကို ဝိုင်းဟားခဲ့ကြစဉ် သူမလည်း ပါဝင်ခဲ့ဖူးသည်။ အခုလို ကိုယ်တွေ့ ကြုံလာရတဲ့ အဖြစ်တစ်ခုမှာကျတော့ ထိပ်ထားက ထို သူငယ်ချင်း၏ စကားသည် မှန်ကန်နေခဲ့သလိုလို။ မောင်က ဘာပဲဖြစ်ဖြစ် သူမသက်သေလျှင် ခံစား ထိခိုက်ရခြင်း ပိုမို ပြင်းထန်ကာ တစ်ချိန်ချိန်မှာ ပေါက်ကွဲမိမှာ စိုးပါသည်။

'မထိပ်ထားနဲ့ ပတ်သက်ပြီးမှ ဒီကောင် ဘော်တော် ငြိမ်သွားတာ၊ အရင် လိုက်ခါစကတော့ သူက အပျော် လိုလို ပြောသေးတယ်၊ နောက်မှ မထိပ်ထားကို တဖြည်းဖြည်း တကယ်ချစ်လာတာတဲ့၊ မထိပ်ထားက မအားချမ်း အဖြစ်ကဲင်းစင်ပြီး မာနလည်း ကြီးတယ်ဆိုတာ ဒီကောင်





ပြေးတုန်းက မယုံဘူး၊ အခုတော့ ယုံသွားပြီဗျာ၊ ဒီကောင် လည်း တော်တော်ထိနေပြီ၊ အိမ်နဲ့လည်း လုံးဝ အဆင် မပြေဘူး ပြောတယ်'

တစ်ခါတုန်းက မောင် မိတ်ဆက်ပေးခဲ့ဖူးသော မောင့် သူငယ်ချင်း (သူမက နာမည် မမှတ်မိချေ။) တစ်ယောက် ကျောင်းကို မယောင်မလည်လာလုပ်ရင်း သူမကို ဖျောင်းဖျ စကား ဆိုလေသည်။

'တကယ်ဆို အချိန် ရပါသေးတယ် မထိပ်ထားရယ်၊ ဟိုကောင့် တောင်းဆိုချက်ကို လက်ခံဖို့သင့်တယ်လို့ ကျွန်တော် ထင်တယ်၊ ဒါပမယ့် မထိပ်ထားကြိုက်သလို ဆုံးဖြတ် နိုင်ပါတယ်၊ တိုက်တွန်းတာ မဟုတ်ပါဘူး၊ ထပ်မံစဉ်စား ပေးဖို့ ဟိုကောင့်အစား ကျွန်တော် လာ အရေးဆိုပေး တာပါ၊ မထိပ်ထားက ဟိုကောင့်ကို အတွေ့မခံဘူး၊ စကား မပြောဘူးဆိုလို့'

မောင့် သူငယ်ချင်းများ အယူခံစကားတောင် ဆုံး အောင် မတင်ပြနိုင်ခဲ့ပါ။ 2nd M.B ဧကြီးတန်းက ကိုယ် ဟာ ညီမဖြစ်သူကို မျက်စိဒေါက်ထောက် ကြည့်နေသူဝိဒ် ချက်ချင်း သူမနံဘေး ရောက်လာသည်မို့ ထိုပုဂ္ဂိုလ်က သူမကို နှုတ်ဆက် ထွက်သွားရ၏။

'ထိပ်ထားနော်၊ ဟိုကောင်နဲ့ရှုပ်၊ ဒီကောင်နဲ့ရှုပ်တွေ ငါ မလိုချင်ဘူး'

ကြိမ်းမောင်းဆူဆဲသော ကိုယ့်စကားများကိုခေါင်းငုံ့ ငြိမ်ခံရရင်းက မောင့်ကို သတိရ လွမ်းဆွတ်နေတတ်သော သူမသည် တစ်သက်လုံး သည့်ဝဋ်ကြွေးကို ခံစားနေရတော့မည် ဖြစ်သည်။ သည့်ဝဋ်ကြွေးဟာ မောင့်ကို ရွှေးမိုက်စွာ ချစ်ခဲ့သော၊ မာနကို ကိုးကွယ်သော ပိန်းမသား တစ်ယောက်အတွက် ရသင့်တဲ့ ဆုလဒ်တစ်ခုပါ မောင်။ အားလုံး လွန်ကုန်ကြပြီးမှ သူမက ဘာမှဆက်ပြီးခွန့်တိုးဖို့ မစဉ်းစားတော့ပါ။

ခပ်ဝေးဝေးဆီက ကားဘရိတ်ဆွဲသံပြင်းပြင်းကို ကြားတိုင်း သူမ အမြဲလိုလို ယောင်ယမ်း ရှာဖွေတတ်ခြင်း၊ ထိုအသံကြားရတဲ့အခိုက်မှာ တစ်ခုံတစ်ခုသော မျှော်လင့်ချက်က အမြဲလိုလို ဖျတ်ခနဲ ပေါ်လာတတ်ခြင်း၊ ပြီးတော့ ကျတော့ လတ်တလော အခြေအနေကို သတိရကာသက်ပြင်းများနှင့်အတူ မျက်ရည်စက်တို့ သွန်ကျခြင်းတွေ သည် သူမ၏ ကုမရသော စိတ္တဇ ဝေဒနာတစ်ရပ်လည်း ဖြစ်ခဲ့သည်။



( ၁၀ )

လမ်းထိပ်က မိတ္တူဆိုင်မှာ စာမေးပွဲအတွက် လိုအပ်သော စာများကိုကူးယူခိုက် အပြင်မှ မိုးသည်းတို့က ပိုမို အားပြင်းလာ၏။

'အစ်မတော့ ဒုက္ခပဲ၊ မိုးကရမ်းသည်းနေပြီ ခဏစောင့်ပြီးမှ ပြန်ပါလား'

မိတ္တူကူးပေးသော ကောင်ကလေးက ခင်မင်ရင်းနှီးစွာဖြင့် အကြံပေး၏။ သူမက လက်မှ နာရီကိုကြည့်ကာ ခေါင်းခါရင်း....

'အိမ် သော့ပိတ်ခဲ့ရတယ်ဟဲ့၊ သက်လျာတို့ ကျူရှင်က ပြလာရင် ဝင်လို့မရဘဲနေဦးမယ်၊ သွားမှဖြစ်မယ်၊ ရပါတယ်၊ ငါ့အိမ်က နီးနီးလေးပဲဟာ၊ ကျေးဇူးပဲနော်'

စာမေးပွဲနီးတိုင်း တိုမှတ်စု၊ သည်မှတ်စု အပြကူးနေရမြဲ ဖြစ်သော ထိပ်ထားသည် မိဘ္ဘူဆိုင်နှံတောင် ရင်းနှီးနေရပြီဖြစ်သောအဖြစ်အတွက် တွေးတောပျယ်ချင်မိသည်။

ထီးကုံ ပိုမိုငိုက်ချကာ စာရွက်ထပ်တွေကို ရင်မှာ တင်းတင်းပိုက်၍ တစ်ချက်လေအဝှေ့တွင် လာခဲ့သော မိုးစက်တို့ကြောင့် စာမေးပွဲဖြေဖို့ တာစူနေရသူပီပီ အအေးပိမြီးဖျားမှာ စိုးရိမ်စိတ်ပေါ်လာ၏။ သည်တော့ သိပ်ချစ်တယ်ဆိုခဲ့ဖူးသော မိုးကို အပြစ်တင်ချင်ပြန်နှင့် တစ်ယောက်တည်း လမ်းမကျယ်ကျယ်မှာ ခပ်သွက်သွက် လျှောက်လာသည်။ ထီးနှင့်ကွယ်နေသောကြောင့် သူမက ရှေ့ကို မမြင်ရဘဲ ကိုယ်သွားနေကျလမ်းမို့ စိတ်မှန်းနှင့် လျှောက်လှဲရသည်။

'ထား…'

ဘုရားသခင်…. ရှေ့မှာ ကွယ်ရပ်ခနသူ တစ်ယောက်ကြောင့် နံဘေးဘက်ကို ရှောင်မလှဲပြင်စဉ် ထီးအမိုးကို လက်နှင့်လှမ်းဆွဲ၍ ဝေါ်ယတကြီး ရုန့်တွေရန်ပြင်ခဲ့ ထိပ်ထား မလင်မှတ်ထားသော မောင့်ကို ရင်ဆိုင်ရ၏။

'မောင်'လှို့ ယောင်ယမ်း ပထွက်မိသောင် နှုတ်ခမ်းကို တင်းကျပ်စွာ ဖိကိုက်ပစ်လိုက်ခြင်းကို မောင်က ငေးကြည့်နေပါးခါသည်။

'ထား ပိန်သွားတယ်၊ နေမကောင်းဘူးလား၊ စာမေးပွဲတွေ များနေလို့လားဟင်၊ ကိုယ် ထားကို မတွေ့ရတာတောင် ကြာပြီကွာ၊ အရမ်းလွမ်းတာပဲ၊ ထားကပေမဲ့ နေ





နိုင်ရက်တယ်နော်၊ ကိုယ့်မှာတော့ မနေနိုင်လွန်းလို့ အခု ထားတို့လမ်းထဲ ရောက်လာရပြန်ပြီ'

မောင် မိုးသည်းထဲမှာ ဘာအဆောင်း အကာမှမပါ လောကကြီးကို မေ့နေသူအစ်ယောက်ပမာ သူမကို မြတ်နိုးစွာ စိုက်ကြည့်ရင်း ပတွတ်တွတ်ဆို၏၊

'ရှေ့က ဖယ်ပါ'

'ကိုယ်တို့က တခြမ်းတွေမဟုတ်ဘူးလေ ထားရဲ့၊ ထားက ကိုယ့်ချစ်သူ၊ ကိုယ်ကလည်း ထားချစ်သူ၊ မကြာခင် ထားက ကိုယ့်ဇနီးကလေး ဖြစ်ရတော့မှာ၊ အခု ကိုယ် ထားကို ခေါ်ဖို့လာတာ'

'ထိုး…ဘာတွေ လာကြောင်နေတာလဲ၊ ကျွန်မ ရှင်နဲ့ ဘာမှ မပတ်သက်တော့ပါဘူးလို့ ပြောထားပြီးပြီလေ၊ သွားစမ်းပါ၊ အခုချက်ချင်း ဖယ်ရင်ဖယ်၊ မဖယ်ရင် ကျွန်မ လက်ထဲမှာ ရှိတာနဲ့ ရိုက်ပင်လိုက်မယ်'

မောင်ကတာဟားဟားအော်ရယ်ကာ ဘေးဘီကို မျက်လုံးဝေ့ကြည့်သည်။ သည်တော့မှ သူမလည်း သတိထား ကြည့်မိတော့ မိုးပေါင်ကြီးကျကာ သုန်ချနေသော မိုးသည်းထဲတွင် လူအသွားအလာ ကင်းရှင်းပြီး ပတ်ဝန်းကျင် တစ်ခုလုံး မိုးရွာသံမှတစ်ပါး….။

'ထား ကြိုက်တာနဲ့ကောက်ရိုက်၊ စိတ်မကျေနပ်ရင် အော်ချင်အော်၊ ကိုယ်ကတော့ ဂရုမစိုက်ဘူး၊ အရေးကြီးတာက ထားကို ကိုယ်နဲ့ အပါခေါ်နိုင်ဖို့လေကွာ၊ ဟား ဟား….



Book Sharing

Scanned by CamScanner

ထားရယ် ကိုယ့်ကို ချစ်ရှဲသားနဲ့ မာနတွေ စွတ်ကြီးနေတယ်၊ မာန ဘာလုပ်ရမှာလဲ၊ အလကား အရည်ကျိုပစ်လိုက်နော် ထား'

အို…ဟင့်အင်း…မောင့်ပုံစံက လူသာမန်ပုံစံမှ မဟုတ်ဘဲကွယ်။ မောင် အရက်တွေ သောက်ထားတယ်၊ ဒါဆို သူမ ကြားရတဲ့ သတင်းဖြစ်တဲ့ မောင် သူ့ဘဝကို ရေစုန်မျောကာ လေလွင့်နေပြီဆိုတာ။ ဝေ့တက်လာသော မျက်ရည်တို့ကို သိမ်းရန် ပြင်စဉ်…

'ထား'

ဆိုသော ခေါ်သံနှင့် မောင့် လက်တင်ဖက်က သူမ လက်ကောက်ဝတ်ကို လာဆုပ်ကိုင်၏။ ဆောင့်ရုန်းပေမယ့် မောင်က တင်းကျပ်စွာ ဆုပ်ထားရင်း…

'ထား ငြင်းမယ်ဆိုတာသိလို့ ခုလို ကိုယ် အတင်း ခေါ်သွားဖို့ ကြိုးစားရပြီ ထားရယ်၊ ကိုယ့်ကို ခွင့်လွှတ်ကွာ'

'လွှတ်စမ်း…ကျွန်မကို ဒီလို အတင်းအဓမ္မ ခေခိုင်းတာ ကျွန်မ မကြိုက်ဘူး'

မောင်က မထီတရီ ပြုံးရင်း သူ့ဆီ ဆောင့်ဆွဲ၏၊ လက်ထဲက စာရွက်ထပ်တွေ လွတ်ကျ၊ ထီးကလေး အဝေးကို လွင့်စဉ်၊ မောင့်ရဲ့ အားစိုက်ဆွဲလိုက်မှုတွင် သူမ ခံနိုင်ရည်





နည်းစွာ ယိုင်နဲ့ပြိုလဲ။ ဒါကို မောင်က ဖမ်းထိန်းရင်း သူ့နံဘေးမှာ ရပ်ထားသော ကားထဲ အတင်း ချုပ်ကိုင်ကာ သွင်း၏။ သူမ မောင့်ကို အဲသည့်အချိန်မှာ နာကြည်း ထိတ်လန့်မိကာ ထုနှက်ရိုက်ပုတ်ပေမယ့် အချည်းနှီး ဖြစ်စဉ်…

'ဟေ့ ကောင်'

ဆိုသော အသံတစ်ခု မောင့် ကျောခိုင်းထားရာမှ ပေါ်ထွက်လာသည်။ မောင်က အလန့်တကြား လှည့်ကြည့်လိုက်ပေမယ့် မောင့်မျက်နှာ ချာခနဲ လည်ထွက်သွားအောင် ထိုးလိုက်မှုကြောင့် ကားနံဘေးမှာ လဲကျသွားတော့သည်။

'ကိုငယ်'

'ထိပ်ထား…လာခဲ့၊ နင့် ငါ့ကား နားမထောင်ဘူး'

ကိုငယ့်ဆီ ပြေးသွားပေမယ့် မောင်က သူမလက်ကောက်ဝတ်ကို လှမ်းဆွဲထားရင်း…

'ထား ကိုယ်နဲ့ လိုက်ခဲ့ပါ'

တောင်းပန်ခြင်းမှာ ထိပ်ထားက မပျော်ဝင်မိဘဲ ကိုငယ့်ဆီ အားကိုးစွာ ကြည့်လိုက်၏၊

'ဟေ့ ကောင်…မင်း ငါ့ညီမကို လွှတ်စမ်း'

'မလွှတ်ဘူးဗျာ၊ ကျွန်တော် ထားကို လက်ထပ်မလို့'

'ဘာကွ…လက်ထပ်ချင်ဦးကွာ၊ လက်ထပ်ချင်ဦးကွာ'



Scanned by CamScanner

ကိုယ် တစ်ဟုန်ထိုး ပြေးထိုးတော့ မောင်က ပြန်လည်ထိုးနှက်ခြင်း မရှိ။ ရှောင်ရင်း၊ အထိုးခံရင်းနှင့် မောင် မြေကြီးပေါ်မှာ လဲကျ၊ ကိုယ်က အပေါ်က ဖိထိုးတာတွေကို ဆူဇ ကြောင်ငေးရပ်ကြည့်နေမိသည်။

'ဟေ့ ဟေ့.... ဘာဖြစ်ကြတာလဲ'

လမ်းပေါ်က တစ်ယောက်၊ နှစ်ယောက်စ လူတချို့ ပြေးလာပြီး ရန်ပွဲကို ဖျန်ဖြေသည်။

'မင်း ဒါနောက်ဆုံးဖြစ်ပါစေ၊ ဒီ့ထက်ပိုဆိုးလာရင် သက်ဆိုင်ရာက အရေးယူရလိမ့်မယ် သိလား၊ မှတ်ထားရန်ကြီးအောင်'

ဆွဲထားသော လူ၏လက်ထဲမှ ကိုယ်က အော်ဟစ်ကြိမ်းမောင်းတော့....

'ထားက ကျွန်တော့်ကို မမုန်းသေးသရွေ့ ကျွန်တော်က ဆက်မိုက်နေရဦးမှာပဲ ကိုယ်'

မောင်က သူမဆီစိုက်ကြည့်ရင်း ပြန်ဖျေပြော၍ ပြီးမှ သူ့ကိုဆွဲထားသောလူ၏ လက်မှ ရုန်းထွက်ကာ သူ့ကားပေါ် တက်လိုက်သည်။

သူမက စိတ်လိုက်မာန်ပါ ကိုယ့်စိတ်ကိုကိုယ် မသိနိုင်ခင်မှာ မောင့်ကားနံဘေးဆီ တိုးသွားလိုက်ကာ....





'ဒီမှာ... ရှင့်အတွက် သိပ်ပေးချင်တဲ့ စကားတစ်ခွန်း ကျွန်မဆီမှာ ရှိတယ်၊ အခု တစ်ခါတည်း နားထောင်သွားပါ၊ အဲဒါကတော့ ကိုရန်ကြီးအောင်...ရှင့်ကို ကျွန်မ မုန်းလိုက်ပြီ ဆိုတာပဲ'

ဆို... မောင့်မျက်ဝန်းထဲမှာ သူမ တစ်ခါမျှ မမြင်ဖူးခဲ့သော မျက်ရည်ဝဲခြင်း၊ ညှိုးရေးခြင်း၊ ချောက်ချားခြင်း အရိပ်အငွေ့တွေ...။ ဟင့်အင်း.... မောင်၊ ဒီစကားက မောင့်အတွက်မဟုတ်ပါဘူး။ ကျွန်မ လိမ်လည်တာပါ။ ဒါပေမယ့် အမှန်ကို မောင် တစ်သက် မသိစေရဘူး။

မောင့်နှုတ်ခမ်းမှာ သွေးစတွေ၊ မောင့် မျက်နှာပြင်တစ်ခုလုံး ညှိုမည်းဖူးရောင်မှုတွေ၊ နောက်ပြီး မောင့်ပါးပြင်ထက်က တလိမ့်လိမ့်ကျသာတဲ့ မျက်ရည်စတွေ။ ဒါတွေ.... ကို.... ဒါတွေ...ထိပ်ထားရဲ့ ကျိန်စာတွေထဲ့လား။ မောင်က တင်စားခဲ့တယ်နော်။ အမှန်တော့ မောင့်ရဲ့ ပြုစားမှုတွေပါ မောင်။ သည်မြို့ကွင်းက ဟစ်သက်လုံး ခြောက်လှန့်စေခဲ့တယ်ဆိုတာ မောင် ဘယ်သိပါ့မလဲ။

Young Love သီချင်းကို အဲသည်အချိန်က မောင့် ကားထဲမှာ ဖွင့်ထားခဲ့သည်။ မောင့်ရဲ့ အရိုင်းချစ်။ တစ်နည်းပြောရရင် လူငယ်ချစ်က တစ်ဇွတ်ထိုးနိုင်ခဲ့ပေမယ့် ထိပ်ထား

Scanned by CamScanner

က ချစ်ရင်းစွဲရှိသူမို့ မနာကြည်းနိုင်စွာ တ မြည့် မြည့် ကြေကွဲ တသသ ထိခိုက်ရပြန်သတဲ့။

—☐....

မိုးသည်းနေ့က အဖြစ်အပျက်များနဲ့အတူ ထိပ်ထားသည် ဇိပ်လုဆဲလဲသည်အထိ စိက်ခါတ်ရေးရာရော၊ ကျန်းမာရေး အရပါ ယိုယွင်းခဲ့ရ၏၊ မဖြေဖြစ်သော စာမေးပွဲများစွာ၊ ကျောင်းပျက်ရက်များစွာ၊

ထား....

မုန်းတယ်ဆိုတဲ့ ထားရဲ့ စကားတစ်ခွန်းမှာ ကိုယ် က အရာရာကိုဆုံးရှုံးသွားရပြီမို့ ကမ္ဘာလောကကြီး တစ်ခုလုံးကို နာကြည်းသွားရပြီ။ အားလုံးကို ခွန့် လွှတ် ကျောခိုင်းပြီး ထားမုန်းတဲ့ ကိုယ်က ထား မမြင်ရအောင် သည်မြေက ထွက်သွားပါပြီ။ ထား ကျေနပ်ပါတော့။ သည်ပွဲမှာ ထားက နိုင်သွားရ သူမို့ ပွဲးပျော်ရပေမယ့် ကိုယ်ကလည်း ရှုံးခဲ့ရလို့ မငိုကြွေးတော့ပါဘူး။ ကိုယ် သိပ်ချစ်တဲ့ ထားကို





အနိုင်ပေးလိုက်ရလို့ အရာရာကို ကျေးဇူးတင်ပါ တယ်။ ထားပေးခဲ့တဲ့ ကျိန်စာတွေကို ကိုယ် ခံနိုင်ရည် ရှိအောင် ကြိုးစားပါမယ်။

ရန်ကြီးအောင်

စာတိုက်မှလာသော စာတစ်စောင်သည် ထိပ်ထားကို လှောင်ပြောင်လေသည်။

မောင်ကပြောတယ်၊ သည်ပွဲမှာ သူမ နိုင်တယ်တဲ့လား။ တကယ်တော့ မောင်ကသာ သူမရဲ့ ဘဝတစ်ခုလုံး ပါသွား အောင် စေစားနိုင်ခဲ့သူမို့ မောင်က နိုင်မြဲ နိုင်လျက်ပါ ကွယ်။ သူမကသာ....။

မောင် ဘယ်နိုင်ငံသွားတာလဲ၊ ဘယ်မှာပြိတာလဲ ဆိုတာ တောင် မသိရပေမယ့် မောင့်ကို 'ရောက်ရာအရပ်မှာ အဆင် ပြေပါစေ'လို့ နေ့စဉ်ဆုတောင်းရင်း ထိပ်ထား၏ နေ့များစွာ ကုန်ဆုံးစေခဲ့သည်။

'ထိပ်ထား အရပ်း ပိန်သွားတယ်၊ လူကလည်း မရှင် မလန်းနဲ့ သိလား၊ ရန်ကြီးအောင်နဲ့ ဘာတွေဖြစ်ခဲ့လည်းမှ မသိတာ၊ ဟိုတစ်လောကလည်း ကျောင်းတင်လတောင် ပျက်သွားတယ်၊ လုံးဝမရှိးသားဘူး'



Scanned by CamScanner

ဆိုသော အဘင်းအဖျင်းစကားတွေ ကျောင်းပြန်တက်စဉ် ရင်ဆိုင်ရခြင်း၊ မောင့်အကြောင်းကို သူမလောက်တောင် မသိဘဲနှင့် မောင်ကပဲ သူမကို ရင်မဆိုင်ချင်တာနှင့် ရှောင်ပြေးသွားသလိုလို သတင်းလွှင့်မှုကို ကြံ့ကြံ့ခံရခြင်းဖြင့် ထိပ်လားသည် ဆေး ဆိုသော သူငယ်ချင်းပာပ်ယောက်၏ အားပေးမှုကြောင့် ကျောင်းဆက်တက်ဖြစ်ခဲ့ခြင်းဖြစ်သည်။

မောင်က သူမအတွက်တော့ ယုံကြည့်ဖို့ရန် ခက်ခဲလှတဲ့ လူကောင်ယောက် မဟုတ်ခဲ့ပါ၊ အများအမြင်မှာတော့ သူမသည် ယုံကြည်ဖို့ရန် ခက်ခဲလှသော လူတစ်ယောက်၏အချင်ကို သူမက မိုက်မဲစွာ ယုံကြည်ခဲ့သည်။ ကျေကျေ နပ်နပ်ကြီး ပြန်လည် ချစ်မြတ်နိုးမိပြန်သည်။ (သူမအတွက်တော့) ဒါဟာ ဝဋ်ကြွေးလို့ပဲ ဆိုရမည်လား။ (အများ အမြင်မှာတော့) ရှုးသွပ်မိုက်မဲခြင်းလား၊ စိတ်ကူးယဉ်သက်သက်လား။

ဒါပေမယ့် မထင်မှတ်တဲ့ ခေါ်နိမ်မှာ သူမမှာ အလဲထိုးခံ လိုက်ရသူပမာ၊ ခါးလယ်က ဖြတ်ရိုက်ခံလိုက်ရသူပမာ ချစ်သူကို ဆုံးရှုံးရခြင်း ဟူသော အဖြစ်အပျက်နဲ့ ကြေကွဲမှုကို အဖော်ပြုရတော့တယ်။

တစ်ခုတော့ ရှိတယ်။

သည်အဖြစ်အပျက်ကပဲ သူမကို ပြုပြင်လိုက်ပြန်တော့ သူမသည် သူမ၏ အဆုံးအဖြတ်၊ ဖြစ်တည်မှု၊ သိသိပ်နိုင်စွမ်း





အားနှင့် မာနတရားတို့ကိုမွေးမြူသန်စွမ်းစေကာ အထူထူကို အယုံအကြည် ကင်းမဲ့သော အကြည့်တွေပေးတဲ့ မျက်ဝန်းတစ်စုံကို ပိုင်ဆိုင်လာတဲ့ မိန်းမသား ဖြစ်ခဲ့ပြန်သည်ပေါ့လေ။

—✿—



Scanned by CamScanner

# အခန်း ( ၂ )

Book Sharing

Scanned by CamScanner

## ( ၁ )

'ဒါဆို မင်းတို့ကွဲသွားကြတာ လေးနှစ်နီးပါးတောင်ရှိရော ပေါ့၊ ဒါပထမဆုံး ပြန်တွေ့တာ မဟုတ်လား'

'ဟုတ်တယ်'

ဒေါက်တာမင်းဂေါင်သည် သူ့ရှေ့မှ အမျိုးသမီးကို သေသေချာချာလေ့လာ၏။ အမျိုးသမီးသည် သူမ ချစ်သူ ဟောင်းအပေါ် ချစ်စိတ်မကုန်၊ သံယောဇဉ် မပြယ်သေးပုံ ရသည်။ ဒါပေမယ့် သေချာတာတစ်ခုက ထိုအမျိုးသမီး ကလေးသည် သူမ၏မာနကို အထိပါးမခံစွာ ခံစားချက်ကို စ်လျှို့ဝှက်နေတတ်သဲလည်း ဖြစ်မည်။

'မင်း 2nd M.B ကို ဖြတ်ကျော်လာနိုင်ခဲ့သေး တာပဲ၊ မထိပ်ထားက စိတ်ဓာတ်ကြံ့ခိုင်လွန်းတယ်လို့ဆိုရင် ရမလား'



Scanned by CamScanner

'ဒါပေမယ့် ကျွန်မ Supply တစ်ဘာသာတော့ ထိခဲ့ပါတယ်၊ နောက်နှစ်တွေမှာကျတော့ ကိုယ့်စိတ်ကို ပြန်မြှင့်တင်ပြီး တစ်နှစ်မှ အကျမခံခဲ့ဘူး၊ နှစ်တိုင်းလည်း (D) တစ်ခုစီတော့ ပါအောင်ကြိုးစားနိုင်ခဲ့တယ်'

ဆေးကျောင်းမှာ ဂုဏ်ထူးတစ်ခု ရဖို့ မလွယ်ကူသည်ကိုတော့ ဒေါက်တာမင်းဂေါင် လက်ခံသည်။ သည်အမျိုးသမီးသည် ဉာဏ်ရည်ထက်မြက်ပြီး အရာရာကိုရင်ဆိုင်ရဲသောသတ္တိလည်း ရှိပြန်သတဲ့။ မှန်တယ်ထင်ရင် ဝန်ခံရဲသောစိတ်ဓာတ်ကိုလည်း ချီးကျူးသည်။

သူ့လို သိကျွမ်းပြီးသည်မှာ သိပ်မကြာသေးသော လူတစ်ယောက်အား သူမနှင့် ရန်ကြီးအောင်ဆိုသော ပုဂ္ဂိုလ်တို့၏အဖြစ်အပျက်များကို စပ်စုမိသည်တွင် ဖွင့်ဟရဲသည်ကိုကြည့်ခြင်းဖြင့် သူမကလေး ရိုးသားဖြူစင်ပုံကလေးလည်းဖြစ်နေပြန်သည်။

မင်းကလေး စတွေ့စနေ့ကတည်းက ငါ့ကို မာကျတိကျွတ် ဆက်ဆံဘူတောတတ်ဝယ်။ ငါ ဆရာလုပ်ရင် သိပ်မကြိုက်ပေမယ့် တာဝန် ဝတ္တရားကိုတော့ သိတတ်လွန်းတယ်။ မင်းကလေးရဲ့ ရန်ကြီးအောင်ဆိုသော လူနာနဲ့ ပတ်သက်ပြီး ပျက်ယွင်းလွန်းသော အမူအရာ များကိုလည်း ရိပ်မိခဲ့တယ်။ ဒါပေမယ့် သူ့ရဲ့ ဆရာလုပ်မှုအပေါ် ထားသာ



တာ မထားဘဲ သူ့ မိတ်ဆက် အရေးဝင်ခြင်းကို ချက်ချင်းခေါင်းညိတ် လက်ခံခြင်းသည် သူ့ဘဝမှာ မြတ်နိုးမှုကို စတင်ဖြစ်ထွန်းစေသူလေးလည်း ဖြစ်စေခဲ့တယ် မထိပ်ထား။

'ဒေါက်တာ၊ ဆေးခန်း ဘယ်အချိန်ဖွင့်ရမှာလဲ'

သူ့ရဲ့ ငြိမ်သက်တွေးတောမှုကို သူမြတ်နိုးသော မိန်းကလေးက ဖျက်ဆီးလိုက်သည်။

'ဟော့—မထိပ်ထား၊ ညည်းကို ငါ တစ်ခုမကျေနပ်တာရှိတယ်'

'ရှင့်.... ဘာလဲ ဒေါက်တာ'

'အဲဒီ ဒေါက်တာလို့ ခေါ်တာကြီးကိုပေါ့တဲ့.... အချင်းချင်းတွေကို ဝိသေသတွေ တပ်မနေပါနဲ့၊ ငါ အူယားတယ်'

အမျိုးသမီးကလေးက ချောတာသောအပြုံးဖြင့်....

'ဪ...ဖြစ်ရလေ၊ ကျွန်မမှာ ဒေါက်တာ့ကို—အဲ—ဟိုလေ— စကားပြောတာ ဘာများအမှားပါသွားလို့၊ ဒေါက်တာလို့ခေါ်တာ မကြိုက်ရင်လည်း အင်း—ကိုမင်းဂေါင်လို့ ခိုးရိုးကလေး ခေါ်ပါ့မယ်၊ ကြိုက်ရဲ့လား'

'ကောင်းပါတယ်၊ ဒေါက်တာမပါရင်ပြီးရော'

'ဖြစ်ရလေ'

သက်လျှာလို့ မိတ်ဆက်ပေးထားသော သူငယ်မဟာဒရင်းဘက်ပေါ်မှာသွဲ့၍ စာအုပ်ဖတ်နေရင်း သူနဲ့ မထိပ်

ထားကို လေ့လာနေပုံရသည်။ စစချင်းလာလည်စဉ်ကတော့ မိအတွေကိုပါ တွေ့ရတာမို့ ပိုင်းဝန်းလေ့လာခြင်းကို ခံရသလို တစ်ခါတလေ ညီအစ်မတွေချည်း ရှိချိန်ဆိုလည်း တစ်ယောက်မဟုတ် တစ်ယောက်က အကဲခတ်နေတတ်သည်။

သူ့လို လူတစ်ယောက်သည် ထိပ်ထားဆိုသော လှပမှုတွေ ပြည့်စုံသည့်ကောင်မလေးကို ရိုးရိုးသားသား ခင်မင်ခြင်းဖြင့် လာရောက်လည်ပတ်မှာ မဟုတ်ဟု ယူဆကြပုံရပါရဲ့။

'ကိုမင်းဂေါင်.... ကော်ဖီသောက်ပါဦး'

'အား.... ကော်ဖီသောက်ပြီး ပြန်မှပဲ၊ ဆေးခန်းဖွင့်ချိန်နီးပြီ'

'စီးပွားရေးလည်း သိပ်သောင်းကျန်း မနေနဲ့ဦး၊ နောက်က စားမယ့်သူလည်း မရှိသေးဘဲနဲ့'

'ဟာ... နောက် ရှိလာမှာပေါ့ဟ.... အထင်သေးလှချေလား'

ကော်ဖီခွက်ကိုချရင်း သူက အဓိပ္ပာယ်ပါပါ ပြန်လည်စိုက်ကြည့် တုံ့ပြန်ခြင်းသည် သူမကလေးကို နှုတ်ဆိတ်တွေဝေသွားစေသည်။





စိတ်မကောင်းဖြစ်ဘွယ် တစ်ခုကတော့ သူ့မိန်းကလေးသည် သူ့အတွက် အချစ်ဦးဖြစ်ခဲ့ပေမယ့် သူကတော့ မိန်းကလေးရဲ့ အလျင်ဆုံး ချစ်သူ ဖြစ်ခွင့်မရခြင်း။ နောက်တစ်ဖန် သူမလေးသည် ချစ်သူဟောင်းကို ယခုထိ သစ္စာမယုတ်စွာ ချစ်နေခြင်း။ သူ့အတွက် ကံကြမ္မာက အလေးသာပါမလား။ အခုဆို သူနဲ့ပြိုင်ဘက်အဖြစ် ချစ်သူဟောင်း ရန်ကြီးအောင်ဆိုသော ပုဂ္ဂိုလ်ကလည်း မြန်မာပြည်ကို ပြန်ရောက်နေခဲ့ပြီ။

အမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါလို့ ဆိုကြသလို တစ်နေ့မဟုတ် တစ်နေ့တော့ ရန်ကြီးအောင်နဲ့ သူမလေးတို့ ပြန်တွေ့ကြလိမ့်ဦးမည်။ ထိုအခါ မာနခဲလေး မထိပ်ထားသည်....။

ခေါင်းကို ခါယမ်းပစ်ရင်း သူ့အတွက် နှောင့်နှေးနေ၍ မဖြစ်နိုင်တော့သည်မို့ မဝေးတော့သော အချိန်တစ်ခုတွင် ပိုင်ဆိုင်ခွင့်ကို ကင်ပြွန်းဖို့ ပြင်ဆင်ရန် ဆုံးဖြတ်လိုက်သည်။

—၅—



Scanned by CamScanner

သူ့ဆေးခန်းရှိရာ ရွှေဘုံသာလမ်းတွင် ကားကို ပါကင်ဝင်၏၊ မှန်တင် သော့ပိတ်ပြီး ဆေးခန်းထဲဝင်လာစဉ်—

'ဒေါက်တာ...ဒေါက်တာမင်းဂေါင်'

ဟူသော လှမ်းခေါ်သံကို ကြားရသည်။ ရပ်စောင့်လှည့်ကြည့်တော့ အဖြစ်အပျက်တို့သည် တိုက်ဆိုင်လွန်းလှစွာ မထင်မှတ်ထားသော ရန်ကြီးအောင် ဆိုသည့် ပုဂ္ဂိုလ် အပြေးလာနေသည်ကို တွေ့၏။

အင်း...ကံကြမ္မာဟာ တစ်မျိုးပါလား။ အခုလေးတင် မထိပ်ထားရဲ့ ရင်ဖွင့်ချက်ကို နားထောင်ပြီး ဆေးခန်းလာတယ်။ သူမရဲ့ဘဝမှာ အမှတ်တရဖြစ်စေသော ပုဂ္ဂိုလ်ကိုမှ ဆိုက်ဆိုက်မြိုက်မြိုက် လာတွေ့ရပြန်သတဲ့။

'ကျွန်တော့်ကို မှတ်မိလား ဒေါက်တာ'

'ကိုရန်ကြီးအောင် မဟုတ်လား၊ ကိုယ် မှတ်မိပါတယ်'

'ဒါကြောင့်လည်း ဆေးကျောင်းကို မှတ်ဉာဏ်ကောင်းတဲ့လူတွေ ရောက်တာဖြစ်မယ်'

'ဘာဖြစ်လို့လဲ'

'လူတစ်ယောက်ကိုဆို တော်ရုံတန်ရုံမှတ်မိကြတယ်လေ၊ အဲဒါ မှတ်ဉာဏ်ကောင်းလို့ပဲ ဖြစ်မှာပေါ့'

ခပ်ကြောင်ကြောင်အတွေးနဲ့ ထင်ရာကို စွတ်ပြောသော ရန်ကြီးအောင်ကို သူက ပြိုင်ဘက်တစ်ယောက်အဖြစ် သတိ





ထားရမှာပေမယ့် အလကားနေရင်းတော့ အမုန်း မဝင်တာမို့ ရင်းရင်းနှီးနှီး ပခုံးပုတ်ရင်း....

'ခင်ဗျားက အထင်တွေ ကြီးလှချေလား'

စကားရပ်ပြောစဉ် အမျိုးသမီးကြီး တစ်ယောက်သည် ဝင့်ဘည်သောမျက်နှာပြင်ကိုပိုင်ဆိုင်ပေမယ့် ရောဂါကြောင့် ညှိုးလှသောမျက်ဝန်းတို့ဖြင့် ရန်ကြီးအောင်နံဘေးကို လာရပ်သည်။

'ဪ...ဒေါက်တာ၊ ဒါ ကျွန်တော့်မာမီလေ၊ မာမီက သွေးတိုးနဲ့ နှလုံးရောဂါဖြစ်နေတာ ကြာပြီ၊ ဒီဆေးခန်းက အထူးကုနဲ့ လာပြနေရတယ်၊ မာမီ....ဒါ ကျွန်တော် ဆေးရုံတက်ရတုန်းက ခင်ခဲ့တဲ့ ဒေါက်တာမင်းဂေါင်'

'ဒေါက်တာက အထူးကုလား'

'မဟုတ်သေးပါဘူး အန်တီ၊ ကြိုးစားဆဲပါ'

အမျိုးသမီးကြီးသည် အခုထိ ဂုဏ်ခနမာန် ဝင့်နေပုံရသည်။ သူ့လို ဆရာဝန်ပေါက်စနကို အထင် မကြီးရိပ်တို့ မျက်နှာပြင်မှာ အထင်းသား။ မထိပ်ထား...ညည်းကလေးက သည်အမျိုးသမီးကြီးနဲ့ လူချင်းတွေ့ပြီး စကား ထိပ်တိုက် မပြောမိခဲ့တာဘဲ ခပ်ကောင်းကောင်း။ နို့မို့—ညည်းကလေး သည့်ထက်ခံပြင်းစရာတွေ ကြုံတွေ့ခံစားရရှာလိမ့်မယ်။



Scanned by CamScanner

'ဒေါက်တာက ဘယ်ဆေးခန်းမှာ ထိုင်တာလဲ'

'ဒီမှာပဲလေ၊ ခင်ဗျားတို့ကရော'

'ဒီဆေးခန်းမှာထိုင်တဲ့ အထူးကုနဲ့ မြပ်တာပါ၊ ကျွန်တော် ပြန်လာရတာကလည်း မှာမို့ကြောင့် ပြန်လာဖြစ်တာ၊ တကယ့်တကယ်ဆို ပြန်လာဖို့ရည်ရွယ်ချက်မရှိခဲ့ဘူးဗျ၊ မြန်မာပြည်ကြီးက ကျွန်တော့် အတွက် တစ်ခုခုကြောင့် ပျော်စရာကောင်းမဲ့နေသလိုပဲ'

'အနောက်နိုင်ငံတွေနဲ့တော့ ဘယ်တူမလဲဗျာ'

'ဒီလိုအဓိပ္ပာယ်နဲ့ ပြောတာ မဟုတ်ပါဘူး၊ ကျွန်တော့် ခံစားချက်တစ်ခုကြောင့်ပါ၊ နောက်တော့မှ ဒေါက်တာ့ကို ကျွန်တော်ပြောပြပါ့မယ်၊ ကျွန်တော်လေ ဒေါက်တာ့ကို တော်တော် ခင်မင်မိတယ်၊ ဒေါက်တာက ကျွန်တော်နဲ့ အသက်ချင်းသိပ်မကွာပေမယ့် ရင့်ကျက်မှုတွေက ကြီးစိုးနေလို့လားမသိဘူး၊ သိပ်လေးစားစရာကောင်းတာပဲ'

ရန်ကြီးအောင် စကားတွေဖောင်ဖွဲ့နေပေမယ့် သူ့မိခင်က စိတ်မရှည် သည်းမခံနိုင်ပုံနှင့် သူမဘာသာ ဆေးခန်းထဲ ဝင်သွားနှင့်သည်။

'ဟုတ်လား၊ အေးဗျာ... နောက်မှ တွေ့ကြရအောင်၊ ကျွန်တော် အခု တာဝန်ချိန်နီးနေလို့'





'ဟာ...ဆောရီး ဒေါက်တာ'

ရန်ကြီးအောင်သည် အားနာဟန်ဖြင့်ရေရွတ်ကာ သူနှင့် အတူ ဆေးခန်းထဲ လိုက်လျှောက်ဝလာ၏။ သူ အခန်းထဲ ရောက်တော့ ဆေးအိတ်ကိုချရင်း သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။

ဆေးရုံတက်ချိန်တစ်လျှောက်လုံး သူနှင့်ရန်ကြီးအောင် တို့သည် စေ့စက်ပါလှစွာ အမြဲလိုလို ဆုံနေကျမို့ ရန်ကြီးအောင် သူ့အပေါ် အလိုလိုခင်နေမှန်း ရိပ်မိသည်။

အင်း... ရန်ကြီးအောင်။ အခြေအနေကတော့ မလွယ်တော့ဘူး။ ခင်ဗျားက ခင်မင်ရုံတင်မက တစ်စုံတစ်ခုတွက် အားကိုးချင်လာပုံပါ ရနေတယ်။ မထိပ်ထားကလေးနဲ့ ဆေးရုံဘစ်ရုံတည်း၊ Ward တစ်ခုတည်းဖြစ်သူမို့ မထိပ်ထားကလေးအကြောင်းများ စုံစမ်းဖို့ ချဉ်းကပ်အားကိုးချင်သလား။ နှစ်ယောက်ကြားမှာ ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်ဖို့ မသိပ်ထားတော့ မကြာခင် ရင်ဆိုင်ရဖို့ မြင်ယောင်ပြန်၏။

'ကျွန်ုပ်မဟာ မောင်နှဲပတ်သက်ခဲ့ပြီးမှ အရာရာကို အယုံကြည် ကင်းမဲ့သောအကြည့်တွေပေးတဲ့မျက်ဝန်းတစ်စုံကို ပိုင်ဆိုင်လာတဲ့ မိန်းမသား ဖြစ်သွားရတယ်'



Book Sharing

Scanned by CamScanner

မထိပ်ထားရဲ့ နောက်ဆုံးနှုတ်ခွန်းစကားကြောင့် မထိပ်ထားကလေး သူ့ရဲ့ချစ်ခြင်းကို အယုံအကြည်မကင်းမဲ့ခဲ့ချင်ပါ။ အချစ်သည် စိုးရိမ်စိတ်တွေလည်း ဖြစ်ထွန်းစေတတ်သည်လား....။

( ၂ )

သူ မြတ်နိုးသော မိန်းကလေးသည် ဆလွန်းအဖြူလေးကို တံခါးဖွင့် ဆင်းလာ၏။ လှလိုက်တဲ့ မိန်းမငယ်လေးရယ်၊ ထူမထက်လှတဲ့ မိန်းကလေး ရှိတော့ ရှိမည်။ ဒါခပမယ့် ဝန်ခံစရာထစ်နေကတော့ ထူမလေးသည် မြင်ရုံဖြင့် ဝေးသွားစေလောက်အောင် လှ၏။

ကားတံခါးပိတ်ပြီး သူ ဆီးကြိုရာဆီ သူမ၏ပွံ့နေကျ ချိုသာပြုံးဖြင့် လျှောက်လာနေ၏။ နက်ပြာရောင် ဇာအင်္ကျီရင်စေ့ လက်ရှည်နှင့် ယောလုံချည် နက်ပြာတို့သည် ဖြူနုဝင်းသော အသားအရေဖြင့် နက်မှောင်ရှည်လျားသော ဆံကေသာတို့ဖြင့် လိုက်ဖက်လှသည်။ သည်ဆံနွယ်ခလေးတွေ

ကို အလျှင်ဆုံး နမ်းရှိုက်ခွင့်၊ ကိုင်တွယ်ခွင့်.... ဒါတွေကို ရန်ကြီးအောင်က ပိုင်ဆိုင်ခဲ့သူဖြစ်၍ မနာလိုချင်ပါ။

'မထိပ်ထား... နောက်ကျတယ်'

'ဟုတ်တယ် ကိုမင်းဇော်၊ ဒေသမတို့ပါ လိုက်ဖြစ်မှယ် ထင်ပြီး စောင့်ခေါ်နေတာ၊ နောက်မှ ပေဒပ ခေါင်းနည်းနည်းမူးနေတယ်ဆိုတာနဲ့ သွေးချိန်ပေးပြီး ဆေးတိုက်ထားခဲ့ရတယ်၊ အားနာလိုက်တာ'

'ရပါတယ်၊ ကဲ... လာ၊ ကိုယ့်မေမေဆီ လိုက်ခဲ့'

'ဘာဖြစ်လို့လဲ ကိုမင်းဇော်'

'ကိုယ်က မထိပ်ထားအကြောင်း ခဏခဏပြောပြထားပြီးတော့ မေမေက တွေ့ချင်နေတာ'

သူ့စကားအတွက် သူမလေး စိတ်အနေခက်အယ်က် ဖြစ်သွားပေလိမ့်မည်။ ဒါပေမယ့် မကြာခင် ပိုင်ဆိုင်ခွင့် တင်ပြရဖို့ ရှေ့ပြေးစကားတွေ ပြောထားချင်သည်မို့....။

'ထဲဒါ ထိပ်သားလား သား'

'ဟုတ်ကဲ့ မေမေ၊ မထိပ်ထား... ဒါ ကိုယ့်မေမေ၊ ဒီကောင်တွေက ကိုယ့်ညီတွေ၊ မှတ်ထားနော်....လမ်းတွေ့ရင် မခေါ်နဲ့၊ မုန့်ပိုးတောင်းနေလိမ့်မယ်'

'ဟာ... ကိုကိုကလည်း တို့တောင်းနေပြန်ပြီ'





သူ့ရဲ့ ပိုင်ပိုင်နိုင်နိုင်အပြောကို မထိပ်ထား စိတ်ဆိုးဟန်မပြပေမယ့် မျက်ဝန်းထဲတွင် မကျေနပ်ရိပ်ကို တွေ့ရ၏။ သူ့စရိုက်က ဘယ်တော့မဆို သူ့ဘက် သူယက် ပြောတတ်၊ တွေးတတ်ခြင်း ဖြစ်သည်။

'ကဲ....သမီးလေး ဘုရားကန်တော့ပြီးပြီ သားရဲ့၊ မုန့်ကျွေးဖို့ ပြင်လေ'

'ဟာ.... ဆောရီး မထိပ်ထား'

သူက ပျာယာခတ်စွာ နန်းကြီးသုတ်ပွဲကို ပြင်ဆင်ဖို့ အိမ်သားတွေကို လှမ်းမှာတော့ မျက်ဝန်းထောင့်တွင် မေမေ့ သဘောပေါက်ပြုံးကို မြင်ယောင်ကြည်နူး၏။

မေမေ့ဆီ စကား စ ထားပြီးပြီပို့ ခုမှမေ အကဲခတ်ပါစေတော့ဆိုကာ သည် ဘုရားအနေကဇာ တင်ပွဲတွင် မထိပ်ထားနှင့် သူမ၏ မိဘများကို ဖိတ်ခဲ့ခြင်းဖြစ်သည်။

သူ့ ကြေညာထားမှုကြောင့် အိမ်ရှိလူကုန် မသိမသာ အကဲခတ်၊ သူ့ရဲ့အရိပ်တကြည့်ကြည့်နိုင်မှုကို လျှောင်ပြုံးဖြင့်ကြည့်၊ မေမေ့ရဲ့ မထိပ်ထားကို သဘောတကျ ဝေးနေပုံကို ကျေနပ်နှင့် သူ့ရဲ့အချစ်ကို အရောင်တင်သည်။

'သမီး ဆံပင်တွေက လှလိုက်တာနော်၊ တော်တော်ထိန်းသိမ်းရမှာပဲ'

'ဟုတ်တယ် အန်တီ၊ တပ်ခါတလေ ပူလွန်းလို့ ဖြတ်ပစ်ချင်မိတယ်၊ အဲဒီအခါကျတော့လည်း နှမြောပြီး စိတ်ညစ်ရရော၊ မေမေက ဆံပင်ရှည်တာ သဘောကျတယ်လေ၊ အဲဒါနဲ့ ကျွန်မက ဆယ်တန်း အောင်ပြီးကတည်းက ဆက်အရှည်ထားဖြစ်ခဲ့တာ'

'ကြော် ကြော်.... ဒီအနေပဲ ထားတယ်လား၊ ဒီ့ထက် ထားရင် ရှည်နိုင်သားနဲ့'

'ဟုတ်တယ်၊ တင်ပါးကျော်လာရင် ပြန်ညှပ်ပစ်တယ်၊ သိပ်ရှည်လွန်းတော့ ကြည့်မကောင်းဘူး ထင်လို့'

မေမေ့ရဲ့ ဆံပင်အကြောင်း အင်တာဗျူးကို မထိပ်ထားက စိတ်ရှည်ရှည် ရှင်းပြခြင်းဖြင့် သူ့၏ မြတ်နိုးမှုများကို သဲ့ယူ ပြန့်သည်။

'ဆေးရုံလာရင်တော့ ဆံထုံးပုံမကျလေးနဲ့ လာတယ် မေမေရဲ့'

သူက ခပ်နောက်နောက် ဝင်ပြောတော့ မထိပ်ထားက စိတ်မဆိုးချေ။ ဆံပင်ဖားလျားဝေမှုကို အိမ်မှနေရင်းသာ တွေ့ဖူးပေမယ့် အခုလို အပြင်မှာတွေ့ရတော့ တင့်တယ်ခြင်းကို ဖြည့်စွက်ထားသည့်အလား။ ဆေးရုံမှာ အလုပ်ဆင်းရင်





တော့ နပူး ဆံညှပ်လေးပေါ်အောင် နောက်လှန် ဆံထုံးထုံးထားပေမယ့် မသေသပ်မှုကြောင့် ဆံမျှင်ဖွာဖွာတို့သည် အမြဲလို မျက်နှာရှေ့ စေ့ကျနေတတ်သည်ကို သူက သဘောကျတတ်သည်။ တော်ရုံ မိန်းမဆိုလျှင်တော့ အရုပ်ဆိုးလိုက်မယ့် ဖြစ်ခြင်း။

'ဟေ့.... ကိုကို၊ မင်းမျက်လုံးတွေ ပြန်ကောက်တင်ဦးကွာ၊ မထိပ်ထားကလေး အရည်ပျော်သွားဦးမယ်၊ မျက်လုံး မီးတောက်တွေကြောင့်'

'ခွေးကောင်'

ညီငယ်လေးက သူ့နားနားကပ်နောက်တော့ တံတောင်တွက် ဆဲဆို၏။ ညီကလေးများသည် သူ့ရဲ့ ချစ်သူ မရှိမှုကို အမြဲလိုလို ကဲ့ရဲ့တတ်သည်မို့ သည်တစ်ခါ သေသေချာချာ မိတ်ဆက်ပြသသော ချစ်သူ အဦးဆုံးလေးကို ကျေနပ်ကြခြင်းသည် သူ့အတွက် မထိပ်ထားကို ပို၍ရယူပိုင်ဆိုင်လိုခြင်းများ ဖြစ်ထွန်းလာစေသည်။

ဒါပေမယ့် ရန်ကြီးအောင်ဆိုသော ခလုတ်တစ်ခုအတွက်တော့ ရင်၌ စိုးရိမ်ခြင်းက အမြဲလိုလို ကြီးစိုးနေမြဲ။

'ကိုမင်းဂေါင်.... ကျွန်မ ပြန်လိုက်ပါဦးမယ်'



Scanned by CamScanner

သိုသော ဝကားကလေးနှင့် အပြန်ခရီးကိုဆက်သွား သူကလေး၏ ဆလွန်းကား အဖြူလေးကို ငေးကြည့် ကျန်ရစ်သည်။ အိပ်သားများနှင့် ပေမှ ဝေဖန်စကားများ ကြားတွင် နားထောင် ခေါင်းညိတ်ရင်း မထိပ်ထားကို လွမ်းဆွတ်မိသည်။

....

'ကျွန်မ ထင်ဘောင်ထင်ခဲ့တယ်၊ ဒါပေမယ့် ကျွန်မ လှုက်ခတ်လည်း ညံ့တယ်၊ နောက်ပြီး အရာရာကိုလည်း ဘယ်တော့မှ မယုံကြည်တတ်လို့ ကိုမင်းဂေါင်ကို ဘယ်လိုမှ မထွေးမိခဲ့ဘူး'

သူက ခေါင်းကို ခပ်မြန်မြန်ခါရင်း...

'မထိပ်ထား ကိုယ့်ကို ယုံကြည်ပါ၊ ကိုယ့်တစ်သက်မှာ ဘယ်သူ့ကိုမှ အတည်တကျ ချစ်သူ မထားခဲ့မိပါဘူး၊ စိတ်ဝင်စားခဲ့ဖူးတာလေးတွေ ရှိခဲ့ပေမယ့် ကိုယ့်အတွက် ဒီလောက်အထိ ခရီးရောက်အောင် အချစ် မစစ်မှန်ခဲ့လို့





ကိုယ့်မှာ ချစ်သူဆိုတာ တစ်ယောက်မှ မရှိခဲ့ဖူးဘူး၊ မထိပ်ထားကိုတော့ ဓတ္တုကတည်းကို မြတ်နိုးနှစ်သက်မှုနဲ့ စိတ်ဝင်စားခဲ့ပြီးမှ လက်ထပ်ဖို့အထိ ချစ်သွားခဲ့မိတာပါ၊ ထပ်ပြောပါရစေ၊ ကိုယ် မထိပ်ထားကို ချစ်တယ်'

ကောင်မလေးသည် ခံစားချက်မဲ့သောမျက်နှာ ရှိနေခြင်းကို သဘောမကျပါ။ ရန်ကြီးအောင်ဆီက သည်လိုစကားမျိုး ကြားရစဉ်ကဆိုလျှင် ကြည်နူးပုံးပြ၊ အရှက်သိပ်သည်း၊ ရင်ခုန်ခြင်းတွေ ကြီးဖိုး၊ ကျေနပ်နှစ်သိမ့်သောမျက်နှာပေး ဖြစ်နေလိမ့်မည်။ အေးလေ....ဘယ်တုပါမလဲ။ သွားစမ်းပါ၊ဒါတွေလိုက်တွက်နေဖို့မလို။ သူ့ရဲ့ချစ်ခြင်းက ဦးတယ်၊ နောက်ကျတယ်မှ အစကတည်းက လိုက်တွက်နေဖို့ မလိုဘူးဘာ။ အပြေတွက်ပြီးသား ပုစ္ဆာတစ်ပုဒ်ကို သိနေခဲ့ပြီပဲ၊

'ကျွန်မ ဒါတွေ ကြိုမမြင်ခဲ့ပေမယ့် ကိုမင်းဂေါင်ဘက်က မရိုးမသား ဖြစ်နေရင်လည်း စဉ်းစားနိုင်ပါစေတော့ဆိုပြီး ရန်ကြီးအောင်နဲ့ ကျွန်မ အကြောင်း ပြောခဲ့တယ်လေ၊ ကိုမင်းဂေါင် မှတ်မိပါတယ်နော်'

'သိပါတယ်၊ ဓတ္တုကတည်းက မင်းရဲ့ မဟာမြင့်မြတ်ဆက်ဆံမှု၊ လူနာတစ်ယောက်အပေါ် မလိုအပ်ဘဲ ရှောင်လွှဲမှုတွေကို လေ့လာခဲ့မိဘယ်၊ အားလုံးသိပေမယ့် ကိုယ်က ချစ်

နေမှပဲတော့ နောက်မဆုတ်ချင်ဘူး၊ မထိပ်ထား ခံစားခဲ့ရတာတွေ မြေမြှုပ်ပြီး အသစ်တစ်ဖန်ဖြစ်ပေါ်လာမယ့် နံနက်ခင်းသစ်တစ်ခုကို နိဒါန်း စခေချင်တယ်၊ ကိုယ့်တို့အရွယ်က အချစ်ကို ဌေ့တန်းတင်ရတော့မယ့် အရွယ်မဟုတ်ဘော့လို့ လက်ထပ်ခွင့်ကိုပါ တောင်းဘာပါ'

သူမကလေးကသူ့ကို တည့်တည့်စိုက်ကြည့်ရင်း...

'ကျွန်မက လူတစ်ယောက်နဲ့ တော်တော်တွဲခဲ့၊ ချစ်ခဲ့ဖူးတယ်၊ နောက်ပြီး လူ တော်တော်များများ ထင်ခဲ့သလို အဖြစ်မျိုးကိုလည်း အပြောခံခဲ့ရဖူးတယ်လေ၊ ကျွန်မဘာမှ မဖြစ်ခဲ့ဖူးပါဘူးလို့ အာမခံ တစ်ခုတည်းနဲ့ ကိုမင်းဂေါင်က ယုံကြည်ရဲ့လား'

သူက မထိပ်ထား၏ အတိတ်က နာကြည်းချက်များကို နားလည်ထားသူပီပီ ရင်ဆိုင်ရန်ပြင်ဆင်ထားသော၊ ဆုံးဖြတ်ချက်ချပြီးသော လူတစ်ယောက်၏ မျက်နှာပေးဖြင့် သူ့ကိုလုံးဝ တုန်လှုပ်ခြင်းမဲ့စွာ စိုက်ကြည့်နေသော ကလေးမကို ပြန်ရင်ဆိုင်ကြည့်ကာ...

'ဘာဖြစ်သလဲ၊ လူ အယောက်တစ်ရာရဲ့ စကားကို နားထောင်ရမှာလား၊ ညည်းစကားကို နားထောင်ရမှာလား၊ တာပဲဖြစ်ဖြစ် ကိုယ့်ချစ်သူရဲ့ ပြောစကားကိုပဲ နားထောင်ရမှာပေါ့'





'အခုတော့ ပြောနိုင်ဦးမှာပေါ့၊ အိမ်ထောင်ကျပြီးမှ နှစ်ကြာလာရင် ခနဲ့စရာ၊ နိုင်စရာ၊ အပြစ်ရှာစရာအကွက်တစ်ခု ဖြစ်သွားမှာ ကျွန်မ စိုးရိမ်တတ်တယ်၊ ကိုမင်းဂေါင်ယုံပေမယ့် ကိုမင်းဂေါင်ရဲ့ အသိုက်အဝန်းက ရှိသေးတယ်'

'မလိုဘူးလို့ ထင်တယ်၊ အိမ်ထောင်တစ်ခုမှာ ချစ်သူနှစ်ယောက်က အဓိကပဲကွ၊ တစ်သက်လုံး လက်တွဲရမယ့်လူ အချင်းချင်း နားလည်မှုတော့ ရှိရမှာပေါ့'

သူက စိတ်အားထက်သန်စွာ ဆွေးနွေးမှုကို သူမကလေးက လှောင်ရယ်တယ်တဲ့၊ နာကျင်သွားသောရင်ဘတ် တစ်နေရာမှ ဒဏ်ရာကို ကြိတ်မှိတ် မျိုချရခြင်းကို မထိပ်ထား မသိခဲ့ပါ။ လောကမှာ 'သူချစ်ကိုရှာရင် စိတ်ချမ်းသာရမယ်' ဆိုပေမယ့် သူ့အတွက်ကတော့ ကိုယ်က ချစ်နေရရင် ကျေနပ်တတ်သူဖြစ်၍ မထိပ်ထားတစ်ယောက် 'သူချစ်'ကိုရသော ကံကောင်းသူလေး ဖြစ်ပါ၏။

'နှစ်ယောက်သား နားလည်ပေမယ့် ရှင့်မေမေက ရှင့်ကို ဆိပ်ချစ်ပုံရတယ်၊ ဒါဆို သူ့သားဖြစ်တဲ့ ရှင့်ကို ပြစ်မျိုးမဲ့ပဇင် မိန်းကလေးနဲ့ပဲ သနားတာမှာ ပါ၊ ကျွန်မအကြောင်းတွေ မသိသေးလို့သာ ကျွန်မကို ကြည်ဖြူနေတာ ဖြစ်လိမ့်မယ် ကိုမင်းဂေါင်၊ အလျှုနေ့မှာကတည်းက ရှင်ဟာ ရှင့်အိမ်ကို ဘာတွေပြောထားတယ်ဆိုတာ ကျွန်မ ရိပ်မိခဲ့တယ်'



Book Sharing

Scanned by CamScanner

သူ့အကြံအတွက် သူက ရှက်ရယ်ရယ်ရင်း မထိပ်ထားကို မျှော်လင့်စွာ...။

'မဖြစ်နိုင်ဘူးထင်ပါတယ် ကိုမင်းဂေါင်'

'ဘာလို့ မဖြစ်နိုင်ရမှာလဲကွ၊ မထိပ်ထား.... ညည်း တစ်ထိုင်တည်းနဲ့ မဆုံးဖြတ်နဲ့ကွာ၊ စဉ်းစားပြီးမှ ညှိနှိုင်းကြရအောင်လား'

'ခုလောလောဆယ် ကျွန်မ အဖြေက ဒီအဖြေပဲရှိတယ်၊ နောက်လည်း ပြောင်းလဲဖို့ဖြစ်မယ် မထင်ဘူး၊ ဘာဖြစ်လို့လည်း ဆိုတော့ ကျွန်မ အချစ်ကို မရှာချင်တော့လို့'

ပြတ်ရိုက်ခံလိုက်ရသလို သူ့ ခေါင်းက လည်ဆင်းသွား၏။ ရင်ဆိုင်ရသော အဖြစ်အပျက်များကို ကြိုတင် မျှော်လင့်ခဲ့ဖူးပေမယ့် သည်လောက်ထိ ဆိုးဆိုးရွားရွား ခံစားရလိမ့်မည်လို့ သူ မထင်ခဲ့ပါ။ သူ့ချစ်ခြင်းများသည် သူ ထင်ထားတာထက်တောင် မထိပ်ထားအပေါ် အဆမတန် များပြားနေခဲ့သည်ပဲ။

'ဒါဆို တစ်သက်လုံး အပျိုကြီး လုပ်သွားမှာလား'

'ဟုတ်တယ်၊ ကျွန်မက အတိုင်းပေါင်း တစ်ခုကြောင့် ပြဿနာရှုပ်ရတဲ့ အိမ်ထောင်ရေးမျိုးကို မလိုလားလို့၊





ကိုမင်းဂေါင်မှ မဟုတ်ဘူး၊ ဘယ်သူမဆို ကျွန်မကို ပရိုပို့စ်လုပ်ရင် ကျွန်မက ငြင်းရမှာပဲ'

'ရန်ကြီးအောင်ကို မျှော်လင့်နေချင်သေးလို့လား'

သည်စကားတစ်ခွန်းကြောင့် သူမသည် ဝုန်းခနဲ ထရပ်ကာ....

'ကဲ—ကိုမင်းဂေါင်၊ ကျွန်မ အပြောမမှန်ဘူးလား၊ ရှင်အခုကတည်းက ဗွပ်စွဲချင်စရာ ရနေပြီလေ'

'ဟာ....ဆောရီး မထိပ်ထား၊ ကိုယ် စိတ်မကောင်းလိုက်တာကွာ'

မထင်မှတ်သောစကား ထွက်သွားသည့်ပါးစပ်ကို ပိတ်ရိုက်ပစ်ချင်သည်။ သူက သဘောရိုးနဲ့ အမေးကို မထိပ်ထား ဘာလို့များ ဆတ်ဆတ်ထိမခံ နာကျင်ရသလဲ။ အမှန်ကို ထိနေ၍လား။ မာနကို အထိပါးခံရတယ် တင်ခဲ့ပြန်ပြီလား။ သည်ပိန်းကလေးသည် စကားပြော ဆင်ခြင်ရမည့် လူများ စာရင်းဝင်လည်း ဖြစ်သည်။

'ဒီမှာ ကိုမင်းဂေါင်၊ ကျွန်မ ဒီလိုငြင်းရခြင်းက ကျွန်မ အတွက် အတွေ့စွဲကြီးလို့ ငြင်းတယ်ပဲ မှတ်ပါ၊ ရန်ကြီးအောင်ကို မျှော်လင့်နေလို့လည်း မဟုတ်ဘူး၊ ရန်ကြီးအောင် မြန်မာပြည်ပြန်ရောက်လာလို့လည်း မဟုတ်ဘူး၊ ဒီဆုံးဖြတ်ချက်ကို ချခဲ့တာ ရန်ကြီးအောင်နဲ့ စကွဲကတည်းက'



Scanned by CamScanner

'မှထိပ်ထား ကိုယ့်ကို ခွင့်လွှတ်ပါ၊ တစ်ခုတော့ ပြောပါရစေ၊ ကိုယ် မထိပ်ထားကို ရအောင် လက်ထပ်မယ်'

အမျိုးသမီးကလေးသည် သူ့စကားကို ဆုံးအောင် နားမထောင်။ ရှေ့က ကြိုထွက်သွားနှင့်တော့ သူက စားပွဲထိုးကို အမြန်ပိုက်ဆံရှင်းရင်း ပြောလိုက်ရသည်။ ဒါဟာ မင်းဂေါင်ရဲ့မထိပ်ထားအပေါ် တင်ရှိနေသော ဝဋ်ကြွေးတွေပဲပေါ့ဟု ကိုယ့်ကိုယ်ကို လှောင်လိုက်သည်။

( ၃ )

အမျိုးသမီးကလေးသည် သူ့ကို ဒေါသဟုကြီး အံကြိတ်စိုက်ကြည့်သော်လည်း သူက စိတ်မဆိုးနိုင်လှစွာ ချစ်ခြင်းတွေ တရိပ်ရိပ်တက်လာမှုကို ဝန်ခံသည်။

'ရှင် ဒါ တမင် လူလည်ကျတာ၊ ကျွန်မ သဘောမတူတဲ့ ဒီလိုမိစဉ်တာတော့ မကောင်းဘူး'

'မထိပ်ထားကို ကိုယ်က လက်မလွှတ်ချင်လို့ မေမေတို့ဆီက တစ်ဆင့် ပြောခိုင်းရတာပါကွာ၊ မထိပ်ထားကို အခြေတောင်းတိုင်း အမြဲငြင်းနေတော့ ကိုယ် မနေနိုင်တော့ဘူး၊ တော်ကြာ ရန်ကြီးအောင်နဲ့ ထပ်တွေ့ရင် မထိပ်ထား စိတ်

တွေ ဒီ့ထက် ဝေခွဲမရ ဖြစ်မှာစိုးလို့၊ ကိုယ်က ကိုယ့်ရဲ့ ပိုင်ဆိုင်ခွင့်ကို ကြေညာရတာ'

'ဩော် ဩော်....တော်တော်တရားတဲ့ အပြောပဲ၊ ကျွန်မက ရှင့်ကို မချစ်နိုင်ပါဘူး၊ လက်မထပ်နိုင်ပါဘူးလို့ ငြင်းထားတယ်လေ၊ ကျွန်မ မိဘတွေကလည်း ကျွန်မ သဘောပဲမို့ ရှင့်အတွက် မျှော်လင့်ချက်က နည်းပါတယ်၊ ကိုယ့်ကိုယ်ကို တော်တော်အထင်ကြီးတတ်တဲ့ ရှင့်ရဲ့ စိတ်ခါတ်ကို နားလည်သွားရပြီ'

'ကိုယ့်ဘက်ကတော့ နောက်မဆုတ်တမ်း ကြိုးစားနေဦးမယ် မထိပ်ထား'

မထိပ်ထားသည် သူ့ကို မျက်စောင်းပစ်ထိုးကာ နားကြပ်ကို ကောက်ကိုင်၍ အခန်းထဲက ထွက်သွားတော့သည်။ ဖွာရရာကြဲနေသော ဆံမျှင်တို့သည် မျက်နှာရှေ့တွင် ကပိုကရို ကျလွှန်းနေ၍ ဆံမျှင်များကြားမှ ထရောင်လက်သော မျက်ဝန်းကို ခပ်ဝါးဝါးသာ တွေ့ရခြင်းကို သူက မရောင့်ရဲနိုင်ပါ။ ပိုင်စိုးပိုင်နင်း ဆံမျှင်စတွေ ဖယ်ပေးချင်သည်။

သည်လိုမျိုး ဆံပင်တွေသိမ်းပြီး မျက်နှာပြင်ကို ရှင်းပေးလေ့ရှိသော သူ့ပလေး၏ချစ်သူသည် တော်တော်ကံကောင်းတဲ့လူ ဖြစ်ခဲ့၍ သူက မကျေနပ်ချင်ပါ။





'မထိပ်ထားလေးရဲ့ မိဘတွေကတော့ သားကို မြင်နေကျမို့ သဘောကျကြပါတယ်၊ ဒါပေမယ့် သူတို့ သမီးရဲ့ ဆန္ဒကိုသာ ဦးစားပေးချင်ပုံရတယ် သားရဲ့၊ မေမေ့စကားကို သိပ်ပြီး သဘောထားဟန် မပြောကြဘူး၊ သမီးကိုလည်း ပေးကြည့်ပါမယ်လို့တော့ မယုတ်မလွန် ဆိုတာပဲ၊ သားရယ်....မင်းဟာက ဟုတ်မှ ဟုတ်ရဲ့လား၊ မဟုတ်ရင် အရှက်ကွဲလိမ့်မယ်'

ဆိုသော မနေ့က မေမေ ပြန်အလာတွင် ပြောသော စကား၊ အခု သည်နေ့ ဆေးရုံမှာ အလုပ်ဆင်းရတော့ မထိပ်ထား၏ ရန်တွေ့စကား။ ဒါတွေကို ဂရုမစိုက်ချင်ပါ။ မင်းကုသထုံး နှလုံးမူပြီး မထိပ်ထားဆီက လက်ခံသည်အထိ ငွဲ့မလျှော့ဖို့ ဒေါက်တာ မင်းဂေါင် ဆုံးဖြတ်ထားသည်။

'ဒေါက်တာ... ဖုန်း'

နာ့စ်က ဖုန်းခွက်ကို သူ့ဆီတိုးပေးတာမို့ အတွေးစတွေ ရပ်တန့်ကာ....

'ဟုတ်ကဲ့....ပြောပါ၊ မင်းဂေါင် ပြောနေပါတယ်'

'ဒေါက်တာ ကျွန်တော်ပါ၊ ရန်ကြီးအောင်ပါ'



Scanned by CamScanner

ရင်ထဲတွင် ဒိုင်းခနဲမြည်အောင် သတိပေးသံကို ကြားရစဉ် ဖုန်းခွက်ကို ယောင်ယမ်းကျစ်ညှစ်မိသည်။

‘ကိုရန်ကြီးအောင်… ဘာကိစ္စရှိလို့လဲ’

‘ကိစ္စ အရေးတကြီးရယ်တော့ မဟုတ်ပါဘူး ဒေါက်တာ၊ ကျွန်တော်နဲ့ ဒေါက်တာ ရင်းရင်းနှီးနှီး တွေ့ချင်လို့ ချိန်းရအောင် စီစဉ်မလို့ပါ’

ဇာတ်လမ်းကတော့စပြီဟု စိတ်ထဲ၌ ရေရွတ်နေရင်း တစ်စုံတစ်ခု ပြတ်ပြတ်သားသား ကြေညာရန် အချိန်သင့်ပြီဟု ကိုယ့်ကိုယ်ကို သတိပေးလိုက်သည်။

‘ရပါတယ်ဗျာ၊ အခုလိုမျိုး ခင်မင်ရရင်လည်း ကိုယ်ကျေနပ်ပါတယ်’

‘ဟာ… ဘယ်ဟုတ်မလဲဗျာ၊ ကျွန်တော်က ဒေါက်တာ့ကို ဒီ့ထက်မက ရင်းနှီးချင်လို့၊ မိတ်ဆွေတစ်ယောက်လို တိုင်ပင်ဖော် အစ်ကို တစ်ယောက်လိုပါ၊ အကြောင်း တစ်ခုကြောင့်လို့သာ နာမည်တပ်လို့ ရပေမယ့် ကျွန်တော် ကိုယ်တိုင်ကလည်း ဘာဆန္ဒမှ မမျှော်လင့်ခဲ့ဘဲ တွေ့ခဲ့ကတည်းက ခင်မင်မိလို့ပါ’

ပုဂ္ဂိုလ်လေးသည် အလွန်အမင်း စိတ်အားထက်သန်သည့်အသံ ဖြစ်ပေါ်နေလေသည်။





‘ကောင်းပြီလေ၊ ခင်ဗျားသဘောပဲ၊ ဘယ်မှာ ဆုံကြမလဲ’

‘ဒေါက်တာ အားတဲ့အချိန် ပြောပါ’

‘အားတဲ့အချိန်ဆို ကိုယ် ဒီညနေ ဆေးရုံဂျူတီပြီးရင် အားတယ်၊ ကိုရန်ကြီးအောင် ဘက်ကရော’

‘ဟာ… အတော်ပဲ၊ ကျွန်တော်လည်း အားပါတယ်၊ ကျွန်တော် ဖွင့်ထားတဲ့ စားသောက်ဆိုင်ကိုပဲ လာခဲ့ပါ၊ ဗိုလ်ချုပ်လမ်းကလေ၊ ဒေါက်တာ့ကို အရင်က ပြောပြဖူးလို့ သိတယ် ထင်တယ်’

‘သိပါတယ်၊ ကောင်းပြီ…. ကိုယ်လာခဲ့မယ်’

‘သင့်ခံ ဒေါက်တာ’

ဟိုဘက်က ဖုန်းမချခင်တွင် ထိုသူကောင်းသားသည် လေတစ်ချက်ချွန်ကာ ဖုန်းချသွား၏။ စိတ်ထဲမှာ မကျေမနပ် ဆဲဆိုစဉ် သူ့ရှေ့မြတ်နိုးရိပ်ကလေးက အခန်းထဲ ဆေးထိုးအပ် လာယူဖို့ဝင်လာတာမို့ ဖုန်းကိုကပန်းကတန်းချ၍ မျက်နှာကို ပြင်ဆင်ရသည်။

သူမ မသိသော နေရာတစ်ခုတွင် သူမကိုချစ်သော လူနှစ်ယောက်၏ ဆွေးနွေးပွဲပြင်ဆင်ခြင်းကို ပြောမပြချင်ပါ။



Scanned by CamScanner

ဒေါက်တာမင်းဂေါင်သည် အတွကြီးသော လူတစ်ယောက် ဖြစ်ရခြင်းကို ယည်ဘင်ခါ စိတ်မညစ်တော့ချေ။

ယုဉ်ပြိုင်၍ရယူသော အချစ်သည်သူ့အတွက် ပိုမိုအဓိပ္ပာယ် ရှိခြင်းကို ပေးစွမ်းနိုင်ပေလိမ့်မည်။

—❀—

'ဟိုင်း—ဒေါက်တာ၊ ကောင်းသော ညနေခင်းပါ'

သူက ပြန်လည် လက်ဆွဲနှုတ်ဆက်၍ ရန်ကြီးအောင် ညွှန်ပြသော ခုံမှာ သက်သောင့်သက်သာ ဝင်ထိုင်လိုက်သည်။

'ဒေါက်တာ ဘာသောက်မလဲ၊ အချိုရည်ပဲလား၊ ဒါမှမဟုတ် ဘီယာ၊ အရက်၊ ကြိုက်တာပြောပါ၊ ဒေါက်တာက ဘာကြိုက်မှန်းမသိလို့ ကျွန်တော် ကြိုမမှာထားဘူး၊ စားသောက်စရာတွေလည်း ကြိုက်တာမှာပါနော်၊ ဒါက ကျွန်တော်ပိုင်တဲ့ဆိုင်လေ၊ ဒေါက်တာ အားနာစရာမလိုဘူး၊ တက္ကသိုလ်ရိပ်သာလမ်းနားကဆိုင်ကတော့ ကျွန်တော့်အစ်ကို ပိုင်တာ'

သည်စကားသည် သူ့ရင်ကို မချမ်းမြေ့စေပါ။ ရန်ကြီးအောင်သည် အဆမျှားစွာ ချမ်းသာကြွယ်ဝလွန်းသည်။





သူကတော့ အသင့်အတင့်ကြွယ်ဝသော မိသားစုတွင် မေမေ ဦးဆောင်သော ပုံနှိပ်စက်လုပ်ငန်းတစ်ခုသာ ပိုင်ဆိုင်သော သာမန်ဆရာဝန်ကလေး ဖြစ်ခြင်းက အားလျော့စရာများ ဖြစ်နေသလား။ သွားစမ်းပါ။ မထိပ်ထားက အစကတည်းက သိနေရဲ့သားနဲ့တောင် ရန်ကြီးအောင်ကို စွန့်လွှတ်ခဲ့သေးတာပဲ။ ကံကြမ္မာက သူ့ဘက်မှာ အခွင့်အရေး ပိုများတယ်။

သူ့ဘက်မှာ သူ့ရဲ့မြတ်နိုးမှုတင်မက မေမေရဲ့ မထိပ်ထားကိုလိုလားမှု၊ မိသားစုဝင်ငွေ အားလုံးရဲ့ သဘောတကျ ဆက်ဆံမှုဖြင့် မထိပ်ထားရဲ့ ရွေးချယ်မှုကို ရဖို့အခွင့်အလမ်း သာသည်။

'သောက်ပါ ဒေါက်တာ၊ ဒေါက်တာက ဘီယာပဲမှာလို့ အုံ့ဩနေတယ်'

'ကျွန်တော် သောက်လေ့သောက်ထ မရှိပါဘူး၊ ဘီယာတောင် တစ်ခါတလေ သောက်ချင်မှ'

'ဟုတ်သား၊ ကျွန်တော်ကတော့ တစ်ခုခုကို သတိရတိုင်း မေ့သွားအောင် သောက်ပစ်နေကျ၊ နိုင်ငံခြားမှာတုန်းက ပိုဆိုးတယ်၊ ဒီမှာ ပြန်ရောက်တော့ မာမီသ ငိုယိုတောင်းပန်တာနဲ့ တော်တော်လျော့ချလိုက်ရတာ၊ ဒါပေမယ့်ဗျာ… မူးနေတဲ့ အချိန်ကမှ ကောင်းသလိုပဲ၊ မေ့ချင်စရာတွေလည်း မေ့သွားရောလေ'



Book Sharing

Scanned by CamScanner

'ဘဝမှာ နာကြည်းချက်တွေ တော်တော်များခဲ့ပုံရတယ်၊ တစ်ချိန်လုံး မေ့ချင်တဲ့ စကားပဲ ထည်လဲ သုံးနေတယ် နော် ကိုရန်ကြီးအောင်'

ဘဲခြေထောက်တစ်ခုကို တူဖြင့် ညှပ်ယူရင်း ရန်ကြီးအောင်က ပြုံးပြခေါင်းညိတ်သည်။ သည်လိုမျိုး သူ့ဆီက စကား ကြားရချင်လို့လည်း နိဒါန်းတွေ ပျိုးနေဘာကို ရိပ်မိနေခြင်းအား ထိုပုဂ္ဂိုလ်ခမျာ မသိရှာပါလားဟု လှောင် ပြောင်လိုက်၏။

'နာကြည်းချက်လို့ မဆိုချင်ပါဘူးဗျာ၊ သူ့နဲ့ပတ်သက် ရင် ကျွန်တော်က ဘယ်တော့မှ သူ့ကို မနာကြည်းခဲ့နိုင်ဘူး၊ လောကကြီးကိုပဲ မကျေနပ်နိုင်တာဘဲ ရှိခဲ့တယ်'

'သူ တဲ့လား၊ ဆိုစမ်းပါဦး၊ ကိုယ် သိခွင့်ရမလား'

ရန်ကြီးအောင်သည် စိတ်အားထက်သန်စွာ သူ ကြားပူး ပြီးသား ဖြစ်သော ဇာတ်လမ်းတစ်ခုကို ရင့်ဖွင့်ဆွေးနွေး၏။ ဒုတိယအကြိမ် ကြားရသော ထိုဇာတ်လမ်းတွင် ရန်ကြီး အောင်၏ ခံစားချက်တို့ကိုပါ အဆစ်ရောပြွမ်း နားထောင် ရသည်။

ပထမဆုံးအကြိမ် ကြားရစဉ်က မထိပ်ထား၏ ခံစား ချက်ကို သိရစဉ် ထူ့အတွက် မျှော်လင့်သလို မဖြစ်ခဲ့ခြင်း ကြောင့် ကြေကွဲခဲ့ရသည်။





ဒုတိယတစ်ခါ ကြားရသော ရန်ကြီးအောင် ပြောသော ဇာတ်လမ်းကျပြန်တော့ သူက ထိုင်နေရင်း ရန်ကြီးအောင်၏ မေးရိုးဆီ လက်သီးပစ်သွင်းချင်စိတ်ကို ပိန္နိမ်ရသည်။ သူသည် ဝန်တိုမစ္ဆရိယစိတ်များ ထူ ဖြစ်မှန်းမသိ ဖြစ်နေပြန်ပြီတဲ့ လား။

'တဲဒီ ကျွန်တော်ရဲ့ ထား ဆိုတာ ဘယ်သူလည်းလို့ ဒေါက်တာ သိသွားပြီလား'

'ဘယ်သူများ ဖြစ်မလဲ'

'ဒေါက်တာတို့ ward က အလုပ်သင် ဆရာဝန်မလေး ထိုင်ထားပေါ့ ဒေါက်တာ'

သိထားပြီးနာမည်ပေမယ့် ထိုအသံကြားရစဉ် ကြေငွာ အပြင်ဘက် ပို့ခံရသူပမာ...။

'ဪ... တိုက်ဆိုင်လိုက်တာ'

သူက တေ့နိမလှုပ် ရေရွတ်မှုကို ပြုရ၏။ ရန်ကြီးအောင် သည် သူ့ကို သိပ်ဂရုမထားနေဘဲ ခန္ဓာကိုယ်၌ တစ်စုံတစ်ခု ပူးဝင်တွယ်ကပ်နေသူအလား ထူ့ရဲ့ ခံစားချက်တွေ ထပ်မံ ပြေးပြရန် အားသန်နေပုံ ရသည်။



Scanned by CamScanner

'ကျွန်တော့်ကို ထားအကြောင်းလေးတွေ နည်းနည်း ပြောပြနိုင်မလား'

'ကိုရန်ကြီးအောင် ဘာရည်ရွယ်ချက် ရှိလို့လဲ'

'ကျွန်တော် ခုထိ ထားကို—ထားကို ချစ်နေဆဲမို့ ထပ်ကြိုးစားချင်သေးတယ်၊ ကျွန်တော်နဲ့ စေ့စပ်ခဲ့ဖူးတဲ့ ခရစ်တီနာလည်း အိမ်ထောင်ပြုသွားပြီလေ၊ မာမီ့ကိုလည်း မိန်းမ ပေးစားဖို့ နောက်ထပ်ပြင်ဆင်ရင် ဗိုတစ်ခါ မြန်မာပြည်ကို တစ်သက်လုံးပြန်မလာဘူးလို့ ခြိမ်းခြောက်ထားလို့ မာမီလည်း လက်လျှော့ထားတယ်၊ ထားကို ကျွန်တော် သိပ်ချစ်တယ်ဗျ၊ တစ်နေ့မှ မမေ့ခဲ့ဘူး၊ ထား နောက်ဆုံး ပြောသွားတဲ့ မုန်းတယ်ဆိုတဲ့ စကားကို အဲဒီအချိန်တုန်းက မှန်တယ်ထင်ခဲ့မိတယ်၊ ဇွတ်တရွက် ချက်ချင်း အားလုံးကို စွန့်လွှတ်ပြီး ထွက်သွားခဲ့မိတယ်၊ ပြန်တွေးမိတော့မှ ထား တိမ်ပြောမှန်း ရိပ်မိလာခဲ့တယ်'

'အဲဒါ ခင်ဗျားက ပြန်မလာခဲ့ဘူးလား'

'တီနာနဲ့ ကျွန်တော် စေ့စပ်ထားဆဲ ဖြစ်နေတော့ ပြန်ရောက်လာရင် အတင်းလက်ထပ်ပေးမှာ စိုးလို့ ရှောင်နေခဲ့တာ၊ နောက်ပြီး ထားက ကျွန်တော့်ကို သိပ်ချစ်တယ်လို့ ယုံကြည်ရင်း ထားရဲ့ သစ္စာရှိမှုကိုလည်း သံသယမဝင်တာမို့—'





နောက်ထပ် ဘာတွေဆက်ပြောသလဲ၊ သူ ဆက်မကြားတော့ပါ။ ရန်ကြီးအောင် ပြောသော စကားထဲက 'ထားက ကျွန်တော့်ကို သိပ်ချစ်တယ်' ဟူသော စကား၊ 'ထားရဲ့ သစ္စာရှိမှုကိုလည်း သံသယ မဝင်ဘူး' ဟူသော စကားတွေသည် သူ့ကို တပ်လှန့်နိုးဆော်စေသည်။ ဖြစ်နိုင်ချေ ရှိသည်။ မထိပ်ထားဟာ ဒါကြောင့်များ သူ့ကို ငြင်းနေခဲ့သည်လား။

'မထိပ်ထားနဲ့ ကိုယ်တို့ ခင်ကြတာ သိပ်တော့ မကြာသေးပါဘူး၊ လွန်ခဲ့တဲ့ ခြောက်လ ခင်ဗျား ဆေးရုံတက်ရတဲ့နေ့ကမှ စတွေ့ ခင်မင်ခဲ့တာပါ'

'ထားက မာနကြီးဆဲပဲဗျာ၊ ကျွန်တော့်ဆီ ဆင်းခါနီး တစ်ရက်ကမှ ဆေးထိုးပေးဖို့ ရောက်လာခဲ့တယ်၊ ဟိုနေ့တွေက တမင်ရှောင်နေခဲ့တာ ဖြစ်မယ်'

ဘုရားသခင်— မထိပ်ထားနဲ့ ရန်ကြီးအောင် သူ့ မသိလိုက်ခင် ဆေးရုံမှာ နှစ်ယောက်သား ရင်ဆိုင်တွေ့ခဲ့ရပြီးပြီတဲ့။ လက်ဖဝါးတွေမှာ ချွေးစေးတို့ဖြင့် စေးထန်းလာစေတော့တယ်။

'ထား ဘယ်နေ့တွေ ဂျူတီကျလဲ ပေါက်တာ၊ နောက်ပြီး ထား အရင်ထထိပ်မှာပဲ နေသေးတယ် မဟုတ်လား၊

ကျွန်တော် မသိမှသာ ဖာမြဲလိုလို ကားနဲ့ပတ်ကြည့်ပေမယ့် ထား ကို အရိပ်အယောင်တောင် မတွေ့ရဘူး၊ အရင်ကလို ကားမောင်းကြမ်းပြီး သီချင်းတွေသည်း ဘကျယ်ကြီး ဖွင့်တတ်ဆဲပေမယ့် ထား ရိုပ်မိသွားမှာ ကြောက်ပြီး ခပ်အေးအေး မောင်းသွားနေကျဆိုတော့ ထား မသိခဲ့ဘူး လေ၊ ထားက ပြောဖူးတယ်၊ ကား မောင်း ကြမ်း ပြီး သီချင်းအကျယ်ကြီးဖွင့်တတ်တဲ့ကားတွေဆို ကျွန်တော့်ဘား ထင် ထင်ပြီး လိုက်ကြည့်တတ်တယ်ဆိုလို့'

ရန်ကြီးအောင်သည် ခံစားချက်များကို စဉ်ဆက်မပြတ် တင်ပြဆွေးနွေးနေသည်။ သူကလည်း သူ့ဘက်က အခြေအနေများကို ပြန်လည် ချေပဆွေးနွေးနိုင်ဖို့ အကွက်ချောင်းနေရသည်။

ထိုတို့နှစ်ယောက်သည် တကယ်ကို ပြိုင်ဘက်တွေဖြစ်နေကြလေပြီ။ မထိပ်ထား၏ရွေးချယ်မှုအတွက် ဒေကုန်ရေခန်း ယှဉ်ပြိုင်ရတော့မည်။ အဆင့်အတန်းခွဲခြား၍ ဂုဏ်မောက်သော အသိုက်အဝန်းမှ ချစ်သူဟောင်းကို အလေးသာမည်လား။ ဒါမှမဟုတ် ဖြူစင်သော မိသားစုကလေးမှ ပညာတော်သော ဆရာဝန်တစ်ယောက်ကို လက်တွဲဖို့ စဉ်းစားမည်လား။

'ဒေါက်တာနဲ့ ထား တော်တော်ခင်လား'





'ခင်တယ်ဆိုရမှာပေါ့'

'ထားက ပေါင်းသင်းဆက်ဆံရေး ညံ့မယ်ထင်တယ်၊ ကျွန်တော်နဲ့တုန်းက သူ့မှာ သူငယ်ချင်း သိပ်မရှိဘူး'

'ကိုယ့်ကိုတော့ အလွယ်တကူ လက်ခံနိုင် သား ပဲ၊ မထိပ်ထားက ခင်မင်တတ်ပါတယ်'

ရန်ကြီးအောင် မျက်နှာပြင်တွင် စိုးရိမ်ရိပ် တချို့ တစ်ဝက် ဖြတ်ပြေးသွားမှုကို ကျေနပ်သည်။ ကိုယ့်အတွက် ပြောဖို့အလှည့်ကျပြီ ကိုရန်ကြီးအောင်။

'ထားကလှတော့ သူ့ကို စိတ်ဝင်စားကြတဲ့လူတွေ များမှာပဲနော်'

'သေချာတာပေါ့'

'ဟဲ ဟဲ....စိတ်မဆိုးပါနဲ့၊ ဒေါက်တာရော ထားကို စိတ်မဝင်စားဘူးလား'

သူက ခပ်ညစ်ညစ်ပြုံး၏။ ရန်ကြီးအောင်ကို တည့်တည့်ကြည့်၍ ဖသံကို ငြိမ်အောင်၊ ဝင့်ကြွားသော အသံ ဖြစ်အောင်...

'ဘယ်နေလိမ့်မလဲဗျာ၊ မထိပ်ထား ဆေးရုံမှာ ဂျူတီဝင်ရတဲ့နေ့ကတည်းကပေါ့၊ ကဲ.... မောင်ရင်၊ ကိုယ်တို့အတိုအလင်း ယှဉ်ပြိုင်လို့ရအောင် ပြောခဲ့မယ်၊ ကိုယ်

မထိပ်ထားကို မရိုပ်ဂိုစ်လုပ်ထားတယ်၊ မထိပ်ထားရဲ့ မိဘတွေဆီလည်း လူကြီးချင်း စကားပြောခိုင်းထားပြီးပြီ၊ မထိပ်ထား သဘောတူရင် ကိုယ်တို့ လက်ထပ်ဖို့အထိ စီစဉ်ထားခဲ့ပြီးပြီ၊ ခုထိတော့ မထိပ်ထားဆီက အဖြေမရသေးဘူးပေါ့ဗျာ၊ ဒါကြောင့် ကိုယ်နဲ့ မောင်ရင် ခုချိန်ကစပြီး ပြိုင်ဘက်တွေလို့ မှတ်ယူလိုက်တော့’

ထိုစကားနှင့်အတူ သူသည် ရန်ကြီးအောင်၏ မျက်နှာပြင်တွင် ဖြတ်သန်းသွားသော အရိပ်တချို့ကို ကျေနပ်ခြင်းဖြစ်ပေါ်စေပြီး မထိပ်ထား၏ ငယ်ချစ်ဟောင်းရှေ့က လှည့်ထွက်ခဲ့သည်။ အပြန်လမ်းတွင် သူ့မျက်နှာပြင်သည် စစ်ပွဲတစ်ပွဲကို ယှဉ်တိုက်ရန် ဆုံးဖြတ်ပြီးသော စစ်သူကြီးတစ်ယောက်၏ အသွင်အပြင် ရှိနေချင်ရှိနေလိမ့်မည်။

သေချာတာ တစ်ခုကတော့ စစ်ကြေညာပြီးသော တိုက်ပွဲတစ်ခုအတွက် စစ်အနိုင်ရရန် သူ့ဘက်က အစစအရာရာ ရန်ကြီးအောင်ထက် ခြေတစ်လှမ်းပြေးဖို့လိုလာပြီဟူသော အတွေးတို့ကတော့ ကြီးစိုးနေလေတော့သည်။





‘ဟော.... သားပြန်လာပြီ၊ သား မလာခင်လေးတင် ဖုန်းတစ်ခု ဝင်သေးတယ်၊ ပြန်မရောက်သေးဘူးဆိုလို့ နောက်မှ ထပ်ဆက်မယ်တဲ့’

‘မထိပ်ထားဆီကလား’

‘အမယ်လေး— သားရယ်၊ အဲဒီလိုလေးမှ မေးပါမလားလို့၊ မဟုတ်ဘူး သားရဲ့၊ သားတို့အရွယ်တစ်ယောက်ပဲ၊ နာမည်မေးတော့ မပြောဘူး၊ သားနဲ့တော့ သိတယ်ဆိုလား’

မေမေ့စကားကို စိတ်ဝင်စားရင်း ‘ဘယ်သူများလဲ’ ဆိုသော အတွေးဝင်စဉ် ဖုန်းထပ်မြည်လာ၍ အနီးဆုံးရောက်နေသော သူကပဲ ကောက်ကိုင်လိုက်၏။

‘ကျွန်တော်ပါ—ရန်ကြီးအောင်ပါ’

ဆိုသော အသံသည် သူ့ခေါင်းထဲမှ အချက်ပေး ခေါင်းလောင်းသံတို့ ဆူညံစေခြင်းကို တိုက်တဆိတ် ဝန်ခံသည်။

‘ခုနလေးတင် လှမ်းခဲ့တယ်၊ အခုဖုန်းဆက်တယ်ဆိုတော့ ဒေါက်တာ အံ့ဩမှာပဲနော်၊ ဒေါက်တာက ကျွန်တော့်ကို စကားအနိုင်နဲ့ပိုင်းပြီး ချက်ချင်းထွက်သွားတော့ ကျွန်တော်က ပြန်ပြောချိန်မရလိုက်ဘူး၊ ဒါကြောင့် ပြောစရာကျန်တဲ့ စကားတစ်ခွန်း ထပ်ပြောချင်လို့’

ရန်ကြီးအောင်သည် သူ့ကို ရန်သူလို့တော့ သဘောထားပုံမရပါ။ အဖြေထွက်ပြီးသွားသော အခြေအနေတစ်ခုအတွက် ယစ်စုံတစ်ရာမှလည်း စိတ်အနှောင့်အယှက် ဖြစ်ပုံမရပါ။



Scanned by CamScanner

'ပြောပါ…ကိုယ် လက်ခံ နားထောင်နိုင်ပါတယ် ကိုရန်ကြီးအောင်'

'ဒေါက်တာ ထားကို ချစ်နေကြောင်း၊ ကြိုးစားနေကြောင်းကို သေသေချာချာ သိလိုက်ရလို့ ကိုယ့်ရဲ့ပြိုင်ဘက် တစ်ယောက်အနေနဲ့ ဒေါက်တာ့ကို ကျွန်တော် မနာလိုမဖြစ်မိပါဘူး၊ ထားကို ချစ်ကြတာချင်း တူညီတဲ့ ကျွန်တော်တို့ နှစ်ယောက်အတွက် ထားရဲ့ဆန္ဒက အဓိကမို့ ထား စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူး၊ ဒါကြောင့် ကျွန်တော် တစ်ခု ခွင့်တောင်းပါရစေ'

'တောင်းပါ'

သက်ပြင်းရှိုက်သံနှင့်အတူ တုံ့ပြန်စကားသည် ရန်ကြီးအောင်၏ မထိပ်ထားအပေါ် တင်ရှိနေသော ချစ်ခြင်းကို များ အရောင်တင်ခဲ့လေသလား။

'ကျွန်တော်နဲ့ ဒေါက်တာ အတိုအလင်း ဆွေးနွေးတာ ထားကို အသိမပေးပါနဲ့နော်၊ ထားက ထူ့ကြောင့် ခုလို စကားတွေပြောဖြစ်တယ်ဆိုတာ သိခဲ့ရင် ကျေနပ်မှာမဟုတ်ဘူး၊ ထား ပြောဖူးတာရှိတယ်၊ သူက ယောကျ်ား တစ်ယောက်ရဲ့ ရွေးချယ်ခြင်းကို မကြိုက်ဘူး၊ သူကိုယ်တိုင်ကပဲ ရွေးချယ်မှ ကျေနပ်တယ် ဆိုတော့….'

'ကိုယ်နားလည်တယ်၊ မထိပ်ထားက သူ့ကို ကိုယ်တို့ နှစ်ယောက်က ရွေးချယ်ခဲ့ပြီး ယှဉ်ပြိုင်ကြဖို့ ဆုံးဖြတ်တယ် ဆိုရင် သူ့မာနကို ထိပါးတယ် ထင်လိမ့်မယ်'





'သိပ်ဟုတ်တာပေါ့၊ ကဲ— အားလုံးအတွက် သင့်ခံ— ဒေါက်တာ'

ချက်ချင်း စကားပြတ်တောက်ကာ ပုန်းရှည်သွားသော အသံတစ်ခုသည် နားစည်ကို ပဲ့တင်ခေသည်း ထောင်တွင် တိတ်ဆိတ်ခြင်းကသာ ကြီးစိုးနေသော်လည်း ဒေါက်တာ မင်းဂေါင်အဖို့ သူ မမျှော်လင့်ခဲ့ဖူးသော ချစ်သူရှိခဲ့ဖူးသော မိန်းမတစ်ယောက်အတွက် ထိုမိန်းမ ချစ်သူဟောင်းနှင့် ယှဉ်ပြိုင်အရွေးခံရမည့် လူတစ်ယောက် ဖြစ်သွားခြင်းအား ကိုယ့်ကိုယ်ကို အပြစ်တင် ကျိန်ဆဲခြင်းဖြင့် ရင်တွင်း၌ ဆူညံ ရှုးယှပ်နေတော့သည်။

'ဒါဟာ ချစ်ခြင်းရဲ့ အပြစ်ဒဏ်တွေပေါ့ မထိပ်ထား ရဲ့'

ဟု မကြာခဏ ညည်းတွားရင်း၊ ဒါပေမယ့် 'သည် ညည်းတွားခြင်းကပဲ မထိပ်ထားအပေါ် ချစ်ခြင်းကို ဝန်ခံမိမှန်းမသိ ဖြစ်ခြင်းတွေနှင့် ဒေါက်တာမင်းဂေါင် ဆိုသော လူသားတစ်ယောက်သည် နိဒါန်းလှပသော ပန်းချီကား တစ်ချပ်ကိုတော့ ပိုင်ဆိုင်ချင်နေလိမ့်မည်။

—❀—



Book Graing

Scanned by CamScanner

# အပိုင်း ( III )

Scanned by CamScanner

( ၁ )

စိတ်ကြိုက်ရွေးချယ်ဝယ်ယူလာသော နှင်းဆီပွင့် ရောင်စုံတို့သည် ပါးလျဖြူစင် ကြည်သန့်သော ပလတ်စတစ်အိတ်ထဲတွင် လန်းဆန်း တောက်ပနေကြသည်။ ချစ်ခြင်းရဲ့ အထိမ်းအမှတ်တစ်ခု၊ အချစ်ဆုံး ချစ်သူလေးတစ်ယောက်၏ အမြတ်နိုးဆုံးသော ပန်းကလေးများသည် သူ့ရဲ့ ဆောင်သွယ်တော်များအဖြစ် တာဝန်ထမ်းဆောင်ရန် အသင့်ရှိနေကြပေပြီ။

တစ်ချက်ရှိုက်နမ်းကာ ကားတံခါးကို ဖွင့်ဆင်းလိုက်၏။ ဆေးရုံအပေါက်စောင့်သည် သူ့ကို လေ့လာ အကဲခတ်နေသည်။



Scanned by CamScanner

'ဒီမှာခင်ဗျာ ကျွန်တော့်ကို တစ်ခုကူညီနိုင်မလား'

'ဘာလဲဗျ'

မျက်နှာကို အစွမ်းကုန်ပြုံးသည့်အသွင်ဆောင်လျက် သူက ကိုးဆယ်ကျပ်တန် တစ်ရွက်ကို ထိုလူ့ လက်ထဲ မသိမသာ ထိုးထည့်ရင်း....

'ဒီ နှင်းဆီစည်းကို ward (........)က ဒေါက်တာ ထိပ်ထားဆီ ပို့ပေးပါလား'

'အလုပ်သင်ဆရာဝန်တွေထဲက ဆရာမလေးကို ပြောတာမှုဟုတ်လား၊ ဆရာမ ချောချောလေးလေ'

ထားရဲ့ လှပမှုသည် လူတော်တော်များများကို သတိပြုမိစေခြင်းအတွက် သူက ဂုဏ်ယူမိ၏။

'ဟုတ်တယ်....ဟုတ်တယ်၊ အဲဒါ ကျွန်တော့် မိတ်ဆွေပါ၊ ဒီနေ့ သူ့ နှင်းဆီပန်းတွေ မှာထားလို့ လာပို့တာပါ'

'ဟာ... ဒါဆို ခင်ဗျားပဲ သွားပေးလိုက်ပါ၊ ရပါတယ်၊ ခဏလေး တက်မှာပဲ'

အပေါက်စောင့်သည် ကိုးဆယ်ကျပ်တန် မျက်နှာနှင့် သူ့ကို ပေါ်ရွှေနေလေသည်။





'နေပါစေ၊ ခင်ဗျားပဲ ပို့ပေးပါဗျာ၊ ကျွန်တော်ပို့မှန်း သူသိပါတယ်'

အပေါက်စောင့်သည် ထပ်မံ လျှာရှည် မနေတော့ နံဘေးမှာထိုင်၍ ငိုက်မျဉ်းနေသော ကောင်ကလေး တစ်ယောက်ကို တစ်ခုခုမှာကာ ဆေးရုံလှေကားယစ်များကို ပြေးကျော် လှမ်းတက်သွားသည်။ သူက ကျေနပ်စွာ ခဏ ရပ်ငေးနေပြီး ကားပေါ်တက်ကာ ချစ်သူ ခြေချ ကျင်လည်ရာ ပတ်ဝန်းကျင်မှ ထွက်ခဲ့၏။

ထားတစ်ယောက် နှင်းဆီပန်းစည်း မြင်စဉ် ခဏတွင် အံ့ဩ တွေဝေနေပေလိမ့်မည်။ ပလတ်စတစ်အိတ် ကြည်ကြည် ထဲမှာ အတူပါလာသော သူ့ရဲ့ စာလွှာကလေးကို မြင်လျှင်....။

ထား....

ပန်းပေးပါတယ်။ ထား ချစ်တဲ့ နှင်းဆီလေးတွေက ကိုယ့်ရဲ့ အလွမ်းကို ပြောပြနိုင်ပါစေ။

မောင်

ထားတစ်ယောက် မျက်မှောင်ကြုတ်၊ မကြည်မသင်ဖြစ်ပြီးတော့ နှင်းဆီတွေကို မပစ်ရက်စွာ လက်ခံထားလိမ့်မည်။ နှင်းဆီပန်းတွေထဲက တစ်ပွင့်ကိုများ ထား ပန်လိမ့်လေ

မလား။ ထားက ဆံပင်ရှည်ပေမယ့် ပန်းပန်ခဲ့သော မိန်းကလေးလည်း ဖြစ်သည်။ ဒါဆို ရင်ဘတ်မှာများ ထိုးစိုက်လေမလား။ သူသည် ထားဆီ ထပ်မံလှမ်းမိသော ခြေလှမ်းတစ်ခုအတွက် ရှေ့ပြေးနှင်းဆီကိုအကြောင်းပြုကာ အတွေးတွေနှင့် ရှုံးသူပ်လာရသည်။

ထားသည် အလျင်ကလို မာနကြီးဆဲ။

သူ့ကို သိပ်ချစ်ခဲ့တာတောင် မာနတင်ခုနှင့် ထားရစ်ခဲ့နိုင်တာမို့ ခုထိလည်း ဟန့်ဆောင်မှုတွေ ကြွယ်ဝနေပေလိမ့်မည် ထင်ပါရဲ့။

သူ့အတွက် တစ်ခု အားလျော့စရာသည် ထား လိုလားသော မိဘတွေက သဘောတကျ တောင်းယူခြင်းခံရသော အခွင့်အရေးမျိုး မပေးနိုင်တာဖြစ်သည်၊

ဒေါက်တာမင်းဂေါင်သည် ထားနှင့် အမြဲတစေ ရင်ဆိုင်နေရသူဖြစ်သလို ထားကိုလည်း မိဘတွေမှတစ်ဆင့် သဂေါတကျ တောင်းယူထားသူ။ အား၏ ဆုံးဖြတ်ချက်တစ်ခုကိုသာ စောင့်နေသူ။

သည်တစ်ခါ ထားရဲ့ ဆုံးဖြတ်ချက်တစ်ခုသည် သူ့ကို တော်တော် အဆိပ်ပြင်းစေသိမ့်မည်၊ အလျင်တစ်ခါ ထားဆီက....





'ရှင့်ကိုမုန်းတယ်'

ဆိုသော စကားတစ်ခုမှာ ကျဆုံးသော သူ့ဘဝသည် နှစ်တော်တော်ကြာ သေသွားခဲ့ပြီးမှ....။

ထား ဆိုသော ချစ်သူကလေးကို ပြန်ဆုံရစဉ် အလျင်က ဖြစ်ပျက်ခဲ့သမျှ မေ့ပစ်လိုက်ကာ ထားကို ပြန်လည်ပိုင်ဆိုင်ခွင့်ကို ကြိုးစားချင်လာခဲ့တော့သည်၊

'ထားက မောင်လက်ဆောင်ပေးသမျှ ပစ္စည်းတွေထဲမှာ နှင်းဆီပန်းလေးကို အချစ်ဆုံး'

သူ့ဆီက အမြဲအမှတ်တရ ပေးသမျှသော ပစ္စည်းများကို မက်မက်မောမောယူလေ့မရှိပေမယ့် ဘာမဟုတ်သော နှင်းဆီကိုမှ ချစ်သတဲ့။

တစ်ခါတုန်းက ထားဆီအလာ လှည်းတန်းဈေးမှာ သိပ်လှတဲ့ နှင်းဆီပန်းတွေ မြင်တာနှင့် ဆတ်ဆော့ပြီး ဝယ်လာပေးမိခြင်းဖြင့် ထားသိက ဖြူစင်သော လိုချင်တပ်မက်မှုကလေးကို သိခွင့်ရခဲ့ဖူးသည်။ အဲသည်နောက်ပိုင်းမှာ အမြဲလိုလို နှင်းဆီပန်းတွေ ဝယ်ပေး၍ ထားရဲ့ ပျော်ရွှင်မှုများကို ကြည်နူးခဲ့ဖူးသည်။

ထား မသိခဲ့သေးသော သူ့ရဲ့ ချစ်ခြင်းများကို သူက ပြောပြချင်သည်။ ပန်းပေးခြင်းသည် အရှုံးပေးခြင်းဆိုလျှင်

ထိုက ထားကို အမြဲ အရှုံးပေးနေသူလည်းဖြစ်သည်။ ဒါကို ထားတစ်ယောက်....

'မောင်က ထားကို အမြဲတမ်း အနိုင်ယူတယ်၊ အချိန်ပြည့် စိုးမိုးနိုင်လွန်းတယ် သိလား'

ဟု ချွဲနွဲ့တတ်သည်။ အတွေးတို့သည် ထားအကြောင်း စဉ်းစားနေခြင်းဖြင့် စိုပြည်နေတော့သည်။

'Girl...you are my love...
You're my heart and soul...
Yon're my shinning star...'

ကားထဲမှ ကက်ဆက်ဆီမှသီချင်းသံသည် ထားကိုတင်စားထားသော သူ့ရဲ့ ချစ်ခြင်းများအဖြစ် ထား ကြားနိုင်ပါစေ။

ရန်ကြီးအောင်သည် ချစ်ခဲ့ဖူးသော မိန်းမတစ်ယောက်အတွက် ဒုတိယအကြိမ် ရှုံးသွပ်ရခြင်း၌ ဘဝတစ်ခုလုံးကို မြုပ်နှံထားဖို့ ပြင်ဆင်နေတော့၏။

....♣....





'ဟော... ဘယ်ကပြန်လာတာလဲ ဆန်နီ (SonnY)၊ မနက်စောစောစီးစီး မသွားဖူးပါလား'

'ဒက်ဒီ ဘယ်သွားဖို့ ပြင်ဆင်နေတာလဲ'

မနက်ရှစ်နာရီဆိုသော အချိန်သည် သူတို့မိသားစုတွင် စောလွန်းသော အချိန်ဖြစ်၍ သူ့ရဲ့အပြင်ထွက်မှုသည် မေးမြန်းချင်စရာ ဖြစ်နေလိမ့်မည်။

'မင်းမာမီ ဆရာဝန်ပြဖို့ တိုကင်သွားယူထားရဦးမယ်လေ၊ အဲဒါ တစ်ခါတည်း ပန်းဆိုးတန်းက ဆိုင်မှာပေါ ဝင်စစ်ဖို့ စောစောပြင်ဆင်နေတာ'

ထားနှင့် စတွေ့ရသော ပန်းဆိုးတန်းမှာ ဖွင့်ထားသည့် မာမီ့ဆိုင်ကလေး။ စိတ်အတွေးတို့က ဟိုး လေးနှစ်ကျော်ငါးနှစ်ကာလလေးဆီ ပြန်လည်ရိုက်ခတ်ပြန်သည်။

ထားက အဲသည်တုန်းက ဆံပင်လေး ကျောလယ်လောက် ရှိနေပြီး မဝ့်မရဲပုံစံနှင့် စာအုပ်တွေပိုက်ကာ ရပ်နေပုံကလေး။ Micky Mouse ကြွက်ရုပ်ပုံပါသော ထီရှပ်အနီရောင်လေးဆီမှာ မျက်လုံးမခွာတမ်း ကြည့်နေသူကလေးက သူ့ရဲ့ ထားမှန်း အစက သူမသိခဲ့ပါ။

သူ့ရဲ့ ဝါသနာအရ မိန်းကလေးချောချောလှလှ မြင်လျှင် ငေးတတ်နေကျမို့ မာမီ့ကားပေါ်က ဆင်းသွားခိုက်



Book Sharing

Scanned by CamScanner

ထုက အပျင်းပြေ ငေးနေမိခြင်း ဖြစ်သည်။ မျက်နှာ တစ်ခြမ်း ဖုံးနေသော ဆံပင်တို့ကို သပ်တင်လိုက်မှ သူ့ရဲ့ ဝါသနာအတိုင်း အပျော်အပြက် သွားဖိုးပန်းနေသော ခပ်ငြိမ်ငြိမ်လမ်းကလေးထဲက ပန်းပင်တွေ ရေဖျန်းနေကျ ကောင်မလေး ဖြစ်သော ထားကို သူ မှတ်မိသွားမိခိုက် တစ်စုံတစ်ဗုစဉ်းစားမနေမိတော့ဘဲ ထားလို့ သူ့ နှာမည် မသိသူကလေး နံဘေးဆီ ရောက်လာခဲ့တော့သည်။

'ဪတ်... ဘာငှပ်လှင်နေတာလဲ'

ဆိုသော သူ့ရဲ့ နှုတ်ဆက်စကားကြောင့် မော့အကြည့်တွင် ရင်ဆိုင်လိုက်ရသော တောက်ပသော မျက်ဝန်းကလေးကို ပထမဆုံးအကြိမ် အနီးကပ် မြင်လိုက်ရစဉ် သူ့ရင်ထဲတွင် ထူညံ့မြည်ဟည်းသွားရခြင်းကို မဆန်းစစ်မိပါ။

'မှတ်မိလား'

အဂေးစကားဝယ် ကောင်မလေးသည် ဟန်မဆောင်တတ်ဘဲ ခေါင်းညိတ်ခန်ခံမှုဖြင့် သူ့ဆီက ချစ်ခြင်းတချို့ကို သဲ့ယူလေ၏။ တစ်ဆက်တည်းမှာပဲ သူက သည်ခပ်ရှိုးရှိုးကောင်မလေးကို နံပါတ်စဉ် ရည်းစားများ စာရင်းတွင် သွင်းလိုက်ဖို့ မိုက်မိုက်မဲမဲ ဆုံးဖြတ်ခဲ့မိသည်။

'ဟဲ့.... ဆန်နီ၊ အမယ်လေး—ဘာတွေများ တွေးနေတာတုန်း၊ မာမီ ခေါ်နေတာတောင် မကြားပါလား'





မာမီ့အသံနှင့် နံဘေးရောက်လာမှုကြောင့် ထားနှင့် စတွေ့ချိန်ကလေးအား လွမ်းဆွတ်မှုကို ရုပ်သိမ်းလိုက်ပြီး—

'ဘာပြောမလို့လဲ မာမီ'

မာမီသည် သူ့နံဘေးတွင် ကပ်ထိုင်ရင်း ပခုံးထောက်နေသော သူ့ဆံပင်တို့ကို သပ်ပေး၏။ မောင်နှမ လေးယောက်တည်းတွင် အငယ်ဆုံး၊ အဆိုးဆုံးသား ဖြစ်သော သူ့ကို မာမီက အချစ်ပိုသည်။ ဒါပေမယ့် ထားနှင့် ပတ်သက်ခဲ့စဉ်ကတော့ မာမီ ဘာလို့များ သူ့အလိုကို မလိုက်ခဲ့သည်လဲ။

'သား.... မင်းအသက် မငယ်တော့ဘူးနော်၊ အခုဆို ၂၅ နှစ် ကျော်လာပြီ'

'ဘာလဲ....မိန်းမယူဖို့ ပြောမလို့လား'

'အေးလေ....မာမီက သားတွေအကုန် စီစဉ်ပေးနိုင်ခဲ့ပေမယ့် ဝါသားကျမှ ကန့်လန့်ဖြစ်နေတော့ စိတ်မပျော်ဘူးပေါ့ကွယ်၊ မင်းနဲ့ စေ့စပ်ဖူးတဲ့ တီနာလည်း သူ့ဘာသာ တခြားသူနဲ့ အိမ်ထောင်ပြုသွားပြီ၊ ဒီတော့မှပဲ မင်းက ပြန်လာဖို့ ခေါ်လို့ရတော့တယ်၊ ခုလည်း ဘာဖြစ်လို့မှန်းမသိ ဒီကိစ္စကိုငြင်းနေသေးတယ်၊ မာမီ နှစ်သက်တဲ့ မိန်းကလေး

တွေ့ အကုန်လှပါတယ်၊ ပစ္စည်းဥစ္စာ၊ ပညာလည်း ပြည့်စုံပါထယ်ကွယ်၊ ငါ့သား ဘာလို့များ ငြင်းချင်နေရတာလဲ'

ဒါပေမယ့် ထားးမှမဟုတ်တာ မာမီ။ ထားက သိပ်အလှကြီး မဟုတ်ပေမယ့် ထားကို မြင်လိုက်ရင် သိမ်မွေ့ ငြိမ်းချမ်းမှုကို ဖြစ်ထွန်းစေတယ်။ ထားဆီက ပြုံးစင်မှုလေးတွေက သူတို့ အသိုက်အဝန်းက ရလေ့ရှိတဲ့ ဟန်ဆောင်ခြင်းတွေနဲ့လည်း ကင်းတယ်။

ထားက သူ့ကို ပြန်မချစ်ခဲ့တော့ရင်တောင် သူက တစ်သက်လုံး ချစ်နေရရင် ကျေနပ်နေ့လိမ့်မယ်။

'ပြောလေ သားရဲ့၊ အဲလစ်ကို သား သဘောမကျဘူးလား'

'မာမီ သားကိုဒီကိစ္စနဲ့ပတ်သက်ပြီးလာမဆွေးနွေးပါနဲ့၊ သား ဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူး၊ သားဘဝမှာ တစ်ယောက်တည်းပဲ ရှိတယ်'

'ဘယ်သူလဲ'

မာမီသည် လွန်ခဲ့သော နှစ်များစွာက 'ထား'လို့ သူ အသိပေးဖူးသော မကောင်မလေးတစ်ယောက်ကို မေ့လျော့နေပြီ ထင်ပါရဲ့။





'မာမီ ·ဒိပါတယ်၊ သား တစ်ခါတုန်းက ပြောဖူးတဲ့ ထား ဆိုတာလေ'

'ဆေးကျောင်းသူကခလေးလား'

'အခု ဆရာဝန်ဖြစ်နေပြီ'

'ဆရာဝန် ဖြစ်ဖြစ် မဖြစ်ဖြစ်၊ သူက မာမီတို့ အသိုက်အဝန်းလောကမှ မကြွယ်ဝတာ၊ မာမီ့ အကြောင်းလည်း မင်း သိသားနဲ့'

မာမီသည် အသိုက်အဝန်းတစ်ခုလုံးကို ပိုင်ဆိုင်သူ။ သားရဲ့ မိန်းမက ဘယ်သူ ဘယ်ဝါ၊ ဘယ်လိုပိုင်တာ၊ ဒါမှမဟုတ် သမီးရဲ့ယောကျ်ားက ကုမ္ပဏီ ဘယ်နှခုပိုင်တာ၊ ဒါမျိုးတွေနှင့် အမြဲခေါင်းမော့နေချင်သူ။ ဒါကြောင့် သားရဲ့ သာမန်ဆရာဝန်မကလေး ဖြစ်မှု၊ ဗုဒ္ဓဘာသာဝင် ဖြစ်မှုတွေသည် အပြစ်ရှာစရာ ဖြစ်နေခဲ့သည်တဲ့။

'မဖြစ်နိုင်ဘာ၊ သာမန်ရပ်ကွက်ထဲက ဆရာဝန်မကလေးက ဘယ်လောက်များ ချမ်းသာမှာမို့လို့လဲ၊ နောက်ပြီး ဘာသာမတူတဲ့ လူနှစ်ဦးက မွေးဖွားမယ့် ကလေးကဲရော ဘယ်ဘာသာ ကိုးကွယ်ရမလဲဖြစ်ပြီ၊ မိဘနှစ်ဦးနဲ့ အလိုဆန္ဒကြားမှာ ဗျက္ကမှောက်ရလိမ့်မယ်'

'မာမိက အဲဒါပဲ တွေးပူနေတယ်၊ တခြားလူတွေလည်း ဒီလိုပဲ'

'တော်ပေ့ – မာမိသဘောမတူဘူးပြောရင်မင်းနောက် ဆုတ်ရမှာပဲ၊ ကိုယ့် သားသမီးကို မှီခိုမယ့်လူမျိုးကို မလိုချင်ဘူး၊ နှစ်ယောက်အတူ ပိုင်ဆိုင်မှုတွေနဲ့ တည်ဆောက်မှ အာယာတဲ့ဘဝမျိုး ရမှာပေါ့၊ မင်း တွေးမိရဲ့လား'

မာမိ ခုထိ မှားနေဆဲပါလား။ အလျှင်ကလည်း သည်လို စကားမျိုးနဲ့ သူ့ဆန္ဒကို ပယ်ချခဲ့သည်။ ယခုလည်း သည် အတွေးအခေါ်က ကြီးစိုးနေဆဲဖြစ်နေ၏။ ထားက မာမိ ထင်သလို မဖို့ခိုချင်သူမို့ သူ့မာနကို ထိပါးခံရတယ်ယူဆ လို့ အလျှင်တစ်ခါက သူ့ကို ပစ်သွားခဲ့ခြင်းက သက်သေ ဖြစ်သည်။

'အခု မင်းက ဇာတ်လမ်းပြန်စနေပြီလား'

'သားတို့ သေသေချာချာ ပြန်မတွေ့ရသေးပါဘူး၊ ဒါပေမယ့် သား သူ့ကိုတော့ အမြဲ လိုက်ကြည့်နေတယ် မာမီ၊ ဒါ မာမိ့ကို သား လေိမ်တတ်လို့ အမှန်အတိုင်း ပြောတာ၊ ရှေ့ဆက်ပြီး သား ကြိုးစားရဦးမယ်၊ ထားက မာမိထင်သလို မဟုတ်ပါဘူး၊ ဒါကြောင့်လည်း သားကို ရှောင်ခဲ့တာပေါ့'

'ဆန်နီ… မင်း မာမိ့ကို သေစေချင်နေလို့ ဒီစကား ပြောတာလား'

'ဆောရီး မာမိ၊ သားရဲ့ အချစ်ကို ထားနားမလည် သေးသလို မာမိလည်း နားမလည်သေးတာကြောင့် ဆက်





မဆွေးနွေးပါရစေနဲ့တော့ နော်၊ ဒါပေမယ့် မာမိ သိထားဖို့က ဒီတစ်ခါ သားကို အတင်းအကျပ်စီစဉ်ရင် သားက ထားကို မရ ရအောင် အတင်းခိုးရလိမ့်မယ်'

မာမိ့ရှေ့က ရှောင်ထွက်ခဲ့၏။ အလျှင်တစ်ခါ ထားကို အတင်းခိုးပြေးဖို့ ကြံစည်ခဲ့စဉ်က ထားရဲ့ အစ်ကိုဝမ်းကွဲ ကိုငယ့်ကြောင့် ပျက်ခဲ့ရသလို ထားရဲ့…

'ရှင့်ကို မုန်းတယ်'

ဟူသော ဖန်တီးစကားကို အဲသည်အချိန်က မူးမူးရူးရူး နှင့် အမှန်တွေထင်၊ ထားရဲ့ အချိန်ကြာကြာ ရှောင်နေမှု အပေါ် သံသယတွေဖြစ်။ ဒါနဲ့ပဲ အားလုံးနှင့် ဝေးရာကို ထွက်ပြေးခဲ့ဖူးသည်။

သည်တစ်ခါတော့ ထားကို ထာဝရပိုင်ဆိုင်ရဖို့ သံဓိဋ္ဌာန် အကြောင်းများ... သူ့ထံတွင် အရိပ်ပမာ ကပ်ငြိ မထက် အမြဲလိုလို အတွေးဝင်နေစေသည်၊

အိပ်ခန်းထဲမှာရှိသော ဖုန်းကိုကောက်လှည့်ပြီး ထားတို့ ဆေးရုံမှီရာဆီ ဖုန်းခေါ်လိုက်ရင်း လာကိုင်သူကို–

'ဒေါက်တာထိပ်ထားနဲ့ တွေ့ပါရစေ'

ဆိုသော စကားကို ပြောကြားရင်း မကြားရတာကြာပြီ ဖြစ်သော ထားအသံကို ကြားချင်နေမိခြင်း တစ်ခဏ…

'ဟဲလို… ထိပ်ထား ပြောနေပါတယ်'

ထူ သဘောကျနှစ်သက်သော သူ့ရဲ့ သံစဉ်သစ် ဒရမ် စည်းချက်များလို သူ့ရဲ့ ငြိမ်းချမ်းမှုကို ပေးစွမ်းစေသလို သူက အဲသည်လို တင်စားချင်သည်။



Scanned by CamScanner

'ထားကိုချစ်တယ်'

ခပ်တိုးတိုးစကားသံဖြင့် ဖုန်းချခြင်းကိုပြု၏။ တစ်ဖက်မှ ထားသည် သူမှန်းသိရှိလိမ့်မည်။ ဒါဆို ထား ဘယ်လိုများ ပြောင်းလဲသွားလိမ့်မလဲ။

....



( ၂ )

'ထားကိုချစ်တယ်'

'ဟင်....ဒါဟာ....ဒါဟာ....သူမရဲ့ တစ်ခါတုန်းက တစ်ယောက်တည်းသော သူ့ရဲ့အမြဲရေရွတ်နေကျလေးတစ်ခု။ တဒင်္ဂ တွေဝေသွားစဉ် တစ်ဖက်မှ ဖုန်းချသံ ညင်ညင်သာသာက သူမကို နှုတ်ဆက်သည်။

ဖုန်းကို အယောင်ယောင် အမှားမှား ကိုင်ထားနေမိပြီးမှ ခပ်ဖြည်းဖြည်းပြန်ချရင်း မသိမသာ သက်ပြင်းချလိုက်သည်။

မောင်....

မောင်ဟာ သူမကို ခုထိ စိတ်မကုန်သေးဘူး။ ဆေးရုံဆင်းပြီးကတည်းက မောင့်ကို ၂တွေ့ခဲ့တာ့တာမို့ မောင်

လည်း သူ့ဘဝနဲ့သူ အခြေကျပြီနေထင်ကာ မောင့်ကို မေ့ထားလိုက်ခဲ့တယ်။ ခုတော့ မောင်က မထင်မှတ်ချိန်မှာ သူမဆီ ပြန်လည် ချဉ်းကပ်လာခဲ့ပြီတဲ့လား။

မနက် ဆေးရုံရောက်ကတည်းက စောင့်ကြိုနေသော နှင်းဆီပန်းရောင်စုံတို့သည် မောင့်ရဲ့ ပြားယောင်းမှုမှန်း သူမ ရိပ်မိသည်။

'ထားက ဘယ်လိုလေးလဲကွ၊ ကိုယ်ပေး အမျှပစ္စည်းတွေတော့ အမြတ်တနိုးမသုံးဘဲ ဗီနှင်းဆီပန်းတွေကျမှ တသသ ဖြစ်နေရတယ်လို့၊ အာပဲဖြစ်ဖြစ် ထားချစ်တဲ့နှင်းဆီပန်းတွေ ကိုယ်လည်းချစ်ပါတယ်၊ နောက်ဆို ကိုယ်အပြလက်ဆောင်ပေးပယ်နော်၊ ထားက ပန်းမပန်တတ်တော့ ရင်ဘတ်မှာ တစ်ပွင့်ထိုးပေါ့၊ ဟေ့—ဒေါ်ထား၊ကိုယ်ပေးတဲ့နှင်းဆီပွင့်က လွဲရင် ဘယ်ပန်းမှ ရင်ဘက်မှာမထိုးရဘူးနော်'

အဲသည်အခိုက်မှာ သူမက မောင်ပြောဖူးသောစကားတချို့ကို ပြန်လည်ကမ်းတနေခဲ့သေး၏။

မောင်က သူမကို လွမ်းနေဆဲတဲ့။

'ထားချင်တဲ့ နှင်းဆီလေးတွေက ကိုယ့်ရဲ့ အလွမ်းကို ပြောပြနိုင်ပါစေ'



တဲ့လား။ ဒါဟာ မောင့်ရဲ့ခြေလှမ်းသစ်တွေပေါ့နော်။ ထားက ရှောင်ပုန်းရလိမ့်မယ်မောင်။ ဟိုးအလျင်ကတည်းက ထားက မောင့်ကို ပစ်ထားခဲ့တာတောင် မောင်က မနာကြည်းခဲ့ခြင်းသည် မောင့်ရဲ့ ထားအပေါ်ရှိသောချစ်ခြင်းများလို့ ထားက ကျေနပ်ပါတယ် မောင်။

ဒါပေမယ့်....

'ထားကို ချစ်တယ်'

ဆိုသောသံစဉ်တစ်ခုကတော့ သူမကို ကြိမ်ဖန်တလဲလဲ နှိပ်စက်နေခြင်းကိုတော့ အပြစ်မတင်ချင်တော့ပါ။ မောင့်ဆီက မရိုးနိုင်အောင် ကြားနေရကျ သည်သံစဉ်မှာ သူမက စိမ့်ဝင်အရည်ပျော်နေဆဲမို့....။

'ဟယ်... ထိပ်ထား ပန်းတွေ လှလိုက်တာ၊ ဘာလုပ်ဖို့ ယူလာတာလဲ'

'ဪ— အသိတစ်ယောက် လက်ဆောင်ပေးသွားတာပါ၊ မင်းတို့လည်း ခွဲယူကြလေ၊ ကျွန်မတစ်ယောက်တည်း ဘယ်လိုသုံးလို့ရမှာလဲ'

'တယ်... ဝမ်းသာရောကြီး၊ ကိုယ့်စားပွဲက ပန်းအိုးမှာ ထိုးလိုက်မယ်ကွာ၊ ထိပ်ထားရော ယူထားဦးလေ'

'ဟင့်အင်း....'

လို့ ပြင်းမိပြီးမှ မောင့်မျက်နှာကို ဖျတ်ခနဲ ပြန်မြင်ကာ မောင် ''လားသော၊ ရင်ဘတ်မှာ ပန်းတစ်ပွင့် ထိုးစေချင်သောဆန္ဒကို မောင့်ကမ္ဘာယ်ရာတွင် ဖြည့်ဆည်းပေးချင်နေမိပြန်၏။

'ဟဲ့....ဘယ့်နှယ် မှယူထားရမှာလဲ၊ ကဲပါ... ကိုယ်ထိပ်ထားရဲ့ပန်းအိုးမှာ ထိုးပေးထားမယ်၊ ပေးတဲ့လူလည်း စိတ်ချမ်းသာအောင် ထိပ်ထား ယူရမှာပေါ့'

သူငယ်ချင်းက ပြောပြောဆိုဆို ပန်းစည်းကိုဖြေ ပန်းတွေ ထိုးပေး၏။ ပန်းတွေထဲက ပန်းဖျော့ရောင်တစ်ပွင့်ကို ကောက်ကိုင်ကာ ရင်ဘတ်မှာ ထိုးနေသော ထိပ်ထားကို သူငယ်ချင်းက သဘောတကျ ပြုံးနေစဉ် ဒေါက်တာ မှင်းဂေါင် အခန်းထဲ ဝင်လာသည်။

'ထိပ်ထားရေ....ကျေးဇူးပဲ'

သူမခေါင်းညိတ်ပြစဉ် မျက်ဝန်းထောင့်မှာ ဒေါက်တာမင်းဂေါင်၏ အကဲခတ်နေခြင်းကို အရိပ်ထင်သိရှိလေသည်။

သိပ်မကြာပါ။ သူမ၏ နံဘေးခုံမှာ ဝင်ထိုင်သော ဒေါက်တာမင်းဂေါင်ကို မျက်လုံးလှန်ကြည့်ရှုံ အသိအမှတ်





ပြုပေးမယ့် ဖတ်သက်စ ဆေးစာအုပ်ကိုတော့ အဖတ်မပျက်စေခဲ့။

'မထိပ်ထား.... နှင်းဆီပန်း ကြိုက်တတ်လား၊ ကိုယ်ဒါကို အစက မရိပ်မိခဲ့ဘူး'

'ရိပ်မိတော့ ရှင်က ဘာလုပ်နိုင်မှာလဲ'

''ဩော်....ပိုးကြေးပန်းကြေး လက်ဆောင်လေး၊ ဘာလေး ပေးမလားလို့'

'ကျွန်မက ကိုမင်းဂေါင်ပေးတဲ့ ပန်းကို ယူပါမယ်လို့များ ကတိပေးခဲ့လို့လား၊ စဉ်းစားပါဦးရှင်'

'အခုပန်းတွေက မထိပ်ထား ဝယ်လာတာလား'

သူငယ်ချင်းက စေတနာပိုကာ အခန်းတစ်ခုလုံး ရှိရှိသမျှ ပန်းအိုးတွေ နှင်းဆီပန်း လျှောက်ထိုးထားခြင်းကို သတိပြုမိသော ဒေါက်တာမင်းဂေါင်က စပ်စု၏။

'အဲဒါ ရှင်သိစရာမလိုပါဘူး'

''မာကျောလိုက်တဲ့မိန်းကလေး၊ ညည်းလေး မာနတွေ နည်းနည်းလျှော့ဖို့ သင့်တယ်၊ ကိုယ့်အတွက် အဖြေလည်း မြန်မြန် စဉ်းစားပေးဖို့ သင့်တယ်၊ တကယ်ဆို ကိုယ်က

မထိပ်ထားနဲ့ ဝါသနာတူ၊ အလုပ်အကိုင်လည်း တူ၊ တွေး ကြည့်ရင် ဘယ်လောက် ကြည်နူးစရာကောင်းလိုက်သလဲ'

'ဖွာတ်ပြားဟောင်းကြီး ကျွန်မ ကြားရပေါင်းများပြီ၊ ကိုမင်းဂေါင် ငဲ့ကြီးတာကို အံ့သြတယ်'

'အဲဒါ မထိပ်ထားကို ချစ်တဲ့ ကိုယ့်ရဲ့ အချစ်တွေလေ၊ မထိပ်ထား ဂုဏ်ယူဖို့ကောင်းတယ်'

သေလိုက်ပါလား ကိုမင်းဂေါင်ရဲ့။ မောင့်ဆီမှာ ပေး ထားခဲ့ပြီးတဲ့ နှလုံးသားတစ်ခုဟာ အချစ်သစ်ကို လက်ခံ ချစ်နိုင်ဖို့ နှလုံးသားအသစ်အဖြစ် ပြန်လည် မပွားဖွားမှုမှ မဖြစ်နိုင်တော့တာ။ အခု ကျွန်မရင်ဘက်က နှင်းဆီပွင့်ဟာ မောင်ပေးတဲ့ ပန်းတွေထဲက ပန်းတစ်ပွင့်လို့များ သိခဲ့ရင် ရှင် ဘယ်လိုများ ဝေဖန်လေလိမ့်မလဲ။

နောက်ဆုံးတော့ ချင်ထင်တဲ့အတိုင်း ကျွန်မဟာ မောင့် ကို မျှော်လင့်နေဆဲပဲမဟုတ်လားလို့ စွပ်စွဲလိမ့်မယ်ထင်ပါရဲ့။

ဒေါက်တာမင်းဂေါင်ဆိုသော ယောကျ်ားတစ်ယောက် ဟာ ထက္ကကြီးတယ်၊ ဒါလုပ်ရင် ဒါဖြစ်ရမယ်ဆိုတဲ့ အတ္တ မျိုးပေါ့။ လူရည်သန့်၊ အဆင့်အတန်းမြင့်မားသောပညာ ရပ်ကို ပိုင်ဆိုင်သူတစ်ယောက်အဖြစ် ပျိုငံ့င်းကြိုက်ဖြစ်နေမှု ကြောင့် သူမင်ဖြင်းဆန်ခြင်းအား လက်မခံလိုသောဂိတ်အ ရှု့ထဲတွင် ကြီးစိုးအနိုင်ယူနေပေလိမ့်မည်။စကားပြောလျှင်



တင်တင်စီးစီးရှိတတ်၊ ရယ်လိုက်လျှင် မျက်ဝန်းထောင့်တွင် အတွန့်လေး သုံးလေးခု ပေါ်တတ်၊ နောက်ပြီး သူမကို ချစ်မိခြင်းတွင် ကိုယ့်ကိုယ်ကို အပြစ်တင်ရင်းက ခွဲခွာပေရ အေးငံ ဖြစ်နေသော ချစ်စိတ်ကို ကျိန်ထဲတတ်၊ ဒါတွေနဲ့ ရှုပ်ထွေးနေပုံရသော ဒေါက်တာမင်းဂေါင်သည် မောင့်ရဲ့ ခြေလှမ်းသစ်တွေကိုများ သိခဲ့လျှင်...။

'ဘာပြုံးတာလဲ မထိပ်လား'

'တစ်ခုခုပေါ့'

'ကိုယ် သိခွင့်ရမလား'

'ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာမို့ မသိချင်ပါနဲ့'

'မထိပ်ထားရဲ့ ကိုယ်ရေးကိုယ်တာဆိုတာ ကိုယ်နဲ့ ပတ် သက်မယ့် ကိစ္စမျိုး ဖြစ်မှာပါ၊ မထိပ်ထားမျက်ဝန်းတွေက ညာလို့မရဘူး၊ ဖမြတင်းစိတ်ထဲခြေအနေအတိုင်း အရောင် ပြောင်းတတ်တာ ကိုယ်က ဂရုစိုက်နေရသူမို့ အကဲခတ် တတ်တယ်၊ ဒါပေမယ့် မထိပ်ထား မပြောချင်ရင်လည်း ရပါတယ်၊ မထိပ်ထားရဲ့အတွေးထဲမှာ ကိုယ်ရှိနေတယ်ဆိုရင် ကိုယ် ကျေနပ်တယ်'

ဆေးစားအုပ်ကို ပိတ်ပြီး ထရပ်စဉ် နှင်းဆီပွင့်ကလေး ပြုတ်ကျတော့ နှမြောတသစွာ ခပ်မြန်မြန်ကောက်ယူ၊ နမ်း ရှိုက်၊ ပြီးတော့ ရင်ဘတ်နေရာမှာ ယုယုယယ ပြန်လည်

ထိုးစိုက်မှုကို ဒေါက်တာမင်းဂေါင် ငေးကြည့်စဉ် ထိပ်ထားသည် သူမကို စိတ်အနှောင့် အယှက် ပေးနေသော လူတစ်ယောက်၏ရှေ့မှ ထွက်လာခဲ့တော့၏၊

—  —

"I wanna hold you... till I die... till we both break down the heart..."

ကားကက်ဆက်ခလုတ် နှိပ်လိုက်စဉ် အသင့် ထည့်ထားခဲ့သော Bonny Tylar ၏ သီချင်းသံက ထိပ်ထားကို နှုတ်ဆက်လေ၏၊

သည်နေ့တစ်နေ့လုံး ဆေးရုံမှာပင်ပန်းလာသမျှ အမောပြေသွားရသည်ပမာ။ သည်သီချင်းခွေလေးသည် မောင့်ဆီက ရရှိသော အမှတ်တရများထဲမှ တစ်ခုလည်း ဖြစ်ပြန်သည်။

မောင်....

မောင်က တတ်လည်းတတ်နိုင်တယ်။

ေစတန၁၀၁ေပ



ကျွန်မဆီမှာ အမှတ်တရ များစွာ ကျန်ရစ်ဖို့ တစ်နေ့တင်မကျီး မရိုးရအောင် သက်တမ်း တစ်ခု အ တွင်း မှာ လက်ဆောင်တွေ ပေးခဲ့လို့ ကျွန်မဘဝထဲက မောင့်ကို ထုတ်ပစ်လိုက်တာတောင် မောင့်ရဲ့အရိပ်အငွေ့တွေက ကျန်ရစ်နေဆဲဆိုတာတောင် မသိခဲ့ပါ။ သူမကလည်း မောင့်ကို ချစ်နေခဲ့သူပီပီ မစွန့်ပစ်ရက်၊ မဖျောက်ဖျက်ရက်ဘဲ နေ့စဉ်ကိုင်တွယ်ထိတွေ့ကာ မောင့်ကို တမ်းတတတ်ဆဲ....။

သည်လိုမျိုးကျွန်မဘက်ကမေတ္တာတရားက သိပ်ကြီးမားလွန်းနေလို့ မောင်တစ်ယောက် ကျွန်မရဲ့ဆွဲငင်မှုအောက်က ရုန်းမထွက်နိုင်စွာ ကျွန်မဆီ ပြန်လည်ခိုဝင်ဖို့ ပြင်ဆင်ခဲ့တာ ပဲလား။

ဒါဆို အသစ် တစ်ဖန် ပြန်လည် တည်ဆောက်ရမယ့် ကမ္ဘာ တစ်ခု အတွက် အခြေ မကျခင် ကျွန်မက ကြိုတင်ဖြိုဖျက်ပစ်နိုင်ရလိမ့်မယ်၊ သိလား မောင်။

နောက်က ကားက လမ်းတောင်းသံ တတီတီကြောင့် သူမရဲ့ထုံးစံအတိုင်း အလျှော့ပေးကာ စက်ရှိန်ကို လျှော့ချပေးလိုက်၏။ ကားက ကျော်မတက်ဘဲ ဘေးချင်းယှဉ်လိုက်လာသည်။ ထိပ်ထားရဲ့ ရေးစဉ် တော်တော် များများမှာ သည်လို ခဏ ခဏ နှောင့်ယှက်ခံနေရကျမို့ သိပ်ဂရုမထားပေမယ့် ဘေးက ကပ်လိုက်လာသောကားသည် ကျော်တက်လိုက်၊ ခပ်ဖြည်းဖြည်း ဘေးချင်းယှဉ်လိုက်။

၈၈တန၁၉၁၈၈

ကားမှန်နက်တို့ကြောင့် အတွင်းဘက်ကို မမြင်နိုင်ပေမယ့် ထွမက စိတ်မှန်းဖြင့် လှည့်ကြည့် မျက်စောင်းထိုးလိုက်စဉ်–

'ထား....'

ကား မှန်နက် တွေ ဖြည်း ဖြည်း လျှော ကျ၊ အို... မောင့်ရဲ့ မြူးကြွကြွအသွင်အပြင်နှင့် နှုတ်ထွက်စကားတစ်ခု၊ အယောင်ယောင် အမှားမှား လိပ်ာကို တင်တော့ မောင့် ကားက နံဘေးဆီ ကပ်ပါလာသည်။

'ထား– ကိုယ့်ကို အရင်ဆလို မျက်စောင်းထိုးတယ် သေးတာပဲ၊ အရမ်းချစ်ဖို့ကောင်းတယ်'

ဘုရားသခင်.... မောင့်ရဲ့ ထပ်မံကြိုးစားမှုသည် ဟိုး– ဆယ်ကျော်သက် ဘဝတုန်းက စတင် ချဉ်းကပ်ခြင်းလိုမျိုး အထူးအဆန်း၊ ထွင်ပြန်သထဲ့၊ မောင်ဟာ ဘာလို့များ သူ့ကို ခုထိ တုန်လှုပ်မှုတွေ၊ ရင့်ကျက်မှုအား ဖြိုခွင်းခြင်းတွေ ပေး နိုင်စွမ်း ရှိသေးခဲ့တာလဲ။

'ထား– ကိုယ့်ပန်းတွေ ထားချစ်ခဲ့လား၊ ကိုယ် နေ့တိုင်း ပေးမယ်နော်၊ ထား ရင်ဘတ်မှာရော တစ်ပွင့် ယူထိုးထား ရှိလား'





မမောင်မေးလိုက်သော စကားတစ်ခွန်းကြောင့် မလုံမလဲ ရင်ဘတ်ဆီမှ ပန်းပွင့်နွမ်းကလေးကို ကွယ်ဝှက်နိုင်ဖို့ ကိုယ်ကို ကျုံ့လိုက်မိ၏– မောင်က မြင်ပုံမရပါ။

ကားမှန်တွေ တင်လိုက်ရင် မောင့်ဆီက စကားတွေ မကြားရတော့မည်မှန်း သိပေမယ့် ထိပ်ထားရှိမသိစိတ်သည် မောင့်စကားများကို ကြားချင်နေစိတ် ကြီးစိုးထားတာ ကြောင့်...။

'ထား...ကားကို ဖြည်းဖြည်းမောင်းလေ၊ မိန်းကလေး ဖြင့်ပြီး ကားမောင်း ကြမ်းရလား၊ ကိုယ့်ကို အားကျသို့ ထားက ကားမောင်းကြမ်းတာထင်တယ်'

'ထား.. ကိုယ့်ကို ပစ်ခုခုပြန်ပြောကွာ၊ ကိုယ်က အခုဆို ငပေါကြီး ဖြစ်နေပြီ၊ တစ်ယောက်တည်း စကားတွေ လျှောက်ပြောနေရတယ်'

ဟင့်အင်း....မောင်ရယ်၊ တော်ပါတော့၊ ကြာရင် ကျွန်မ မျက်ရည် ကျလာမိလိမ့်မယ်။ မောင့်ကို အယောင်ဆောင် မာကျောတင်းမာနေရသော်လည်း အမှတ်မရှိသော နှလုံး သားသည် မောင့်ဆီက မမြင်ရသော ဆွဲအားတစ်ခုတွင် ကပ်ငြိချင်နေမိသည်။

အချိန်အကြာကြီး ခွဲခဲ့ရပြီးမှ မောင့်ကို ပြန်တွေ့ရတယ်၊ မောင့်ရဲ့အားလျော့ဖျော့တော့သော သွင်ပြင်တစ်ခု၊ အရာရာ အရှုံးပေးသော မျက်ဝန်းတစ်ခုဆီမှာ နာကျင်ကြေကွဲနေ

ခဲ့ရတယ်၊ ခုလို မောင် တပ်မံ ချဉ်းကပ်လာပြန်တော့...မ ထိုး...ထိပ်ထားဟာ ဒုတိယ အကြိမ် မိုက်မဲမှုကို စတင်ရ တော့မည်တဲ့လား။

'ထား သံထုံးကလည်း ပြိုကျတော့မယ်၊ သံမှုင်တွေ အကုန်ပွာထွက်နေပြီ၊ နောက်ဆို သံထုံးကို သပ်သပ်ရပ်ရပ် ထုံးနေ့်၊ ဆရာဝန်မကြီးဖြစ်ပြီး သံထုံးပုံမကျ ပန်းမကျ ကြီးနဲ့လူနာတွေ ရယ်နေဦးမယ်၊ ထား...ရှေ့ ကလမ်းခွဲလေး ရောက်ရင် ကိုယ် ထားရဲ့ကားနောက် မလိုက်တော့ဘူးနော်၊ ထားတို့လမ်းကို ရောက်တော့မယ်၊ တော်ကြာ ကိုယ်ပါလာ တာမြင်ရင် ထားတို့ဖေဖေက သူ့ သမီးဆရာဝန်မလေးကို ကလေကချေ တစ်ယောက် လိုက်နှောင့်ယှက်တယ် ထင်ပြီး ထွက်ရိုက်နေဦးမယ်'

မောင် ခုထိ ကလေးဆန်နေတယ်ကွဲ့။ အရာရာကို လေး နက်တတ်စေဖို့ မောင့်ကို မြှုပြင်ရလိမ့်မယ်ထင်တယ်။ သူမက ကြိုတင်စိတ်ကူးယဉ်တတ်ခြင်းကို ခုထိ ခုံမင်နေဆဲဖြစ်သည်။

'ထား...တစ်ခုခုပြောကွာ၊ ကိုယ့်ကို ဆဲခဲ့တာပဲဖြစ်ဖြစ်၊ ဆောဲပစ်တာပဲဖြစ်ဖြစ်၊ ကိုယ်က ညကျရင် အိပ်ဆေးလုပ်ပြီး သောက်မလားလို့၊ ထားဆီက ကြားရတဲ့တစ်ခုခုကိုလေ'

ပင့်အန်ထွက်တော့မည့် နှုတ်ခမ်း အစုံကို သွားတို့ဖြင့် ဖိကိုက်ပစ်ခြင်းကို မောင်က နားလည် ခွင့်လွှတ်ဟန်ဖြင့် ကြည့်သည့်အကြည့်အား မျက်ဝန်းထောင့်တွင် မြင်၏။

မောင့်ကားကလေး လမ်းခွဲကလေးမှာ အရှိန်သတ် နှေးကွေးကျန်ခဲ့တော့ သူမက နောက်ကြည့်မှန်မှတစ်ဆင့်





ငေးမောလှမ်းဆွတ်ရသည်။ မောင့်ကို တစ်ခုခု ပြောခဲ့ချင် ပါရဲ့ မောင်။ ဒါပေမယ့် မောင့်ကို ရှေ့ဆက်မတိုးစေချင် တော့လို့ သည်လို စိမ်းကားပြရတာပါ။ ကျွန်မရဲ့ရင်ဘတ်ထဲ မှာတော့ တစစ်စစ်နာကျင်မှုကို ခံစားနေရပါတယ်မောင်။

...❦—



Book Sharing

Scanned by CamScanner

## ( ၃ )

'ဟေ့ကောင် ရန်ကြီးအောင်'

ပခုံးကို ပုတ်၍ ရင်းရင်းနှီးနှီး ခေါ်လိုက်သံကြောင့် သူက လှည့်ကြည့်တော့....

'ဟာ.... မင်း....မင်း.... ဘီလီ မဟုတ်လား၊ မတွေ့တာ ကြာလို့ မနည်းကြည့်ယူရတယ်၊ လာကွာ....ဒါ ငါ့ဆိုင်လေ၊ ဝင်ထိုင်ပါ၊ ငါ ဧည့်ခံပါရစေ'

သူဖွင့်ထားရာ တေးသံသွင်းဆိုင်သည် ခုမှဖွင့်ခါစပေမယ့် အဆိုတော်သစ်တင်ခြင်းတွင် နာမည်ရမှု၊ ကြော်ငြာ အားကောင်းမှုကြောင့် လူ စည်ကားလှသလို လူသိ များ၏





မြန်မာပြည်ပြန်ရောက်ပြီး မကြာခင် မာမီဒီစဉ်အမွေပေးသည့် သူပိုင်ဆိုင်ရာအသံသွင်းဆိုင်၊ စူပါမားကက်စားသောက်ဆိုင် များဖြင့် သူသည် လူသိများသော လုပ်ငန်းရှင်တစ်ယောက် လည်း ဖြစ်သည်။

'ဘယ်လိုလဲ၊ မင်းဘာလုပ်နေလဲ၊ ငါ့ကို ပြောပါဦး'

'ပြောပါမယ်ကွာ၊ မင်းက အချစ်တစ်ခုဘည်း၍ စေ စားမှုကြောင့် အရာရာကိုပစ်သွားပေမယ့် ငါတို့က လက်တွေ့ မဖြုတ်စတမ်း ဆက်ချိတက်နေလို့ ခုဆို တော်တော် ခရီး ရောက်နေပြီ၊ ဒါပါ မင်းမသိသေးလို့ ပြောရအောင် ငါက တမင် ဒီကို လာတာ'

'ငါ့ဆိုင်ဆိုတာ မင်းသိလို့လား'

'ဒီမှာ ဟေ့ကောင်...မင်း လိုသေးတာပဲ၊ ငါ ဘယ် လောကမှာရှိနေသေးလည်းဆိုတာ မင်း မစုံစမ်းဘူးလား၊ တော်တော်လည်း ခင်ဖို့ကောင်းတဲ့ကောင်'

ဘီလီသည် ကျောင်းတုန်းက အတွဲ ညီခဲ့သလို သူနှင့် ဝါသနာတူ အပျော်တမ်းတီးဝိုင်းတစ်ခု ထောင်စဉ်ကလည်း သူ့ဆန္ဒတွေ ဖြည့်ဆည်းခဲ့သူ။

ထားကြောင့်ပြိုပျက်သွားသောသူ့ဘဝသည် ကျောင်းသားဘဝကို စွန့်လွှတ်ခြင်း၊နာမည်ကြီးဗရမ်မာတစ်ယောက်ထဝကို စွန့်လွှတ်ခြင်းများက နောက်ဆက်တွဲ အကျိုးများဖြစ်ပေမယ့် သူက ထားကို မနာကြည်းခဲ့ပါ။

'ဆေးကွာ....ငါလည်း ပညာတစ်ပိုင်းတစ်စ၊အရာရာကိုတစ်ပိုင်းတစ်စထားခဲ့တာ ပြန်လာဖို့တောင် မရည်ရွယ်ဘူး၊ ဓာပီတောင်းပန်လွန်းလို့၊ တီနာလည်း အိမ်ထောင်ပြုသွားလို့၊ ငါလည်း စိတ်ခအားလက်အေးပြန်လာဖြစ်တာ၊ အခုလည်း မာပီ့ကို မိန်းမပေးစားဖို့ပြင်ရင် ဒီတစ်သက် ပြန်မလာတော့ဘူးဆိုတဲ့ ခြိမ်းခြောက်စကားနဲ့ မြန်မာပြည်မှာ နေ့နေ့ရတာကွ'

'မင်းက တကယ့်နေနိုင်တဲ့ကောင်၊ ငါ့ကိုတောင် လာမတွေ့ဘူး'

'မင်းတင်မကဘူးလင်းတရဲ၊ဘယ်ကောင်မှမတွေ့ဖြစ်တာ အချိန်တွေ ကြာသွားတော့ ကိုယ့်လမ်း ကိုယ်လျှောက်နေကြပြီဆိုတော့...'

'ဟေ့ကောင်...ဘာလဲ...မင်းက ဒါတွေ မလိုတော့ဘူးပေါ့လေ'





သူ့ပခုံးကို ဖတ်ခနဲထိုး၏။ သူ့သူငယ်ချင်း များစွာထဲတွင် ဘီလီကတော့ သူ့အနှ အတာအခံဆုံး ဖြစ်သူမို့...

'ဆောရီးကွာ၊ ကဲ...မင်းအကြောင်း ပြောပါဦး'

'ပြောချင်လို့ လာတာ ပြောရမှာပေါ့ကွာ၊ မင်း မရှိတော့ပေမယ့် ငါတို့ဝိုင်းကို ဆက်ပြီတက်ကြတယ်ကွ၊ အခုဆို နာမည်ကြီးဝိုင်းတစ်ဝိုင်း ဖြစ်နေပြီ၊ တစ်ခုတော့ ရှိတယ်၊ နာမည်ကတော့ မင်းရှိတုန်းကနာမည်မျိုး မဟုတ်တော့ဘူး၊ ဒါကြောင့် မင်းမသိတာ ဖြစ်မှာပါ၊ မင်းက အခုမှ ဒီအေးလောကထဲ ပြန်ဝင်တာဆိုတော့ ဒီလောကမှာ ဘယ်သူတွေ ဘယ်ဝိုင်းဆိုတာ ဘယ်နှံ့စပ်ဦးမလဲ၊ ဟေ့ကောင်....ကြားရဦးမယ်၊ ငါက နာမည်ကြီး လီဒ်ပလေယာကွ'

'ဟာကွာ...ဝမ်းသာလိုက်တာ၊ ငါတောင် အားကျလာပြီ'

ဘီလီက နက်စ်ခွက်ကို ငုံ့သောက်ရင်း ပြုံး၏။ ဘီလီဟာ ထားကို ကောင်းကောင်းမှတ်မိလိမ့်မည်။ ထားဆီကို သူ့အခား တောင်းပန်စကား၊ ဘယ်ခံဝင်စကား တချို့ တခလသွားတင်ပြဖူးသည်။ ထားအစ်ကိုဝမ်းကွဲနှင့် တွေ့၍ လစ်လာခဲ့ရဖူးသည်။



Scanned by CamScanner

ရတစ်ပန် သူဟာ ထားကို စိတ်မကုန်စွာ ထပ်မံကြိုး စားနေသေးသည်ဆိုလျှင် ဘီလီ ဘာများ ဝေဖန်လေလိမ့်ဦးမလဲး

'ပေါ့ကောင်—မင်းရဲ့ ထားက မာနကြီးတယ်ကွ၊ ဝါ ပြောတာတွေ ကစ်ခွန်းမှလည်း မတုံ့ပြန်၊ မလောက်ခံတဲ့ အပြင် ခပ်ကြောင်ကြောင်မျက်လုံးတွေနဲ့ ပြန်ကြည့်တယ်ကွ၊ ဗီကြားထဲ သူ့အစ်ကိုဆိုတဲ့ ကောင်က လာဟောက်သေးလို့ ထ့လှစ်လာရတယ်'

အဲသည်တုန်းက ဘီလီ ညည်းညူခဲ့၏။ ဒါပေမယ့် သူ့ဘက်ကနေ မခံမရပ်ဖြစ်စွာ ထားကို အပြစ်ဘင်ခဲ့ခြင်းတော့ မရှိခဲ့ပါ၊

ဘီလီက သူနဲ့အမြင်တူစွာ ထားကို ခွင့်လွှတ်နိုင်သူလည်း ဖြစ်ခဲ့ပေမယ့် တခြားကောင်တွေကတော့ သူ့ဘက်ကနာပြီး ထားကို အမြင်မကြည်ခဲ့ကြပါ။

'ရန်ကြီးအောင် ဘာငြိမ်နေတာလဲ၊မင်းအကြောင်းတွေ ရော ဘာတွေထူးခြားနေပြီလဲ ပြောပါဦး၊ ငါသိချင်တယ်'

သူက သူ့ရဲ့ မြန်မာပြည်ပြန်လာခြင်းအကြောင်း၊ ပြန် ရောက်ရောက်ချင်း သူ့ရဲ့ ကားမောင်း မဆင်ခြင်မှုကြောင့်





ဆေးရုံတက်ရခြင်း၊ ထားကိုပြန်တွေ့ခြင်း၊ ထားနဲ့ပတ်သက်ပြီး ယှဉ်ပြိုင်ရသော ဒေါက်တာ မင်းဂေါင် အကြောင်း ပြောပြခြင်း၊ ခုလောလောဆယ် သူ့ရဲ့ ထားဆီ ထပ်မံကြိုးစားခြင်းများ အားလုံးကို ပြောပြ၏။

'ဒါဆို ဒီတစ်ခါ မင်းအတွက် အခြေအနေက ဘယ်လိုရှိလဲ၊ ဥပမာပေါ့ကွာ... မထိပ်ထားက မင်းဆီပါသလား၊ ဒေါက်တာမင်းဂေါင်ဆီ ပါသလား၊ တစ်ခုခုပေါ့'

'နေထိတော့ ထားက တင်းမာဆဲ ပေါ့ကွာ၊ ထားအကြောင်းလည်း မင်း သိသားနဲ့'

'ဒေါက်တာမင်းဂေါင်ဆီ ပါနေတာလား'

သည်စကားအကြားမှာ သူ့ရင်တွေ ဒိုင်းခနဲ ဆောင့်ခုန်လေသည်။ ရင်မဆိုင်ဝံ့ပါ။ ထားဟာ သူ့ကိုပဲချစ်နေရမယ့် အဖြေမျိုးကို သူက လိုလားသည်။ အတ္တ ဆန်တယ်ဆိုပေမယ့် ထားနဲ့ပတ်သက်ရင် သူက အရှုံးတစ်မျိုး ဖြစ်၏။ မဖြစ်နိုင်ဘူးကွ။ ထား...မင်းက ကိုယ့်ကိုချစ်နေမှာပါနော်။ ထားက သစ္စာတရားကို မြတ်နိုးတဲ့၊ ပန်းတစ်ပွင့်သာ ရွေးချယ်တတ်တဲ့ မိန်းကလေး ဖြစ်မှာပါ။ ဒေါက်တာမင်းဂေါင်ကိုသာ ထားရွေးချယ်ခဲ့ပြီးပြီဆိုရင် သူ မကြိုးစားခင်ကတည်းက ပြေလည်နေခဲ့လောက်ပြီ။

'ဘယ်လို ဖြစ်ထွားတာလဲကွ၊ ငြိမ်ခနပါလား၊ ကဲ ... ထားပါတော့၊ ငါ အလုပ်ကိစ္စ ရှိသေးတယ်၊ သွားလိုက်ဦးမယ်'

'ဟော့တောင်၊ လာခဲ့ဦးနော်'

'အေးပါ....မင်း ကျောင်းဆက်တက်သေးလား'

သူက ခေါင်းခါပြတော့ ဘီလီက နားလည်စွာပြုံးရင်း နုတ်ဆက်ထွက်သွား၏။ ဆိုင်ထဲတွင် ဆူညံနေသော သီချင်းသံ၊ ရှုပ်ထွေးနေသော လူသံများကိုငေးရင်း ထားကိုသတိရစိတ်က ကြီးစိုးနေသည်။

ထားနှင့်ပတ်သက်ရင် ကိုယ်က အမြဲလိုလို မရှိနိုင်တဲ့ ချစ်ခြင်းတွေ၊ ခံစားချက်တွေ၊ အတွေးတွေရှိဆဲပါ ထားရယ်၊ ထား သိနိုင်ပါ့မလား။ ကိုယ့်ရဲ့ နှင်းဆီလေးတွေက ပြောပြနိုင်ပါစေ။

ထားက ခုဆို ဆရာဝန်မလေးတစ်ယောက်ပို့ ထားနဲ့ ပညာတူ အသိုက်အဝန်းက ချဉ်းကပ်သူတွေထဲမှာ ကိုယ်က နိမ့်ကျနေခဲ့ပြီလား။ ကိုယ့်လို ဘွဲ့တစ်ခုမှမရ၊ လူတွေ သတ်မှတ်သော ပညာ အရည်အချင်း တချို့မှ မပိုင်ဆိုင်သူကို ထားက ချိန်ထိုးရွေးချယ်တော့မည် ဆိုလျှင်....။

ယောင်ယမ်းခေါင်းခါ၊ သက်ပြင်းချ ။ တဒင်္ဂကို မေ့လျော့။ ပြီးတော့ ရိဝေသော မိတ်ကူးများဖြင့် စီးကရက်တိုပေါင်းများစွာ ကုန်ဆုံးခြင်းကို ထား သိရင့်.... ။





'မောင် ဆေးလိပ်သောက်တာ ကျွန်မ မတားမြစ်ပါဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ မောင် စီးကရက်ကိုင့်ပြီး မီးခြစ် ခြစ်ပြီး လက်ဖဝါးနဲ့ကွယ် မီးညှိတာကို ကျွန်မကသဘောကျလို့၊ ဒါပေမယ့် ကျန်းမာရေးကို ထိခိုက်စေတဲ့ အရာတွေထဲမှာလည်း ဆေးလိပ်သောက်တာက အဓိကမို့ မောင့်ကို အလွန်အကျွံ မသောက်စေချင်ဘူးနော်၊ တော်ရုံပဲ သောက်ပါ မောင်'

လို့ ပြောင်းဖျလိမ့်မလား။ ကိုယ်က ထားနဲ့ ပတ်သက်ရင် အရာရာတိုင်းကို အသေးအနက်ထား မှတ်သားတတ်တဲ့ အကျင့်လည်း ရှိတယ် ထားရဲ့။ ဒါကို ထား ဘယ်သော အခါမှ သိသွားပါလိမ့်မလဲ။

သူ့ဘဝ၏ အချိန်တို့ကို ထားက စိုးမိုး အနိုင်ယူထားခြင်းသည် ထားကို ချစ်သော ရန်ကြီးအောင်၏ ချစ်ခြင်းများ ဖြစ်၏။

—✿—

မင်္ဂလာခန်းမဆောင် တစ်ခုလုံးသည် ဝင်လာမစဲသော ဧည့်သည်တို့ကြောင့် အသက်ဝင်စပြုနေသည်။ ဒရမ်ဆက်ကို စစ်ဆေးရင်း မြတ်နိုးသော ဒရမ်ခေါက်တံများဖြင့် အလုပ်ရှုပ်ရပ်း—။

ဘီလီ့ ဖိတ်ခေါ်မှုကြောင့် မင်္ဂလာပွဲတစ်ခုတွင် ဝါသနာအရ ဓာတ်ဝင်တီးတာကိုများ မာမိ သိလျှင် သိက္ခာကျအောင် လုပ်ရလားလို့ အပြစ်တင်ဝေဖန်လိမ့်မည်။ နာမည်ကြီး လုပ်ငန်းရှင်တစ်ဖယောက် အဖြစ်သာ လိုလားသော မာမိ့ ဆန္ဒသည် တင်ခါတလေ သူ့ကို အရွဲ့တိုက်မှုများ ဖန်တီးစေဟာ မားမိ မသိပါ။

'အဆင်ပြေတယ် မဟုတ်လား'

'လုံးဝ အိုကေပဲ၊ ဟေ့ကောင်— ကြိုက်ရဲ့ သီချင်းလာ၊ လက်စွမ်းပြဖို့ အဆင်သင့်ပဲ'

ဘီလီက ကြွေးညီခြင်း ပြီးဆုံးသွားတော့ ပင်တိုင် အဆိုတော်လေးတွေဆိုဖို့ စတင်ခိုင်း၏။

'ဟေ့ကောင်... သတို့သမီးက ညီအစ်မ သုံးယောက်တည်းက အလတ်တဲ့ကွ၊ အစ်မနဲ့ ညီမ ကျန်သေးတယ်၊ အားလုံးလှကြတယ်ကွ၊ မင်း ကြိုးစားလို့ ရသေးတယ်'





'ငါကတော့ မမကိုပဲ ရွေးမယ်'

'ဒါဆို ငါက ခင်နှမသက်လျာကို ရွေးရမှာပေါ့'

တီးဝိုင်းနားက စားပွဲမှာ နေရာယူထားသော ဝိုင်းအိမ့် သူကောင်းသားလေးတွေ စကားဖောင်ဖွဲ့မှုတစ်ခွန်းတစ်စကို ကြားရသည်။

ဘီလီက ထူ့ဆီ လှည့်ပြုံးရင်း နာမည်ကြီး အဆိုတော်၏ သီချင်းနတ်စ်ကို လှမ်းပေးသည်။ အဆိုတော် တစ်ယောက်ပြီး တစ်ယောက် ဆိုအပြီးတွင် အခါတော်ပေးနှင့် အတူ သတို့သမီး၊ သတို့သားတို့ နေရာယူအပြီးတွင် မင်္ဂလာပွဲကို စတင်လေသည်။ သူတို့ အနုပညာသမားတွေ၏ ထုံးစံအတိုင်း လာသမျှ လူကို မကြည့်ကြဘဲ ကိုယ့်အလုပ်ကိုယ် ထာဝန်ကျေအောင်သာ အာရုံစိုက်ကြ၏။

'ဟေ့ကောင် ရန်ကြီးအောင်—ဟိုမှာကြည့်စမ်း'

ဘီလီက သူ့နားကပ်ပြောတော့—

'ဘာလဲကွာ—မင်းကလည်း'

'အောင်မယ်...မကြည့်ချင်နေ၊ ငါက မင်းရဲ့ ထားမျှား ဖြစ်နေမလားလို့ ပြတာကွ၊ သေသေချာချာလေးများ လှမ်းကြည့်ပါဦး'



BookSharing

Scanned by CamScanner

ထားဆိုသော အသံက သူ့ကို တော်တော်ထိန်းချုပ်နိုင်စွမ်း ရှိသည်အလား....။ သူက ဘီလီ ညွှန်ပြရာဆီ မျက်ဝန်းအကြည့် ရွှေ့စဉ်....

ချစ်သော ထားသည် လှပသော၊ ပန်းရောင် ဖျော့လွန်းသော မြန်မာဝတ်စုံတို့နှင့်၊ ပုံကျသပ်ရပ်သော နောက်ထုံးထုံးကလေးနှင့်၊ ဝတ်သင့်သလောက် ဝတ်ထားသော ရတနာများနှင့် ပြုံးရယ် ရွှင်ပျကာ ညှော်ခံနေ သူသည် ဒေါက်တာမင်းဂေါင်တို့ဝိုင်း ဖြစ်နေခြင်းအတွက် မနာလိုခဲ့ပါ။

‘ဟေ့ကောင်...အဲဒါ ထား၊ မင်း မှတ်မိသားပဲ ဘီလီ၊ ကျေးဇူးပဲကွာ’

‘ဘာဖြစ်လို့လဲ’

‘ဒီပွဲကို လိုက်လာဖြစ်အောင် ဖန်တီးပေးခဲ့လို့’

‘မဆိုင်တာ၊ မင်းတို့ချင်း တွေ့ရဖို့ ဖန်လာတာ ဖြစ်မှာပေါ့’

မင်္ဂလာပွဲကို မြန်မြန်ပြီးစေချင်သည်။ ပြီးလျှင် ထားထံ သူတို့ကို လာနှုတ်ဆက်ချင် နှုတ်ဆက်လိမ့်မည်။ ဒါဆို သူက ထားကို စကားပြောနိုင်ခွင့်ဖြစ်ဖြစ် ရချင်ရလိမ့်မည်လား—။





ထားရယ်.... ဒေါက်တာမင်းဂေါင်ကို ဘာလို့ သည်လောက် ဖော်ရွေနေရတာလဲ၊ သည်လူ့နံဘေးက အမျိုးသမီးကြီးသည် ထားကို သူ့သားနဲ့ သဘောတူကြောင်း ကြေညာထားသော ဒေါက်တာမင်းဂေါင်၏ မိခင် ဖြစ်လိမ့်မည်။

မာမိ့ကြောင့် ထားဖြစ်စေချင်သော ဆန္ဒကို မဖြည့်စွမ်းခဲ့နိုင်သော အဖြစ်ကို တဒင်္ဂမျှ ယူကျုံးမရ ဖြစ်ရ၏။

သူ မျှော်လင့်သော မင်္ဂလာပွဲကြီး ပြီးဆုံးချိန်တွင် သတို့သား၏ မိဘများနှင့် ခင်မင်သော ဘီလီ့ကို သတို့သား၊ သတို့သမီးတို့က လာနှုတ်ဆက် ကျေးဇူးတင်ကြလေသည်။

‘သတို့သမီး မသစ္စာရဲ့ အစ်မတစ် ဒေါက်တာ ထိပ်ထားထံင်တယ်၊ ခုန ကျွန်တော် တွေ့လိုက်တယ်’

ဘီလီက ကြံဖန်စကားရှာပြီးဆိုတော့—

‘ဟုတ်ပါတယ်၊ ကိုဘီလီ သိလို့လား၊ ကျွန်မ မမကြီးကို သွားပြောလိုက်မယ်’

ဟု သစ္စာလို့ အမည် ခုမှသိရသော ထား၏ ညီမလတ်သည် ခပ်လှမ်းလှမ်းတွင်ရပ်ကာ တစ်ခုခု မိစဉ်နေသေ

ထားဆီ လူလွှတ်ခေါ်ခိုင်းလိုက်ခြင်းကို စောင့်ဆိုင်းရသော သူက ထူးထူးဆန်းဆန်း ရင်ခုန်မျှော်လင့်ရသည့်တဲ့။

—✿—

မောင်....။ လုံးဝ ထင်မှတ်မထားသော လူတစ်ယောက်အဖြစ် မောင့်ကို တွေ့ရခြင်းကြောင့် ထိပ်ကား တုန်လှုပ်တော့ဝေကာ—။

'မမသစ္စာခေါ်တယ်'ဆိုလို့ သတို့သမီးချောလေး ညီမလတ်ဆီ အပြေးလာစဉ် ထားရဲ့ချစ်သူ၏ ဆီးကြို ပြုံးပြခြင်းကို လက်ခံရရှိဖို့ မမျှော်လင့်ခဲ့ရှုတင် မက အတွေးထဲမှာတောင် ရှိမနေခဲ့ပါ။

'မမကြီး.... ကိုဘီလီက မမကြီးကိုပေးလို့ မမကြီးနဲ့ မိတ်ဆွေတွေ့မှန်းသိလို့ ခေါ်ခိုင်းလိုက်တာ'

သစ္စာက လှမ်းပြောသော စကားကို ခပ်သဲ့သဲ့သာ ကြားလိုက်ပေမယ့် မောင့်ရှေ့က ပြန်ထွက်ပြေးဖို့ ကြံစည်





အားထုတ်နေမိသည်။ မောင့်ရဲ့ ဘူငယ်ချင်း သစ္စာ ပြောတော့ ဘီလီဆိုတာ ပြန်မှတ်မိ၏။ ထူမကို မောင့်ရဲ့ ခံစားချက်တွေ လာဖွင့်ဟခဲ့ဖူးသူ။ မောင်တို့ ခုထိ အတွဲညီစွာ...။

အင်းလျားလိတ်၏ ခန်းမဆောင်တစ်ခုလုံး အေးမြနေပေမယ့် သူမကတော့ လက်ဖဝါးတို့ စေးထန်းရအောင် ချွေးစို့နေတော့သည်။ ညီမလေး သစ္စာက ထီးဝိုင်းသမားတွေ တစ်ယောက်ချင်း လိုက်နှုတ်ဆက် နေပေမယ့် သူမကတော့ မောင့်ရှေ့မှာ ခြေချုပ်ကျနေသူပမာ—။

'ထား.... အရမ်းလှတယ်'

ဒီကောင်းအစမှာ ဘီလီက အလိုက်တသိရှောင်ထွက်၏။ သူမက လူအများကြားမှာ ဣန္ဒြေမပျက်စေချင်တာနဲ့ မောင့်ကို ရင်ဆိုင်ဖို့ ဆုံးဖြတ်၏။

'ဒီစားပွဲမှာ ခဏထိုင်ပါလား ထားရယ်.... ကိုယ်တို့ စကား နည်းနည်းပါးပါး ပြောကြရအောင် နော်၊ ခဏလေးပါ ထား'

မောင့်ရဲ့ တောင်းဆိုချက်ကို မငြင်းတော့ဘဲ နီးရာမှာ ထိုင်ချလိုက်သည်။

'ကိုယ်ပေးတဲ့ပန်းတွေ ထားလက်ခံရဲ့လား'

'အဲဒါ ရှင်သိဖို့ မလိုဘူး'

'ထားဆီက ပထမဆုံး ကို့ပြန်ရရှိတဲ့စကား၊အဖြစ် ကိုယ်က ကျေနပ်ပါတယ်၊ ကိုယ် ထားကို ပန်းခပေးတာ တစ်လ၊ ကားနဲ့ ညနေတိုင်း စကားလိုက်ပြောတာ ရက်ပေါင်း ၂၂ ရက်မှာ ထမဆုံးရတဲ့ စကားလေ'

'ရှင် ဘာဖြစ်လို့ ဒီလိုပွဲမှာ လာဝင်တီးရတာလဲ'

'ကိုယ့်မှာ အလုပ်မရှိလို့ပေါ့ကွ၊ အခု ကိုယ်က အချမ်းမွဲနေပြီ၊ ကားတစ်စီးပိုင်ရုံကလွဲရင် မာမီကလည်း သူ့ဆန္ဒကို မလိုက်လျောလို့ ပစ်ထားတာနဲ့ ရရာအလုပ် ဝင်လုပ်နေရတာ'

မောင် တကယ်ပြောတာလား။ သူမက မောင် တစ္ပြောပြော ယုံကြည်နေတတ်ဆဲ ဖြစ်နေပြန်သည်။

မောင် အလျှင်ကလို သန့်ပြန့်ကြည့်ကောင်းသော သွင်ပြင်၊ သူမနဲ့ ဆန့်ကျင်ဘက် ခေတ်ရွေ့ပြေး သွင်ပြင်နှင့် ရှိနေပြီး မောင်ဟာ အလျှင်လို နာမည်ကြီး ဒရမ်မာ တစ်ယောက်ပဲလား။ ဒါဆို ကောင်မလေးတွေ ဝိုင်းနေတဲ့ဘဝကို ရနေဦးမှာပေါ့နော်။

'ဟုတ်ရဲ့လား'





'ဟာ— ဟုတ်ပါတယ် ထားရဲ့၊ ထားလို ပညာတတ် ဆရာဝန်မကြီးနဲ့လည်း ကိုယ်က ယှဉ်လို့မရအောင် ပညာအရည်အချင်းကလည်းနိမ့်ကျခဲ့ပြီလေ၊ကိုယ် သာဒ်ရီးယားနဲ့ ကျောင်းထွက်လိုက်တယ် ထားရဲ့၊ ထားနဲ့ဝေးအောင် နိုင်ငံတကာ လျှောက်သွားနေတာလေ၊ အခု ပြန်လာတော့လည်း အသက်ကြီးနေပြီဆိုပြီး ဆက်မတက်တော့ဘူး၊ ကိုယ့်ကို ထား မသနားဘူးလား၊ ထား ရက်စက်ထားခဲ့တာကိုလေ'

'ဒါတွေက ပြီးခဲ့ပါပြီ ကိုရန်ကြီးအောင်'

မောင်က သူ့ကို အလျှင်ကအတိုင်း 'ဒမောင်'လို့ ခေါ်ရန် လိုလားမှန်း ရိပ်မိပေမယ့် သူမက ပြတ်သားမှုကို ပြသလိုလှတာနဲ့ နာမည်ကို ခေါ်ချလိုက်ခြင်းအတွက် မောင် ကျေနပ်ပုံမရပါ။

'ဒေါက်တာမင်းဂေါင်နဲ့ ထားက ဘယ်လိုလဲ၊ ကိုယ်ကြည့်နေတဲ့ တစ်ချိန်လုံး ထားက သူတို့ဝိုင်းထကို မခွာတော့ဘူး'

'အဲဒါ ရှင်နဲ့ဘာဆိုင်လဲ'

'ဟာကွာ— ထား—'

Scanned by CamScanner

မောင်က သတိလက်လွတ် သူမဏီစားပွဲပေါ် တင်ထားသော လက်တစ်ဖက်ကိုလာဆုပ်ကိုင်တာကြောင့် ဆောင့်ရုန်းလိုက်ပေမယ့် မောင်က သူ့ထုံးစံအတိုင်း လွှတ်မပေးချေ။

'ကျွန်မလက်ကို လွှတ်ပေးပါ ကိုရန်ကြီးအောင်၊ ဒီနေရာမှာ ကျွန်မတို့ နှစ်ယောက်တည်း မဟုတ်ဘူးလေ၊ ကျွန်မ သိက္ခာကျအောင် မရည်ရွယ်ပါနဲ့'

'ဆောရီး....ထား၊ ကိုယ်သတိလက်လွတ် ဖြစ်သွားလို့ပါ၊ ကိုယ့်ကို စိတ်မဆိုးပါနဲ့'

အို–မောင်က အလျှော့ပေးသတဲ့။ မောင် ဟိုး ချစ်သူဘဝတုန်းကလို ဇွတ်တရွတ် အကျင့်လေး ရှိပေမယ့် အခုရှိနေသော အကျင့်လေးက ခပ်ပျော့ပျော့အသွင် ဆောင်နေလေရဲ့။

မောင့်ရဲ့မခွာတမ်း စိုက်ကြည့်နေသော မျက်ဝန်းအကြည့်ဒဏ်ကို ထိပ်ထားက ကြာကြာခံနိုင်ရည်မရှိခဲ့ပါ။ မျက်လွှာချ၊ တွေဝေ၊ ငြိမ်သက်၊ တိတ်ဆိတ်ကာ မောင့်ရှေ့က ထွက်ပြေးချင်ပေမယ့် မောင့်ရဲ့ တောင်းပန်နှိမ်ချသော ခပ်မဲ့မဲ့အပြုံးကို မမြင်ရက်စွာ—။

'ထားကို ချစ်တယ်၊ ဒါဟာ ကိုယ့်ရဲ့ ဒုတိယအကြိမ် ထားဆီမှာ ချစ်ခွင့်တောင်းမှုပါ ထားရယ်၊ ဒီတစ်ခါ ထားစဉ်းစားတဲ့အခါ ကိုယ့်တစ်ယောက်တည်းကိုပဲ စဉ်းစားပါ၊ ဘာဖြစ်လို့လည်းဆိုတော့ ကိုယ့်ဘဝမှာ ကိုယ်တစ်ယောက်တည်းပဲ ရှိတော့တယ် ထားရဲ့၊ မာမီတို့က ကိုယ့်ကို ပစ်ထား



ကြတယ်လေ၊ ထားဆီက မာနမပါတဲ့ ချစ်ခြင်းကို ကိုယ်တောင်းဆိုပါရစေ ထား'

မောင်....ဒါတွေဟာ တကယ်လားဟင်။ မောင့်မိဘတွေ မောင်နဲ့ သဘောချင်း မတိုက်ဆိုင်လို့ မောင့်ကို ပစ်ထားခဲ့တယ်တဲ့လား။ ကျွန်မ အမှန်ကို သိခွင့်ပေးပါ မောင်ရယ်။ မောင့်ဆီမှာ အရည်ပျော်ချင်လုဆဲဖြစ်နေသော စိတ်ဗိညာဉ်ကို သူမက မယုံဘာမို့ မောင့်ရှေ့က ထထွက်ဖို့ ပြင်တော့—

'ထား'

မခေါ်ပါနဲ့ မောင်ရယ်။ မောင့်ဆီက စကားလုံးတိုင်းကို ထိပ်ထားက နာကျင်ကြေကွဲနေရတယ်။

'ထား ခုလို လက်ခံစကားပြောတာ ကျေးဇူးတင်ပါတယ်၊ ထားကို အရမ်းချစ်တယ်'

အို–ဟင့်အင်း....မောင်ရယ်။ သည်စကားကို ဘာလို့များ ထပ်ခါတလဲလဲ ရွတ်နေရတာလဲ။ ဒါဟာ ထိပ်ထားရဲ့ ကြေချင်လုလု အခြေအနေကို ပိုမိုအားပေးစေတယ်။

မောင့်ကို ကျောခိုင်းထားခဲ့ရသော်လည်း မောင့်ဆီက မျက်ဝန်းအကြည့် တစ်စုံကိုတော့ ပျောက်ဖျက်မရစတမ်း မြင်ယောင် စီးမျောနေရတော့သည်။

မောင့်ဆီက နေ့စဉ်ရက်ဆက် ရသော ပန်းစည်းများ၊ ထိုပန်းများနဲ့အတူ ပါလာတတ်သော စာလွှာကလေးများ၊ နှစ်ရက်ခြား၊ ဒါမှမဟုတ် တစ်ရက်ခြားလောက် ညနေတိုင်း မောင့်ကားနဲ့ လိုက်လာတတ်မှုများ။ ဒါတွေက မောင့်ရဲ့ကြိုးစားမှု ရှေ့ခြေတွေလား မောင်။

နေ့စဉ် တစ်ပွင့်ကျ ရင်ဘတ်မှာ ထိုးစိုက်ခဲ့တဲ့ နှင်းဆီပွင့်ခြောက်တို့ကို သိမ်းဆည်းကြည်နူးနေတတ်တဲ့ သူမအဖြစ်ကိုတော့ မောင် မသိပါစေနဲ့။ 'ထားကိုချစ်တယ်' ဆိုသော မောင့်စကားတစ်ခွန်းဟာ သူမကို ဘယ်အထိ ဆွဲဆောင်မှုပေးတယ်ဆိုတာ မောင် မရိပ်မိပါစေနဲ့။

Book Sharing



( ၄ )

'ဆန်နီ...ခဏလာထိုင်စမ်း'

အိမ်ထဲဝင်ဖို့ပြင်စဉ် မာမီ့ခေါ်သံက သူ့ကို ရပ်တန့်စေသည်။ မာမီ့ရှေ့ ဆိုဖာတစ်ခုမှာ ခပ်တည်တည် ဝင်ထိုင်လိုက်၏။

'မင်း မနေ့က ဘာသွားလုပ်ခဲ့သလဲ'

တစ်စုံတစ်ယောက်၏ သတင်းပေးမှုဖြင့် မာမီသိသွားပြီဖြစ်သော အဖြစ်ကို သူက ဆက်လက်ဖုံးကွယ်ဖို့ မကြိုးစားချင်ပါ။

'အီလီတို့နဲ့ မင်္ဂလာဆောင်တစ်ခုမှာ သွားတီးတယ်'

'ဘာလို့ ဒီလိုအလုပ်မျိုး လုပ်ရတာလဲ၊ မာမိမကြိုက်မှန်း မင်းသိသားနဲ့၊ ဆန်နီ—မင်းဟာ မာမိ ကို ဘာတွေမကျေနပ်လို့ အရွဲ့တိုက်နေရသလဲ၊ တကယ်ဆို ကိုယ့်ကိုယ်ကို ဆင်ခြင်ဖို့ သင့်တယ်၊ သာမန်လူလည်း မဟုတ်ဘူး၊ လူကြီးလူကောင်း စာရင်းဝင် လုပ်ငန်းရှင် တစ်ယောက် ဖြစ်အောင် မာမိ ကြိုးစားနေတာ မင်း ငဲ့ညှာဖို့ကောင်းတယ်'

'ဒါပေမယ့် သားက လွတ်လွတ်လပ်လပ် နေချင်တယ်၊ စည်းတွေ ဘောင်တွေအောက်မှာ ဟန်ဆောင်ပြီး မနေချင်ဘူး၊ တစ်ခါတလေ ကိုယ်ဝါသနာပါတာကို လုပ်ချင်ရင် လုပ်လိုက်ရမှ ကျေနပ်တာ မာမိ နားမလည်သေးဘူး'

'ငယ်ငယ်တုန်းက မာမိ ခွင့်ပြုခဲ့တယ်လေ၊ အခု သားက လူငယ်လေးမှ မဟုတ်တော့တာ'

'သား ဒီလို လုပ်လိုက်လို့ သိက္ခာမကျပါဘူး'

မာမိက သူ့ကို စိတ်ကုန်ဟန်ဖြင့် ခေါင်းခါ၏။ ထားနှင့် ပြန်ဆက်သွယ်နေခဲ့ပြီဆိုတာကိုသာ မာမိသိရင် ဘယ်လိုများ ကြံစည်လိမ့်ဦးမလဲ။ အလျင်တစ်ခေါက်ကလို သူ့ကို ဇွတ်အတင်း သူ သဘောတူသောမိန်းကလေးနှင့် စေ့စပ်ရဲတော့မည် မထင်။

ထားဆီက သံယောဇဉ် အငွေ့အသက်ကလေးကို ခံစားရရှိခဲ့သော၊ ထားကို အရိပ်လို ကြည့်နေခဲ့မှုသူမို့ ထား





မျက်နှာရိပ် ဘယ်လိုထားရင် ဘာဆိုဘာ အကဲခတ်တတ်၍ ထားရဲ့ သူ့အပေါ်ထားသော အချစ်ကို ရိပ်မိနေသော အဖြစ်တွေကြောင့် မကြာခင်မှာ ထားသည် သူ့ကို ပြန်သည် လက်ခံလာတော့မည်။

ထားဆီက ကြင်နာမှုများကို ရချင်တာနှင့် မာမိတို့ကပဲ ရှုပ်ပစ်အားသယောင်ယောင် လိမ်လည်၊ ထားကိုလှည့်စား၊ ထားဆီက သနားခြင်းနှင့် ပြန်လည် ပေါက်ဖွားလာမည့် အချစ်တို့ကို မျှော်လင့်။

သူက သည်ရက်ပိုင်းအတွင်းမှာ သည်အတွေးတွေနှင့် လုံးချာလိုက်ကာ ရှင်လန်းတက်ကြွနေရသည်ကို မငြင်းချင်ပါ။

'မင်း မာမိ့ ကွယ်ရာမှာ ဘာတွေလုပ်နေသလဲ၊ မင်း တောင်းဆိုထားလို့ မာမိက မုန့်မပေးစားဖို့ မစီစဉ်ဘူး မနော်၊ မင်းကလည်း မာမိ့ကို ပြန်လည်တုံ့ပြန်တဲ့ အနေနဲ့ မင်းစိတ်ကြိုက် လိုက်လုပ်ခနေနဲ့'

မဖြစ်တော့ဘူး။ မာမိ့ဘက်က မခံလျှော့သေးသောဆန္ဒများကို သူက ကြိုတင် အယူခံဝင်ထားရလိမ့်မည်။ ထားကို ပိုင်ဆိုင်ခွင့်ကြုံ..ရပြီးသော ဒုတိယမြောက် အခွင့်အရေးကို သည်တစ်ခါ အဆုံးရှုံးမခံချင်တော့ပါ။

လည်ချောင်းတစ်ချက် ရှင်းရင်း သူ့ကို ချစ်လွန်းသော၊ အစစအရာရာ သူ့ကို အရိပ်လိုကြည့်နေလွန်းသော မာမိ့ကို ရင်ဆိုင်ကြည့်လျက်....

'မာမိ....သားနဲ့ မာမိတို့ကြားမှာ သေသေချာချာ ဆွေးနွေးရမယ့် ကိစ္စတစ်ခု ရှိလာပြီ'

'ဘာများလဲ ဆန်နီ'

'ထားရဲ့ ကိစ္စလေ'

'ဘာ.... ခုထိ ဒီထားဆိုတဲ့ တစ်ယောက်နဲ့ ဇာတ်လမ်းက မရပ်သေးဘူးလား၊ အဲဒီမိန်းကလေးကရော ခုထိ မင်းကို မျှော်လင့်နေတုန်းပဲလား'

ခပ်နှိမ်နှိမ်၊ ခနဲ့တဲ့တဲ့၊ ထားကို မမြင်ဖူးဘဲနှင့် ကြိုတင် အထင်သေးရိပ်တွေ အထင်းသားပေါ်လွင်နေသော မာမိ့ မျက်နှာကို စိတ်ပျက်စွာ ခေါင်းခါမိသည်။

'သားကို မာမိ ဆူချင်လည်းဆူတော့၊ အခု ထားကို သား ပြန်ပရိုပို့စ် လုပ်ထားပြီးပြီ၊ ထားဘက်ကလည်း သားကို အလေးသာနေပြီ၊ မကြာခင်မှာ ထားဆီက အဖြေရရင် သား၊ ထားကို လက်ထပ်တော့မှာ၊ ဒီတစ်ခါ ထားကို လက်ထပ်မှာ မာမိတို့က သားကို စိတ်ဆိုးပြီး စွန့်ပစ်ထားတယ်ထင်တဲ့ သူဌေးသားတစ်ယောက် မဟုတ်ဘူး ဆိုတဲ့ အသိနဲ့ လက်ထပ်မှာ၊ မာမိထင်သလို ထားက သားရဲ့ ချမ်းသာမှုကို မမက်မောဘူး၊ ထားရဲ့အချစ်က ဖြူစင်ပါ တယ် မာမိ'

'ဪ.... မင်းက မိန်းမတစ်ယောက်အတွက်နဲ့ မာမိတို့ အကုန်လုံးကို ဥပေက္ခာပြုခဲ့တော့မယ်ပေါ့'

'မာမိ မကျေနပ်လို့ အမွေဖြတ်စွန့်လွှတ်လိုက်ပါ၊ ရပါ တယ်၊ ထားကိုတော့ သား ဒီတစ်ခါ ပိုင်ဆိုင်ရအောင် ကြိုး စားရမှာပဲ၊ သားရဲ့ အိမ်ထောင်ရေးမှာ ဘာပယောဂမှ မပါစေချင်ဘူး'

'မိုက်လိုက်တာ ဆန်နီ၊ ကြည့်ရသေးတာပေါ့၊ မင်းရဲ့ ထားက မင်းကို လက်ခံပါ့မလား၊ လက်ထပ်တုန်းက ထွေထွေမှတ်ပြီးမှ နောက်တော့ မင်းမှာ ဘာမှမပိုင်ဆိုင်မှန်း သိရင် ဘယ်လို ဆက်ဆံလိမ့်မလဲ၊ မာမိ မင်းကို သနားတယ်'

ပြောရက်လိုက်တာ မာမိ။ သားကို မာမိ တစ်ခါမှ မေးလှလာဖူးဘဲနှင့် နှိမ်ချနေမှုကြောင့် ထားကို အားနာပါ သည်။ သည့်ထက် ဆက်ပြောနေရင်လည်း ပိုထူးလာလိမ့် မည် မဟုတ်တော့၍ မာမိ့ ရှေ့မှ ထလာခဲ့သည်။ မာမိ့ ဆီ

ဆာ ခဝီလျှောင်လျှောင်ရယ်သံက သူ့ကို ချောက်ချားစေ
သည်။

မာမိမသိသေးသောအဖြစ်တခုကတော့ ထားဆီ အလျင်
ပုံစံအတိုင်း ချဉ်းကပ်ရင် မရမှန်းသိလို့ အခုအချိန်မှာ သူ
ဟာ သာမန်ဇရပ်သမားလေးတစ်ယောက်အဖြစ်သာ အသိ
ပေးပြီး ထားဆီကအချစ်ကို သဲ့ယူနေတယ်ဆိုသည့်အဖြစ်။

မဝေးတော့သော ကာလများတွင် ထားကို သူက
ပိုင်ဆိုင်ရတော့မည်။ လက်ထပ်ပြီးမှ သူ့ရဲ့ပိုင်ဆိုင်မှုတွေကို
ထား သိရင် 'လိမ်ရက်လေခြင်း'လို့ ထား စိတ်ဆိုး အပြစ်
တင်ရုံကလွဲရင် ထား ဘာမှ ရှေ့ဆက်ရှောင်ပြေးလို့မှ မရ
တော့တာ။

အဲသည်အချိန်မှာ ထားဟာ သူ့ရဲ့ ဇနီးချောလေး။
လူသိရှင်ကြား လက်ထပ်ပြီးမှ ထားဟာ မိသားစုစည်းဆက်ရဲ့
လမ်းစဉ်အတိုင်း သေတစ်ပန်သက်တစ်ဆုံး သူ့ကို လက်တွဲ
သွားရလိမ့်မည်။

မာမိသဘောမတူလို့ သူ့ကို ပေးပြီးသောအမွေများကို
ပြန်လည်ရုပ်သိမ်းချင်ရုပ်သိမ်းပါစေ ထားက သည်အခြေ
အနေကို ပို၍ကျေနပ်ရှာလိမ့်မည်။ ရန်ကြီးအောင်ဆိုသော



လူတစ်ယောက်၏ဘဝသည် ထားအတွက် ရှင်သန်နေရသည်
ဟု သူက တင်စား၏။

'ထားက မင်းကို သိပ်ချစ်ပါတယ်ကွာ၊ ဟန်ဆောင်နိုင်
လွန်းနေတာ၊ အားမလျော့နဲ့ ဟော့ကောင်....ဆက်လုပ်'

ဘိလီ့ဆီက အထင်အမြင်တချို့ ပြန်လည်ကြားယောင်
နိုက်မှာ မင်္ဂလာဆောင်နေ့က ထား၏ပန်းပျော့ရောင်အသွင်
ဇပြင်လေးအား လွမ်းဆွတ်လာရတော့သည်။

...✿...

စတော်ဘယ်ရီနက်ကို မွှေနေသော ထား လက်ချောင်း
ကလေးတွင် သူပေးထားခဲ့သော ရွှေရောင်ခြောင်လက်စွပ်
ကလေးက နေရာပျောက်ရှိရခြင်းကို သူက သဘောတကျ
ငေးကြည့်တော့ ထားတစ်ယောက် မလုံမလဲ လက်ကို
ပြောင်း၍ ကွယ်ပစ်၏။

ထား ဘယ်လောက်ပဲ ဟန်ဆောင်ထားပါစေ၊ တကယ့်
တကယ်ကျတော့လည်း သူ့ရဲ့အရိပ်တွေကို ခုထိ မချောက်
ဖျက်ထားခဲ့ခြင်းက တစ်စုံတစ်ခုကို သက်သေပြနေစေတယ်။

‘ရှင့်ကို သိပ်တော့မယုံပါဘူး၊ ဒါပေမယ့် အခု လော လောဆယ်တော့ မိတ်ဆွေတစ်ယောက်လို ဆက်ဆံနိုင်ပါ တယ်’

‘ကိုယ်က ပညာလည်း မပြည့်စုံ၊ ပစ္စည်း ဥစ္စာလည်း မရှိတော့တဲ့ ဇရပ်သမားလေး ဖြစ်သွားလို့ ထားက သိပ် ငယ်တယ် ထင်နေလို့လား’

‘တော်ပြီ၊ အဲဒီလို စကားမျိုးတွေနဲ့ ခနဲ့မယ်ဆိုရင် အခုချက်ချင်း ထသွားမှာနော်’

‘ဟာ....ဆောရီးကွာ၊ ကိုယ်က ထားကို နောက်တာပါ’

ထားက သူ့ကို အလျင်ကလောက် ပစိမ်းကားတော့တဲ့ လိုက်မလျောဆက်ဆံမှုကို သူက မဆုံးရှုံးချင်ပါ။ အခုတောင် ထားနဲ့ မတော်တဆလမ်းမှာတွေ့လို့ သူက ဟကျိကျိ နားပူ နားဆာ တောင်းဆိုတာနှင့် သူ့ခေါ်ရာ လိုက်လာပေးခြင်း ဖြစ်သည်။

‘ထားဆံထုံးကလည်း ပုံကျကျထုံးပါလားကွာ၊ ဆံမျှင် တွေက ဖွာထွက်နေတာ မျက်နှာ တစ်ခုလုံး ကွယ်နေတာ ထား နေလို့ရတယ်လား’

‘ဒီလိုပဲပေါ့’

‘ဘာလို့ အခု ဆံထုံး ထုံးထားတာလဲ၊ ဆေးရုံလည်း မသွားရပါဘူး’



‘ရှင်မသိဘူးလား၊ ကျွန်မ အခု အလုပ်သင် ဆရာဝန် သက်တမ်းကုန်ပြီ၊ ဆရာဝန်လည်း ဖြစ်သွားပြီမို့ အခုညနေ ပိုင်း ဆေးခန်းသွားထိုင်ရတယ်’

‘ဟာ....ဟုတ်လား’

ဆရာဝန်မလေး ဒေါက်တာထိပ်ထားအဖြစ်နှင့် လူနာ တွေကြားမှာ အလုပ်ရှုပ်နေတော့မည့်ထားကို တွေးကြည့် ရင်း စိတ်ထဲတွင် သဘောတကျ အမှတ်ပေးနေမိပြန်၏။

‘ဒါဆို ဒေါက်တာ မင်းဂေါင်နဲ့ ထား တွေ့စရာ အကြောင်းမရှိတော့ဘူးပေါ့နော်’

‘ဘာဖြစ်လို့ ကိုမင်းဂေါင်အကြောင်း ခဏခဏ ထည့် ပြောနေရတာလဲ၊ ကိုရန်ကြီးအောင်....ရှင်ဟာ ကိုယ်နဲ့မဆိုင် တဲ့ လူတစ်ယောက်အကြောင်း တော်တော် စိတ်ဝင်စား တယ် ထင်တယ်’

ထားမသိခဲ့သော သူနဲ့ ဒေါက်တာမင်းဂေါင်၏ ဆွေး နွေးမှု၊ ယှဉ်ပြိုင်မှုကို သူက နှုတ်ဆိတ်နေဖို့ ဆုံးဖြတ်၏။ အခုဆိုလျှင် သူ့ဘက်မှာ ထားရဲ့ကဏ္ဍ အတော်များများ ပတ်သက်လာပြီမို့....။

‘ထား...ကိုယ့်ကို ဘယ်တော့ အဖြေပေးမှာလဲ၊ ကိုယ့် အဖြစ်ကလည်း ရယ်ရတယ်ကွာ၊ ကိုယ့်ချစ်သူဆီက ဖြန့် ချစ်ခွင့်တောင်းရတယ်လို့’

ထားက သည်စကားတွင် ခပ်ရှက်ရှက်ပုံစံနှင့် နှုတ်ခမ်း လေး တွန့်၍ပြုံး၏။ ထားဆီက ချစ်စဖွယ်သော အမူအရာ

များထဲတွင် သည်အပြုံးလေးကိုလည်း သူက ထည့်သွင်း မှတ်တမ်းတင်ချင်သည်။

'ဖြည်းဖြည်းပေါ့၊ ရှင်ပြောဘာတွေ ဟုတ်လား မဟုတ်လား ကျွန်မက ပြန်စုံစမ်းရဦးမှာ'

ရင်ထဲတွင် ဒိုင်းခနဲပြည့်အောင် ထိတ်သွားသည်။ သူ့ရဲ့ အဖြစ်မှန်၊ အခြေအနေမှန်များ ထားသိလျှင်....။ ပဖြစ်နိုင်တာ။ ထားက သူမရှိကမ္ဘာ ကျဉ်းကျဉ်းကလေးထဲကနေ သူ့အကြောင်း ဘယ်လိုများ သိသွားနိုင်မှာတဲ့လဲ။ ကံကြမ္မာအား သူ့ဘက်မှာရှိစေဖို့ ဆုတောင်းလိုက်ချင်၏။

ဘုရားသခင်ရဲ့ သားတော်ဟာ၊ ထားဆိုသော ချစ်သူကို တကယ်ချစ်မြတ်နိုးခဲ့ရိုး မှန်ပါလျှင် ထားကို ပိုင်ဆိုင်ခွင့် ပေးသနားတော်မူပါ ဆိုသော ဆုတောင်း စကားအား ထီးတိုးပြီး....

'ထားကို ချစ်တယ်'

ဟူသော ရေရွတ်နေကျ စကားတစ်ခွန်းကို လမ်းခွဲခါနီးမှာ မပေ့မလျော့ ထားဆီမှာ ချန်ရစ်....။

သူ့ကို မျက်ရည်ဝေ့သောမျက်ဝန်းများဖြင့် တစ်ချက်စိုက်ကြည့်၍ ကားပေါ်တက်သွားသော ထားကို သူက မျက်စိတစ်ဆုံး ရပ်ကြည့်ကျန်ခဲ့....။

သည်နေ့လေးကိုပေးသနားခဲ့သော အစစအရာရာအတွက် သူက အားလုံးကို ဦးညွှတ်နှုတ်ဆက်၍ ပိုမိုလှပ အဆင်ပြေမှုတွေပေးမည့် နေ့သစ်တစ်ခု၏ နံနက်ခင်းသစ်ဆီမှာ နိဗ္ဗါန်း



လှပသော ပန်းချီတစ်ခုကို ဆက်လက် ဖန်တီးပေးစေချင်သည်။

'ကိုရန်ကြီးအောင်'

လို့ ထားက ခပ်စိမ်းစိမ်း အခေါ်နဲ့ ဆက်ဆံပေမယ့် ထားဆီက ရရှိသော နွေးထွေးမှုများကို သူက တသိမ့်သိမ့် ခံစားနားလည်ရင်း ထားက သူ့နံဘေးမှာ ရှိနေသော အိမ်မက်များစွာကို ဆက်တိုက် မက်နေခဲ့တော့သည်။

—❀—

Book Sharing

Scanned by CamScanner

( ၅ )

'ဟာ—တကယ်လား၊ ကိုယ် ဝမ်းသာလိုက်တာ'

သူမ၏ စကားအဆုံးတွင်မြင်ရခဲ့သော လှတ်လှတ်လပ်ထပ် ရယ်မောသည့်ဟန်ပန် ဖြစ်သွားသော လူတစ်ယောက်ကို ပြန် ဝေးရင်း ဝေ့ဝဲလာသော မျက်ရည်စတို့ကို ပြန်လည် သိမ်း လိုက်၏။

ချထားပြီးသော ဆုံးဖြတ်ချက် တစ်ခုကို ထိပ်ထားက တယ်တော့မှ ပြင်လေ့၊ မှားတယ်လို့ ယူဆလေ့ မရှိခဲ့ဖူးသူ ပီပီ သည်တစ်ခါလည်း ဘယ်လိုနှောင်တမျိုးမှ မရချင်ပါ။

'ဒါဆို မေမေ့ကို ကိုယ်ပြန်ပြောလိုက်မယ်နော်၊ မထိပ် ထားဆီက အဖြေတစ်ခုတည်းကိုပဲ ကိုယ်က စောင့်နေရဲတာ-





အခုလို မထိပ်ထားဘက်က ပြတ်ပြတ်သားသား တုံ့ပြန်လာ ပြီဆိုတော့ ကိုယ်တို့နှစ်ယောက်ရဲ့ ဘဝကို ခုချိန်က စပြီး အစီပွာယ်ရှိရှိ စပေါင်ရတော့မှာပေါ့နော်'

'ကိုမင်းဂေါင် ကြိုက်သလို စီစဉ်ပါ'

လည်ချောင်းထဲမှ ဖျစ်ညှစ်ထွက်ပေါ်ခဲ့သော အသံရဲ့ ခပ် လျော့လျော့ဖြစ်မှုကို သတိမပြုမိနိုင်လောက်အောင် အပျော် လွှန်နေသူရဲ့ နံဘေးမှာ ရှိနေရသော သူမသည် စိတ်ဝိညာဉ် နှင့် ခန္ဓာကိုယ် ကွဲကွာနေရသူပမာ။

'ကိုယ့်ကို ခုလိုမျိုး တုံ့ပြန်တဲ့အတွက် မထိပ်ထားကို ကျေးဇူးတင်ပါတယ်၊ ကိုယ် ကတိပေးပါတယ်၊ မထိပ်ထား ကို ဘယ်တော့မှ သစ္စာမပျက်ဘဲ တစ်သက်လုံး စောင့်ရှောက် ပါ့မယ်'

'ကျွန်မကို အမြင်ရှင်းရှင်း၊ သံသယကင်းကင်းနဲ့ ရှင် လက်ခံနိုင်ရဲ့လား'

'ဘာဆိုင်လဲ မထိပ်ထားရယ်၊ လူငယ်လေးတွေလို ပြော ရရင် အချစ်မှာ ဒါတွေ မလိုပါဘူးလို့ဘဲ ဆိုရမလား၊ အစကတည်းက မထိပ်ထား ပြောသမျှ ကိုယ်က ယုံကြည် လက်ခံခဲ့လို့ မထိပ်ထားကို လက်ထပ်ဖို့အထိ ကိုယ်က ခွင့်

တောင်းခဲ့နိုင်တာပေါ့၊ မထိပ်ထား မိဘတွေကိုရော အသိပေးပြီးပြီလား၊ ကိုယ်တော့ ဒီနေ့ပဲ မေမေ့ကို ပြောလိုက်တော့မယ်'

သူမက ဒေါက်တာမင်းဂေါင်၏ တက်ကြွမှုကို ထင်ထားတာထက် ပိုမိုတွေ့ရှိရပေမယ့် ထိပ်ထားက မကြည်နူးနိုင်ပါတဲ့။

သေချာတာတစ်ခုကတော့ ထိမ်ရောက်မှင် မေမေတို့ကို သူမနှင့် ဒေါက်တာမင်းဂေါင်ရဲ့ ပြောင်းလဲသော အခြေအနေကစ်ခုကို တင်ပြပေးရမည့် အစား အိမ်ခန်းထဲတွင် နှင်းဆီပန်းခြောက်လေးများနှင့် အချိန်ဖြုန်းဖို့ ကြံစည်နေမိခြင်း။

သည်လူတစ်ယောက်ကို ရွေးချယ်ပြီးမှ ချစ်သူဟောင်းကို တမ်းတနေဖို့ မသင့်တော့ပြီမှန်း သိသိကြီးနှင့် သူမက မိုက်မဲမှုကို ခုံမင်ပြန်သတဲ့။ မျက်လုံးမှိတ်လိုက်တိုင်း သူမရဲ့ မှန်တိုင်းထန်သောနေ့ တစ်နေ့ကို ပြန်မြင်လိုက်တိုင်း မောင့်ကိုထားခဲ့ချင်သော ဆန္ဒကို မာနနှင့်ယှဉ်၍ မှန်တယ်ဟု အကြိမ်ကြိမ် အပန်ပန် ဟစ်ကြွေးချင်၏။

'ဒေါက်တာ ထိပ်ထား ဆိုတာလားကွဲ့'

ဟု အမျိုးသမီးကြီးတစ်ယောက် လာမေးစဉ်က သူမက သာမန်ပဲ ထင်ပြီး ပိတ်ခေါ်လိုက်မိတာ။





'အန်တီက ရန်ကြီးဘောင်ရဲ့ မိခင်ပါ'

ဆိုသော စကားအဆုံးတွင် သူမက တစ်ခါသာ တွေ့ဖူးပြီး အမှတ်သညာ မထားခဲ့မိသော ကိုယ့်ကိုယ်ကိုတောင် အပြစ်တင်ခဲ့သေးသည်။

'အန်တီ့သားနဲ့ ပတ်သက်ပြီး ဆွေးနွေးစရာရှိလို့၊ အချိန်ပေးနိုင်မလား'

သူမက လူကြီး သူမ တစ်ယောက် အနေနှင့် အလျင်က သူမကို 'သဘောမတူဘူး'ဟု မှတ်ချက် ပေးဖူးသော မောင့်မိခင်ကို အာဃာတ မထားဘဲ လက်ခံဆွေးနွေးခဲ့ခြင်းမှာ သူမ၏ မာနကို ထိပါးခံရမှု စတင်ခဲ့သည်တဲ့။

'အန်တီ့သားကို မင်း လက်မခံဖို့ အန်တီ လာတောင်းဆိုတာပါ၊ သားက မင်းနဲ့ကလွဲလျှင် ဘယ်သူနဲ့မှ စီစဉ်ပေးလို့ မရတာနဲ့ အန်တီ ဒီတိုင်းကြည့်နေရပေမယ့် အန်တီက သားကို ကိုးကွယ်ရာ ဘာသာမတူတဲ့၊ လူမျိုးမတူတဲ့ မိန်းကလေးနဲ့တော့ လက်မထပ်စေချင်ဘူး၊ ထိပ်ထားနဲ့ သဘောမတူဘူးလို့ ဆိုလိုတာ မဟုတ်ဘူးနော်၊ ထိပ်ထားနဲ့မှ မဟုတ်ဘူး၊ တခြား ဘယ်လိုမိန်းကလေးမျိုးနဲ့ပဲ ဖြစ်ဖြစ် အန်တီ စီစဉ်တဲ့သူ မဟုတ်ရင် လက်မထပ်စေချင်တာ။ အန်တီ့ သားသမီးတွေ အကုန်စီစဉ်ပေးခဲ့တဲ့ လူတွေနဲ့ချည်း အဆင်ပြေခဲ့

မြီးမှ သားကတော့ အငယ်ဆုံးသား ဖြစ်နေတာနဲ့ အလိုလိုက်ထားသို့ မိဘစကား နားမထောင်ချင်ဘူး၊ အဲဒီအတွက်လည်း အန်တီ စိတ်ညစ်ညူးနေရတယ်၊ အရင်တစ်ခေါက်ထား မြန်မာပြည်က ထွက်သွားတုန်းကလည်း အန်တီ ရှုးမတတ် ခံစားခဲ့ရတယ်ကွဲ့'

'အန်တီ လိုရင်းကို ပြောပါ'

သူမရဲ့ မာထန်ထန်စကားတွင် မောင့်မာမိက ခနဲ့တဲ့တဲ့ပြုံးရင်း....

'သားက အန်တီ အငွေခဲ့ပေးပြီးသားမို့ နာမည်ကြီးလုပ်ငန်းရှင်တစ်ယောက် ဖြစ်နေပေမယ့် အန်တီ မကျေနပ်ရင် အချိန်မရွေး ပြန်ရုပ်သိမ်းနိုင်တယ်ဆိုတာ ထိပ်ထားကို လာပြောပြတာပါ၊ သားဟာ အန်တီတို့ရဲ့ ပစ္စည်း ဥစ္စာတွေကြောင့် ကြွယ်ဝပေမယ့် တကယ့်တကယ် သားရဲ့ ပိုင်ဆိုင်မှုဟာ အန်တီ့လက်အောက်မှာ ရှိတာမို့...'

'အထင်သေးလှချေလား အန်တီ၊ ကျွန်မ အဲဒီလောက်ထိ မျှော်မှန်းပြီး ကိုရန်ကြီးအောင်ကို လက်ခံနေတယ် မထင်ပါနဲ့၊ ကျွန်မကို မိဘက စွန့်ပစ်ထားလို့ ဒရမ်တီးတဲ့ ပညာနဲ့ပဲ ရှာစားနေရသလိုလို ပြောပြီး ချဉ်းကပ်ခဲ့လို့ ကျွန်မကလည်း စောင့်ကြည့်လေ့လာနေခဲ့တာပါ၊ ခုထိ ကျွန်မရဲ့ အတွေးထဲမှာ ကိုရန်ကြီးအောင်ကို လက်ခံမယ်၊ လက်မခံဘူး ဆိုတာ မစဉ်းစားသေးပါဘူး'

'ကောင်းတာပေါ့ကွယ်'





ဟု တုံ့ပြန်သံ ရိုထေ့ထေ့တွင် မာနမီးတို့က ဟုန်းခနဲ နိုးကြွကာ မရည်ရွယ်ထားခဲ့သော အခြေအနေ တစ်ခုကို ဖန်တီးပစ်လိုက်သည်။

ဒေါက်တာမင်းဂေါင်ဆိုသော လူတစ်ယောက်ကို ခုတုံးလုပ်ရန် စသိုလားခဲ့ပါ။ လက်တွဲဖို့လည်း အတွေးထဲမှာ ထည့်တောင်မထားဖူးခဲ့ပေမယ့် ထိပ်ထားသည် သူမ၏ ဂုဏ်သိက္ခာ တစ်ခုအတွက် မောင့် မာမီကို ပြန်လည်ယှဉ်ပြိုင်ချင်ခြင်းဟူသော ဆန္ဒကြောင့် လတ်ဘစ်ခလာတွင် ဒေါက်တာ မင်းဂေါင်သည် သူမ၏ လက်ထပ်ရန် စီစဉ်ထားခဲ့ပြီးသော လူတစ်ယောက် ဖြစ်သွားခဲ့ရသည်။

မောင် ညာခဲ့တယ်။

ဒါပေမယ့် သည်ညာခဲ့ခြင်းက သူမဆီက အခွင့်အရေးကို ပြန်လည်တမ်းတကာ မောင် ငွေတိတရွတ်တိုးခဲ့ခြင်းလို့ မောင့်ကို အပြင်မမြင် ခွင့်လွှတ်ဆဲပေမယ့် တစ်ယူသန်ဆန်သော မောင့်မာမီကို မုန်းတီးခဲ့၍ မောင့်ကို သည်တစ်ခါတော့ အပြီးအပိုင် ထားခဲ့နိုင်ဖို့....။ထိပ်ထားက ဘဝ တစ်ခုလုံးနှင့် လဲပစ်လိုက်တော့၏။

— ✿ —

'အဲဒီ ထိပ်ထားရဲ့ ချစ်သူက ရန်ကြီးအောင် မဟုတ်လား'

မှုမှုက မဆင်မခြင် မေးလိုက်မှုကြောင့် မေမေ မျက်မှောင်ကြုတ်ချင်သွား၏။

သူ့ရဲ့ မထိပ်ထားနဲ့ပတ်သက်၍ သည်နေ့ပဲ အစီအစဉ်တွေ မေမေ့ကို တင်ပြပါတယ်။ သူ့ညီမဝမ်းကွဲ မှုမှုက အိပ်လာလည်တာနဲ့တိုးတော့ ညီမဖြစ်သူ၏ ထိပ်ထားနဲ့ပတ်သက်နေမှုများကို မေမေသိရှိကုန်တော့သည်။

'ရန်ကြီးအောင်နဲ့ ထိပ်ထားက အရမ်းတွဲခဲ့ကြတာ၊ 1st M.B တစ်လျှောက်လုံး၊ နောက် 2nd M.B နှစ်လယ်လောက်ထိပေါ့၊ ထိပ်ထားက ရန်ကြီးအောင်ကို အထင်ကြီးပြီး လက်ခံခဲ့တာဖြစ်မှာ၊ နောက်တော့ ရန်ကြီးအောင် စေ့စပ်သွားတော့ ကျန်ရစ် ဖြစ်ခဲ့တာတောင် ရန်ကြီးအောင်နဲ့ဆက်တွဲကြသေးတယ်၊နောက်ဘာတွေဖြစ်ကြလည်း မသိပါဘူး၊ ထိပ်ထား ကျောင်းတစ်လကျော်လောက် ပျက်ပြီး ကျောင်းလည်းပြန်တက်ရော အရင်ကပုံစံ လုံးဝမဟုတ်တော့ဘူး၊ တငေးငေး တငိုင်ငိုင်နဲ့၊ ရန်ကြီးအောင်လည်း လုံးဝမလာတော့ဘူး၊ ကိုကို... နင်ကြည့်လည်းလုပ်ဦး၊ တော်ကြာ သူများပန်းပြီးသားကြီး ကောက်နမ်းနေရတဲ့လူ ဖြစ်နေဦးမယ်'





မှုမှုဟာ 2nd M.B အောင်ပြီးတဲ့ အထိ ဆေး(၁)မှာ တက်ဖူးပြီး 3rd M.B ကနေ ဆရာဝန်ဖြစ်တဲ့ အထိ မိဘ အလုပ်ပြောင်းရာ မန္တလေးမှာ ပြောင်းတက်ခဲ့ရလို့ သူက မထိပ်ထားနဲ့ တစ်နှစ်တည်း တူသူအဖြစ် မေ့လျော့နေခဲ့ခြင်းက လွှဲအမှား။

မထိပ်ထားပြောသလို ဘဝတစ်လျှောက်လုံးမှာ သည်အရိပ်မည်းကြီးရဲ့ အုပ်မိုးလွှမ်းခြုံမှုကို ခံနေရခြင်းကို သူ လက်တွေ့ကြုံလိုက်ရသောအခါ....။ဖြစ်နိုင်ရင် မထိပ်ထားကို ခေါ်ပြီး သည်လောကနဲ့ဝေးတဲ့ အရပ်တစ်ခုမှာ ဘဝကို မြှုပ်နှံပစ်ချင်လာသည်။

'ဟုတ်လား၊ သား–မင်း ဒီအဖြစ်တွေ မသိခဲ့ဘဲ အခု ငုတ်တိုးနေလို့ မဖြစ်တော့ဘူး၊ ရပ်တန်းကရပ်ရင် ကောင်းမယ်'

'ကျွန်တော် အရင်ကတည်းက သိခဲ့တယ်၊ မထိပ်ထား ကိုယ်တိုင် ဖွင့်ပြောခဲ့တာပါ၊ ဒါပေမယ့် အများထင်သလို မဟုတ်ခဲ့ဘူးဆိုတာတော့ မထိပ်ထားက ရှင်းပြခဲ့ပါတယ်'

မှုမှုက မခံမရပ်နိုင်စွာ...

'ကပယ်လေး ကိုကိုရယ်... ခိုးတဲ့သူကတော့ သူ ခိုးပါတယ် ဝန်ခံပါ့မလား၊ ဘယ်သူမဆို ငြင်းမှာပဲ၊ သဘော မတူနိုင်ပါဘူး၊ကိုကိုလို အစစအရာရာပြည့်စုံသူကို ထိပ်ထား

Scanned by CamScanner

နဲ့ဆော့ သဘောမတူဘူး၊ မှုမှုတို့ Batch က လူတွေလည်း ဒီသတင်းပတ်မိရင် ကိုကိုကို ခံလိုက်ရပြီ ဆိုပြီး ဟားခံရမှာ မှုမှု မကျေနပ်ဘူး'

'တိတ်စမ်း… မှုမှု၊ ဒါ ငါ့ကိစ္စ၊ ငါ့သဘောနဲ့ ငါဆုံးဖြတ်တာ နှင်ဝင်မပါနဲ့'

သူက ဒေါ်သာကြီး မာန်မဲလိုက်မှအပေါ် မှုမှုက ရီတီတီ ပြုံးရင်း မေမေ့ဆီ စစ်ကူတောင်းကြည့်ဖြင့် ကြည့်တော့၏။

'မင်းဂေါင်…မေမေပြောမယ်၊ သားကို ခုချိန်ကစပြီး ဒီ မထိပ်ထားဆိုတဲ့ မိန်းကလေးနဲ့ လက်ထပ်မယ့်ကိစ္စကို ရပ်တန့်ကရပ်ဖို့ မေမေပြောမယ်၊ ဘယ့်နှယ်…ကိုယ့်ရဲ့ သားနဲ့ လက်ထပ်မယ့် မိန်းကလေး ပညာမဲ့ရင်၊ အဆင်းမလှရင်၊ ဥစ္စာမဲ့ရင် နေပါစေ၊ ခြောက်ပြစ်ကင်းတဲ့ ပန်းကလေး တစ်ပွင့်တော့ ဖြစ်စေချင်တယ်'

'မဟုတ်သေးဘူး မေမေ၊ အားလုံးထင်တာတွေ တစ်ခုမှ မဟုတ်ဘူး၊ မထိပ်ထား ကျွန်တော့်ကို အကုန်လုံး ခုဒေ့ တွင်းကျ ပြောပြပြီးပြီ'

'ဟဲ့…ပြောတာတော့ ပြောမှာပေါ့ကွယ်၊ ဒါပေမယ့် သူ့ဘက်ပဲ သူယက် ပြောမှာပေါ့ကွယ်၊ သားရယ်…ဒီခေတ်မှာ ဆာလို့မျှား ဦးနှောက်နဲ့ မစဉ်းစားခဲ့တာလဲ'



သူ့အဖြစ်က ပိုင်ဆိုင်ရတော့မယ့်ဆဲဆဲမှာ လက်ထဲက ဖုတ်ချခံလိုက်ရတဲ့ အဖြစ်မျိုးလိုလို။ မထိပ်ထားသာ သည် အဖြစ်တွေ သိရင်….။

ရန်ကြီးအောင်နဲ့ ပတ်သက်တုန်းကတောင် မထိပ်ထားဟာ ရန်ကြီးအောင်မိခင်ရဲ့ သဘောကို တိုက်ရိုက် မကြားခဲ့ပေမယ့် အခြေအနေကိုကြည့်ပြီး မာနကြီးကြီးနဲ့ သူ့လေး သိပ်ချစ်ပါတယ်လို့ဝန်ခံထားတဲ့သူကိုတောင် ထားခဲ့နိုင်သေးသည်။

သူ့ကိုကျတော့ မထိပ်ထားနှလုံးသားမပါဘဲ ဦးနှောက်နဲ့ ဆုံးဖြတ်ခဲ့တာဖြစ်၍ မေမေ့ဆီက သဘောထားတွေ သာ သိသွားလျှင်….။

ဘုရားသခင်….အဖြစ်အပျက်တို့ဟာ လုံးဝ မမျှော်လင့်ခဲ့ဖူးသော သူ့အတွက် အခံရခက်လှစေသည်။

'ဒါပေမယ့် မထိပ်ထားကို သား လက်ထပ်ရမှာဖြစ်မယ်၊ ဒီနေ့ပဲ သားကို လက်ခံတဲ့အကြောင်း ပြောလိုက်ပြီးမှ—'

'မေမေကတော့ သဘောမတူနိုင်တော့ဘူး သား၊ မင်းဘာသာ ရှေ့ဆက်မယ်ဆိုရင် မေမေ့အသက်နဲ့ လဲသွားနိုင်တယ်၊ ကိုယ့်ရဲ့သား တစ်ယောက်နဲ့ လက်ထပ်မယ့် မေမေ့ရဲ့

BookSharing

Scanned by CamScanner

ချွေးမဖြစ်သူလေးဟာ လူပြောသူပြောခံရဖူးတဲ့ မိန်းကလေး ဖြစ်နေလို့ မင်းအစား မေမေရှက်တယ်'

'ဒါဆို မေမေ မင်္ဂလာကိစ္စတွေကို မထိပ်ထားမိဘတွေနဲ့ သွားမတိုင်ပင်တော့ဘူးပေါ့'

'လိုသေးလို့လား သားရဲ့၊ မေမေ သဘောမတူပါဘူးလို့ ပြောပြီးပြီပဲ'

အမြင့်ဆုံး တစ်နေရာမှ ပြုတ်ကျသွားရသူပမာ သူ့ရင်ထဲတွင် ခံရခက်လှသည်။

မထိပ်ထား....

မင်းကလေး ခုချိန်ဆို မိဘတွေကို ပြောပြီးလောက်ခဲ့ပြီ။ မင်းကလေးရဲ့ မိဘတွေလည်း သူ့လို လူမျိုးနဲ့ လက်တွဲခွင့်အတွက် သမီးဖြစ်သူကို လက်ခံ သဘောတူကြပေလိမ့်မည်။

သူ့ဘက်က ပြောင်းလဲသွားသော အခြေအနေများကိုသာ သိခဲ့လျှင် မထိပ်ထားရဲ့ မိဘတွေကို မျက်နှာမပြရဲအောင် အားနာ၏။ မထိပ်ထား ရှက်စိတ်၊ နာကြည်းစိတ်တွေနှင့် သူ့ကို အပြစ်တင် ရန်တွေ့တာကို ခံနိုင်ရည်ရှိပေမယ့် မထိပ်ထား မာနကြီးစွာ သူ့ကို လက်မခံတော့ဘူး ဆိုသော အဖြစ်ကိုတော့ ရင်မဆိုင်ချင်ပါ။





ဘာပဲဖြစ်ဖြစ် မင်းဂေါင်ဟာ ထိုပ်ထား ဆိုတဲ့ မိန်းစကလေးနဲ့ လက်တွဲသူဖြစ်ရမယ်လို့ မိုက်မိုက်မဲမဲ ဆုံးဖြတ်လိုက်ဖို့ သူက ပြင်ဆင်တော့သည်။

# အပိုင်း ( IV )

Scanned by CamScanner

ဆရာဝန်မကလေးသည် သူမအား တတွတ်တွတ်နှင့် ရောဂါ အခြေအနေများ၊ ဖြစ်ပွားစဉ် ခံစားရပုံများ ညည်းညူပြ နေသော လူနာမိန်းမကြီးအား ခုတင်ပေါ်တွင် အိပ်ခိုင်း၍ လိုအပ်သော စမ်းသပ်မှုများ ပြုလုပ်ပြီး—

'ကျွန်မ ဆေးထိုးပေးလိုက်မယ် အဒေါ်'

'ရောဂါသက်သာမယ်ဆိုရင် မြန်မြန်သာ ထိုးပေးပါ ဆရာမရယ်၊ အဒေါ့်မှာ ညဉ့် ညဆို အေးလာတာနဲ့ အသက် ရှူလို့ မဝအောင် ကျပ်လွန်းလို့၊ အခု ကျပ်နေတာ အပယ်ကပါ၊ ညဆို ပိုဆိုးတယ်'

'ဒီရောဂါက ဒီလိုပါပဲ၊ အမြဲ အနေ အစား ဂရုစိုက် ရတယ်၊ ပျောက်အောင် ကုလို့တော့ မရဘူး'



Scanned by CamScanner

ဆရာဝန်မကလေးသည် အတူနေသော အဖော် ကောင်မလေးအား အဒေါ်ကြီး၏ လက်မောင်းကို အပေါ်က ညှစ်ခိုင်း၊ အဒေါ်ကြီးအား လက်သီးဆုပ်ခိုင်း၍ အရက်ပြန်ဆွတ်ထားသော ဂွမ်းစဖြင့် လက်ဖျံကို တစ်ချက် နှစ်ချက် ပွတ်၏။

သွေးပြန်ကြောထဲ ဖြည်းဖြည်းချင်း သွင်းလိုက်သော ဆေးရည်တို့သည် လူနာ၏ သွေးလှည့်ပတ် အဖွဲ့အစည်းမှတစ်ဆင့် လေပြွန်တို့ဆီ ရောက်သွားလိမ့်မည်။ ၎င်းတို့ကြောင့် ကျဉ်ဆို့နေသော လေပြွန်များ ပြန်လည်၍ ကျယ်လာလျှင် လူနာ၏ ဝေဒနာ အတော်အတန် သက်သာသွားလိမ့်မည်။

'ကဲ... အဒေါ်၊ ဆေးထိုးပေးလိုက်လို့ ဒီညတော့ ကောင်းကောင်း အိပ်ရမှာပါ၊ ဆေးတွေတော့ ဒီမှာ အိတ်တစ်ခုစီနဲ့ ထည့်ပေးပြီး အချိန်တွေ ရေးပေးလိုက်မယ်၊ မှန်မှန်သောက်နော်'

သည်ဒေသမှ လူနာများသည် ဆေးကို မှန်မှန် သောက်ရန် မနည်းခိုင်းရ၏။ ရောဂါ နည်းနည်းသက်သာလာပြီဆိုလျှင် ဆေးကို မေ့ပစ်တတ်ကြသော လူတန်းစားကဲ့ များသည်။

'ကျေးဇူးပါပဲ ဆရာမရယ်၊ ဆရာမလေးက အဒေါ်သမီးနဲ့ ရွယ်တူပေမယ့် အေးအေးနေရလို့လား မသိဘူး၊ အရမ်းနုနယ်တာပဲ'





ဆရာဝန်မကလေးသည် အလွန် ပြုံးခဲလှသူ ဖြစ်သည်။ မျက်နှာပြင်တွင် နာကြည်းရိပ်၊ ဘဝ၏ အကွေ့အကောက်များနှင့်တိုက် ရင်ဆိုင်ခဲ့ရမှုအရိပ်၊ နောက်ပြီး ထိမထင်ရိပ်လို့ ဆိုရလောက်သော အရိပ်များဖြင့် အမြဲ ပြည့်နေသူဟု လူဟောင်တော်များများက ထင်မြင်ချက် ပေးခြင်း ခံရသူ ဖြစ်သည်။

ရောက်လာခါစက ဆရာဝန် မမြဲလှသော ဒေသကလေးတွင် ချောချောလှလှ ဆရာဝန်မကလေး နေနိုင်ပါ့မလားဟု ဒေသခံတွေက စိုးရိမ်ကြသည်။ မိဘတွေက တစ်ခါတစ်ရံ လာလည်ပတ်တာကလွဲလျှင် ဆရာဝန်မကလေးသည် အတူနေ ကောင်မလေးတစ်ယောက်နှင့် အတူ အထီးကျန်ဆန်ဆန် နေတတ်သူလည်း ဖြစ်သည်။

အခုဆိုလျှင် ဆရာဝန်မကလေး တာဝန်ထမ်းဆောင်နေသည်မှာ သုံးနှစ်ကျော်လာပြီမို့ ဒေသခံတွေက အနေတည်သော်လည်း စေတနာကောင်းသော ဆရာဝန်မကလေးကို ချစ်ခင်လေးစား အားကိုးကြလေသည်။

'ငါ့မိခရ... သမီး ထမင်းဆာရင် စားနှင့်နော်၊ ကျွန်မ ဒီမှာ စာကျက်စရာလေးရှိလို့'

'ဟုတ်ကဲ့... ဆရာမ'

Scanned by CamScanner

ခင်မိသည် ဆရာဝန်ဖြစ်လျှင် စာကျက်စရာ မလိုတော့ဘူးဟု ထင်ထားချက်မှားမှန်း သည်ဆရာဝန်အစ်မနှင့်အတူ နေမှ သိတော့သည်။

ဆရာဝန်မကလေးသည် အားလျှင် စာဖတ်နေတတ်ပြီး အပြင်ထွက်လည်မှုလည်း နည်းလှ၍ ခင်မိက တစ်ခါတစ်ရံ သနားပြီး အပြင်မှာလျှောက်လည်ဖို့ ဆွယ်လျှင်—

'ကျွန်မ မအားဘူး ခင်မိရဲ့၊ ဒီစာတွေ သေသေချာချာ ကျက်မှ ဖြစ်မယ်၊ နောက်ထပ် ဘွဲ့တစ်ခုအတွက် စာမေးပွဲ ဖြေရဦးမယ်လေ၊ ခင်မိ သွားချင်ရင်သွား၊ ကျွန်မ မုန့်ဖိုး ပေးလိုက်မယ်'

ဟု ခပ်အေးအေး ငြင်းတတ်၏။ ခင်မိနှင့် ဆရာဝန်မကလေးတို့ အသက်ချင်း ငါးနှစ်လောက်သာ ကွာပေမယ့် ခင်မိကို သမီး သမီးနှင့် နှုတ်နာမ်စား သုံးတတ်၍ ကြားခါစက အံ့သြမဆုံး။ ကြာတော့လည်း 'ခင်မိရဲ့'၊ 'သမီးရဲ့'၊ 'ကျွန်မက'နှင့် ချိုမြိန်သော စကားသံလေးများကို အမြဲလိုလို ကြားချင်မိလာခြင်းသည် ဆရာဝန်မကလေး၏ ဆွဲဆောင်မှုတစ်ခုဖြစ်မည် ထင်ပါ၏။

'ဆရာမ....ဆရာမ'

'ရှင်—ဘယ်သူလဲ'





'ကျွန်တော်ပါ ဆရာမ၊ ဦးတိုးပါ၊ ကျွန်တော့် မိန်းမ မွေးတော့မလား မသိဘူး၊ လိုက်ကြည့်ပေးပါ ဆရာမရယ်'

'အစကတည်းက လာခေါ်ပါလား ဦးတိုးရဲ့'

'အစက အရပ်လက်သည်နဲ့ မွေးဘာပဲ၊ အခုမှ...'

'ကဲ ကဲ—ပြောမနေနဲ့၊ ကျွင်မ လိုက်ခဲ့ပါ့မယ်၊ ခင်မိရေ...'

ဆရာဝန်မကလေး၏ ခေါ်သံ မဆုံးခင်တွင် ခင်မိသည် ဆေးလိုက်တသိ ဆေးအိတ်ဆွဲပြီး ဖြစ်နေ၏။

သည်လိုနဲ့ နေ့ပေါင်းများစွာတို့သည်လည်း ဆရာဝန်မကလေးနှင့်အတူ ခင်မိ အဖော်လိုက်ပေးရသော ဆေးကုသခြင်းများဖြင့် ကုန်ဆုံးခဲ့ ဖြစ်၏။

—...

သမီးကြီး....

နောက်လထဲမှာ သမီး စာမေးပွဲ လာဖြေမယ်ဆိုလို့ အားလုံးက ကြိုတင် မျှော်လင့်နေကြတယ်။ ဖေဖေရော မေမေရော ကျန်းမာရေး ကောင်းကြ



Book Sharing

Scanned by CamScanner

တယ်။ ဘာမှစိတ်မပူပါနဲ့။ သမီး ဝါသနာပါရာကို ခုလို စိတ်ငြိမ်ငြိမ်နဲ့ ဆက်လုပ်နိုင်တဲ့ အတွက် မေမေတို့က သမီးကြီးရဲ့ စိတ်ဓါတ်ကို ချီးကျူးတယ်။

ဘဝဆိုတာ သည်လိုပဲပေါ့ သမီးရဲ့။

ခံနိုင်ရည် ရှိနိုင်မှုဟာ သမီးကြီးရဲ့ အောင်မြင်မှုပဲ။ သမီး အစစ အရာရာ အဆင်ပြေတယ် မဟုတ်လား။ ခင်မိလေးက စိတ်ချရပါတယ်။

သစ္စာ သားကလေး မွေးတယ်။ သက်လျှာလည်း မကြာခင် စေ့စပ်တော့မယ်။ သမီး စာမေးပွဲ လာပြေတုန်း စိစဉ်ကြလိမ့်မယ် ထင်တယ်။

ဒါပါပဲ။ သမီးကြီးစိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပါစေ။

မေမေ

(ရန်ကုန်)

စာ...က်ကို ခေါက်ရင်း မျက်ဝန်းအစုံကို မှေးမှိတ် ငြိမ်သက်သည်မှာ စက္ကန့်များစွာ။

မှုန်တိုင်းတွေ ဆက်တိုက်ရင်ဆိုင်ခဲ့ဖူးသော မိန်းမ တစ်ယောက်၏ ဘဝသည် အခုအချိန်တွင် တည်ငြိမ်နေလောက်ပြီဟု အပြင်ပန်း မြင်နိုင်ကြပေမယ့် ရင်ထဲတွင်တော့ ဖျောက်ဖျက် မရအောင် နာကျင်ကြေကွဲနေဆဲ။ တစ်ယောက်တည်း





ကျိတ်ခံ...းရင်း ကိုယ့်ကံကြမ္မာရဲ့ ပန့်တီးရာဘဝတွင် ထိပ်ထားက ခံနိုင်ရည် ရှိလာပြီမို့....။

ဖေဖေပနဲ့ မေမေ ရရှိခဲ့သော အရှက်၊ သူမရဲ့ သိက္ခာကို ထိပါးမှု၊ ဒါတေကို ကျော်ဖြတ်ခဲ့နိုင်ပြီဖြစ်သော ထိပ်ထားသည် လောကကြီးကို မနာကြည်းပေမယ့် အမြင်တော့ မကြည်လင်တော့ပါ။

မောင့်ကို ချစ်ရခြင်း....

ဒေါက်တာမင်းဂေါင်၏ မိခင် ပြောဆိုသော ဣန္ဒြေသိက္ခာ ထိပါးစကားများကို မေ့ပစ်ခြင်း။ ဒါတွေကတော့ အခုချိန်ထိ ငြိမ်သက်စပြုလာခဲ့သည်။

ထိပ်ထား၏ဘဝသည် ဝဋ်ကြွေးတွေအသိကြီးရှိနေသော မိန်းမသားတစ်ယောက်၏ဘဝလည်း ဖြစ်၏။

'ဆရာမရေ....'

ခင်မိ ဈေးကပြန်လာ၍ တံခါး သွားဖွင့်ပေးတော့ ခင်မိက သူ့ထုံးစံအတိုင်း တတွတ်တွတ် အတွေ့အကြုံ ရှင်းလင်းသည်။

'ဩော် – ဆရာမ၊ ဒီမှာ ဆေးရုံအုပ်ကြီး ပေးလိုက်တဲ့ ဖိတ်စာ၊ ဆေးရုံဆောင်သစ်ဖွင့်ပွဲတဲ့၊ ဆရာမ ဒီနေ့ တာဝန် မကျဘူးဆိုတော့ ဆေးရုံလာစရာမလိုတာနဲ့ ခင်မိကိုပဲ လူကြုံ ပေးလိုက်တယ်'

'ဖြစ်ရလေ...ကျွန်မကို ဖိတ်စာမပေးလည်းရပါတယ်လို့ ဆရာဝန်ကြီးကို ပြောခဲ့သေးတာ၊ ဘယ်နေ့ပါလိမ့်'

'လာမယ့် သောကြာလေ၊ ခင်မိတို့တောင် ညဘက်ပွဲရှိလို့ အင်္ကျီကြီးချုပ်ထားတယ်'

'ဟုတ်လား၊ ဆရာဝန်ကြီးက ကြီးကြီးကျယ်ကျယ် လုပ်ချင်ပုံရတယ်'

ဖေဖေနဲ့ မေမေရဲ့ အလှူငွေများစွာပါဝင်သော၊ သူမရဲ့ လုပ်အားခငွေကြေးများပါဝင်သော၊ ဒေသခံများနဲ့ ဆရာဝန်များ အားလုံး၏ ငွေကြေးပါဝင်မှုများဖြင့် ဟကောင်းအဆည် ဖော်ခဲ့သော သည်ဆေးရုံဆောင်သစ်ကလေးသည် မကြာခင် သက်ဝင် အလုပ်လုပ်တော့မည်ကို အတွေးနှင့် ကြည်နူးရင်း –

ခင်မိ တတွတ်တွတ် စိတ်ကူးယဉ်နေသော ညဘက်တွင် လုပ်မည့် ပျော်ပွဲရွှင်ပွဲအကြောင်း နားမထောင်ရင်း...။





ဒါဟာ ထိပ်အားရဲ့ဘဝထဲစ်သက်တာအတွက် ကိုယ့်ကိုယ်ကို စီရင်ချက်ချထားမှု၊ မြှုပ်နှံမှုပေါ့။ သည်ဘဝကလွဲရင် သည့်ထက် ပိုပြီးကော့လည်း. ဘယ်လိုအခြေအနေမျိုးကိုမှ စိတ်ကူးယဉ် မမျှော်လင့်ချင်တော့ပါ။ ထိပ်အားဆိုသော မိန်းမတစ်ယောက်သည် အချွေးအမြင်တွင် လှပမှု၊ တင့်တယ်မှု၊ ပညာပြည့်စုံမှုဖြင့် ငြိမ်းချမ်းလှသူ၊ အားကျစရာ့ယ်ဖြစ်သူပေမယ့် ဒဏ်ရာဒဏ်ချက်များစွာ ပိုင်ဆိုင်သူ ဖြစ်တယ်။ ဆုံးရှုံးမှု များစွာကိုလည်း အကြိမ်ကြိမ် ရင်ဆိုင်ရဖူးသူလည်း ဖြစ်တယ်။ အချစ်ကို ကိုးကွယ်ခဲ့ဖူးသူလည်း ဖြစ်တယ်။

---ၵ....

'စတိတ်ရှိုး ဆရာမရဲ့၊ ရန်ကုန်မှာတော့ နာမည်ကြီးတီးဝိုင်းဆိုလား မသိဘူး၊ ဆေးရုံအုပ်ကြီးရဲ့တူအရင်းပိုင်တဲ့ ဝိုင်းတဲ့'

'ဟုတ်လား ခင်မိရဲ့၊ သမီး ကြည့်ချင်ရင်သွားကြည့်ပေါ့၊ ကျွန်မ အိမ်စောင့်နေမယ်'

'ဟာ ဆရာမ လိုက်ခဲ့ပါ၊ ဗီတစ်ခါတည်း လိုက်ရမှာ၊ တယ်နေရာမှ သွားတာမှ မဟုတ်ဘာ၊ ဒီဆေးရုံထဲမှာပဲ၊ လိုက်ခဲ့ပါ ဆရာမရယ်၊ ခင်မိက ဟိုကောင်မတွေကို ဆရာမကို ပါကောင် ခေါ်ခဲ့မယ်လို့ ကြွားထားတာ၊ နော်...နော်... လိုက်ခဲ့ ဆရာမ'

ခင်မိလေးက သူမထက် ငါးနှစ်လောက်သာ ငယ်သူ ပေမယ့် သူမလို လိုင်းခက်များမသင့်ခဲ့ဖူးသူမို့ ဘာပဲဖြစ်ဖြစ် အရာရာကို တက်ကြွနေပုံကို သူမက နားလည်စွာ ပြုံး၏။ ခင်မိနှင့်သာ ရှိချိန် ပြုံးတတ်သော ထိုအပြုံးလေးကို ခင်မိက ချစ်သည်ဟု တစ်ခါတစ်ရံ ပြောဖူးသည်။

'သပြီးပဲသွားပါ၊ ကျွန်မ စာကျက်ရမယ်'

'ဟာ...ဆရာမကလည်း အမြဲ စာကျက်ဖို့ပဲ ကြိုးစား နေတာ၊ ဒီလောက် ကျက်ထားရင် အခု သွားဖြေမယ့် စာမေးပွဲ အောင်မှာသေချာတယ်၊ ဒီနေ့တော့ လိုက်ခဲ့ပါ ဆရာမရယ်'

ပရမက ငှတ်ခေါ်နေသူ ခင်မိ၏အလိုကို လိုက်လျောဖို့ ဆုံးဖြတ်လိုက်သည်။ တစ်ခါတစ်ရံမှသာ သည်လိုမျိုး သူမ စိတ်လိုလက်ရ ခင်မိနှင့်အတူ လိုက်ပေးမှုရှိပေမယ့် ပွဲသမ်း





သဘင် သွားခြင်းတော့ မရှိခဲ့။ သည်တစ်ကြိမ်တွင် ပထမဆုံး အကြိမ် ဖြစ်သလို ဆရာဝန်ကြီး မိသားစုကလည်း တဖွဲဖွဲ မှာထားသည်ကို သတိရကာ သိပ်ငြင်းလွန်းရင်မကောင်းမှာ စိုး၍ ခဏလောက် မျက်နှာသွားပြဖို့ ရည်ရွယ်လိုက်၏။

'ဆရာမ ဆံထုံးလေး ခင်မိ ထုံးပေးရမလား'

'ရပါတယ် သမီးရဲ့၊ ကျွန်မ ထုံးနေကျအတိုင်း ထုံး တတ်ပါတယ်'

ဟိုးအလျင်တုန်းက ဖရိုဖရဲ ဆံထုံးလေးကို ဖျက်ခနဲ ဖြေချယောင်လိုက်တော့ သည်ဆံထုံး ဖွာရွှရွှလေး ဆီမှာ အပြင်တင်တတ်သော မောင့်ကို၊ နောက်ပြီး သူမကို တော်တော်များများ နားလည်ပေးနိုင်သော ဒေါက်တာ မင်းဂေါင်ကို...။ ခေါင်းကိုခါယမ်းမိမတတ် အတွေးထဲက မောင်းထုတ်ပစ်လိုက်ရသည်။

အခုတော့ ဆံထုံးလေးလည်း သေသပ်လာသလို ရင့် ကျက်မှုကလည်း သည့်ထက်မက များပြားနေသော ထိပ်ထား ဖြစ်နေခဲ့ပြီ။

'ဟော— ထိပ်ထား လာတယ်၊ ဝမ်းသာစရာပဲဟေ့၊ ကဲ ကဲ—သမီးတွေ၊ ညည်းတို့မမကို စတိတ်ရှိုးကြည့်ဖို့ ဝိုင်း ထွယ်ကြ'

'ဟာ... နေပါစေ ဆရာ'

ဆရာဝန်ကြီးက ထိပ်ထားကို သည်လိုပွဲမျိုး လာခဲ့သူမို့ သည်တစ်ခါ လာခြင်းအတွက် ကျေနပ်နေပုံနှင့်။ ထိပ်ထား၏ ဉာဏ်ရည်ထက်မြက်မှု၊ ဆရာဝန်ကောင်း ပီသမှုနှင့် ပညာ

လောဘကြီးမှုကြောင့် ဆေးရုံအုပ်ဆရာဝန်ကြီး၏ တပည့်ကောင်းတစ်ယောက်အဖြစ် အားကိုးယုံကြည်ခြင်း ခံရခြင်းအတွက် ထိပ်ထားက ပီတိဖြစ်ရသည်။

'ဟဲ့…ထိပ်ထား၊ရှိ ပွဲလေး၊ဘာလေးကြည့်မှပေါ့၊ ညည်းပုံက အဘွားကြီးအိုပုံ ဖမ်းထားပြီး တစ်စက်မှလည်း မတူဘူး၊ မရဘူးဟေ့ …သွားကြည့်၊ဇာတ်ဖြစ်ဖြစ်ပေါ့၊ရန်ကုန်အငြိမ့်ဝိုင်းက အမြဲ ဘွတ်ကင်ပြည့်နေတာနော်၊ ဒါဒါ ပွဲမို့ အနိုင်ကျင့်ပြီး တစ်ရက် ဝင်တီးခိုင်းဘာ၊ ပြီးရင် သူတို့က တခြားနယ်ကို သွားရမှာ၊ ဒီမှာ လမ်းကြုံလို့ ဝင်တည်းရင်း….'

ပြော်— တီးဝိုင်းတစ်ခုတဲ့။ သစ္စာရှိ မင်္ဂလာပွဲတုန်းကလည်း သတို့သားဘက်က လုပ်သေးလို့ ဘယ်တီးဝိုင်းမှန်း မသိခဲ့သော်လည်း ဇွဲသည်နေ့က မှတ်မှတ်ရရ မောင့်ကို ပြန်ဆုံရခြင်းကို သတိရသည်။

အခုတစ်ခါလည်း ဘာပွဲမှန်းမသိဘဲ စွတ်ထွက်လာခဲ့တာ တီးဝိုင်း ဖြစ်နေပြန်သတဲ့။ အို… သွားစမ်းပါ။ ဒါဟာ အယူသီးမှု ဖြစ်နေလိမ့်မယ်။တိုက်ဆိုင်မှုဆိုတာ အမြဲလိုလိုမှ မကြုံနိုင်တာ။ နောက်ပြီး မောင်ဟာလည်း သူမ သိခဲ့သလိုတကယ့် ဒရမ်မာအစစ်တစ်ယောက်မှ မဟုတ်ခဲ့တာ၊ ဒရမ်မှာတစ်ယောက် အဖြစ်လည်း ဘဝကို အသက်မွေးမယ့်သူမှ မဟုတ်တာ။



ခုချိန်လောက်ဆို မောင်ဟာ ကုမ္ပဏီများစွာ ပိုင်ဆိုင်သော၊ သိုက်သိုက်ဝန်းဝန်း ရှိနေမည်ဖြစ်သော မိသားစုကလေးတစ်စုတော့ ပိုင်ဆိုင်နေကောင်းပါရဲ့။

'လာ မမထိပ်ထား၊ ဒီမှာ ရှေ့ဆုံးမှာ ဖေဖေ နေရာရထားတာ'

စိတ်မသက်မသာ ထိုင်ချရင်း တဖွဲဖွဲကျလာသော နှင်းတို့ကြောင့် အေးစက်ခြင်းကို ခံစားလိုက်ရ၏။ သားရေလွှာကင်ကို ဇစ်ဆွဲစေတာ ဆွဲလုံးလုပ်ရှားနေသော ဇင်မြင့်ဆီစိတ်မရောက်ဘဲ ပြန်ဖို့ကိုသာ စိတ်စောနေမိ၏။

သည်အချိန်မှ ပြန်ရင်လည်း လမ်းမှာ လူပြတ်နေလောက်ပြီ၊ ခင်ခင်လည်း အကြာကြီး စောင့်ရှာလိမ့်မည်။ သည်ပွဲထဲမှာလည်း သည်းခံပြီး မထိုင်နိုင်တာမို့ ဆရာဝန်ကြီး အိမ်မှာပဲ သွားစောင့်ဖို့ ကြံစည်လိုက်သည်။

# နံ့နက်ခင်းသစ်ရဲ့ နိဒါန်းပန်းချီ

Book Sharing

Scanned by CamScanner

ခေါင်းရင်းဆီမှ တကျစ်ကျစ် အသံများက လှုပ်နှိုး လိုက်သလိုလို။ ပြတင်းပေါက် ထဖွင့်တော့ အေးစက်သော နှင်းငွေ့လေတို့က မျက်နှာကို လာဟပ်၏။ နေရောင်ခြည် တန်းတို့က နှင်းမှုန်များကြားတွင် ခပ်ကဲ့ကဲ့ ထိုးကျနေ သည်။ သစ်ရွက်တို့ကတော့ နှင်းစက်တို့ဒဏ်ကို တစ်ညလုံး ခံထားရသူများပီပီ နေရောင်တချို့ကြားတွင် စိမ်းစို လန်းဆန်းမှုကို ဝင့်ကြွားနေကြသည်။

တိုက်ခတ်လာသောခပ်အေးအေးလေပြည်တွင် ပန်းရနံ့ သင်းသင်းလေးကို လက်ခံရရှိလိုက်ခြင်းဖြင့် စိတ်ကြည်လင်မှု ကို ပေးစွမ်းနိုင်သော လှပသည့် ပန်းချီကားတစ်ချပ်ပမာ ရှိသည့် နံနက်ခင်းတစ်ခုသည် နိဒါန်း လှပသွားတော့ သည်။

'ဆရာမ နိုးပြီလား'

'ဩြော်—ခင်မိ၊ သမီးလည်း နိုးပြီနော်၊ ညက အိပ်ရေးပျက်သွားတယ်ထင်လို့ ကျွန်မက မနှိုးဘဲထားတာ၊ အိပ်ချင်အိပ်ဦးလေ၊ ကျွန်မဘာသာ ပြင်ဆင်ပြီး ဆေးရုံသွားလိုက်မယ်'

ခင်မိက မျက်လုံးကိုပွတ်၍ ထထိုင်ကာ....

'မအိပ်တော့ပါဘူး၊ ဆရာမကို လုပ်ပေးစရာရှိတာ လုပ်ပေးပြီးမှ ကျွန်မက တစ်နေ့လုံး အိပ်ရင် ရပါတယ်၊ ဆရာမသာ မနားရတာ'

ထိပ်ထားကို သံယောဇဉ်ကြီးလှစွာ ခင်မိသည် သူမ၏ ဝတ္ထုရားများကို စတင်လေ၏။

'ဆရာမကို အထူးအဆန်း ပြောရဦးမယ်'

ခင်မိသည် ရပ်ကွက်သတင်းကို သယ်ဆောင်သူပီပီ ဘာသတင်းများ ပေါက်သည်ချချင်ပြီလည်းဟု တွေးရင်း ထိပ်ထားရဲ့ ထုံးစံအတိုင်း ငြိမ်ငြိမ်သက်သက်လေး ထိုင် နားထောင်ပေးသည်။

'ဆရာမ ဆေးရုံအုပ်ကြီးတို့အိမ်က ထပြန်သွားတော့လေ ခင်မိတို့ တီးဝိုင်းသမားတွေနဲ့ သွားမိတ်ဆက်ကြသေးတယ်'





'သူတို့က ပျော်ပြေနေရတယ် မဟုတ်လား'

'ဟုတ်တယ်လေ၊ အားလုံး ပြီးသွားမှာပါ'

တကယ့်ပွဲကြီးတစ်ခု မဟုတ်သဖြင့် တော်ရုံလောက်သာ ပျော်ပြေပေးပုံရသည်။ ညကပွဲသည် ခဏလေးပြီးစီးခဲ့၏။

'အဲဒါလေ ဂစ်တာတီးတဲ့ အစ်ကိုကြီးက မေးတယ်၊ ဒေါက်တာထိပ်ထားဆိုတာ သိလားတဲ့၊ ခင်မိက ဝမ်းသာသွားရ အဲဒါ ခင်မိရဲ့ အစ်မပါလို့လည်းဆိုရော အဲဒီအစ်ကိုကြီး အရမ်းဝမ်းသာသွားသလိုနဲ့ နောက်တစ်ယောက်ကို ခေါ် ပြောတယ်'

'အို...ဒါဟာ သူမ ထင်ထားခဲ့သလို တိုက်ဆိုင်မှုတစ်ခု ဖြစ်ခဲ့ပြန်ပြီလား။ ကမ္ဘာမြေကြီးက ထိပ်ထားအတွက် ရှောင်ဖို့နေရာလပ် မရှိတော့ဘူးတဲ့လားကွယ်။'

'အဲဒီတစ်ယောက်ပုံ ကြည့်ရတာ နိုင်ငံခြားသား တစ်ယောက်လိုပဲ'

ခင်မိစကားမဆုံးခင် အိမ်ရှေ့ကတံခါးခေါက်သံကြောင့် ခင်မိ စကားစပြတ်သွား၏။ အိမ်ရှေ့မှာ တံခါးသွားဖွင့်စဉ် သူမတာတော့ ဂစ်တာတီးတဲ့ လူကြီးဆိုသူကို ခင်မိ ပုံဖော်မပြပါဘဲနှင့် သိရှိနေသလိုလို။

မဖြစ်နိုင်တာဘဲကွယ်၊ သူမမျှော်လင့်ထားထဲ့ မောင်တော့ မဖြစ်နိုင်။ ဂစ်တာတီးတဲ့လူဟာ ဘီလီ ဖြစ်ရင်ဖြစ်မယ်၊ သူ လွမ်းခေါ်တဲ့လူဟာ မောင်တော့ ဘယ်တော့မှ မဖြစ်နိုင်ချေ။ မောင်ဟာ ကုန်းမာမိပြောသလို ဂုဏ်သရေရှိသူ တစ်ယောက် အဖြစ် ရပ်တည်နေပါစေ။ မောင့်ကို တစ်ခါမှ မမုန်းခဲ့ဖူးတာမို့ မောင့်ဘဝ အေးချမ်းပြီး အပူအပင် ကင်းမဲ့နေစေချင်တယ်။ သူမ မျှော်လင့်ထားသော မောင့်ဘဝသည် သိုက်ဝန်း ပွဲ့စည်းသော မိသားစုလေးနှင့် အတူ အောင်မြင်ကျော်ကြားသော လုပ်ငန်းရှင်ကြီးတစ်ယောက်။

'ဆရာမ…ညသည်ရောက်နေတယ်၊ ဆရာမရဲ့ မိတ်ဆွေပါတဲ့'

'ညတုန်းက တီးဝိုင်းမှာ တွေ့ခဲ့တဲ့ လူလား'

ဘီလီပဲ ဖြစ်ရမယ်ဟု အတပ်ထင်ကာ ခင်မိကို မေးတော့ ခင်မိက ခေါင်းညိတ်၏။

ဘီလီ့ကို ရင်ဆိုင်ဖို့ သူမ ပြင်ဆင်၍ ခန်းဆီးစကို လှစ်လိုက်စဉ် ကျောခိုင်းထိုင်နေသူ တစ်ယောက်၏ နောက်ဘက်ကို မြင်တွေ့ခွင့်ရသည်။ ရှည်လျားသော ဆံပင်တို့က ပခုံးထက် ရောက်မည်ပုံ။ အခုတော့ ကြီးလိုလို တစ်ခုနှင့် စည်းနှောင်ထား၏။





သူမခြေသံအကြားတွင် ဖျတ်ခနဲ လှည့်ကြည့်တော့ အိုး…ဘုရားသခင်….၊ လောကကြီးဟာ ထူမ မမျှော်လင့်တာတွေ ယူလာပေးတတ်သတဲ့။

'မောင်'လို့ ထွက်လုမတတ် ဖြစ်သွားရသော နှုတ်ခမ်းကို အသာဖိကိုက်ပြီး ငြိမ်သက်အောင် သူမ ဟန်ဆောင်လိုက်သည်။

'ထား'

ဟင့်အင်း…မောင် ကျွန်မဆီ လျှောက်မလာပါနဲ့။ ကျွန်မ မောင့်နားက ထွက်ပြေးချင်ဘယ်။ သည်လောကကြီးမှာ မောင့်ကို ရှောင်ပုန်းဖို့ နေရာကို ကျွန်မ ခုထိ ရှာလို့မရနိုင်သေးဘူးနော်။

အို…မောင်က ငိုနေဘယ်တဲ့လား။ ဒါဆို ကျွန်မကရော။ ယောင်ယမ်း၍ ပါးပြင်ကို စမ်းမိဉ် ပူနွေးမှုတချို့ လက်ခံသိရှိရ၍ ကမန်းကတန်း ဖျောက်ဖျက်ပစ်လိုက်သည်။

'ထား ကိုယ့်ကို ချန်ထားခဲ့တဲ့အခါတိုင်း ကိုယ်က အမြဲကျန်ရစ်ခဲ့ရတယ်၊ အခု ဒီတစ်ခါတော့ ထားနဲ့မမျှော်လင့်ထဲ တွေ့ထာမဟုတ်ဘူး၊ သိလား ထားရဲ့၊ ထားကို တမင်လိုက်ရှာ



Scanned by CamScanner

နေတာ၊ ထား မရှိတော့တဲ့နေ့ကတည်းက အခုထိ တစ်နေ့မှ ကိုယ်မမေ့ဘူး၊အမြဲရှာနေခဲ့တယ်၊ ကိုယ့်ရဲ့စွမ်းအင်ကြီးမားတဲ့ ချစ်ခြင်းကြောင့် ထား ဘယ်လိုပုန်းပုန်း မရပါဘူး ထားရယ်'

မောင်က လက်ဖဝါးနှစ်ဖက်ဖြင့် သူ့မျက်နှာကို အုပ်ချကာ အသံတိတ် ရှိုက်နေ၏။

မောင် ဘာတွေ ဖြစ်နေခဲ့သလဲ ဟင်—။

ကျွန်မ မျှော်လင့်သလို ခရီးမျိုးကို မောင်က မလျှောက်ခဲ့ဘူးပေါ့။ မောင်က သည်လိုကျတော့လည်း ဖွတ်ထရှုတ်ဆန်တယ် ဆိုရမလား။

'ကိုယ်လေ— ထားမကြိုက်တဲ့ ကိုယ့်ရဲ့စည်းစိမ်တွေ၊ပိုင်ဆိုင်မှုတွေ အာကုန်စွန့်ပစ်ခဲ့ပြီး ထားကို ညာခဲ့သလို ဒရမ်သမားလေးအဖြစ် ဘဝကို ရပ်တည်နေတယ် ထားရဲ့၊ ထား မရှိတော့တဲ့ အချိန်ကတည်းကစပြီး အခုထိ ကိုယ့်ဘဝဟာ နုံချာတဲ့ ဂီတသမားလေးအဖြစ် ရှိနေခဲ့တယ်၊ဒါဆို ထား ကိုယ့်ကို လက်ခံနိုင်မလား၊ ကိုယ်ကပညာတတ်ဘွဲ့ရတစ်ယောက်လည်း မဟုတ်ဘူး၊ အချမ်းသာဆုံး ဘာရင်းဝင် မိသားစုရဲ့ အငယ်ဆုံး သားလည်းမဟုတ်ဘူး၊ဒါကိုထားက ဆရာဝန်မကြီးမို့ ကိုယ့်ကို ခပ်တင်းတင်းဆက်ဆံဦးမှာလား'





'တော်ပါတော့ကွယ်'

ဟူသောစကားတစ်ခွန်းကို ဖျစ်ညှစ်ပြောရင်း တိမ်ဝင်ပျောက်ကွယ်ကာ မျက်နှာပြင်ကို လက်ဖဝါးအစုံဖြင့် အုပ်ထားသော မောင့်လက်များကို ထိပ်ထားက ဆုပ်ကိုင်လိုက်ခြင်းဖြင့် နှစ်သိမ့်၏။

မောင့်ဆီမှ မျှော်လင့်သော မျက်ဝန်းများကို ရင်ဆိုင်ကြည့်၍....

'ဒါတွေက တကယ်ပဲလားဟင်၊ တကယ့် အမှန်တွေပေါ့နော်၊ ကျွန်မ ယုံကြည်ပါရစေ'

ခပ်ဘိုးတိုးအပြောတွင်....

'ကိုယ့်ကို ထားက အရင်ကလို ခေါ်နေကျလေး တစ်ခွန်းလောက် ခေါ်လိုက်ရင် ကိုယ်တို့နှစ်ယောက်ရဲ့ဘဝ ပြီးပြည့်စုံခြင်းအဝိပ္ပာယ်ပေါ့ ထားရဲ့'

မောင်က ပြန်လည်တုံ့ပြန်သည်။လက်သူကြွယ်တွင် သူမနှင့် ပုံစံတူရှိသော လက်စွပ်ပလေးက ရှိနေဆဲဖြစ်သောကြောင့် မောင့်ကို ချစ်သည်။

ကြိမ်ဖန်များစွာ မောင့်ကို ပစ်ထားခဲ့တာတောင် မနာကြည်းဘဲ၊ အမှတ်သညာမရှိဘဲ သူမကို မမေ့ခဲ့သောမောင့်ကို ယုံကြည်သည်။

မြင်နေရသော ပုံစံအထူးအဆန်းနှင့် ဖြစ်သည့် အသွင်လက္ခဏာတို့အတွက် မောင့်စကားများကြောင့် ထိပ်ထားက အရည်ပျော်သွားပါသတဲ့။ ဘယ်တော့မဆို သပ်သပ်ရပ်ရပ်

ဆံပင်တိုတိုကျ၊ မေးညင်း စိမ်းမြတ်ဖြင့် ပြေပြစ် နေသော မျက်နှာပြင်တွင် ယခုတော့ ရှုပ်ရှုပ်ထွေးထွေးတွေနှင့် လူ မိုက်ရှပ် ဖြစ်နေပုံတွေက မောင့်ရဲ့အခြေအနေမှန်တွေပေါ့။

'ထား'

တမ်းတမ်းတတ ခေါ်သံတစ်ခုကြောင့် နှလုံးအိမ် တစ်နေရာတည်းတွင် စိမ့်ခနဲဆေးမြသွားပါရဲ့။

'ကိုယ်တို့ လက်ထပ်ကြမယ်နော်၊ ဒီနေ့မနက်ပဲ ဘုရားကျောင်းမှာဖြစ်ဖြစ်၊ ထားရဲ့ ဆေးရုံအုပ်ကြီးရဲ့ ရှေ့မှာ ထားတို့ရဲ့ ထုံးတမ်းစဉ်လာအတိုင်းဖြစ်ဖြစ်....'

တောင်းဆိုသံတတွတ်တွတ်ဖြင့် မောင်က သူ့မေါ်မျက်နှာရှေ့ တစ်ခြမ်းထွင်ကျနေတောဆံပင်တို့ကို လက်ဖြင့်ဖယ်၍—

'ဘီလီတို့သွားရင် ကိုယ်က မလိုက်တော့ဘူး၊ ထားနဲ့ နေခဲ့တော့မှာ၊ ထားထ လက်ခံနိုင်ပါမလား၊ ကိုယ်က ...ဗီဝေသမှာ ထားတစ်ယောက်တည်းကိုပဲ အားကိုးပြီးနေရမှာလေ'

ထိပ်ထားသည် မတောင့်တဖူးသောပိုင်ဆိုင်ခွင့်တစ်ခုကို လက်ဆောင်ပေးခဲ့သော သည်နွေဦးနံနက်ခင်းကို ကျေးဇူးတင်သတဲ့။ လှပသောနိဒါန်းနဲ့ စတင်လာပြီဖြစ်တဲ့ နေ့သစ်တစ်ခုကို အစပျိုးပေးသော သည်နံနက်ခင်းလေး၏ ပန်းဝေါ့ ထားဟာ ထိပ်ထားကို တစ်သက်လုံး အမှတ်တရ ဖြစ်စေခဲ့တယ်။

စေတနာစာပေ



ဒါဟာ မောင့်ရဲ့ စစ်မှန်တဲ့ ချစ်ခြင်းကြောင့်ပေါ့နော်။ မောင့်ဆီက စစ်မှန်သော ချစ်ခြင်းတို့နဲ့ ထိပ်ထား မျိုသိပ် ကြေကွဲခဲ့ရသမျှ ပြေသိမ့်ပါရစေ။

'မောင်....'

ဟူသော တုံ့ပြန်ခေါ်သံတစ်ခုဟာ မောင့်ရဲ့ ခန္ဓာကိုယ် တစ်ခုလုံး စိမ့်ဝင်ပြီး အေးချမ်းခြင်းကို ရရှိနိုင်ပါစေ။



ရှင်မိုး(ဆေးတက္ကသိုလ်)

12;35 A.M
10th September,
Saturday, 1994.

တစ်ဆင့်.... စေတနာစာပေ
၅၉၊ ၁၉ လမ်း၊ ရန်ကုန်။
ဖုန်း....၂၁၃၄၅၁

Book Sharing

Scanned by CamScanner